မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို

လွယ်ကူစွာသိရှိနိုင်စေသော

## သင်္ဂြိုဟ်ကိုးပိုင်း

# သင်တန်းလေ့လာချက်များ

## ပထမတွဲ

[ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း ]

မခင်နွဲ့ဟန်ကြည်

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၂၀၀၀

မြတ်ဗုဒ္ဓ၏ အဘိဓမ္မာဒေသနာတော်ကို

လွယ်ကူစွာသိရှိနိုင်စေသောအတွက်

သင်္ဂြိုဟ်ကျမ်းမှ

# သင်တန်းလေ့လာချက်များ

ပထမတွဲ

[ စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း ]

မခင်နွဲ့ဟန်ကြည်

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်- ၂၀၀၀

ပထမအကြိမ် ● ၂၀၀၀ ပြည့်နှစ်
အုပ်ရေ ● ၁၀၀၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ်
ရက်စွဲ.................
သုတေသနစာကြည့်တိုက်

ထုတ်ဝေသူ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးဦးထင်မျိုး
မှတ်ပုံတင်အမှတ် ၁၁/၉၄ (၁)မှ ထုတ်ဝေသည်။

ပုံနှိပ်သူ

ဦးကျော်ဌေး (မြ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်၊
၁၅၁၊ ၃၄-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၃၂၇၉

# နိဒါန်း

မြတ်စွာဘုရားသခင်၏ ပရိယတ္တိသာသနာတော်တွင် ကျမ်းမြတ်ဒေသနာ ပိဋကတ်တော်သုံးဖြာ၌ အဘိဓမ္မာပိဋကသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့၏ မဖောက်မပြန် မှန်ကန်သည့်သဘော တရားများကို နည်းအမျိုးမျိုးဖြင့် ရှဲ့ထွင်ဝေဖန် ဟောကြားထားသောကြောင့် ပရမတ္ထဒေသနာတော်ဟု ခေါ်ဆိုရသည်။

သီဟိုဠ်ကျွန်းမှ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးသည် ဘုရားရှင်ဟောကြားတော်မူအပ်သည့် အဘိဓမ္မာဒေသနာတော်လာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု ခေါ်ဆိုသော ပရမတ္ထတရားများကို အနှစ်ချုပ်၍ အခန်း(၉)ခန်းခွဲကာ "အဘိဓမ္မတ္ထသင်္ဂဟ" ဟူသောအမည်ဖြင့် ရေးသားစီရင် တော်မူထားပါသည်။

စကားငယ် နားကျယ်မနံ့.
စကားကျယ် နားငယ်မဆန့်-

ဟူ၍ မြန်မာမှု နယ်ပယ်တွင် ဆိုရိုးစကားတစ်ခု ရှိပါသည်။ အလွန်လေးနက်ခက်ခဲသော အဘိဓမ္မာပိဋက ဒေသနာတော်မြတ်ကို ပရိယတ်စာပေ အခြေခံနည်းပါး ပညာဉာဏ်နုံ့နှေးနေသေးသူတို့. နားလည်သဘောပေါက် ကြရန် မလွယ်ကူလှပါ။

အဘိဓမ္မာ ပိဋကတော်၏ အနှစ်ချုပ် အဘိဓမ္မတ္ထ သင်္ဂဟ သင်္ဂြိုဟ်(၉)ပိုင်းကို ပရိယတ်စာပေ အခြေခံ နည်းပါးနေသေးသူတို့ အလွယ်တကူ နားလည် သဘောပေါက် သိရှိနိုင်ကြစေရန် ဤကျမ်းစာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ပါသည်။

နက်နဲခက်ခဲလှသော အဘိဓမ္မာတရားတော်ကို သင်ယူလေ့လာကြရာ၌ သင်ပေးနည်းပြသူ ဆရာသည် သင်ယူသူတို့ သဘောပေါက် နားလည်သိရှိနိုင်ရန် မိမိကိုယ်တိုင် သင်ယူဆည်းပူး ထားရသည်။ တစ်ဖန် မိမိနားလည်သဘောပေါက်ထားသည့် အတိုင်း သင်ယူလေ့လာသူတို့ သိရှိသဘောပေါက်အောင် ပြန်လည် သင်ကြားပေးရသည်မှာ မလွယ်ကူပါ။ ဘာသာရပ်မှာ နက်နဲလှသောကြောင့် ဖြစ်သည်။ နှုတ်တက်ဆောင်ထားရုံနှင့် မလုံလောက်ပေ။

သဲဘောတရားပါ၏၊ စဉ်းစား တွေးတောရ၏၊ အတွေးအခေါ်နှင့်ယှဉ်၏၊ ဆင်ခြင်ဉာဏ်နှင့် စိစစ်ကြည့် ရသည်။

ထို့အတူပင် သင်ယူလေ့လာသူသည် သင်ပြသူ၏နည်းပေးချက်ကို အရအမိယူရ၏၊ မှတ်သားထားရသည်။ ထိုမှတဆင့် မိမိသိရှိ သဘောပေါက် သည့်အတိုင်း အသိတရားကို အရေးအသားဖြင့် မှတ်စုမှတ်တမ်း ပြုရသည် မှာလည်း အတော်ကြိုးစား အားထုတ်ရပေသည်။

ဤကျမ်းစာအုပ်ကို ရေးသားပြီးစီးသည်မှာ (၁၉၇၃–ခုနှစ်)ကပင် ဖြစ်သည်။ စာရေးသူ အသက်(၃၀) ပတ်ဝန်းကျင်က ဖြစ်သည်။ ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရုံးတွင် ၁၉၆၂– ခုနှစ်မှ ၁၉၇၂–ခုနှစ်အထိ ရုံးတွင်းအဘိဓမ္မာသင်တန်း၌ သင်တန်းပြ ဆရာကြီး ဦးမြ (သက်ကြီးတက္ကသိုလ်မှ အဘိဓမ္မာဆရာကြီး)၏ သင်ပြ နည်းပေးချက် များကို စာရေးသူသည် စေ့စေ့စုံစုံ ဆည်းပူး သင်ကြား လေ့လာခွင့် ရရှိခဲ့ပါ၏။ ဆရာကြီး၏ အတွေးအမြင် ပညာရည်တို့ကိုလည်း အားကျနည်းခံ ခဲ့ရပါ၏။ ရုံးတွင်းတွင် သာသနာရေးဆိုင်ရာ လုပ်ငန်းရပ်များကို ဆောင်ရွက်ရင်း ဘာသာ၊ သာသနာ အသိအမြင်များ နှိုးကြားပေးသော ဌာနဆိုင်ရာ အကြီးအကဲများ၏ ကျေးဇူးဖြင့် ခက်ခဲနက်နဲလှသော အဘိဓမ္မာတရားတော် အနှစ်ချုပ်ကို (၁၀)နှစ် တိုင်တိုင် သင်ယူဆည်းပူးခွင့် ရရှိသည်မှာ ရတောင့်ရခဲသော အခွင့်အရေး ထူးကြီးတရပ်ကို အရတော်လေစွဟူ၍ မှတ်ယူခဲ့ပါသည်။ ပရိယတ္တိအခြေခံ လုံးဝမရှိ့ခဲ့သော်လည်း ဆရာကြီး၏ အသင်အပြ နည်းပေးချက်များကြောင့် စာရေးသူတို့ သင်တန်းသားများ၏ အသိအမြင်တွင် အဘိဓမ္မာတရားတော် အရဏ်ဦး ရောင်ခြည် လင်းဖြာလာသည်ဟု ခံစားမိပါသည်။ ’

ထိုရောင်ခြည်တန်းကို စာရေးသူက မှတ်တမ်း ပြုလိုက်ပါသည်။ သင်တန်းမှတ်စု အပြည့်အစုံကို ပြန်လည်ရေးသား၍ မူချောမူသန့်ဖြစ်အောင် ဆရာကြီးဦးမြကပင် တည်းဖြတ်ပြင်ဆင် ပေးခဲ့ပါသည်။

ထိုစဉ်က အသက်အရွယ် ငယ်ရွယ်သေးသည့်အပြင် ပညာဗဟုသုတ နည်းပါးသေးသည့်အလျောက် လေးနက်ခက်ခဲလှသော အဘိဓမ္မာတရား တော်မြတ်ကို သာမန်နားလည်နိုင်ဖို့ပင် အတော်ကြိုးစားယူရပါသည်။ ပင်ပင်

ပန်းပန်း ကြိုးစားဆည်းပူး၍ မိမိနားလည်သည့်အတိုင်းလည်း ပြန်လည် ရေးသား ထားနိုင်ခဲ့ပါသည်။

ယခု အသက်ရလာပြီဖြစ်၍ အချို့နေရာများ၌ အများနားလည်အောင် ပြင်ဆင် ရေးသားရလျှင် သင့်လေမည်လားဟူ၍ သတိမူမိပါသည်။ သို့သော် အသက်အရွယ် အခြေအနေ အချိန်အခါနှင့် ထိုစဉ်က အသိအရေးနှင့် အတွေးနှင့် ဆက်စပ်နေခြင်းသည်သာ ပိုမိုသင့်လျော်ပေမည်ဟု ယူဆမိ၍ ပြောင်းလဲ ပြင်ဆင်မှုမရှိဘဲ ထိုစဉ်က ရေးသားခဲ့သည့်အတိုင်းသာ ရိုက်နှိပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းတစောင်လုံးကို အစမှအဆုံးတိုင် ကဏ္ဍအလိုက် သင်ယူလေ့ကျက် တွက်ချက်မှတ်သား၊ ရေးသားပြုစု၊ စာစုကျမ်းစောင် ဖြစ်အောင်ကြိုးစား ရေးသားထားသဖြင့် အလားတူ လေ့လာ လိုသူများအဲ့တွက် အထောက်အပံ့များစွာ ပေးလိမ့် မည်ဟု ယုံကြည်ပါသည်။

ထိုကြောင့်ပင် နက်နဲခက်ခဲလှသော အဘိဓမ္မာဒေသနာတော်၏ အနှစ် ချုပ်ဖြစ်သည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို နှစ်လိုလေ့လာ သုတရှာရာ၌ လွယ်ကူထင်လင်း သဘောရှင်းအောင် ဆောင်ကြဉ်းထောက်ဆ သိရှိနိုင် ကြစေ ရန်အတွက် အထောက်အကူရစိမ့်သောငှာ ဤမှတ်စုကျမ်းကို ပုံနှိပ်ထုတ်ဝေ လိုက်ပါသည်။

ကျမ်းစာမူ ရေးသားပြီးစီးသည့်နောက် (၂၆)နှစ်ကြာမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျေးဇူးရှင် ဆရာများနှင့် မိတ်ဆွေများ၏ ကျေးဇူး ကြောင့် ပုံနှိပ်ထုတ်ဝေခွင့် ရရှိခဲ့ရာ၊ ရတောင့်ရခဲသော အခွင့်ရေး ထူးကြီး တစ်ရပ် ရရှိသည်ဟု ကျေနပ်ဝမ်းမြောက်စွာ ခံယူမိရပြန်ပါသည်။

သို့ဖြစ်ပါ၍ စာရှုသူ(အထူးသဖြင့် လူငယ်လူရွယ်)များသည် ဤကျမ်းကို ဖတ်ရှုလေ့လာပြီး မိမိရေးသားစဉ်က သိရှိမှတ်သားရသည့်အတိုင်း နားလည် သဘောပေါက် သိရှိကြပါက လေးနက်ခက်ခဲလှသော အဖိုးမဖြတ်နိုင်သည့် အဘိဓမ္မာတရားတော်မြတ်ကို ပညာဒါန ဖြန့်ဝေလှူဒါန်း ရကျိုးနပ်လှပေပြီ

နိဒါန်း

ဟူ၍ သောမနဿပီတိ ဝွမ်းဆီထိလျက် ဝမ်းမြောက်ကြည်နူးနေမိမည်မှာ အမှန်ပင်ဖြစ်ပါသည်။

- အဘိဓမ္မာတရားတော်မြတ်ကို (၁၀)နှစ် တိုင်တိုင်သင်ယူ ဆည်းပူးရန် စီစဉ်ပေးသော ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရုံးမှ ညွှန်ကြားရေးဝန် (ငြိမ်း) ဆရာကြီး ဦးဖေအောင်၊
- ရှင်းလင်းစွာ ထိထိမိမိ သင်ကြားပေးပေသော ဆရာကြီး ဦးမြ၊
- ကျမ်းစာမူကို ပုံနှိပ်ထုတ်ဝေနိုင်ရန် စီစဉ်ပေးသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆရာများနှင့် ရိုးရင်းရောင်းရင်းမိတ်ဆွေများ၊
- ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို ကာယ ဝစီ မနော သဒ္ဓါ၊ စေတနာ ကံတို့ဖြင့် ဦးညွှတ်ကန်တော့ပါသည်။

ဓမ္မတရား စာသား အနက် ယူဆချက်တို့တွင် ချို့ယွင်းချက်၊ ချွတ်ချော် မှားယွင်းချက် တစ်စုံတစ်ရာ ရှိပါက ခွင့်လွှတ်သည်းခံ ကြပါရန် ပန်ကြားပါသည်။ ဤကုသိုလ်တရား အစုတို့ဖြင့် သဗ္ဗသုခ မြတ်လှ နိဗ္ဗူတောင်းဆုယူရပါသည်။

မခင်နွဲ့ပန်ကြည်
၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ

## သဂြိုဟ်ကိုးပိုင်းသင်တန်းလေ့လာချက်များ

## ပထမတွဲ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဘိဓမ္မာ | ၁ |
| ၂။ | ပညတ်နှင့် ပရမတ် | ၁ |
| ၃။ | နာမည်ပညတ်နှင့်ပုံစံပညတ်ရုပ်ကလာပ်မှု့မြေဖြူတောင့် | ၂ |
| ၄။ | ပညတ်များ | ၄ |
| ၅။ | ဒေါသ အဘယ်ကြောင့်ဖြစ်သနည်း | ၅ |
| ၆။ | လောဘ အဘယ်ကြောင့်ဖြစ်သနည်း | ၆ |
| ၇။ | ဥပမာ တောနှင့်သားရဲသတ္တဝါများ | ၇ |
| ၈။ | ပညတ်ပရမတ်ပေါ်၌ ဘေးလွတ်အောင် ကျင့်သုံးပုံ | ၈ |
| ၉။ | ကြောက်စိတ် | ၉ |
| ၁၀။ | ပရမတ် | ၁၀ |

### စိတ်ပိုင်း

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | စိတ်၏သဘော | ၁၂ |
| ၁၂။ | စိတ်၏ဓလေ့ | ၁၁ |
| ၁၃။ | စိတ်က သတ္တလောကို ဆွဲဆောင်ပုံ | ၁၄ |
| ၁၄။ | နောင်ဘဝရှိကြောင်း၊ လူ့ဝင်စား | ၁၅ |
| ၁၅။ | လောဘ၊ ဒေါသ၏အပြစ် | ၁၆ |
| ၁၆။ | စိတ် | ၁၇ |
| ၁၇။ | လောက | ၁၇ |
| ၁၈။ | ဩကာသလောကို စိတ်ကဆွဲဆောင်ပုံ | ၁၉ |
| ၁၉။ | ကောက်သောစိတ်နှင့်၊ ဖြောင့်သောစိတ် | ၂၁ |
| ၂၀။ | ဖြောင့်သောအကျိုးနှင့် ကောက်သောအကျိုးသက်ရောက်ပုံ | ၂၂ |
| ၂၁။ | ခိုင်သောအကျိုးနှင့် မခိုင်သောအကျိုး | ၂၄ |
| ၂၂။ | ဝေဒနာစေတသိက်ဖြင့်စိတ်၏အမှတ်အသားကို မြဲလုပ်ခြင်း | [illegible] |

| | | |
|---|---|---|
| ၂၃။ | စိတ်နှင့် စေတသိက်ဥပမာ | ၂၆ |
| ၂၄။ | လောဘစိတ်ရှစ်ပါး | ၂၈ |
| ၂၅။ | ဒေါသစိတ်နှစ်ပါး | ၃၀ |
| ၂၆။ | မောဟစိတ်နှစ်ပါး | ၃၂ |
| ၂၇။ | အကုသိုလ်စိတ်(၁၂)ပါး | ၃၃ |
| ၂၈။ | အဟိတ်စိတ် (၁၈)ပါး | ၃၄ |
| ၂၉။ | အကုသလဝိပါက်စိတ် (၇)ပါး | ၃၅ |
| ၃၀။ | အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး | ၃၇ |
| ၃၁။ | ကုသလဝိပါက်စိတ်နှင့် အကုသလဝိပါက်စိတ်များ | ၃၇ |
| ၃၂။ | အဟိတ်ကြိယာ | ၃၉ |
| ၃၃။ | စိတ်–၈၉ ပါး | ၄၀ |
| ၃၄။ | အဟိတ်စိတ်နှင့် သဟိတ်စိတ်ကွာခြားပုံ | ၄၁ |
| ၃၅။ | အသောဘဏစိတ် | ၄၄ |
| ၃၆။ | မဟာကုသိုလ်စိတ် | ၄၄ |
| ၃၇။ | အကုသိုလ်စိတ်နှင့် မဟာကုသိုလ်စိတ် | ၄၇ |
| ၃၈။ | မဟာကုသိုလ်စိတ်ဥပမာ | ၄၇ |
| ၃၉။ | စိတ်၏ အလွန်လျှင်မြန်ပုံ | ၄၉ |
| ၄၀။ | မဟာဝိပါက်စိတ်(၈)ပါး | ၄၉ |
| ၄၁။ | မဟာကြိယာစိတ် (၈)ပါး | ၅၁ |
| ၄၂။ | ဆောင်ရွက်သည့် စိတ်နှင့် အကျိုးစိတ် | ၅၃ |
| ၄၃။ | ကာမစိတ် (၅၄)ပါး | ၅၅ |
| ၄၄။ | ဈာန် | ၅၇ |
| ၄၅။ | ပိတုန်းကောင်နှင့် နှိုင်းယှဉ်ပုံ | ၅၈ |
| ၄၆။ | ဈာန်စိတ် | ၅၉ |
| ၄၇။ | ရူပါဝစရစိတ် | ၆၀ |
| ၄၈။ | ရူပစိတ်(၁၅)ပါး | ၆၁ |
| ၄၉။ | ဗြဟ္မာဘုံ | ၆၃ |
| ၅၀။ | လောကီစိတ် | ၆၄ |
| ၅၁။ | လောကုတ္တရာစိတ် | ၆၆ |
| ၅၂။ | မဂ်လေးပါးအသီးသီး၏အဓိပ္ပာယ် | ၆၉ |

၅၃။ လောကုတ္တရာစိတ်အကျဉ်း(၈)ပါး၊ အကျယ် (၄၀) ၇၁
၅၄။ စိတ်တခုယုတ်–၉၀ ၇၂
၅၅။ စိတ်အကျယ်(၁၂၁) ၇၄


## စေတသိတ်ပိုင်း


၅၆။ အကုသိုလ်စေတသိက် ၇၇
၅၇။ အကုသိုလ်စေတသိက် ၁၄ ၇၈
၅၈။ အညသမန်းစေတသိက် ၈၉
၅၉။ သောဘဏစေတသိက် ၂၅ ၉၅
၆၀။ မေတ္တာကုသိုလ်နှင့် ဒါနကုသိုလ်နှိုင်းယှဉ်ချက် ၁၀၀
၆၁။ ဝိရတီ ၁၀၅
၆၂။ အပ္ပမညာ ၁၀၉
၆၃။ ပညိန္ဒြေ ၁၁၀
၆၄။ စေတသိက်(၅၂) ၁၁၁
၆၅။ စိတ် ၁၁၃
၆၆။ စေတသိက် ၁၁၄
၆၇။ စိတ်နှင့် စေတသိက်ယှဉ်ပုံ ၁၁၅
၆၈။ အကုသိုလ်စေတသိက်နှင့် ကုသိုလ်စိတ်ယှဉ်ပုံ ၁၁၆
၆၉။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၁၁၉
၇၀။ ထိန၊ မိဒ္ဓ ၁၂၀
၇၁။ ဝိစိကိစ္ဆာ ၁၂၁
၇၂။ အညသမာန်းစေတသိက် ၁၂၂
၇၃။ အညသမာန်းစေတသိက်နှင့် စိတ်ယှဉ်ပုံ ၁၂၄
၇၄။ သဗ္ဗစိတ္တသာဓာရဏ ၁၂၅
၇၅။ သင်္ဂဟနည်း ၁၂၆
၇၆။ ဝိတက် ၁၂၇
၇၇။ ဝိစာရ ၁၂၈
၇၈။ ပီတိယှဉ်သောစိတ် ၁၂၉
၇၉။ ဝိတက်၊ ဝိစာရ၊ ပီတိစေတသိက်သုံးမျိုးသည်
စိတ်အကျယ်နှင့် ယှဉ်ကြောင်း ၁၃၀

| | | |
|---|---|---|
| ၈၀။ | အဓိမောက္ခယှဉ်သောစိတ် | ၁၃၁ |
| ၈၁။ | စက္ခုဝိညာဉ်စိတ်ဖြစ်ပေါ်ခြင်း၏ အကြောင်းလေးချက် | ၁၃၂ |
| ၈၂။ | ဝီရိယ | ၁၃၃ |
| ၈၃။ | ဝီရိယယှဉ်သောစိတ် | ၁၃၄ |
| ၈၄။ | ဝိပါက်တို့တွင် ဝီရိယ မပါဝင်ကြောင်း | ၁၃၅ |
| ၈၅။ | အကုသိုလ်စိတ်တွင် ဝီရိယစေတသိက်ယှဉ်ပုံ | ၁၃၆ |
| ၈၆။ | ဆန္ဒ | ၁၃၇ |
| ၈၇။ | ဆန္ဒယှဉ်သောစိတ် | ၁၃၈ |
| ၈၈။ | သောဘဏစေတသိက်နှင့် စိတ်ယှဉ်ပုံ | ၁၃၉ |
| ၈၉။ | ဝိရတီစေတသိက်–၃ | ၁၄၀ |
| ၉၀။ | ဝိရတီစေတသိက် ယှဉ်သောစိတ် | ၁၄၁ |
| ၉၁။ | အပ္ပမညာစေတသိက် ကြဉ်သောစိတ် | ၁၄၂ |
| ၉၂။ | ပညိန္ဒြေစေတသိက် ယှဉ်သောစိတ် | ၁၄၄ |
| ၉၃။ | စိတ်နှင့် စေတသိက် ယှဉ်ပုံသင်္ဂဟနည်း | ၁၄၆ |
| ၉၄။ | အကုသိုလ်စိတ်နှင့် စေတသိက်ယှဉ်ပုံ | ၁၄၇ |
| ၉၅။ | အဟိတ်စိတ်နှင့် စေတသိက်ယှဉ်ပုံ | ၁၅၆ |
| ၉၆။ | မဟာကုသိုလ်စိတ်နှင့် စေတသိက် ယှဉ်ပုံ | ၁၅၉ |
| ၉၇။ | မဟာဝိပါက်စိတ်နှင့် စေတသိက် ယှဉ်ပုံ | ၁၆၃ |
| ၉၈။ | မဟာကြိယာစိတ်နှင့် စေတသိက်ယှဉ်ပုံ | ၁၆၇ |
| ၉၉။ | မဟဂ္ဂုတ်စိတ်နှင့် စေတသိက်များယှဉ်ပုံ | ၁၇၁ |
| ၁၀၀။ | လောကုတ္တရာစိတ်နှင့် စေတသိက်များယှဉ်ပုံ | ၁၇၅ |


## ပကိဏ်းပိုင်း


| | | |
|---|---|---|
| ၁၀၁။ | စိတ်နှင့် စေတသိက်များ | ၁၇၉ |
| ၁၀၂။ | ဝေဒနာသင်္ဂဟ | ၁၈၀ |
| ၁၀၃။ | ဟေတုသင်္ဂဟ | ၁၈၄ |
| ၁၀၄။ | ကိစ္စသင်္ဂဟ | ၁၈၉ |
| ၁၀၅။ | ကိစ္စများ | ၁၉၁ |
| ၁၀၆။ | ပဋိသန္ဓေနေသောစိတ် | ၁၉၂ |
| ၁၀၇။ | ကိစ္စ | ၁၉၄ |

၁၀၈။ ဒွါရသင်္ဂဟ ၁၉၅
၁၀၉။ ဒွါရခြောက်ပါး ၁၉၆
၁၁၀။ စက္ခုဒွါရ၌ ဖြစ်သောစိတ် ၁၉၇
၁၁၁။ သောတဒွါရ၌ဖြစ်သောစိတ် ၂၀၀
၁၁၂။ မနောဒွါရ၌ဖြစ်သောစိတ် ၂၀၁
၁၁၃။ စိတ်နှင့်ဒွါရ ၂၀၂
၁၁၄။ ဒွါရ ၆-ပါး၌အမြဲဖြစ်သောစိတ် ၃၁-ပါး ၂၀၃
၁၁၅။ ဒွါရမှလွတ်ခြင်းနှင့် ဒွါရ၌ဖြစ်ခြင်း ၂၀၄
၁၁၆။ အာရမ္မဏသင်္ဂဟ ၂၀၅
၁၁၇။ စိတ်နှင့်စေတသိက် ၂၀၆
၁၁၈။ နိဗ္ဗာန်နှင့်ပညတ် ၂၀၈
၁၁၉။ ကာမအာရုံ ၂၁၀
၁၂၀။ မဟဂ္ဂုတ်အာရုံ ၂၁၁
၁၂၁။ နိဗ္ဗာန်အာရုံ ၂၁၂
၁၂၂။ ၂-ချွင်းအာရုံ ၂၁၄
၁၂၃။ ဝတ္ထုသင်္ဂဟ ၂၁၅
၁၂၄။ ဝိညာဏဓာတ်(၇)ပါး ၂၁၆
၁၂၅။ ဝတ္ထုရုပ်ကိုရံခါမှီသောစိတ် ၄၂ ၂၂၀
၁၂၆။ ဝတ္ထုရုပ်ကိုအမြဲမှီသောစိတ် ၄၃ ၂၂၁
၁၂၇။ ဝတ္ထုရုပ်ကိုမမှီသောစိတ် ၄ ၂၂၂
၁၂၈။ စိတ်နှင့်စေတသိက်ပိုင်း၊ ပြန်လှန်လေ့လာခြင်း ၂၂၃

# အဘိဓမ္မာ

**အဘိဓမ္မာ။** ။ အဘိဓမ္မာကို သာမန်အားဖြင့် "ထူးသောတရား" ဟု အဓိပ္ပာယ် ပြန်ဆိုနိုင်ပါသည်။ မည်ကဲ့သို့ ထူးခြားလွန်ကဲ သနည်းဆိုသော် အဘိဓမ္မာသည် ပရမတ်နှင့်ပညတ်ကို ခွဲခြား၍ ပေါ်လွင်အောင် ပြသနိုင်သော ကြောင့်ပင် ဖြစ်သည်။

ပရမတ်ဟူသည်မှာ မဖေါက်ပြန်သော သဘောရှိ၍ တိကျမှန်ကန် ခြင်း၊ ထင်ရှားရှိခြင်းပင် ဖြစ်ပါသည်။ ပညတ်ဟူသည်မှာ အထင်အရှား အသေ အချာ မရှိပေ၊ အသိအမှတ်ပြုထားရုံမျှသာ ဖြစ်ပေသည်။

အဘိဓမ္မာသည် ထိုပရမတ်နှင့်ပညတ်ကို တိကျစွာ ခွဲခြားသည့်ပြင်၊ ပရမတ်တရားများကို အသေးစိတ် ကုန်စင်အောင် ထင်ထင်ရှားရှား တိကျစွာ ပြသောကြောင့် ထူးခြားလွန်ကဲသည်ဟု ဆိုရသည်။

မြတ်စွာဘုရားဟောကြားတော်မူသော ပိဋကတ်ကျမ်းထဲတွင် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပါဝင်ရာ၊ သုတ္တန်နှင့်ဝိနည်းတို့မှာ နည်း လမ်းများ၊ ကျင့်ဆောင်ရာ ဥပဒေများကိုသာ ရည်ညွှန်းဖေါ်ပြထား၏။ ပညတ်နှင့်ပရမတ် ကို သာမန်မျှသာ ခွဲခြားပြသည်၊ စိစစ်သေချာစွာ မခွဲပြပေ။ အဘိဓမ္မာသည် ကား ပညတ်နှင့်ပရမတ်ကို ပြတ်သားရှင်းလင်းသေချာစွာ ထင်ရှားသိမြင်စေရန် ခွဲခြား ပြသပေသည်။

## ပညတ်နှင့်ပရမတ်

**ပညတ်နှင့်ပရမတ်၊ သာမန်စိတ်နှင့်ဆင်ခြင်စဉ်းစားသောအသိစိတ်**

ပညတ်နှင့်ပရမတ်သည် သာမန်စိတ်သာရှိသောသူနှင့် ဉာဏ်ပညာ ဖြင့် ဆင်ခြင်စဉ်းစား ဝေဖန်သုံးသပ်နိုင်သော စိတ်ရှိသည့်သူတို့အဖို့ များစွာ ပင် ကွာခြားလှပါသည်။ ပရမတ်သည် ဉာဏ်ဖြင့် အတိအကျ ရှာ၍ကြည့်သော အခါ ထင်ရှားနေသည်။ ပညတ်သည် ဉာဏ်ဖြင့် အတိအကျရှာ၍ကြည့်သော် ထင်ရှားမရှိပေ။ ဆိုလိုသည်မှာကား သာမန်စိတ်မျိုးနှင့် ကြည့်သောအခါ

ပညတ်ကိုသာ ထင်ရှားတွေ့နိုင်သည်။ ပရမတ်ကိုကား ထင်ရှားမတွေ့နိုင်ပေ။ သို့ရာတွင် ဉာဏ်ပညာဆင်ခြင်စိတ်ဖြင့် ကြည့်ပါက ပရမတ်ကိုသာ ထင်ရှားတွေ့ရပေမည်။

သက်မဲ့အရာဝတ္ထုများ။ (ဝ)လုံး

ဥပမာ– စာအုပ်ပေါ်တွင်(ဝ)လုံးကို ရေးထားပြီး သာမန်စိတ်နှင့်ကြည့်သော် မြင့်တွေ့နေရသောကြောင့် ထိုအရာ ကို (ဝ)လုံးဟုပင် ခေါ်ပေမည်။ သို့ရာတွင် ဆင်ခြင်ဉာဏ်ဖြင့်ကြည့်ပါက မင်စက်ကလေးများ စုပေါင်းထားခြင်းပင် ဖြစ်ပေမည်။ (ဝ)လုံးဟူသည် တကယ်မရှိ သော၊ အသိအမှတ်ပြုထားရုံသာဖြစ်သည့် ပညတ်မျှသာ ဖြစ်ပေသည်။ ထို့ ကြောင့် (ဝ)လုံး ဆိုရာတွင် ဝိုင်းဝိုင်းပုံစံသည် ပညတ်ဖြစ်၏၊ အဘယ်ကြောင့် ဆိုသော် စိစစ်ကြည့်ရာတွင် ထင်ရှားမရှိသောကြောင့် ဖြစ်၏။ မင်စက်ကလေးများ စုပေါင်းခြင်းဖြင့် (ဝ)လုံးသဏ္ဍာန်ရှိသော အရေးအသား ဖြစ်ပေါ်လာ သည်။ စိစစ်ကြည့်သော် မင်မှုန့်မွှားကလေးများကို တွေ့ရသည်။ မင်စက် မင်မှုန့် မွှားကလေးများတွင် ပါဝင်သည့်ပထဝီ၊ အာပေါ–စသော ရုပ်ဓာတ်များသာလျှင် ပရမတ်ဖြစ်သည်။

နာမည်ပညတ်နှင့်ပုံစံပညတ် ရုပ်ကလာပ်မှုန့်၊ မြေဖြူတောင့်

မြေဖြူ တောင့်ဟုဆိုရာတွင် မြေဖြူတောင့်ဟူသော နာမည်သည် ထင်ရှားမရှိပေ၊ နာမည် အားဖြင့်အသိအမှတ်ပြုထားရုံမျှသာဖြစ်သောကြောင့် "မြေဖြူတောင့်" ဟူသောစကားကို နာမည်ပညတ်ဟု ခေါ်ပါသည်။ မြေဖြူတောင့် ဟူသည် နာမည်ပညတ်ဖြစ်သည့်အတိုင်း မြေဖြူတောင့်၏ လုံးရှည်ရှည်ပုံစံသည်လည်း ထင်ရှားမရှိပေ။ ပုံစံအားဖြင့် အသိအမှတ်ပြုထားရုံမျှသာ ဖြစ်သောကြောင့်၊ ပုံစံပညတ်ဟုခေါ်သည်။ မြေဖြူတောင့်အတွင်း၌ ဉာဏ်ဖြင့် စိစစ်၍ကြည့်သောအခါ ထင်ရှားရှိနေသော ပရမတ်သည် မြေဖြူမှုန့်ကလေးများတွင် ပါဝင်သည့် ပထဝီ၊ အာပေါ–စသော ရုပ်ဓာတ်များသာ ဖြစ်သည်။ ထိုသေးငယ်သော မြေဖြူမှုန့်ကလေးများကို ရုပ်ကလာပ်မှုန့်များဟု ခေါ်သည်။ မြေဖြူမှုန့် ကိုသာမဟုတ်၊ အခြားသော အလွန်သေးငယ်သည့် အမှုန့်ငယ်ကလေးများကိုလည်း ရုပ်ကလာပ်မှုန့်ဟု ခေါ်ပါသည်။

## အဆောက်အဦ

အခြားဥပမာတစ်ခုအားဖြင့် အဆောက်အဦတစ်ခုကို ဉာဏ်ဖြင့် ကြည့်ပါက သိနိုင်ပေသည်။ "တိုက်" ဟူသော စကားသည် သာမန်စိတ်ဖြင့် ကြည့်သော် ထင်ရှားရှိသော်လည်း၊ ဆင်ခြင်ဉာဏ်ဖြင့်ကြည့်ပါက ထင်ရှားမရှိပေ။ နာမည်ပညတ်မျှသာ ဖြစ်ပေသည်။ တွေ့မြင်နေရသော တိုက်တာ အဆောက်အဦသည်လည်း စင်စစ် ထင်ရှားမရှိပေ။ ပညတ်မျှသာ ဖြစ်သည်။ အကယ်စင်စစ်ထင်ရှားရှိသည်ကား ရုပ်ကလာပ်မှုန့်ဟုခေါ်ရသည့် အမှုန့်ငယ် ကလေးများသာ ဖြစ်သည်။ တိုက်တာအဆောက်အဦကို ကြေမွသွားစေရန် ဖြိုခွဲကြည့်ပါက အမှုန့်အမွှားကလေးများကိုသာ တွေ့ရပေသည်။ ထိုရုပ်ကလာပ်မှုန့်များတွင် ပါဝင်သည့်ပထဝီ၊ အာပေါ-စသော ရုပ်ဓာတ်များသည် သာလျှင် ပရမတ် ဖြစ်ပေသည်။

## ရေထု

သက်မဲ့အရာဝတ္ထုများတွင် ရေထုလည်း ပါဝင်နေပေရာ ရေထုကို ပညတ်နှင့် ပရမတ်ခွဲရာတွင် အထက်ပါအတိုင်းပင် ဖြစ်ပါသည်။ အကယ် စင်စစ်အထင်အရှားရှိသော ပရမတ်မှာ ရေမှုန့်ရေမွှား ကလာပ်မှုန့်တို့သာလျှင် ဖြစ်ပါသည်။ အမှန်စင်စစ်ရေထုဟူသော ဝေါဟာရနှင့် တွေ့မြင် နေရသော ထင်ရှားရှိသည်ဟု ဘင်မှတ်ရသည့် ရေထုထည်ကြီးမှာ အထင် အရှားမရှိပေ။ နာမည်ပညတ်နှင့် ပုံစံပညတ်မျှသာ ဖြစ်ပါသည်။

ဤကဲ့သို့ပင် အခြားသော သက်မဲ့အရာဝတ္ထုများကိုလည်း ဉာဏ် ပညာ ဆင်ခြင်စိတ်ဖြင့် ပညတ်နှင့်ပရမတ်ကို ခွဲခြားသိမြင်နိုင်ပါသည်။ သက်မဲ့ အရာဝတ္ထုအားလုံးတွင်ဉာဏ်ဖြင့်ယှဉ်၍ စိစစ်ကြည့်သောအခါ နာမည်ပညတ်၊ ပုံစံပညတ်နှင့် ရုပ်ကလာပ်မှုန့်ဟူ၍ သုံးမျိုးကိုသာ တွေ့နိုင် ပါသည်။ အခြားမည် သည်မျှ မရှိပါ။

## ရုပ်ကလာပ်မှုန့်

အကြမ်းအားဖြင့် ရုပ်ကလာပ်မှုန့်၏ ထုထည်ပမာဏကို တွက်ဆ ရာတွင် အနုမြူ (၁)ခုသည် ပရမာနုမြူ (၃၆) ခုနှင့် ညီမျှ၍ ပရမာနုမြူ (၁)ခုသည် ရုပ်ကလာပ်မှုန့်(၁)ခုနှင့်ညီမျှပါသည်။

သက်ရှိသတ္တဝါ၊ လူတစ်ယောက်

သာမန်စိတ်ဖြင့် ကြည့်သော် လူဟူသော သတ္တဝါကို မြင်တွေ့နေရသောကြောင့် အကယ်စင်စစ် ထင်ရှားရှိ၏ဟု မှတ်ထင်နိုင်ပေသည်။ သို့ရာတွင် ဆင်ခြင်ဉာဏ်ဖြင့်ကြည့်သောအခါ "လူ"ဟူသော ဝေါဟာရသည် ထင်ရှားမရှိပေ။ နာမည်ဖြင့် အသိအမှတ်ပြု ထားရုံသာ ဖြစ်သောကြောင့် နာမည်ပညတ်ဖြစ်ပေသည်။ ထိုကဲ့သို့ပင် ဦးခေါင်း၊ လက်နှစ်ဘက်၊ ခြေနှစ်ချောင်း စသည်တို့နှင့် လူ၏ပုံစံအတိုင်း ဖြစ်လာသော ကိုယ်ကာယကြီးသည်လည်းစင်စစ် ထင်ရှားမရှိပေ။ ပုံစံအားဖြင့် အသိအမှတ် ပြုထားရုံသာ ဖြစ်သောကြောင့် ပုံစံပညတ် ဖြစ်ပါသည်။ ဤသို့ ခြေ လက်စသည်တို့ စင်စစ် ထင်ရှားမရှိဆိုခြင်းသည် ပညတ်အနေနှင့် ထင်ရှား မရှိသည်ကို ဆိုလိုသည် မဟုတ်၊ ပရမတ်အနေနှင့် ထင်ရှားမရှိသည်ကို ဆိုလိုသည်။

စင်စစ်အားဖြင့်လူသတ္တဝါတို့တွင် ထင်ထင်ရှားရှား သေချာစွာရှိသော ပရမတ်သည်ကား၊ ရုပ်ကလာပ်မှုန့်ကလေးများနှင့် စိတ် စေတသိက်ခေါ် အသိဓာတ်များပင်ဖြစ်ပါသည်။ ထို့ကြောင့် လူသတ္တဝါတွင် နာမည်နှင့် ပုံစံသည် ထင်ရှားမရှိသော ပညတ်သာဖြစ်၍ ရုပ်ကလာပ်မှုန့်နှင့် အသိဉာဏ် စိတ်တို့သည်၊ စင်စစ် ထင်ရှားရှိသော ပရမတ်ဖြစ်ပါသည်။

အကျိုးအပြစ်

အဘိဓမ္မာကိုသင်ကြားခြင်းဖြင့် ပညတ်နှင့်ပရမတ်ကို လေ့လာရာတွင် ထင်ရှားရှိသော ပရမတ်ကို ရှိနေသည့်အတိုင်း၊ ဉာဏ်ဖြင့် ကြည့်ရှုသိမြင်သည့်နည်းတူ ထင်ရှားမရှိသော ပညတ်ကို၊ မရှိသည့်အတိုင်း ကြည့်ရှုသိမြင်လျှင် အကျိုးရပေမည်။ ၄င်းကို ဆန့်ကျင်ပြီး ပညတ်ကိုသာ ထင်ရှားရှိ၏ဟု မှတ်ထင်နေပါက အကျိုးကျေးဇူးမရဘဲ အပြစ်သာ ဖြစ်ပေမည်။

## ပညတ်များ

ကာလပညတ်

အချိန်ကိုရှာဖွေ၍ မတွေ့ရပေ။ နာရီသည်လည်းကောင်း၊ နေသည်လည်းကောင်း အချိန်မဟုတ်ပေ။ သတ်မှတ်ထားခြင်းသာ ဖြစ်ပေသည်။ အချိန်ကို အကောင်အထည်အားဖြင့် ကိုင်တွယ်၍မရပေ။ အကယ်စင်စစ်

ရှာပါက ထင်ရှားမရှိပေ။ ထို့ကြောင့် ပညတ် သာဖြစ်၏။ ပရမတ်မဟုတ်ပေ။ အချိန်ကိုကာလပညတ်ဟု ခေါ်သည်။

**ဒိနပညတ်**

တနင်္ဂနွေ၊ တနင်္လာ–စသည့် နေ့များကို တွေ့မြင်ကိုင်ပြ၍ မရပေ။ အသိအမှတ်ပြုထားသော ပညတ်မျှသာဖြစ်သောကြောင့် ဒိနပညတ်ဟု ခေါ်သည်။

**မာသပညတ်**

လ–သည် ကောင်းကင်ယံမှ နေ လကိုပြောသည် မဟုတ်ပေ။ ရှာဖွေပြသ၍ မရပါ။ ရက်များစုပေါင်းထားခြင်းကိုပြသော အသိအမှတ် တစ်ခုသာဖြစ်ပါသည်။ တန်ခူး၊ ကဆုန်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသောလများသည် ထင်ရှား မရှိသော ပညတ်မျှသာဖြစ်ပါသည်။ မာသပညတ်ဟု ခေါ်ပါသည်။

**ဒိသာပညတ်**

အရှေ့၊ အနောက်၊ တောင်၊ မြောက်စသည့်အရပ် ဆယ်မျက်နှာသည်လည်း ထို့အတူပင် ဖြစ်ပါသည်။ ထင်ရှားစွာ ညွှန်ပြတွေ့ထိ၍ မရပါ။ အသိအမှတ်ပြုထားရုံသာ ဖြစ်ပါသည်။ ထိုအရပ်ဒေသများသည် ထင်ရှား မရှိသောကြောင့် ဒိသာပညတ်ဟု ခေါ်ပါသည်။

**ဒေါသအဘယ်ကြောင့်ဖြစ်သနည်း**

တစ်ဦးနှင့်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် စိတ်ဆိုးကြသည်၊ ခိုက်ရန်ဒေါသဖြစ်ကြသည်၊ မလိုမုန်းထားကြသည် ဆိုခြင်းမှာ ပရမတ်နှင့် ပညတ်ကို သေချာစွာ အတိအကျ မသိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပရမတ်နှင့် ပညတ်ကို တိကျစွာသိရှိရန် လိုအပ်လှပါသည်။

ဥပမာ။ ။ မောင်ဖြူက မောင်ညိုကို စိတ်ဆိုး၏၊ မောင်ဖြူသည် မောင်ညိုအား အဘယ်ကြောင့် စိတ်ဆိုးသနည်း၊ ဒေါသအဘယ်ကြောင့် ဖြစ်သနည်းဟူ၍ ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစားပါက မောင်ဖြူသည်တကယ်မရှိသော ထင်ရှားမရှိသည့် မောင်ညို၏အမည် ကိုယ်လုံးကိုယ်ထည်ပုံစံကို သာမန်စိတ်ဖြင့်ကြည့်၍ တကယ်ရှိသည်၊ ထင်ရှားသည်ဟူ၍ ထင်မှတ်နေသောကြောင့် ဖြစ်ပါ၏။ ဆိုလိုသည်မှာ ထင်ရှားမရှိသော ပညတ်ကို အကယ်စင်စစ် ထင်ရှားရှိ၏ဟု မှတ်ထင်သောကြောင့် မောင်ဖြူသည် မောင်ညိုအား စိတ်ဆိုးခြင်း ဖြစ်ပါသည်။

အကယ်၍ မောင်ဖြူသည် မောင်ညိုဟု ထင်ရှားရှိနေသည့် ရုပ်ကလာပ်မှု့များကိုသာ အကယ်စင်စစ် ဆင်ခြင်ဉာဏ်ဖြင့် သိမြင်ပါက မောင်ဖြူသည် မောင်ညိုအား စိတ်ဆိုးမည်မဟုတ်တော့ပေ။

အကျိုး။ ။ ထို့ကြောင့် ပညတ်ကို အကယ်စင်စစ် ထင်ရှားမရှိကြောင်း၊ ပရမတ်သာလျှင် ထင်ရှားရှိကြောင်း သိပါက လူအချင်းချင်း လည်းကောင်း၊ ရပ်ရွာ မြို့နယ် အချင်းချင်းလည်းကောင်း၊ တိုင်းပြည်ချင်းလည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး၊ တစ်နယ်နှင့်တစ်နယ်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံတို့သည် ဒေါသများ လျော့နည်းသွားပေသည်။

လောဘအဘယ်ကြောင့်ဖြစ်သနည်း။ ။ လောဘ၊ ရာဂ၊ တဏှာ၊ သံယောဇဉ်တို့သည်သဘောတရားအားဖြင့် များစွာ မကွဲပြားလှပေ၊ လောဘဖြစ်ရာတွင်လည်း တကယ်စင်စစ် မရှိသော အရာဝတ္ထုများကို ထင်ရှားရှိသည်ဟု ထင်မှတ်နေသောကြောင့် ဖြစ်သည်။ နာမည်ပညတ်၊ ပုံစံပညတ်ကို တကယ်ရှိသည်ဟု ထင်မြင်နေသောကြောင့် လောဘဖြစ်နေ၏။ ပရမာအနုမြူ၊ ရုပ်ကလာပ်မှုန့်များကို တကယ်သိပါက၊ လောဘ မဖြစ်နိုင်တော့ပေ။ ပရမတ်သည် ထင်ရှားရှိကြောင်း၊ ပညတ်သည် ထင်ရှားမရှိကြောင်း သိရှိရန်မှာ များစွာလိုအပ်လှပေသည်။

မိမိထက် အသိဉာဏ်ရင့်သန်သူ၊ ဉာဏ်ပညာထက်မြက်သူတို့က ပရမတ်သည် ထင်ရှားရှိကြောင်း၊ ပညတ်သည် ထင်ရှားမရှိကြောင်းပြောဆိုသဖြင့် ကြားသိရပါက၊ မိမိလည်း သိလို၊ ဆင်ခြင်လိုစိတ် ဖြစ်လာသဖြင့် လောဘ ဒေါသတရားတို့သည် လျော့နည်းသွားပေမည်။ ပရမတ်သည် ထင်ရှားရှိကြောင်း၊ ပညတ်သည် အသိအမှတ်ပြုထားရုံသာဖြစ်ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစား၍ သိပါက၊ လောဘ ဒေါသတရားများသည် ပိုမို၍ လျော့နည်းသွားပေမည်။ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် မက တရားအားထုတ်၍ ကိုယ်တွေ့ထင်ထင်ရှားရှားအားဖြင့် ရုပ်ကလာပ်မှု့ တို့သည်သာလျှင် စင်စစ်ရှိကြောင်းသိပါက လောဘ ဒေါသတို့သည် အလျော့ ဆုံးဖြစ်ပြီး ကုန်သွားနိုင်ပါသည်။ ဘုရား၊ ရဟန္တာ၊ ပစ္စေက ဗုဒ္ဓါတို့သည် တရားအားထုတ်၍ ကိုယ်တွေ့သိမြင်သောကြောင့်၊ လောဘ၊ ဒေါသတရားများ ကပ်ရောက်ခြင်းမရှိတော့ပေ။

ဥပမာ၊ တောနှင့်သားရဲသတ္တဝါများ။ ။ လူတို့ကြားသိနေသည့် တော ဟူသောဝေါဟာရသည် ပညတ်မျှသာဖြစ်ပေသည်။ တောကိုမြင်တွေ့ ကိုင်ထိ၍မရပေ။ သစ်ပင်များကိုသာတွေ့ရမည်။ တောဟူသည် သစ်ပင် ကြီးငယ်များ ရှုပ်ထွေးစွာ ပေါင်းစုထားခြင်းပင် ဖြစ်ပေသည်။ ထို့ကြောင့် တောဟူသည် တကယ်မရှိသော ပညတ်ဖြစ်၍ စင်စစ်ရှိသော အရာသည်ကား သစ်ပင်ပင် ဖြစ်ပေသည်။

လူတို့၏ကိုယ်ခန္ဓာနှင့် တောသည် သဘောတရားအားဖြင့် တူညီ သည်။ တောသည် ထင်ရှားမရှိသကဲသို့၊ ကိုယ်ခန္ဓာသည်လည်း ထင်ရှား မရှိပေ။ သစ်ပင်သည်ထင်ရှားရှိသကဲ့သို့ ကိုယ်ခန္ဓာတွင်းမှ အသွေး၊ အသား၊ အကြော၊ အရေတို့သာလျှင် ရုပ်ကလာပ်မှု့ စင်စစ်ထင်ရှားရှိပါသည်။ ထို့ အတူပင် ပုံစံအရာဝတ္ထုမှန်သမျှသည် ထင်ရှားမရှိပေ။ ပထဝီ၊ အာပေါ စသော ရုပ်ဓာတ်များသာလျှင် ထင်ရှားရှိပေသည်။

ထင်ရှားမရှိသော တောထဲမှ ခြင်္သေ့၊ သစ်ကျား၊ သားရဲတိရစ္ဆာန်များ ထွက်လာနိုင်၊ ပေါ်ပေါက်လာနိုင်သကဲသို့၊ ထင်ရှားမရှိသော ကိုယ်ခန္ဓာဟူ သည့် ပညတ်ကို စွဲလမ်းသည့် စိတ်ထဲမှ ခြင်္သေ့၊ သစ်ကျားနှင့်တူသော လောဘ၊ ဒေါသဟူသည့် ရန်သူများ ထွက်နိုင်၏။ ထင်ရှားရှိသည့် သစ်ပင်ထဲမှ ခြင်္သေ့၊ သစ်ကျားများ မထွက်ပေ။ ထိုကဲ့သို့ပင် ထင်ရှားရှိသည့် သစ်ပင်နှင့်တူသော ပညတ်၊ ပရမတ်ကို ထင်ထင်ရှားရှား သိမြင်ခွဲခြမ်းနိုင်သော စိတ်ထဲမှ ဒေါသ၊ လောဘဟူသည့် ရန်သူများ မထွက်ပေါ်ပေ။

ထို့ကြောင့် ရန်သူမရှိဘဲ အေးအေးနေချင်သော သူတိုင်းသည် ရန်သူ မလာသော သစ်ပင်နှင့်တူသည်။ အမှန်စင်စစ်ရှိသော ပရမတ်ကိုသိအောင် လုပ်သင့်ပါသည်။ ပညတ်ကိုတကယ်ရှိ၏ ဟုထင်မှတ်နေသော စိတ်ရှိပါက ဘေးရန်ဟူသော လောဘ၊ ဒေါသများ ရှိနေ၏။ ပရမတ်ကိုသာ သိမြင်ပါက လောဘ၊ ဒေါသများ မထွက်ပေါ်နိုင်ပေ။ တောရှင်းပါက ခြင်္သေ့သစ်ကျား မရှိနိုင်သကဲ့သို့ ပညတ်ရှင်းပြီး ပရမတ်ကိုသာ သိနေပါက၊ လောဘ၊ ဒေါသ မရှိနိုင်ပေ။

တစ်ဦးတစ်ယောက်ကို မုန်းသောစိတ်၊ တစ်ဦးတစ်ယောက်၏ပစ္စည်း ဥစ္စာကို လိုချင်တပ်မက်သော စိတ်ရှိပါက ထင်ရှားမရှိသော ပညတ်ကိုလည်း

ကောင်း၊ ထင်ရှားရှိသော ပရမာအနုမြူများ၊ ရုပ်ကလာပ်မှု့ပရမတ်များကို လည်းကောင်း၊ ခွဲခြမ်း၍ ထင်ရှားသိစေရန် စဉ်းစားပေးရမည်။ မိမိကိုယ်ကို ဦးစွာ ရုပ်ကလာပ်မှု့များ စုပေါင်းထားကြောင်း ကိုယ်ခန္ဓာကြီးသည် ပညတ်မျှသာဖြစ်ကြောင်း၊ စဉ်းစားဆင်ခြင်ရမည်။ မိမိကိုယ်ပင်မက အခြားသော သက်ရှိသက်မဲ့ အရာတို့သည်လည်း ရုပ်ကလာပ်မှု့များ စုပေါင်းထားခြင်းသာဖြစ်ကြောင်း သိရှိနိုင်ရပေမည်။

## ပညတ်ပရမတ်ပေါ်၌ ဘေးလွတ်အောင်ကျင့်သုံးပုံ

နာမည်ပညတ်။ ။ နာမည်ပညတ်နှင့် ပတ်သက်၍ အကျွန်ုပ်တို့သည် ဘေးဒုက္ခနှင့်လည်း တွေ့နိုင်သည်။ ဘေးဒုက္ခမှ လွတ်ကင်းအောင်လည်း ကျင့်နိုင်ပါသည်။

ဥပမာ။ ။ ကျွန်ုပ်တို့မကြိုက်နှစ်သက်၊ မလိုမုန်းထားရှိသော နာမည်တခုကို ကြားသော် စိတ်ဆိုးမည်။ ဒေါသထွက်မည်။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း ရှိပါက ကိုယ်ကာယတွင် လည်းကောင်း၊ စိတ်တွင်လည်းကောင်း၊ အကျိုးယုတ်မည်။ အမှတ်စင်စစ် ထင်ရှားမရှိသော နာမည်ပညတ်ကို၊ တကယ်ရှိသည်ဟု ထင်မှတ်ခြင်းဖြင့် အကျိုးယုတ်ခြင်းကို ဖြစ်စေပါသည်။ ဒေါသ၏ မကောင်းကျိုးသည် ယခုဘဝတွင်သာမဟုတ်၊ နောင်ဘဝ ဖြစ်လေရာတွင်လည်း အကျိုးယုတ်မှုကို ပေးနိုင်သောကြောင့် နာမည်ပညတ်ပေါ်တွင် မှီခို၍ ဖြစ်ပေါ်လာသော ဒေါသကို ရှောင်ရှားသင့်ပါသည်။

မိမိတွင် အကျိုးကျေးဇူး မဆုတ်ယုတ်စေရန် နာမည်သည် တကယ်မရှိကြောင်း၊ ပညတ်သာ ဖြစ်ကြောင်းစဉ်းစားဝေဖန် ကြည့်ရပါမည်။

ပုံစံပညတ်။ ။ အများအားဖြင့် လူသတ္တဝါများသည် လှသောပုံစံကို နှစ်သက်ခုံမင်၍၊ ဆိုးသောပုံစံကို မကြိုက်နှစ်သက်ကြချေ။ ပုံစံလှကိုပင် လောဘတပ်မက် စွဲလမ်းကြ၏။ အကယ်၍ ထိုလှသော ပုံစံသည် သူတပါး ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ ဖြစ်နေပါက၊ ထိုသူ၏လောဘသည် အကျိုးများစွာ ဆုတ်ယုတ် စေနိုင်ပါသည်။ လောဘထားရှိခြင်းဖြင့် မကောင်းသော အကျိုးကိုတွေ့ရတတ်ပါသည်။

လောဘကြောင့် အကျိုး ဆုတ်ယုတ်သဖြင့် လောဘ မဖြစ်ပေါ်စေရန် ကြိုးစား ဆောင်ရွက်ရမည်။ လောဘ မဖြစ်စေရန် ပုံခံပညတ်သည့် အသိ အမှတ်ပြုထားရုံသာဖြစ်ကြောင်း၊ တကယ်စင်စစ် ထင်ရှားမရှိကြောင်း၊ စဉ်းစား ဝေဖန် ကြည့်ရပါမည်။ မိမိ လောဘ တပ်ထားသောအရာသည် ရုပ်ကလာပ်မှု့ များ စုဝေးထားရာသာဖြစ်ကြောင်း၊ ရုပ်ကလာပ်မှု့သည်သာ အကယ်စင်စစ် ထင်ရှား ရှိကြောင်း သိမြင်ရပေမည်။

လှပသောအရုပ်၊ ဆိုးသော၊ ညစ်နွမ်းသော အရုပ်စသည့် ပုံစံပညတ် နှင့် ပတ်သက်၍ လည်းကောင်း၊ ကောင်းသောနာမည်၊ ဆိုးသောနာမည်၊ ချစ်ခင်ဖွယ်ရာ၊ ရွံမုန်းဖွယ်ရာကောင်းသောနာမည် စသည်ဖြင့် နာမည်ပညတ် နှင့် ပတ်သက်၍ လည်းကောင်း၊ လောဘ ဒေါသတို့သည်တဟုန်တည်း အရှိန် ပြင်းစွာထိုးထွက်လာနိုင်ပါသည်။ ထိုလောဘ ဒေါသတို့သည်ကား စင်စစ်အား ဖြင့် အကျိုးကျေးဇူး ဆုတ်ယုတ် စေနိုင်သောကြောင့် နာမည်၊ ပုံစံများနှင့် တွေ့လျှင်၊ စိတ်ဆိုးမှု၊ နှစ်သက်မှု မဖြစ်ပေါ်စေရန် ထိုအရာများသည် တကယ် မရှိကြောင်း ပညတ်သာဖြစ်ကြောင်း စဉ်းစားချင့်ချိန်ရမည်။ တကယ်ထင်ရှား စွာ ရှိသည်မှာကား၊ ရုပ်ကလာပ်မှု့များသာဖြစ်ကြောင်း၊ ပညတ်နှင့် ပရမတ်ကို တိကျသေချာစွာ ခွဲခြားသုံးသပ်နိုင်ရပေမည်။

ထို့ကြောင့် ပညတ်ပရမတ်ကို ခွဲခြားသိမြင် သင်ကြားခြင်းဖြင့်၊ မိမိ တွင်ရှိသော လောဘ၊ ဒေါသများကို လျော့နည်းသွားစေရန် အသုံးချနိုင် ပါသည်။

ကြောက်စိတ်။ ။ လူတို့တွင် ကြောက်စိတ်သည် အနည်းနှင့် အများရှိကြ ပေသည်။ ကြောက်စိတ်သည် စင်စစ်ကောင်းသည်ဟု မဆိုနိုင်ပေ။ သေနတ် ဖြင့် ပစ်ရာတွင် ကြောက်သောသူနှင့် မကြောက်သောသူသည် ကွာခြား၏။ ကြောက်လျှင်လည်း သေရမည်၊ မကြောက်လျှင်လည်း သေရမည်။ သို့သော် ကြောက်စိတ်နောက်တွင် ဒေါသစိတ်ပါလာ၏။ ဒေါသစိတ်၊ ကြောက်စိတ်တို့ သည် အကျိုး ဆုတ်ယုတ်မှုကို ဖြစ်စေနိုင်၏။

ဥပမာ။ ။ စစ်အတွင်းဗုံးရှောင်သူတစုသည် ပထမ ဗုံးကျင်းတွင် ခိုအောင်း နေရာ အလွန်ကြောက်လာကြသဖြင့် အခြားဗုံးကျင်းသို့ ပြောင်းရွှေ့ခိုလှုံ နေကြ၏။ ဒုတိယဗုံးကျင်းတွင် ခိုအောင်းနေစဉ်တွ ဗုံးကြံခံရလေသည်။

ဤသို့အားဖြင့် အကြောက်လွန်သောကြောင့် ဘေးဒုက္ခနှင့် ရင်ဆိုင်ရပေသည်။ ထို့ကြောင့် ကြောက်မှု၏ ဆုတ်နစ်သော ဒေါသသည် အကျိုးမရှိပေ။

ကြောက်လျှင် အရှုံးထွက်၏။ အကြောက်ပြေစေရန်၊ သို့တည်းမဟုတ် ကြောက်စိတ်မရှိစေရန်၊ ပညတ်ကို ဖျောက်ပြီး၊ ပရမတ်ကို ပေါ်ထင်အောင် ကြံစည်စဉ်းစားရမည်။

သေနတ်ကို ရုပ်ကလာပ်မှုန့်များသာ စုပေါင်းနေသောအရာဖြစ်ကြောင်း ပရမတ်ကို ထင်ရှားစွာသိပါက၊ သေနတ်ကို မကြောက်တော့ပေ။

ကျင့်သုံးခြင်း။ ။ လောဘ၊ ဒေါသများပြေပျောက်သွားစေရန် သည်းကောင်း၊ ကြောက်စိတ်မရှိစေရန်လည်းကောင်း၊ ထင်ရှားရှိသော ပရမတ်ကို သိမြင်၍၊ ထင်ရှားမရှိသော ပညတ်ကိုဖယ်ရှားပစ်ရမည်။ ပညတ်နှင့် ပရမတ်ကို သိသာထင်ရှား ကွဲပြားစေရန် ခွဲခြားသိမြင်နိုင်ရပေမည်။

ပရမတ်

| စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|
| အာရုံကိုသိရုံမျှ သိခြင်း | စိတ်နှင့်ယှဉ်တွဲ၍ ဖြစ်ခြင်း၊ အာရုံကို အထူးသိခြင်း | ဖောက်ပြန် ရှေ့နောက်မတူ အောင် ခြင်း | အေးငြိမ်းခြင်း |

ပရမတ်။ ။ ပရမတ်ဟူသည်တိကျထင်ရှားရှိခြင်း၊ မဖောက်ပြန်ခြင်း၊ မှန်ကန်ခြင်းပင်ဖြစ်ပါသည်။ ပရမတ်တွင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ လေးမျိုးပါဝင်ပါသည်။ ပရမတ်တရားသည် တိကျမှန်ကန်ခြင်း သဘောရှိသည်ဖြစ်ရာ ပရမတ်တရားလေးပါးဖြစ်သောစိတ်, စေတသိက်၊ ရုပ်, နိဗ္ဗာန်တို့သည်လည်း မိမိတို့၏ အလုပ်တာဝန် အသီးသီးကို ကျေပွန်စွာ ဆောင်ရွက်နေသောကြောင့် ပရမတ်ထဲတွင် ပါဝင်၏။

စိတ်။ ။ စိတ်သည်အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါးကို သိရုံမျှ သိပေသည်။ နှစ်သက်ခြင်း၊ မုန်းတီးခြင်းမရှိပေ။ စိတ်ဟူသည် သက်ရှိသတ္တဝါတို့တွင် ထင်ရှားရှိသည့် ပရမတ်ပင်ဖြစ်ပါသည်။

**စေတသိက်။** ။ စေတသိက်သည် စိတ်နှင့် အမြဲယှဉ်တွဲ၍ဖြစ်ပေါ်နေပါသည်။ အာရုံငါးပါးကိုအထူးသိသည်။ ကောင်းသည် ဆိုးသည်ကို ဝေဖန်ပေးနိုင်သည်။

**ရုပ်။** ။ ရုပ်သည်ရှေ့နောက်မတူအောင် ဖေါက်ပြန်ပြောင်းလဲသော အလုပ်ကို တိကျမှန်ကန်စွာ ဆောင်ရွက်နေသောကြောင့် ပရမတ်ထဲတွင် ပါဝင်ပါသည်။

**ဥပမာ။** ။ ဖယောင်းတိုင်တတိုင်ကို ဆင်းရဲသားလက်ထဲတွင်လည်းကောင်း၊ သေဌေးလက်ထဲတွင်လည်းကောင်း တလှည့်စီထား၍ အပူပေးပါက အတူတကွ ရုပ်ပြောင်းသွားပါသည်။ ဖယောင်းတိုင်သည် ၄င်း၏ ရုပ်ပြောင်းရမည့်တာဝန် ကို ကျေပွန်စွာ ထမ်းဆောင်၏။ ထို့ကြောင့် ရုပ်သည် ပရမတ်ထဲတွင်ပါဝင် နိုင်ပါသည်။

**နိဗ္ဗာန်။** ။နိဗ္ဗာန်သည် အကယ်စင်စစ် အေးငြိမ်းချမ်းသာခြင်းအတိ ထင်ရှားဖြစ်သောကြောင့် ပရမတ်ထဲတွင်ပါဝင်၏။ နိဗ္ဗာန်သည် ထင်ရှားရှိ၍ ဖေါက်ပြန်ခြင်း မရှိပေ။

# စိတ်ပိုင်း

စိတ်၏သဘော။ ။ (၁) ဝေးသော အရပ်သို့သွားနိုင်ခြင်း၊
(၂) အကောင်အထည် မရှိခြင်း၊
(၃) ကိုယ်ထဲမှာ ရှိခြင်း၊
(၄) လောကကို ဆွဲဆောင်နိုင်သော အားရှိခြင်း၊

(၁)ဝေးသောအရပ်သို့ သွားနိုင်ခြင်း။ ။ ရန်ကုန်တွင်ရှိသော သူတစ်ယောက်သည်စိတ်ဖြင့် မန္တလေးသို့သွားနိုင်၏။ စိတ်ဖြင့် သွားရာတွင် တခဏခြင်း သွားနိုင်၊ ပြန်နိုင်၏။ ထို့ကြောင့် စိတ်သည် မိမိသွားလိုရာ ဝေးသော အရပ်သို့ဖြစ်စေ၊ နီးသော အရပ်သို့ဖြစ်စေ၊ ချက်ခြင်း သွားနိုင်ပါသည်။

(၂) အကောင်အထည် မရှိခြင်း။ ။ စိတ်ကိုမမြင်နိုင်ပေ။ တွေ့ထိကိုင်တွယ်၍လည်း မရပေ။ သို့ရာတွင် လူစသော သက်ရှိသတ္တဝါတို့၌ စိတ်ရှိကြောင်းမှာ ထင်ရှားသည်။ စိတ်ကြောင့်ပင် ပြုမူပြောဆိုကြံစည်နေကြသည်။ သို့သော် စိတ်သည် အကောင်အထည်အားဖြင့်ကား မရှိပေ။

(၃) ကိုယ်ထဲမှာ ရှိခြင်း။ ။ အကောင်အထည်မရှိသော စိတ်သည် သက်ရှိသတ္တဝါတို့၏ ပြင်ပဘက်၌ ရှိသည်မဟုတ်ပေ၊ သတ္တဝါတို့၏ ကိုယ်ထဲတွင်ပင် ရှိသည်။ သစ်စေးသည် သစ်သီးထဲတွင် ရှိသကဲ့သို့ဖြစ်သည်။ ကိုယ်ခန္ဓာထဲတွင်ရှိသော စိတ်က ဆွဲဆောင်လျှင် ကိုယ်ခန္ဓာကြီးသည် စိတ်၏ ပြုမူစေခိုင်းချက်ကို လိုက်နာရသည်။ ထို့ကြောင့် စိတ်သည် ကိုယ်ထဲတွင် ရှိသည်။

(၄) လောကကိုဆွဲဆောင်နိုင်သော အားရှိခြင်း။ ။ စိတ်သည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟူသော လောကသုံးပါးစလုံးကို ဆွဲဆောင်နိုင်၏။ သက်ရှိသတ္တဝါတို့ ပါဝင်သော သတ္တလောက၊ သက်မဲ့အရာများ ပါဝင်သော ကမ္ဘာလောကကြီးဖြစ်သည့် ဩကာသလောက၊ ရုပ်ဓာတ် နာမ်

ဓာတ်တို့သာဖြစ်သော သင်္ခါရ လောကတို့ကို ဆွဲဆောင်နိုင်သော အားရှိ၏။ လောကသုံးပါးထက် စိတ်သည် အားကောင်း၏၊ ပြင်းထန်၏၊ စွမ်းရည်ထက်မြက်သည်။

ဥပမာ။ ။ သတ္တဝါတဦး၏စိတ်သည် လျှပ်စစ်ဓာတ်အားနှင့်တူသည်။ လျှပ်စစ်အားသည် ဓာတ်ကြိုးထဲတွင်ရှိ၍အားရှိပြီး အမျိုးမျိုးအသုံးချနိုင်သည်။ ထိုကဲ့သို့ပင် ကိုယ်ထဲတွင်ရှိသော စိတ်ဓာတ်သည်လည်း လောကကြီးကို ဆွဲဆောင်နိုင်ရန် အားရှိ၏။ စိတ်အားကို အမျိုးမျိုး အသုံးချနိုင်သည်။

**စိတ် အသုံးဝင်ပုံ။** ။ စိတ်သည်သတ္တဝါတို့အား အမျိုးမျိုး ဖန်တီးပေးနိုင်သည်။ ပညာတတ်တယောက်ဖြစ်လာသည်မှာ စိတ်ဓာတ်၏ အင်အားကြောင့်ဖြစ်သည်။ ထို့အတူ လူယုတ်မာတယောက် ဖြစ်လာခြင်းသည်လည်း စိတ်၏အင်အားကြောင့် ဖြစ်သည်။ စိတ်ဓာတ်အားကြောင့် ကောင်းမှုကိုလည်း ဖြစ်စေ၍ မကောင်းမှုကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် စိတ်သည် အကောင်းအဆိုး နှစ်မျိုးစလုံးကိုပင် ဖြစ်စေနိုင်သည်။

ဥပမာ။ ။ စာပွဲတလုံးကိုလူနှစ်ယောက်၊ သုံးယောက် မနိုင်၏။ အလွန်ကြီးသော ဆင်တကောင်ကို လူသုံးဆယ်၊ လေးဆယ် မရ၏။ ဆင်ကိုယ်ကို လူသုံးဆယ်၊ လေးဆယ် မမဘဲ၊ ဆင်၏စိတ်ဓာတ်တခုတည်းဖြင့်သာ မ, သွားနိုင်၏။ လူသုံးဆယ်၊ လေးဆယ်၏အင်အားထက် စိတ်ဓာတ်တခုတည်းက အားကောင်း၏၊ ပြင်းထန်၏။ ထို့ကြောင့် စိတ်ဓာတ်သည် ဆွဲဆောင်သည့် နေရာတွင် အလွန်အားရှိ၏။

စိတ်သည် ထက်မြက်အားကောင်းလွန်းသောကြောင့် စိတ်ကို ပစ်ထား၍မရပေ။ စိတ်ကို ဂရုတစိုက် ထိန်းသိမ်းရမည်။

**စိတ်၏ဓလေ့။** ။(၁) စိတ်သည် ကာမဂုဏ်နှင့် ပျော်တတ်၏။
(၂) အကြောင်းမဲ့သက်သက် အလကားနေလို၏။
(၃) ကြိုက်သလိုမနေရပါက စိတ်ဆိုးနေ၏၊ ဖေါက်ပြန်နေ၏။

စိတ်ကို ငှင်း၏သဘောအလျောက် နေချင်သော ဌာနများတွင် လွှတ်ထားပါက အကျိုးမဲ့ဖြစ်ရပေမည်။ ထို့ကြောင့် စိတ်ကို ထိန်းသိမ်းရာတွင်

ကောင်းသော စကားကိုပြောဆိုခြင်း၊ စာပေလေ့လာသင်ကြားခြင်း၊ ဘာသာတရား ဆွေးနွေးခြင်းစသော ကောင်းမွန်သည့် ဌာနတို့တွင်သာ ထိန်းချုပ်ထားသင့်ပေသည်။ သို့မှသာ စိတ်၏ကောင်းမွန်သော အကျိုးကျေးဇူးကို ခံစားရပေမည်။

**စိတ်ကသတ္တလောကကို ဆွဲဆောင်ပုံ။** ။ လူတိရစ္ဆာန်စသည့် သက်ရှိသတ္တဝါ များကို သတ္တလောကဟုခေါ်သည်။ စိတ်သည်မိမိကိုယ်ကို ဆွဲဆောင်နိုင်၏။

ဥပမာ။ ။ တနေရာရာသို့သွားချင်ပါက ကိုယ်ခန္ဓာက ထ၍ သွားရ၏။ အမျိုးမျိုးသော သတ္တဝါတို့သည် စိတ်လုပ်ချင်ရာကို လုပ်ဆောင်နေရ၏။

ဥပမာ သူငယ်ချင်းနှစ်ယောက်။ ။ သူငယ်ချင်းနှစ်ယောက်သည် အမျိုးမျိုးသော အခြေအနေချင်းတူညီသည့် မိဘများက တချိန်တည်းမှာပင် ဖွားမြင်၏။ အရွယ်ရောက်လာသော် တယောက်သောသူငယ်မှာကား ပညာသင်ချင်၏။ တယောက်သောသူငယ်မှာ လည်ပတ်ကစားခြင်းဖြင့် အချိန်ဖြုန်းချင်၏။ ပညာသင်ချင်သောသူသည် ပညာသင်လိုသောစိတ်က ဆွဲဆောင်သဖြင့် ပညာကို အပတ်တကုတ် ကြိုးစားသင်ကြား၏။ သို့ရာတွင် ပညာမသင်လိုဘဲ လည်ပတ်လိုသူသည်ကား၊ လည်ပတ်လိုစိတ်က လွှမ်းမိုးဆွဲဆောင်သဖြင့်၊ လည်ပတ်နေ၏။ ဤသို့အားဖြင့် စိတ်သည် သတ္တလောကကြီးကို ဆွဲဆောင်နေပေသည်။

ကြီးပြင်းလာသောအခါ ပညာသင်ခဲ့သူသည် ပညာတတ်တယောက်ဖြစ်နေပေသည်။ တရွယ်တည်းဖြစ်သော ပညာမသင်ဘဲလည်ပတ် နေသူသည်ကား ပညာမဲ့၍ အဘက်ဘက်မှ ချို့တဲ့လာ၏။ ကျန်းမာရေးလည်းချို့ယွင်းလာပေမည်။ ပညာဖြင့် အသက်မွေး၍ ကောင်းမွန်စွာ နေထိုင်နိုင်သော ပညာတတ်ပုဂ္ဂိုလ်သည် ကျန်းမာရေးလည်း ကောင်းသဖြင့် အသက်ရှည်နိုင်၏။ လည်ပတ်သူသည် ကျန်းမာရေး ချို့ယွင်းသဖြင့်၊ အသက်မရှည်နိုင်ပေ။ ပညာတတ်လူတော် လူကောင်းတယောက်မှာ ချမ်းသာစွာ အသက်ရှည်နေပြီးမှ သေရမည်။ စိတ်လေလွင့်သည့် သူကား ဆင်းရဲ၍ အသက်တိုစွာနေပြီး သေရပေမည်။

အသက်ရှည်ပြီးချမ်းသာစွာသေသူသည် ကောင်းရာသို့ ရောက်ပေမည်။ ဆင်းရဲပြီး အသက်တိုစွာနေကာ သေရသောသူသည်ကား မကောင်းသော

ဘဝသို့ ရောက်ပေမည်။ ထိုသူပြောဆို၊ ကြံစည်၊ ပြုမူသောကိစ္စတို့သည် မကောင်းသောပြုမူ၊ ပြောဆိုကြံစည်ချက်များသာ ဖြစ်သောကြောင့် တမလွန်တွင် မကောင်းသော ဘဝသို့ရောက်ရပေမည်။

ထို့ကြောင့် ဤကဲသို့ဘဝတူစွာ၊ အခြေအနေချင်းတူစွာဖြစ်ခဲ့သော သူငယ်ချင်းနှစ်ယောက်ကို ဘဝခြားနားစွာ ဖြစ်စေခဲ့ခြင်းသည် စိတ်ကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် စိတ်သည် သတ္တလောကကြီးကို ဆွဲဆောင်ကြောင်း ထင်ရှားလှသည်။

**နောင်ဘဝရှိကြောင်း၊ လူဝင်စား။** ။ နောင်ဘဝသည်လည်းကောင်း၊ ပြီးခဲ့သောအတိတ်ဘဝသည် လည်းကောင်း တည်ရှိပါသည်။ ဥပမာအားဖြင့် ကြားသိရသော လူဝင်စားများကို ထောက်ထား၍ သိရှိနိုင်ပါသည်။ လူဝင်စားများသည် ဖြစ်ပြီးသော မိမိဘဝကို ပြန်လှန် ပြောဆိုနိုင်ခြင်း၊ မိမိ၏ ပစ္စည်းဥစ္စာဟောင်းများကို ညွှန်ပြနိုင်ခြင်းများ ပြုလုပ်နိုင်ပေသည်။ ၎င်းတို့ပြောဆိုသော အကြောင်းအရာများသည် မှန်ကန်သည်လည်း ရှိသောကြောင့် ပြီးခဲ့သောဘဝ၊ နောင်ဘဝသည် တည်ရှိကြောင်း ယူဆနိုင်ပါသည်။

**သရက်ပင်များ။** ။ လွန်ခဲ့သော နှစ်ပေါင်းတထောင်က သရက်ပင်သည် ယခုမရှိပေ၊ သို့ရာတွင် ယခုအခါ၌ သရက်ပင်များရှိ၏။ ယခုရှိသော သရက်ပင်များသည် နောင်နှစ်ပေါင်း(၂၀၀) လောက်တွင် မရှိတော့ပေ။ သရက်ပင်၏ မျိုးစေ့က အဆက်ဆက် ပေါက်ပွားခြင်းသာ ဖြစ်ပါသည်။ ထိုကဲသို့ပင် သက်ရှိသတ္တဝါများသည်လည်း နှစ်ပေါင်းများစွာကပင် ရှိခဲ့ပါ၏။ သက်ရှိတို့၏ မျိုးစေ့ဖြစ်သော စိတ်ဓာတ်မှ ဆက်စပ်၍ သတ္တဝါများ အဆက်ဆက် ဖြစ်နေပါသည်။ သတ္တဝါတို့သည် ယခင်အခါကလည်းကောင်း၊ နောင်အခါတွင် လည်းကောင်း ရှိခဲ့ကြပါသည်၊ ရှိကြပေမည်။ ထို့ကြောင့် အတိတ်ဘဝ၊ နောင်အနာဂတ်ဘဝသည် တည်ရှိပါသည်။

**ဆား။** ။ လက်ဝါးထဲတွင် ဆားကိုပုံ၍ စားကြည့်ပါက ငန်ပေမည်။ လက်ဝါးထဲမှ ဆားသည် ငန်ကြောင်းသိလျှင် အခြားသော အိုးထဲမှ ဆားများ၊ အခြားနိုင်ငံမှ ဆားများလည်း ငန်မည်ဖြစ်ကြောင်း တွေးဆနိုင်ပါသည်။ ထိုကဲသို့ပင် ယခုဘဝသည် တည်ရှိသကဲ့သို့ အတိတ်ဘဝ၊ နောင်ဘဝသည်လည်း တည်ရှိမည်ဖြစ်ကြောင်း မှန်းဆနိုင်သည်။

စိတ်ဓာတ်သည် အရေးကြီးသည်။ စိတ်ဓါတ်က အမြင့်သို့ဆွဲလျှင် အမြင့်သို့ရောက်၍ အနိမ့်သို့ဆွဲလျှင် အနိမ့်သို့ရောက်ပါသည်။

ဘုရားပွင့်စဉ် ယောသက သူဌေးဖြစ်သော မောင်ကောက်ရသည် နိမ့်ကျသော စိတ်ဓါတ်ရှိခဲ့သဖြင့် ခွေးဘဝသို့လည်းရောက်ခဲ့ရဖူး၏။ မြင့်သော ကောင်းသော စိတ်ဓါတ်ရှိခဲ့သောကြောင့် တာဝတိံသာ နတ်သားဘဝသို့ လည်းရောက်ခဲ့ရ၍ ဘုရားပွင့်စဉ်တွင် ယောသကသူဌေးဟူ၍ ထင်ပေါ် ကျော်ကြားခဲ့ရပါသည်။

လူတော်လူကောင်းဖြစ်ရန် ကောင်းသောစိတ်ကို မွေးရမည်။ ကောင်းသောစိတ်ကို မွေးတတ်ပါက မိမိအတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်သည်။ သက်ရှိသတ္တဝါတို့၏ လောကကြီးထဲတွင် သတ္တဝါအချင်းချင်း နိုင်လိုမင်းထက် မပြုလုပ်သင့်ပေ။ လွန်ခဲ့သော ဘဝက ဆွေမျိုးသားချင်း ဖြစ်ခဲ့နိုင်သည်။ ဥပမာ– တိရစ္ဆာန်ငယ် တကောင်ကောင်ကို ရိုက်ပုတ်ညှဉ်းဆဲ လိုသော်လည်း ထိုတိရစ္ဆာန်သည် ဘဝဟောင်းများက မိမိနှင့် ဆွေမျိုးတော်စပ်သူ ဖြစ်နိုင်လေသည်။

လောဘ၊ ဒေါသ၏အပြစ်။ ။ ယင်ကောင်တကောင်သည် လောဘတပ်သောကြောင့် အစားအစာတခုတွင် အဆက်မပြတ်နားနေ၏။ လူက ရိုက်ပုတ်လိုက်သော် လောဘတပ်မက်သော ယင်ကောင်သည် သေရပေမည်။ လောဘကြောင့် လောဘလမ်းဆုံးဖြစ်သော သေခြင်းသို့ရောက်ရ၏။ ယင်ကောင်သေရခြင်းသည် ယင်ကောင်၏ လောဘစိတ်နှင့် လူ၏ဒေါသစိတ်တို့ပေါင်းဆုံမိ၍ဖြစ်သည်။

ဒေါသစိတ်သည် အချွန်နှစ်ဘက်ရှိ၏။ တဘက်က ယင်ကောင်ကို ထိုး၍ ယင်ကောင်သေ၏။ ကျန်သော အချွန်တဘက်သည် မိမိအား ပြန်လှန်၍ ထိုးပေဦးမည်။ သူတပါးကို သတ်မိလောက်အောင် ပြင်းထန်သော ဒေါသသည် မိမိအား ဘဝ တဘဝတွင် သေခြင်းသို့ပို့ပေဦးမည်။ ဤဘဝတွင်ပင် မိမိသည် အပြစ်ခံရ၏။

ဥပမာ။ ။ လူတဦးတယောက်အား ဒေါသအလျောက် ထိခိုက်နစ်နာစေပါက၊ မိမိသည်လည်း ထောင်ကျခံရမည်။ သို့မဟုတ် ငွေဒဏ်၊ ကြိမ်ဒဏ် စသည်တို့ကိုခံရမည်။ ဒေါသ၏ အချွန်တဘက်သည် အခြားသို့ သွားပါက ကျန်တဘက်

သည် မိမိဘက်သို့ပြန်လာ၏။ ဒေါသ၏အကျိုးဆက်သည် အနေးနှင့်အမြန် ပြန်လာ၏။ ထို့ကြောင့် လောဘဒေါသ မောဟတို့၏ အပြစ်သည် အခြားဘက်နှင့် မိမိဘက် နှစ်ဘက်စလုံးသို့လာသည်။

## စိတ်

စေတသိက်ကြောင့် စိတ် အားရှိသည်

လောက ဖြစ်ပျက်

သင်္ခါရ = ဖြစ်ပေါ်၍နှုးညံ့သောဓာတ်

သတ္တ — သက်ရှိသတ္တဝါ

ဩကာသ — နေရာ၊ သက်မဲ့အရာဝတ္ထု

**စိတ်နှင့်စေတသိက်။** ။ စိတ်နှင့်စေတသိက်သည် ခွဲခြား၍မရပေ။ စိတ်သည် စေတသိက်ပေါ်တွင် မှီခိုနေသကဲ့သို့ စေတသိက်သည်လည်း စိတ် အပေါ်တွင် မှီခိုနေ၏။

စေတသိက်ဟူသည်မှာ စိတ်ထဲတွင်ရောပါနေသော ဓာတ်များပင် ဖြစ်သည်။ စေတသိက်ကြောင့် စိတ်သည် အားရှိသည်။ ဥပမာ– တိုင်းပြည် ခေါင်းဆောင်များသည် ပြည်သူလူထုပေါ်တွင် မှီခိုနေသည်။ ပြည်သူလူထု သည်လည်း တိုင်းပြည် ခေါင်းဆောင်များပေါ်တွင် မှီခိုနေသည်။ တိုင်းပြည် ခေါင်းဆောင်များ အင်အား ရှိခြင်းသည် ပြည်သူလူထုကြောင့် ဖြစ်ပါသည်။ ထို့အတူ စိတ်သည်လည်း တခုတည်း အားမရှိနိုင်၊ စေတသိက်များကြောင့် အားရှိပါသည်။

**လောက။** ။ စိတ်သည် စေတသိက်ကြောင့် အားရှိသဖြင့် လောကကြီး ကို ဆွဲဆောင်နိုင်ပါ၏။ လောကဟူသည် ဖြစ်ပျက်ခြင်းပင် ဖြစ်သည်။ ကိုယ်ခန္ဓာထဲတွင် အသွေးအသား၊ အစာသစ်၊ အစာဟောင်း စသည်ဖြင့် မျိုးစုံ ရှိ၏။ အားလုံးကိုဉာဏ်ဖြင့် ရှုကြည့်ပါက လိုလား တပ်မက်စရာဟူ၍ မရှိ၊ ခြောက်ကပ်ကပ် ဖြစ်လာ၏။ ထိုကဲ့သို့ပင် လောကကို သေချာစွာဆင်ခြင် စဉ်းစားကြည့်ပါက ခြောက်ကပ်ကပ်ဖြစ်လာ၏။

သင်္ခါရလောက။ ။ သင်္ခါရလောက၊ ဩကာသလောက၊ သတ္တလောက တွင် သင်္ခါရလောကသည် အရင်းခံ၊ အမာခံဖြစ်သည်။ သင်္ခါရဟူသည် ဖြစ်ပေါ်၍ နှုးညံ့သော ဓါတ်ဖြစ်၏။ သင်္ခါရလောကကို အရင်းခံပြီး အသေး စိတ်ဖြစ်ပေါ်၍ နူးညံ့သောဓါတ်များ ပေါင်းစုခြင်းဖြင့် တဘက်တွင် သတ္တ လောက ဖြစ်ပေါ်ပြီး အခြားတဘက်တွင် ဩကာသလောက ဖြစ်လာသည်။ သက်ရှိသတ္တဝါများ ပေါင်းစုသော် သတ္တလောကဖြစ်၍၊ သက်မဲ့ အရာဝတ္ထု များ ပေါင်းစုသော် ဩကာသလောက ဖြစ်သည်။

သတ္တလောက။ ။ သတ္တလောကတွင် နှစ်မျိုးပါဝင်၏။ တမျိုးမှာအနုစိတ်၊ အရင်းခံဖြစ်သော သင်္ခါရလောကနှင့် ပေါင်းစုထားသော သတ္တလောက ဖြစ်၏။

ဩကာသလောက။ ။ ဩကာသလောကတွင်လည်း လောကနှစ်မျိုး ပါဝင်သည်။ တမျိုးမှာ အနုစိတ်ဖြစ်သော သင်္ခါရလောကဖြစ်၍ အခြားတမျိုး မှာ သက်မဲ့များ စုပေါင်းထားသော ဩကာသလောက ဖြစ်သည်။ လောက နှစ်ပါးစလုံးတွင် သင်္ခါရလောကသည်သာလျှင် အနုစိတ်အရင်းခံ၊ အမာခံ ဖြစ်သည်။

# ဩကာသလောကကို စိတ်က ဆွဲဆောင်ပုံ

စိတ်သည် ဩကာသလောကကြီးအား ဆွဲဆောင်နိုင်သည်။ ဆွဲဆောင်နိုင်သော အင်အားနှင့်လည်း ပြည့်စုံသည်။

"အမှားကြာ အမှန်ထင်" ဟူသော စကားအတိုင်း သာမန်အားဖြင့် ရုပ်သည်သာလျှင်၊ သို့တည်းမဟုတ် ဩကာသလောကသည်သာလျှင် စိတ်ကို ဆွဲဆောင်နိုင်သည်ဟု မှတ်ထင်ကြသည်။ သစ်ပင်ရှုခင်းတို့နှင့် လူပုဂ္ဂိုလ်တို့ ဆက်သွယ်ပုံကို ဥပမာထား၍ ရုပ်ကသာ ဆွဲဆောင်နိုင်သည်ဟု ပြောပေမည်။ သစ်ပင်များ၊ ရှုခင်းများ စိမ်းလန်းစိုပြေ နေပါက စိတ်သည်လည်း ရွှင်လန်းစိုပြေနိုင်သည်။ သစ်ပင်များ ခြောက်သွေ့နေပါက၊ စိတ်ညှိုးနွမ်းပေမည်။ ထို့ကြောင့်သာလျှင် ရုပ်ခေါင်းဆောင်၍ နာမ်သည် နောက်လိုက် ဖြစ်သည်။ ရုပ်ကသာလျှင် စိတ်ကို ဆွဲဆောင်သည်ဟု ပြောပေမည်။ အမှန်စင်စစ်ကား ထိုသို့မဟုတ်ပါ၊ နဂိုမူလက ဝမ်းသာသော၊ ကြည်နူးနေသော စိတ်ရှိသည့်လူ အဖို့ သစ်ပင်များ စိမ်းလန်းစိုပြေခြင်း၊ ခြောက်သွေ့ခြင်းသည် အရင်းခံမဟုတ်ပေ။ အလွန်အမင်း ဝမ်းသာနေသောသူသည် သစ်ပင် ခြောက်သွေ့ခြင်းကို ဂရုစိုက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ရုပ်သည် စိတ်ကို ဆွဲဆောင်နိုင်သည်ဟုပေါင်းစု၍ မပြောနိုင်ပေ။

ဥပမာ။ ။ လူတယောက်သည် ဘီလူးခေါင်း ဆောင်းထားသော် ဘီလူးခေါင်းကို ကလေး သူငယ် များသာလျှင် ကြောက်ရွံ့ကြပေမည်။ အသိဉာဏ်ရှိသော လူကြီးများအဖို့ကား ကြောက်ရွံ့မည် မဟုတ်ပေ။ ထို့ကြောင့် ရုပ်သည် စိတ်ကို ဆွဲဆောင်သည် ဟူသည်မှာ ကလေးသဖွယ် မသိနားမလည်သော သာမန် လူတို့ အတွက်သာလျှင် မှန်ကန်နိုင်သည်။ သို့ရာတွင် လူကြီးသဖွယ် ဖြစ်သော ရဟန်း၊ စာတတ် ပညာရှိ ပုဂ္ဂိုလ်တို့အတွက်ကား မမှန်နိုင်ပေ။

ကြိုက်နှစ်သက်ဖွယ်ရာ ကောင်းသည်၊ ကြည့်ရှု၍ကောင်းသည်ဟု လူပြောများသော ကချေသည်များ၊ ရုပ်ရှင်ပညာသည်များသည် လူတိုင်း၏ စိတ်ကို မဆွဲဆောင်နိုင်ပါ။ တစ်ဦးတစ်ယောက် ကြိုက်နှစ်သက်သော ရုပ်ရှင်ကားကို အခြားသူတစ်ယောက်က ကြိုက်နှစ်သက်ချင်မှ နှစ်သက်မည်။

ထို့ကြောင့် ရုပ်သ ဉ် စိတ်ကို ဆွဲဆောင်နိုင်သည်ဟူသည်မှာ အတိအကျ မမှန်ကန်နိုင်ပေ။

စိတ်ကသာလျှင် ရုပ်ကို ဆွဲဆောင်နိုင်ကြောင်းကို မြတ်စွာဘုရား အလောင်းတော် မွေးဖွားစဉ်က အဖြစ်အပျက်များနှင့် ညှိနှိုင်းသက်သေပြနိုင်သည်။ လုမ္ဗိနီ အင်ကြင်းဥယျာဉ်ထဲ၌ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် မွေးဖွားစဉ်က ကမ္ဘာပေါ်ရှိ သစ်ပင်ကြီးငယ်အားလုံး တပြိုင်နက် ပွင့်ခြင်း၊ စီးဆင်းနေသော ရေများ တပြိုင်နက်ရပ်ခြင်း၊ ကမ္ဘာမြေကြီး တုန်လှုပ်ခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သည်။

စိတ်သည် သင်္ခါရလောကကို ဆွဲဆောင်သည်နှင့် သတ္တလောကနှင့် ဩကာသလောကကို ဆွဲဆောင်ပြီးသားဖြစ်သည်။ အလောင်းတော် မွေးဖွားစဉ်၊ သစ်ပင်ကြီးငယ်အားလုံး ပွင့်ကြသည် ဆိုသည်မှာ စိတ်ကရုပ်အား ဆွဲဆောင် သောကြောင့်သာ ဖြစ်ပေသည်။ စိတ်ဖြစ်ပေါ်လျှင် သင်္ခါရလောကတွင်ပါဝင်သော နူးညံ့သည့် ရုပ်ဓာတ်ကလေးများကို ပေါက်ဖွား၍ ပေးခဲ့၏။ ၎င်းရုပ်ဓာတ် ကလေးများ အဆင့်ဆင့် ပေါက်ဖွား၍ စကြာဝဠာ တခုလုံးကို ခဏခြင်းဖြင့် ပြန့်အောင် ဖြန့်လိုက်၏။

သစ်ပင်တွင် နဂိုရှိရင်းစွဲ ဓာတ်များသည် အားပျော့၏။ ဘုရားလောင်းစိတ်ထဲမှ ဖြာထွက်လာသော ဓာတ်အားတို့သည်ကား အားကြီး၏။ အားကောင်း၏။ လူသာမာန်တို့နှင့် မတူသော၊ အနှစ်နှစ် အလလ ဘဝပေါင်းများစွာ ပါရမီ ဆည်းပူးလာသော ဘုရားလောင်း၏ စိတ်ဓာတ်အားသည် သစ်ပင်ဓါတ်အားထက် အဆပေါင်း မရေတွက်နိုင်အောင်ပင် ကြီးမားပါပေ၏။ ထို့ကြောင့် ဓါတ်အားကြီးသော စိတ်အားထံသို့၊ အားပျော့သော သစ်ပင်ဓါတ်တို့သည် ရောက်လာရကုန်၏။ ထို့ကြောင့် သစ်ပင်များ ပွင့်ကြရ၏။ ဘုရားအလောင်းတော် ပါရမီရှင်၏ အလွန်ပွင့်လင်းသည့်စိတ်မှ အဆင့်ဆင့် ဖြစ်ပေါ်လာသော ဓာတ်နှင့် ပေါင်းဆုံမိသော သစ်ပင်ဓာတ်တို့သည် မိမိတို့ရာသီကို ကျော်လွန်ကာ အားလုံးပင် တပြိုင်နက် ပွင့်ကြရ၏။

သဘာဝအားဖြင့် ကြက်ကောင်မှ ကြက်ဥကလေးသည် ကြက်မကြီး ဝပ်ပြီး သုံးပတ်သာသာကြာမှ ပေါက်ဖွားလာနိုင်၏။ သို့ရာတွင် လုံလောက်

သုတေသနစာကြည့်တိုက်
ဩကာသလောကကို [illegible] ကားပြန့်ပွားရေးဦးစီးဌာန
စာ[illegible]အေး၊ ရန်ကုန်။

သော ဓာတ်အားများပေး၍ မွေးမြူပါက ကြက်ဥကလေးသည် တပတ်၊ သို့မဟုတ် သုံးရက်နှင့်ပင် ပေါက်ဖွားလာနိုင်သည်။ ထိုကဲ့သို့ပင် သစ်ပင်တို့သည်လည်း လုံလောက်သော ဓါတ်အားနှင့် တွေ့ထိရသောကြောင့် အားလုံးပင် တပြိုင်နက် ပွင့်ကြရပေသည်။

စိတ်

| | |
|---|---|
| ကောက်သောစိတ် | ဖြောင့်သောစိတ် |
| (စေတသိက်ကြောင့်) | (စေတသိက်ကြောင့်) |
| အကျိုးကောက် | အကျိုးဖြောင့် |
| (တောင့်တချက်နှင့်မကိုက်ညီ) | (တောင့်တချက်နှင့်ကိုက်ညီ) |
| မခိုင်သောအကျိုး | ခိုင်သောအကျိုး |
| မကြာခင်လာ၊ | ကြာမှ လာ၊ |

ကောက်သောစိတ်နှင့်၊ ဖြောင့်သောစိတ်။ ။ စေတသိက်ကြောင့် စိတ်သည်အားရှိသည်။ စိတ်အားရှိသဖြင့် ကိစ္စကြီးငယ်တို့ကို ဆောင်ရွက်ရာတွင် ကောက်သောစိတ်ဖြင့် ဆောင်ရွက်သည်လည်းရှိ ၍၊ ဖြောင့်သောစိတ်ဖြင့် ဆောင်ရွက်သည်လည်း ရှိပါသည်။ ကောက်သောစိတ်၊ ဖြောင့်သောစိတ်တို့သည်လည်း စေတသိက်ကြောင့်ပင် ဖြစ်သည်။

ဥပမာ။ ။ ရေစီးကြောင်း တခုတွင် ရေသည် တန်းတန်းမတ်မတ် စီးဆင်းသည်လည်းရှိ၏။ အချို့သော ရေစီးကြောင်းသည် ကောက်ကွေ့လျက် စီးဆင်း၏။ အမှန်စင်စစ် ရေသည် ကောက်နိုင်၊ ဖြောင့်နိုင်စွာ စီးဆင်းနိုင်သော စွမ်းရည် မရှိပေ။ ရေအောက်တွင်ရှိသော မြေကြောင့်ဖြစ်၏။ မြေကောက်လျှင် ရေကောက်၍၊ မြေဖြောင့်လျှင် ရေလည်း ဖြောင့်တန်းစွာ စီးဆင်းပေသည်။ မြေကြီးကြောင့် ရေသည် ကောက်စွာ၊ ဖြောင့်စွာစီးဆင်းရသည်။ ထိုကဲ့သို့ပင် စိတ်သည်လည်း စေတသိက်ကြောင့် ကောက်ရ ဖြောင့်ရသည်။

3 A ၂၃၆၇၄

အကျိုးကောက်နှင့် အကျိုးဖြောင့်။ ။ ကောက်သောစိတ်ကြောင့် ရရှိသော အကျိုးသည်လည်း ကောက်ပေမည်။ ဖြောင့်သော စိတ်ကြောင့် ဖြောင့်သော အကျိုးကို ရပေမည်။ ကောက်သောစိတ်သည် အကျိုးကောက်ကို ဖြစ်စေ၍၊ ဖြောင့်သောစိတ်သည် အကျိုးဖြောင့်ကို ဖြစ်စေသည်။ အကျိုးကောက်ဟူသည်မှာ တောင့်တချက်၊ လိုလားချက်နှင့် မကိုက်ညီသော၊ ဆန့်ကျင်သော အကျိုးဖြစ်သည်။ အကျိုးဖြောင့်ဟူသည်မှာ တောင့်တချက်နှင့် ကိုက်ညီသော၊ လိုလားချက်နှင့် ပြည့်စုံသော အကျိုးဖြစ်သည်။

ဥပမာ။ ။ မြားပစ်ရာတွင် မြားတံသည် ဖြောင့်ပါက ထိုမြားတံသည် မိမိပစ်လို၊ ရောက်လိုသော နေရာသို့တည့်မတ် ဖြောင့်တန်းစွာ သွားပေမည်။ မြားတံ ကောက်လျှင် မိမိရောက်လို ပစ်လိုသော နေရာသို့ ရောက်ချင်မှ ရောက်ပေမည်။ ထိုကဲ့သို့ပင် စိတ်ကောက်လျှင် အကျိုးကောက် ဖြစ်ပေါ်၍၊ စိတ်ဖြောင့်လျှင် အကျိုးဖြောင့် ဖြစ်စေနိုင်ပါသည်။

လူတစ်ဦးတစ်ယောက်သည် ဘဝပေါင်းများစွာ ကျော်လွန် လာရသောကြောင့် ဖြောင့်သောစိတ်၊ ကောက်သောစိတ် များစွာ ရှိခဲ့ဖူးပါသည်။ ထို့အပြင် တဘဝတည်း၌ပင် ကောက်သောစိတ်၊ ဖြောင့်သောစိတ်များစွာရှိခဲ့သည်။

ဖြောင့်သောအကျိုးနှင့် ကောက်သောအကျိုးသက်ရောက်ပုံ။ ။ အခြားသူတစ်ဦးတစ်ယောက်ပေါ်တွင် ကောက်သော စိတ်ထားပါက၊ ထိုစိတ်ကောက်၏ အကျိုးဖြစ်သော အကျိုးကောက်သည် သူတပါးအပေါ်သို့ နည်းနည်းသာ ရောက်ပြီး၊ မိမိဘက်သို့သာ အကျိုးကောက် များများလာပေမည်။

ဥပမာ။ ။ သူတပါးအား မဟုတ်မမှန် ကုန်းတိုက် ပြောဆိုခြင်းကြောင့် အခြားသူ တယောက်သည် အရှက်တကွဲ ဖြစ်ရသော်လည်း၊ နောင်အခါအလိမ် ပေါ်ရာတွင် မိမိသာလျှင် အကျိုးယုတ် နစ်မွန်းရပေမည်။ မျက်မြင် ကိုယ်တွေ့အားဖြင့် သူတပါးအား မည်သည့်ကဲ့သို့သော မကောင်းမှုကို လုပ်သည်ဖြစ်စေ၊ ထိုမကောင်းမှု၏ အကျိုးကောက်သည် မိမိဘက်သို့များများ ရောက်ပေမည်။ မျက်ကွယ်ရာ ဖြစ်သော နောက်ဘဝများ၌လည်း ထိုနည်းအတိုင်းပင် ဖြစ်ပါ၏။ ဥပမာ– လေယာဉ်ပျံ တစ်စင်းသည် ကောင်းကင်၌ ပျံသနးရာတွင် မျက်မြင်ဒိဋ္ဌ မြင်တွေ့ရသည့်အတိုင်း မျက်ကွယ်ရာတွင်လည်း ရှိပေမည်။

ထိုကဲ့သို့ပင် မျက်မြင်ကိုယ်တွေ့အားဖြင့် ကောက်သော စိတ်နှင့် မ ကောင်းမှုကို ဆောင်ရွက်ပါက၊ အကျိုးကောက်ကို ရနိုင်သည့်နည်းတူ၊ မျက်ကွယ်ရာတွင်လည်း အကျိုးကောက်ကိုသာ ရနိုင်ပါသည်။

ဖြောင့်သော စိတ်ရှိသူသည် ဖြောင့်သော အကျိုးကိုသာ ရပေမည်။ ဖြောင့်သော စိတ်ဖြင့် တပါးသူကို ကူညီပါက၊ ကူညီခံရသူက ပြန်၍ ကူညီပေမည်။ ပြန်၍ မကူညီသော်လည်း အခြားဘေးမှသူက ကူညီပေမည်။ A, B, C, D လူလေးယောက်တွင် A က D ကိုကူညီမှုပေး၏။ သို့ရာတွင် D က A ကိုတတ်နိုင်သည့် နေရာမှ ပြန်၍အကူအညီမပေးချေ။ ထိုသို့ D က အကူအညီ မပေးသော်လည်း B နှင့် C က နေမည်မဟုတ်ပေ၊ A ကို ကူညီကြပေမည်သာဖြစ်၏။

ရှေးအခါက စောင်းဆရာကြီး တစ်ယောက်သည် စောင်းအတတ်တွင် တဘက်ကမ်းခတ်၊ ပြိုင်သူကင်းစွာ တတ်မြောက်၏။ မိမိထံတွင် စောင်းအတတ် လာရောက်သင်ကြားသူတို့အား စောင်းပညာ အားလုံး မသင်ပေးပေ၊ ထိုက်သင့်သလောက်သာ သင်ကြားပေး၏။ သို့ရာတွင် လုလင်တစ်ယောက်အား အလုံးစုံ သင်ကြားပေး၏။ ထိုတပည့်သည် ပညာအားလုံး ရသဖြင့် မာနထောင်လာပြီး ဆရာနှင့် ပြိုင်လိုသဖြင့် ဘုရင်အား လျှောက်ကြား၏။ ဘုရင်ကလည်း ဆရာနှင့် တပည့် ပြိုင်ရန် အခွင့်ပေးလိုက်၏။ တပည့်သည် တက်လူ၊ ဆရာသည်ကား အိုမင်းသော အရွယ်တွင် ကျလူဖြစ်သဖြင့် သူသာလျှင် ရှုံးမည်ဟုသိပြီး ဆရာကြီးသည် မှိုင်တွေ၍နေ၏။ ထိုအခါ သိကြားမင်းလာ၍ ဆရာကြီးအား "တကြိမ်လျှင် ကြိုးတချောင်းစီဖြတ်၍ တီးတမ်း ပြိုင်ပါ၊ ကျွန်ုပ် သင့်အား ကူညီပါမည်" ဟုပြော၏။ ယှဉ်ပြိုင်သော နေ့တွင် ဆရာကြီးက တစ်ကြိမ်တီးပြီးတိုင်း စောင်းကြိုးတစ်ချောင်းစီ ဖြတ်၍ ထပ်တီး၏။ အသံစုံသာ ထွက် သည်၊ နောက်ဆုံး ကြိုးများ အားလုံးဖြတ်၍တီးသော်လည်း အငုတ်များမှ အသံစုံ မြည်လေသည်။ တပည့်၏စောင်းသည်ကား ကြိုးများအားလုံးဖြတ်ပြီးသော် အသံမမြည်တော့ပေ။ ထို့ကြောင့် ဆရာကြီးသည် ပြည်ကျော်စောင်းဆရာကြီး အဖြစ်မှ ကမ္ဘာကျော် စောင်းဆရာကြီး အဖြစ်သို့ ရောက်လေသည်။

( ဇာတ်အဋ္ဌကထာ(၂) ၂၂၇-လာ ဂုတ္တိလစောင်းသမား)

ဤပုံသက်သေကို ကြည့်ရာတွင် ဆရာကြီးသည် တပည့်အား ဖြောင့်သောစိတ်၊ ကောင်းသော စိတ်ဖြင့် တတ်စေလိုသဖြင့် ပညာအားလုံးပင် သင်ပေးလိုက်၏။ ထိုကောင်းသော၊ ဖြောင့်သောစိတ်၏ ဖြောင့်သောအကျိုးသည် ဆရာကြီးထံသို့ လာပေတော့မည်။ သို့ရာတွင် ထိုဖြောင့်သောအကျိုးသည် တပည့်ထံမှ ပြန်မလာပေ။ တဘက်သော သိကြားမင်းထံမှ လာ၏။ ထို့ကြောင့် အကျိုးဖြောင့်သည် တဦးဦးထံမှ ပြန်လာမည်မှာ သေချာ၏။ ဖြောင့်သော စိတ်သာ အစဉ်သဖြင့် ထားရှိသင့်ပေသည်။ ထို့ကြောင့် တောင့်တချက်နှင့် ကိုက်ညီသော အကျိုးဖြောင့်ကိုရလိုလျှင် သူတပါးအား ဖြောင့်သော စိတ်ဖြင့် များစွာကူညီဆောင်ရွက် ပေးရမည်။

ခိုင်သောအကျိုးနှင့် မခိုင်သောအကျိုး။ ။ ဖြောင့်သော စိတ်ကြောင့် တောင့်တချက်နှင့် ကိုက်ညီသော ဖြောင့်သော အကျိုးကို ရနိုင်သည်။ ဖြောင့်သော အကျိုးတွင်လည်း ခိုင်သော အကျိုးနှင့် မခိုင်သော အကျိုးဟူ၍ ရှိလေသည်။ မခိုင်သော အကျိုးသည် နည်းသော အကျိုးဖြစ်၍၊ မြန်မြန်လာတတ်သည်။ ခိုင်သော အကျိုးသည်ကား များသော အကျိုးဖြစ်၍ အချိန်ကြာမြင့်သောအခါမှ လာတတ်သည်။

ဥပမာ။ ။ ကျောင်းသား တစ်ယောက်သည် ကျောင်းတက်ရင်း အလုပ်လုပ်သည် ဖြစ်အံ့၊ ကျောင်းတက်ခြင်းသည်လည်း ကောင်းမွန်၏။ အလုပ်လုပ်ခြင်းသည်လည်း ကောင်းမွန်ပေသည်။ ထို့ကြောင့် ဖြောင့်သော အကျိုးများ ရမည်မှာ သေချာ၏။

အလုပ်လုပ်ခြင်းသည် ငွေကြေးရသဖြင့် လက်ငင်းခံစားရသော အကျိုးဖြောင့် ဖြစ်၏။ သို့ရာတွင် အကျိုးနည်းနည်းသာ ရသောကြောင့် မခိုင်သော အကျိုးဖြစ်၏။ ထိုအကျိုးသည် လျင်မြန်စွာ ရတတ်ပါသည်။

ကျောင်းတက်ခြင်းသည် မိမိအတွက် ပညာရစေနိုင်ပြီး၊ နောင်အခါ ပညာတတ်လာသော် အကျိုးများစွာ ရရှိနိုင်သည်။ ထိုအကျိုးကို အနည်းဆုံး လေးငါးဆယ်နှစ် စောင့်ရပေဦးမည်။ ထိုသို့ အချိန်ကြာစွာ နေရသော်လည်း၊ ရလာသော အကျိုးမှာ များများရပေမည်။ ထိုအကျိုးသည် ခိုင်သောအကျိုး

ဖြစ်လေသည်။ ခိုင်သောအကျိုးသည် မြန်မြန်မလာဘဲ အချိန်ကြာမြင့်မှသာ လာသော်လည်း၊ လျင်မြန်စွာ ပျောက်ကွယ်သွားခြင်း မရှိဘဲ အချိန်ကြာမြင့်စွာ ရပ်တည်နေပေ၏။ မခိုင်သော အကျိုးသည် လျင်မြန်စွာ လာသည့်နည်းတူ လျင်မြန်စွာပင် ပျောက်ကွယ် တတ်သည်။

ဥပမာ။ ။ ဗူးပင်၊ သခွါးပင်များကို စိုက်ပျိုးရာတွင် သုံးလေးလဖြင့် သီးနိုင်ပွင့်နိုင်သည်။ အုန်းပင်၊ ထန်းပင်တို့ကို စိုက်ပျိုးရာတွင်ကား သီးနိုင်သည်အထိ အနည်းဆုံး ရှစ်နှစ်၊ ကိုးနှစ်ကြာသည်။ သုံးလေးလဖြင့် သီးနိုင်သော ဗူးပင်၊ သခွါးပင်များသည် အချိန်တာရှည်စွာ မခံနိုင်ပါ။ မကြာမြင့်မီပင် သေသွားနိုင်သည်။ သို့သော် သီးရန် ကိုးနှစ်မျှ ကြာသော အုန်းပင်၊ ထန်းပင်တို့သည်ကား အချိန် တခဏတွင်းဖြင့် မသေနိုင်ပေ။ ကြာရှည်စွာ တည်တံ့နိုင်သည်။ ဗူးပင်၊ သခွါးပင်၏အကျိုးသည် မြန်မြန်ခံစားရ၍ လျင်မြန်စွာပင် ပျောက်ပျက်သွားပေသည်။ မခိုင်သော အကျိုးဖြစ်သည်။ အုန်းပင်၊ ထန်းပင်တို့၏ အကျိုးကို အချိန်ကြာမြင့်မှ ခံစားရသော်လည်း တာရှည်ခံစားရသည်။ ခိုင်သော အကျိုး ဖြစ်၏။

ထို့ကြောင့် နည်းသောအကျိုး၊ မခိုင်သော အကျိုးများသည် မကြာခင် လာတတ်၍ များသောအကျိုး၊ ခိုင်သောအကျိုးသည် ကြာမှ လာတတ်သည်။

သည်းခံခြင်းကို လူတိုင်းပင် လက်တွေ့ကျင့်သုံးသင့်သည်။ သူတပါး စော်ကားသည်ကို ပြန်လှန်ပြောဆို ရိုက်ပုတ်ခြင်း မလုပ်သည်ကိုမှ သည်းခံသည်ဟု မဆိုနိုင်ပေ။ နေ့စဉ် တွေ့နေရသော ညောင်းခြင်း၊ ပျင်းခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း စသည်တို့ကိုပင် သည်းခံကာ လုပ်ကိုင်ရမည်။ သို့မှသာလျှင် မိမိ အလုပ်ကိစ္စ၌ အောင်မြင်ပေမည်။ အောင့်အည်းသည်းခံ၍ အကျိုးကို စောင့်ရမည်။ ခိုင်ခံ့သောအကျိုး၊ များပြားသော အကျိုးကို ကြာရှည်စွာ ခံစားလိုပါက မည်သည့် ကိစ္စကိုမဆို အောင့်အည်းသည်းခံ၍ လုပ်ကိုင်ရမည်။ ထို့ကြောင့်ပင်လျှင် ရှင်တော်မြတ်ဘုရားက "သည်းခံလျှင် အကျိုးရှိ၏"ဟု ဟောကြားခဲ့သည်။

**ဝေဒနာ စေတသိက်ဖြင့်စိတ်၏အမှတ်အသားကိုပြုလုပ်ခြင်း**

++ သောမနဿ ဝေဒနာ = ဝမ်းမြောက်သော ခံစားခြင်း၊
စိတ်ချမ်းသာသော ခံစားခြင်း၊

| | | | |
|---|---|---|---|
| -- | ++ | ဥပေက္ခာ ဝေဒနာ | = အလယ်အလတ် ခံစားခြင်း၊ မှန်တမ်း ခံစားခြင်း၊ |
| > | ++ | ဒေါမနဿ ဝေဒနာ | = စိတ်မချမ်းသာသော ခံစားခြင်း၊ စိတ်ဆင်းရဲသော ခံစားခြင်း၊ |
| ∨ | ++ | ဒုက္ခ ဝေဒနာ | = ကိုယ်ဆင်းရဲသော ခံစားခြင်း၊ |
| ^ | ++ | သုခ ဝေဒနာ | = ကိုယ်ချမ်းသာသော ခံစားခြင်း၊ |

ဝေဒနာ။ ။ ဝေဒနာ ဟူသည်မှာ ခံစားခြင်း ဖြစ်သည်။ အတွေ့အထိများကို ခံစား ခြင်းဖြစ်သည်။ ကောင်းသော၊ ဆိုးသော၊ အလတ်စားဖြစ်သော အရသာ များကို ခံစားခြင်းသည် ကိုယ်က၊ စိတ်က မဟုတ်ပေ၊ စိတ်နှင့် ယှဉ်တွဲပါဝင် နေသော ဝေဒနာ စေတသိက်ဓာတ်သာ ဖြစ်ပေသည်။ ကောင်းသောအဆင်း ကို မျက်စိကမြင်သော် ကောင်းသည်ဟူသော အရသာကို မျက်စိက ခံစား သည် မဟုတ်။ စိတ်ကလည်း ခံစားသည်မဟုတ်ပေ၊ ဝေဒနာ စေတသိက်က သာ ခံစားခြင်း ဖြစ်သည်။

စိတ်နှင့်စေတသိက် ဥပမာ။ ။ စိတ်က ခံစားခြင်းကို မပြုနိုင်ပေ။ စေတသိက်ကသာ ခံစားနိုင်သည်။ ဥပမာအားဖြင့် ရေသုံးမျိုးတွင် တမျိုးက မိုးရေ သက်သက်ဖြစ်၍၊ တမျိုးတွင် အဆိပ်ရည် ထည့်ထားပြီး၊ တမျိုးတွင် အဆိပ်ကို ပြေပျောက်စေနိုင်သော ဆေးရည် ထည့်ထားသည်။ မိုးရေ သက်သက်ဖြစ်သော ရေသန့်ကို သုံးစွဲပါက မည်သို့မျှ ထူးခြားမည် မဟုတ် ပေ။ သို့ရာတွင် အဆိပ်ထည့်ထား သော ရေကို သုံးစွဲမိပါက အသားအရေများ ကို စားသွားပေမည်။ အသား အရေများကို စားသွားခြင်းသည် ရေက စားသည်မဟုတ်ပေ။ အဆိပ်က စားခြင်းဖြစ်သည်။ တဖန် ဆေးရည် ထည့် ထားသော ရေကို သုံးစွဲပါက အနာရောဂါများ ပြန်လည် ပျောက်ကင်းနိုင်သည်။ ရေက ပျောက်ကင်းနိုင်သည် မဟုတ်ပေ။ ဆေးရည်ကသာ ပျောက်ကင်းနိုင် သည်။ ထို့ကြောင့် ရေက အနာကိုဖြစ်စေ၊ အနာကို ကျက်စေနိုင်သည် မဟုတ်ပါ။ အဆိပ်က အနာကိုဖြစ်စေ၊ အသားကို လောင်စေပြီး၊ ဆေးကသာ အနာကို ကျက်စေ၊ ပူလောင်ခြင်းကို အေးစေသည်။ ထိုကဲ့သို့ပင် ရေနှင့် တူသော စိတ်ကအနာဖြစ်ခြင်းနှင့် တူသော မကောင်းသည့် အရသာတို့ကို

ခံစားသည်မဟုတ်ပါ။ အနာကျက်ခြင်း နှင့်တူသော ဝမ်းမြောက်ဖွယ် အရာသာတို့ကိုလည်း ခံစားသည်မဟုတ်ပါ။ ဆေးနှင့်လည်းကောင်း၊ အဆိပ်နှင့်လည်းကောင်းတူသော စေတသိက်ကသာလျှင် ကောင်းသောအရသာ၊ မကောင်းသော အရသာတို့ကို ခံစားသည်။

ထို့ကြောင့် စင်စစ်သော်ကား ခံစားခြင်းသည် မျက်စိ ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်က မဟုတ်ပေ။ စေတသိက်က ဖြစ်သည်။ မျက်စိ ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တွင် ရှိသော ကိရိယာများက သက်ဆိုင်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဓာတ်များကို ဖမ်းယူ၏။ မနောက ထိုဓါတ်အားလုံးကို ဖမ်းယူ၏။ လူတိုင်းပင် ထိုကိရိယာ ခြောက်မျိုးဖြင့် တပ်ဆင်ထားသည်။

အသံ တစ်ခုသည် နေရာတိုင်းသို့သွား၏။ ကိုယ်ခန္ဓာကိုပင် ဝင်တိုးသွား၏။ သို့ရာတွင် ခန္ဓာကိုယ်၌ အသံကို ဖမ်းသော ကိရိယာ မရှိသောကြောင့် သာ မသိရပေ။ နားတွင် အသံဖမ်းသော ကိရိယာ ရှိသောကြောင့်ကြားရသည်။ ဥပမာအားဖြင့် အသံလွှင့် ဌာနမှ လွှင့်သော အသံများသည် လေထဲသို့ ပျံ့နှံ့သွားသည်။ နေရာမရွေး ရောက်ရှိ၏။ ဖမ်းသောကိရိယာ၊ ရေဒီယိုစသည့် အရာများ ရှိမှသာလျှင် ကြားရသကဲ့သို့ဖြစ်သည်။

ကိုယ်ခန္ဓာတွင်ကား နေရာတိုင်းတွင် အပူအအေး သိရှိရန် ကိရိယာ ရှိ၏။ ကိုယ်ခန္ဓာ၏ အတွင်းပိုင်းတွင်လည်း လေထိုးခြင်း၊ ရင်နာခြင်း၊ ရင်အောင့်ခြင်းများ ဖြစ်တတ်သောကြောင့် အပူအအေးကို သိသော ကိရိယာ ရှိကြောင်း သိရသည်။ ကိုယ်ခန္ဓာ၏ အပြင်ပိုင်းတွင်လည်း ရှိပါသည်။ သို့ရာတွင် ကိုယ်ခန္ဓာ၌ အပူအအေးကိုသိနိုင်သော ကိရိယာများမရှိသည့် နေရာများလည်း ရှိပါသည်။ ဆံပင်ဖျား၊ လက်သည်းဖျား၊ မွေးညှင်းဖျား၊ ခြေသည်းဖျား၊ ခြောက်သွေ့သော အရေပြားများ ဖြစ်သည်။

**ဝေဒနာစေတသိက်များ။** ။ဝေဒနာ စေတသိက်သည် ငါးမျိုးကွဲပြားသည်။ ထိုဝေဒနာ စေတသိက် ငါးမျိုးသည် လူတိုင်းတွင် ခံစား ဖြစ်ပေါ်နေသည်။

စိတ်ကိုအမှတ်အသားပြင့် ပေါ်ပြခြင်း၊ အကုသိုလ်စိတ်(၁၂) ပါး

| | | |
|---|---|---|
| လောဘစိတ် | = | ၈ – ပါး |
| ဒေါသစိတ် | = | ၂ – ပါး |
| မောဟစိတ် | = | ၂ – ပါး |
| ပေါင်း | = | ၁၂ –ပါး |

## လောဘစိတ်

လောဘမူလစိတ်၊ လောဘစိတ်။ ။ လောဘ ဟူသည် လိုချင်ခြင်း၊ တပ်ငြိခြင်း ဖြစ်သည်။ မူလသည် အရင်းခံဖြစ်၏။ ထို့ကြောင့် လောဘမူလစိတ်သည် လိုချင်တပ်ငြိခြင်း အရင်းခံကြောင့် ဖြစ်ပေါ်လာသော စိတ်ဖြစ်သည်။ လောဘမူလစိတ်မှ လောဘမူ စိတ်ဖြစ်၍၊ ထိုမှ လောဘစိတ်ဟူ၍ ခေါ်ဝေါ်သည်။

လောဘမူလစိတ် -----> လောဘမူစိတ် ----> လောဘစိတ်၊

## လောဘစိတ်ရှစ်ပါး

| | | | |
|---|---|---|---|
| ✗ | × | — | – |
| ✗ | × | — | – |

၁။ ✗ = (၁) သောမနဿ = ဝမ်းမြောက်ခြင်း
(၂) ဒိဋ္ဌိသမ္ပယုတ် = အမြင်မှားနှင့်ယှဉ်တွဲခြင်း
(၃) အသင်္ခါရိက = တိုက်တွန်းခြင်းမရှိ၊ ကြိုးစားမှုပါခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၂။ ✗ = (၁) သောမနဿ = ဝမ်းမြောက်ခြင်း၊
(၂) ဒိဋ္ဌိသမ္ပယုတ် = အမြင်မှားနှင့် ယှဉ်တွဲခြင်း၊
(၃) သသင်္ခါရိက = တိုက်တွန်းခြင်းရှိ၊ ကြိုးစားမှုမပါခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၃။ × = (၁) သောမနဿ = ဝမ်းမြောက်ခြင်း
(၂) ဒိဋ္ဌိဝိပ္ပယုတ် = အမြင်မှားနှင့်မယှဉ်တွဲခြင်း
(၃) အသင်္ခါရိက = တိုက်တွန်းခြင်းမရှိ၊ ကြိုးစားမှုပါခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၄။ × = (၁) သောမနဿ = ဝမ်းမြောက်ခြင်း
(၂) ဒိဋ္ဌိဝိပ္ပယုတ် = အမြင်မှားနှင့်မယှဉ်တွဲခြင်း
(၃) သသင်္ခါရိက = တိုက်တွန်းမှုရှိခြင်း၊ကြိုးစားမှုပါခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၅။ ▬ = (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊
(၂) ဒိဋ္ဌိသမ္ပယုတ် = အမြင်မှားနှင့်ယှဉ်တွဲခြင်း
(၃) အသင်္ခါရိက = တိုက်တွန်းမှုမရှိခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၆။ ▬ = (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊
(၂) ဒိဋ္ဌိသမ္ပယုတ် = အမြင်မှားနှင့်ယှဉ်တွဲခြင်း
(၃) သသင်္ခါရိက = တိုက်တွန်းမှုရှိခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၇။ − = (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊
(၂) ဒိဋ္ဌိဝိပ္ပယုတ် = အမြင်မှားနှင့်မယှဉ်တွဲခြင်း
(၃) အသင်္ခါရိက = တိုက်တွန်းမှုမရှိခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်

၈။ − = (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊
(၂) ဒိဋ္ဌိဝိပ္ပယုတ် = အမြင်မှားနှင့်မယှဉ်တွဲခြင်း
(၃) သသင်္ခါရိက = တိုက်တွန်းမှုရှိခြင်း၊
(၄) လောဘစိတ် = လိုချင်သော စိတ်၊

ဥပမာ

၁။ ✖ = ရာတန် အတုကို အစစ်ထင်၍ လိုချင်စိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာစွာ ပြေးကောက်ခြင်း၊

ဝမ်းမြောက် ဝမ်းသာစွာ = သောမနဿ
ရာတန်အတုကိုအစစ်ထင်ခြင်းသည်အမြင်မှားဖြစ်၏= ဒိဋ္ဌိသမ္ပယုတ်
ပြေးကောက်ခြင်း(တိုက်တွန်းမှုမရှိ) = အသင်္ခါရိက
လိုချင်စိတ် = လောဘစိတ်။

၃။ × . . ရာတန် အစစ်ကို အစစ်ထင်၍ လိုချင်စိတ်ဖြင့် ဝမ်းမြောက်ပြေးကောက်ခြင်း။

ရာတန် အစစ်ကို အစစ်ထင်ခြင်း၊ (အမြင်မှားနှင့်မယှဉ်တွဲ)= ဒိဋ္ဌိဝိပ္ပယုတ်။

၅။ – . . ကျပ်တန် အတုကို အ–ႈဘင်၍ လိုချင်စိတ်ဖြင့် ဝမ်းမသာဘဲ အလိုလိုကောက်ခြင်း။

ဝမ်းမသာဘဲ အလိုလိုကောက်ခြင်း = ဥပေက္ခာ။
= အသင်္ခါရိက။
ကျပ်တန်အစစ်ကိုအစစ်ထင်ခြင်း = ဒိဋ္ဌိဝိပ္ပယုတ်

လူနှစ်ယောက် လမ်းလျှောက် လာရာတွင် တစ်စုံတခုကို တစ်ယောက်က မြင်တွေ့ပြီး တယောက်သောသူအား အကောက်ခိုင်း၏။ ထိုသို့ အကောက်ခိုင်းသဖြင့် တိုက်တွန်းမှုပါသောကြောင့် သသင်္ခါရိကဖြစ်၏။ အောက်တန်းမှ လောဘစိတ်များ (၂-၄-၆-၈) ဖြစ်၏။

လောဘမူစိတ် ၈-ပါးတွင် လောဘစိတ်သည် အရင်းခံဖြစ်သည်။

## ဒေါသစိတ်

ဒေါသမူလစိတ်၊ ။ ဒေါသ ဟူသည်မှာ ကြမ်းတမ်းခြင်း ဖြစ်၍ ဒေါသမူလစိတ်ဟူသည်မှာ ကြမ်းတမ်းခြင်း၊ အရင်းခံကြောင့်ဖြစ်ပေါ်လာသော စိတ်ဖြစ်သည်။ ဒေါသမူလစိတ်ကို ဒေါသစိတ်ဟုလည်း ခေါ်နိုင်သည်။

ဒေါသမူလစိတ်------> ဒေါသမူစိတ်------> ဒေါသစိတ်

## ဒေါသစိတ်နှစ်ပါး

(၁)> ..

(၁) ဒေါမနဿ = စိတ် မချမ်းသာခြင်း၊
စိတ် ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်း။
(၂) ပဋိဃသမ္ပယုတ်= ကြမ်းတမ်းခြင်းနှင့်
ယှဉ်တွဲခြင်း၊

(၃) အသခ်ါရိက= တိုက်တွန်းခြင်းမရှိ၊
(၄) ဒေါသစိတ်

(၂)>

(၁) ဒေါမနဿ= စိတ်မချမ်းသာခြင်း၊
(၂) ပဋိဃသမ္ပယုတ်= ကြမ်းတမ်းခြင်းနှင့် ယှဉ်တွဲခြင်း၊
(၃) သသခ်ါရိက= တိုက်တွန်းခြင်းရှိ၏။
(၄) ဒေါသစိတ်

စိတ်ဆင်းရဲလာလျှင် မည်သည့်နည်းနှင့်မျှ စိတ်နှ၍ လာနိုင်တော့မည် မဟုတ်ပေ၊ ကြမ်းတမ်းသော စိတ်နှင့် အမြဲယှဉ်တွဲမည်ဖြစ်သောကြောင့် ပဋိဃသမ္ပယုတ်ဖြစ်၏။ ဒေါသဖြစ်လာလျှင် ကြမ်းတမ်းသောစိတ်နှင့် မယှဉ်တွဲသော စိတ်ဟူ၍ရှိမည် မဟုတ်ပေ။

**စိတ်ဆင်းရဲခြင်းနှစ်မျိုး။** ။ စိတ်ဆင်းရဲလာလျှင် မူအားဖြင့် နှစ်မျိုးရှိ၏၊ ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်း၊ စိတ်ဆိုး၍ စိတ်ဆင်းရဲခြင်း ဖြစ်သည်။ စိတ်ဆိုး၍ စိတ်ဆင်းရဲခြင်းသည် တက်ကြွသော ဆင်းရဲခြင်းဖြစ်၍ ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်းသည် ဆုတ်နစ်သော စိတ်ဆင်းရဲခြင်း ဖြစ်သည်။

**တက်ကြွသောစိတ်ဆင်းရဲခြင်း။** ။ တက်ကြွသော စိတ်ဆင်းရဲမှုပင် ပဋိဃသမ္ပယုတ်ဟု ခေါ်သည့် ကြမ်းတမ်းသော စိတ်ပါ၏။

ဥပမာ- ရွဲကုန်သည် ဝတ္ထုတွင် ဒေဝဒတ်အလောင်း ရွဲကုန်သည် မိုက်သည် ဘုရားလောင်းဖြစ်သော ရွဲကုန်သည်ထံမှ ရွှေခွက်ကို မရလိုက်သောကြောင့် ဒေါသအမျက်ထွက်ကာ နှလုံးကွဲ၍ သေရလေသည်။ ကြမ်းတမ်းသော စိတ်ပါသောကြောင့် သေရလေသည်။

**ဆုတ်နစ်သောစိတ်ဆင်းရဲခြင်း။** ။ ဝမ်းနည်း၍ တွေးတောရင်းရင်ကွဲနာကျသေခြင်း၊ နှလုံးကွဲ၍ သေခြင်းသည် ဆုတ်နစ်သော ဒေါသဖြစ်၏၊ ဆုတ်နစ်သော ဒေါသထဲတွင် ပဋိဃသမ္ပယုတ်ဟုခေါ်သော ကြမ်းတမ်းသော စိတ်ပါသောကြောင့် သေရခြင်းဖြစ်၏။

ဥပမာ- ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏မိဖုရားဖြစ်သော စူဠသုဘဒ္ဒါသည် ဆင်မိဖုရားဘဝက ရန်ငြိုးကြောင့် လူမင်းမိဖုရားဘဝတွင် ဆဒ္ဒန်ဆင်စွယ်ကို

သောနဿဂ္ဂိရှိမှုဆိုးအား ဖြတ်ခိုင်းပြီး၊ ထိုဆင်စွယ်ကို ရင်ဝယ်ပိုက်ကာ ဘဝဟောင်းက ချစ်ခဲ့ကြသော အဖြစ်သနစ်များကို တစိမ့်စိမ့်တွေးတော ရင်ဝယ်မောပြီး နှလုံးကွဲ၍ သေရလေတော့သည်။ ထိုဝမ်းနည်းသော၊ ဆုတ်နစ်သည့် ဒေါသထဲတွင်လည်း ကြမ်းတမ်းသော စိတ်ပါလေသည်။

အသင်္ခါရိကဒေါသစိတ်။ ။ သူတပါးက မတိုက်တွန်းဘဲ မိမိအလိုလိုပင် တတ်ကြွသော ဒေါသ၊ ဆုတ်နစ်သော ဒေါသဖြစ်ရ၏၊ မိမိ အလိုအလျောက်ပင် ဖြစ်ပြီးသော ကိစ္စတို့ကို ပြန်၍ စဉ်းစားပြီး ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်းသည်၊ အသင်္ခါရိကဒေါသစိတ်ဖြစ်သည်။

သသင်္ခါရိကဒေါသစိတ်။ ။ သူတပါးက လာ၍ ကုန်းတိုက်ခြင်းကြောင့် ဖြစ်လာသော ဒေါသသည် သသင်္ခါရိကဒေါသစိတ် ဖြစ်၏။ မိမိကိုယ်တိုင်ကြိုးစား၍ ဒေါသဖြစ်ခြင်းများလည်း ရှိသည်။ ဥပမာ– ကလေးများ ခြေဆောင့်၍ငိုခြင်း၊ တခါတရံ စိတ်ပြင်းသော သူများသည် တိုင်နှင့်ခေါင်းနှင့် ဆောင့်ခြင်း တိုက်ခြင်း၊ ဓါးနှင့် မိမိကိုယ်ကို ပြန်၍ထိုးခြင်းများသည် သသင်္ခါရိက ဒေါသစိတ်ကြောင့် ဖြစ်သည်။

## မောဟစိတ်

မောဟမူလစိတ်၊ မောဟစိတ်။ ။ မောဟဟူသည်မှာ– တွေဝေခြင်း၊ ဖုံးလွှမ်းခြင်းဖြစ်၍၊ မူလဟူသည်မှာ အရင်းခံဖြစ်၏။ ထို့ကြောင့် မောဟမူလစိတ်သည် တွေဝေခြင်း၊ ဖုံးလွှမ်းခြင်း အရင်းခံနှင့် ဖြစ်ပေါ်လာသော စိတ်ဖြစ်သည်။ မောဟမူလစိတ်ကို မောဟစိတ်ဟုလည်း ခေါ်သည်။

မောဟမူလစိတ်----> မောဟမူစိတ်----> မောဟစိတ်

မောဟစိတ်သည် လောဘစိတ်၊ ဒေါသစိတ်ထဲတွင် အမြဲပါဝင်နေသည်။ လောဘစိတ် ဖြစ်နေစဉ် မောဟစိတ် ပါဝင်နေ၍၊ ဒေါသစိတ်ဖြစ်နေစဉ်တွင်လည်း မောဟစိတ်ပါဝင်နေသည်။

## မောဟစိတ်နှစ်ပါး

(၁)– (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊

(၂) ဝိစိကိစ္ဆာသမ္ပယုတ်= ယုံမှားခြင်းနှင့်ယှဉ်သော

= မဆုံးဖြတ်နိုင်သော၊ သို့လော
= သို့လောဖြစ်သော စိတ်၊
(၃) မောဟစိတ် = တွေဝေဖုံးလွှမ်းခြင်း စိတ်၊

(၂)- (၁) ဥပေက္ခာ = အလယ်အလတ်ခံစားခြင်း၊
(၂) ဥဒ္ဓစ္စသမ္ပယုတ် = ပြန့်လွင့်ခြင်းနှင့်ယှဉ်သော၊
(၃) မောဟစိတ် = တွေဝေဖုံးလွှမ်းခြင်းစိတ်၊

## အကုသိုလ်စိတ်

**အကုသိုလ်စိတ်။** ။ အကုသိုလ်ဟူသည်မှာ အပြစ်ရှိ၍၊ မကောင်းကျိုးကို ဖြစ်စေခြင်းကိုခေါ်သည်။ အကုသိုလ်စိတ် (၁၂) ပါးရှိသည်။ အကုသိုလ် စိတ်အားလုံးပင် မကောင်းကျိုးကိုဖြစ်စေသည်။ အပြစ်ဖြစ်သည်။ အကုသိုလ် စိတ်(၁၂)ပါးတွင်တပါးပါးသည် ကိုယ်ထဲတွင်ရှိပါက အပြစ်ရှိနိုင်သည်။ မကောင်းကျိုးကို ရရှိနိုင်သည်။

## အကုသိုလ်စိတ် (၁၂)ပါး။

× × -- -- > - -
× × -- -- >

အကုသိုလ်စိတ် (၁၂)ပါးတွင်လောဘစိတ်သည်ရှစ်ပါး၊ ဒေါသစိတ် သည် နှစ်ပါး၊ မောဟစိတ်သည် နှစ်ပါး ပါဝင်သည်။ ထိုအကုသိုလ် စိတ်များ သည် ဟဒယ နှလုံးထဲမှပေါ်သည်။

**လောဘစိတ်အပြစ်ရှိပုံ။** ။ လောဘစိတ်ကြောင့် ခိုးယူတိုက်ခိုက်သော သူခိုးတစ်ယောက်သည် သူ၏ခိုးမှု ပြစ်ဒဏ်ကြောင့် ရာဇဝတ်ဝတ်မှုဖြစ်၍၊ ထောင်ကျခြင်း ဘေးကို ရင်ဆိုင်ရမည်။ လောဘစိတ်ကြောင့်လည်း သေသည် အထိအပြစ်ဖြစ်နိုင်ပါသည်။ ရှေးအခါက သမင်တစ်ကောင်သည် လောဘစိတ် ပြင်းထန်သဖြင့် အစားအစာဖြင့် လမ်းသဖွယ်ပြုလုပ်ထားသော ကြော့ကွင်း တွင် မိ၍အသက် သေရဖူးလေသည်။

**ဒေါသစိတ်အပြစ်ရှိပုံ။** ။ လူနှစ်ယောက် ရန်ဖြစ်ကြရာတွင် တစ်ယောက်နှင့် တစ်ယောက် ထိုးခုတ်ပါက ထိုသူတို့သည် မိမိတို့၏ဒေါသအပြစ် အလျောက်

ရာဇဝတ်မှုများနှင့် ရင်ဆိုင်ရ၍ ထောင်ကန္တာရသို့ရောက်ရပေမည်။ ဒေါသစိတ်ကြောင့် သေသည်အထိ အပြစ်ရှိနိုင်သည်။ ဂဠုန်ဦးစောသည် ဒေါသစိတ်ပြင်းထန်သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့အား သတ်ဖြတ်ခဲ့၏။ ထိုသူ၏ဒေါသစိတ် အပြစ်ဒဏ်ကြောင့် ဂဠုန်ဦးစောသည်လည်း တဖန် သေရပြန်သည်။

**မောဟစိတ်အပြစ်ရှိပုံ ဥပမာ။** ။ မောဟစိတ်ဟုခေါ်သော တွေဝေထိုင်းမှိုင်း ဖုံးလွှမ်းနေခြင်းအားဖြင့်လည်း အပြစ်ရှိနိုင်သည်။ ကျောင်းသားပါစ်ယောက်သည် စာသင်ရမည်ဖြစ်သော်လည်း စာမသင်ဘဲ ထိုင်ကာမှိုင်နေ၏။ ထိုကျောင်းသားသည် ရှေးဦးစွာ စာမတတ်စေသော အပြစ်ရရှိ၏၊ စာမတတ်သဖြင့် နောင်အခါတွင် မိမိဝမ်းစာရေးအတွက် ခက်ခဲမည့် အပြစ်ရရှိသည်။ ထို့ကြောင့်လောဘ၊ ဒေါသစိတ်များဖြင့်ခိုးယူ ကိုက်ခိုက်ပေဦးမည်၊ ထိုစိတ်များကြောင့် မကောင်းမှု အပြစ်ဒဏ်ကို ခံရပေမည်။ ထို့ကြောင့် မောဟစိတ်သည်လည်း အပြစ်ရှိသည်။ အလုပ်သမားတစ်ယောက်သည် အလုပ်မလုပ်ဘဲ ထိုင်မှိုင်နေသဖြင့် အပြစ်ဖြစ်၏။ စိတ်ကပြန့်လွင့်နေခြင်း၊ ယုံမှားတွေးတောခြင်းဖြစ်နေ၏။ ထိုမောဟစိတ်ကြောင့် အလုပ်မပြီးသော အပြစ်ရှိ၏။ ထိုမှတဖန် အလုပ်မပြီးသဖြင့်၊ တာဝန် မကျေပွန်သောကြောင့်၊ အလုပ်ပြုတ်နိုင်၏။ မောဟစိတ်ကို လက်ခံကတည်းက၊ သူတပါးအပြစ် တင်စရာ၊ ကဲ့ရဲ့စရာ အပြစ်ဖြစ်သည်။ မိမိအကျိုးစီးပွားကို ပျက်ပြားစေနိုင်သော အပြစ်ရှိသည်။

## အဟိတ်စိတ်(၁၈)ပါး

**အကုသလဝိပါက်။** ။ အကုသလဟူသည်မှာ အပြစ်ရှိ၍၊ မကောင်းကျိုးကို ဖြစ်စေခြင်းကို ခေါ်သည်။ ဝိပါက်ဟူသည်မှာ ပါဠိစကား ဝိပါကမှ လာ၍ရင့်ကျက်ခြင်း၊ အရင့်ပိုင်း၊ အကျိုးပိုင်းဖြစ်သည်။ ထို့ကြောင့်အကုသလဝိပါက်စိတ်ဟူသည်မှာ အကုသိုလ်စိတ်ကြောင့်ပေါ်ထွက် လာသော အကုသိုလ်အကျိုးစိတ်ဖြစ်သည်။

## အကုသလဝိပါက်စိတ်(၇)ပါး

၁ ၂ ၃ ၄ ၅ ၆ ၇

(၁) -- = အကုသလ ဝိပါက် စက္ခုဝိညာဉ်စိတ်၊
(၂) -- = အကုသလဝိပါက် သောတဝိညာဉ်စိတ်၊
(၃) -- = အကုသလ ဝိပါက် ဃာနဝိညာဉ်စိတ်၊
(၄) -- = အကုသလဝိပါက် ဇိဝှါဝိညာဉ်စိတ်၊
(၅) V = အကုသလ ဝိပါက် ဒုက္ခကာယဝိညာဉ်စိတ်၊
(၆) -- = အကုသလဝိပါက် ဥပေက္ခာသမ္ပဋိစ္ဆန်းစိတ်၊
(၇) -- = အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊

စက္ခုဝိညာဉ်စိတ်သည်မျက်စိ ထဲကပေါ်၍ အဆင်းကိုသိသည်။ သောတဝိညာဉ် စိတ်သည်နားထဲမှပေါ်၍ အသံကိုသိသည်။ ဃာနဝိညာဉ်စိတ်သည် နှာခေါင်းမှပေါ်၍အနံ့ကိုသိသည်။ ဇိဝှါဝိညာဉ်စိတ်သည်လျှာမှပေါ်၍ အရသာကို သိသည်။ ကာယဝိညာဉ်စိတ်သည် ကိုယ်ခန္ဓာမှပေါ်၍ အတွေ့အထိကို သိသည်။ သမ္ပဋိစ္ဆန်းစိတ်သည် နှလုံးထဲက ပေါ်၍အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အားလုံးကို လက်ခံသည်။ သန္တီရဏစိတ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအားလုံးကို ကောင်း၊ မကောင်း စုံစမ်း စစ်ဆေးပါသည်။

ဥပမာ။ ဆဲသံတစ်ခုကိုကြားခြင်းသည် အကုသလဝိပါက် သောတဝိညာဉ်စိတ်ဖြစ်၍ ကြားခြင်းကို လက်ခံခြင်းသည် သမ္ပဋိစ္ဆန်းစိတ်၏ အလုပ်ဖြစ်သည်။ ဆဲသံ ကောင်းသည်၊ မကောင်းသည်၊ အဓိပ္ပါယ် မည်ကဲ့သို့ရှိသည်၊ မည်မျှ ကြမ်းတမ်းသည်တို့ကို သေချာစွာ စုံစမ်း စစ်ဆေးသော စိတ်သည်ကား သန္တီရဏစိတ် ဖြစ်သည်။

နားသည် အသံတခုကို ကြားပြီးနောက်၊ ချက်ချင်းပျောက်သွား၏၊ နားတွင်အသံကို ကြားနိုင်သောကိရိယာရှိ၏။ ထိုပျောက်သွားသော အသံကို သမ္ပဋိစ္ဆန်းစိတ်က အသံဟုလက်ခံထားလိုက်၏။ သန္တီရဏစိတ်က စုံစမ်း စစ်ဆေးသော အလုပ်ကိုလုပ်သည်။

**အကုသိုလ်စိတ်နှင့်အကုသလဝိပါက်စိတ်။** ။ စက္ခုဝိညာဉ်စိတ်၊ သောတဝိညာဉ်စိတ်စသည့် ဝိညာဉ်စိတ်တို့သည်၊ စက္ခု၊ သောတဟု ခေါ်သော

မျက်စိထဲတွင်လည်းကောင်း၊ နားထဲတွင်လည်းကောင်း၊ အရာဝတ္ထုတစ်ခုခု ထဲတွင်လည်းကောင်း သိုလှောင်ထားသည်မဟုတ်ပေ။ အဆင်းနှင့် မျက်စိ သည်လည်းကောင်း၊ အသံနှင့်နားသည်လည်းကောင်း၊ သက်ဆိုင်ရာတခုနှင့် တခု တွေ့ထိမှ မြင်ရကြားရမည်။



အကုသိုလ်စိတ်နှင့် အကုသလဝိပါက်စိတ်သည် ဆက်သွယ်လျက် ရှိပါသည်။ အကုသိုလ်စိတ်(၁၂)ပါးကြောင့် အကုသလဝိပါက်စိတ် (၇) ပါး ကိုရရှိပါသည်။ အပြစ်ရှိ၍ မကောင်းကျိုးကိုဖြစ်စေသော အကုသိုလ်အလုပ်ကို လုပ်ကိုင်ပါက၊ အကုသလဝိပါက်ဟုခေါ်သော အပြစ်ရှိ၍ မကောင်းကျိုးကိုပင် ရရှိနိုင်သည်။

ဥပမာ။ ။ လူတယောက်သည် လောဘစိတ်ကြောင့် အိမ်တစ်အိမ်တွင် ခိုးယူပြီး၊ အိမ်ရှင်သိသွားသော်၊ ဒေါသစိတ်ဖြင့် ထိုအိမ်ရှင်ကို ရိုက်ပုတ် ခုတ်သတ်ပါက၊ ထိုသူသည် ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံရမည်။ လောဘစိတ် ဒေါသစိတ်၏အကျိုးဖြစ်သော မကောင်းသောအဆင်း၊ မကောင်းသောအသံ၊ မကောင်းသောအနံ့၊ မကောင်းသောအရသာ၊ အတွေ့အသိတို့ကို ရရှိခံစား ပေတော့မည်။ မကောင်းမှုကြောင့် မကောင်းအကျိုးသည်လည်း ရောက်လာ ပေမည်။

အကုသလဝိပါက်စိတ် (၇)ပါးသည် အစဉ်သဖြင့် အဆိုးနှင့်သာရင် ဆိုင်ရမည်။ အမြင်ဆိုး၊ အကြားဆိုး၊ အနံ့ဆိုး၊ အရသာဆိုး၊ အတွေ့ အထိဆိုး တို့ကိုသာ တွေ့ရရင်ဆိုင်ရမည်။ အကုသိုလ်စိတ်(၁၂)ပါး ကြောင့် ဖြစ်သည်။

## အဟိတ်ကုသလဝိပါက်စိတ်

ကုသလဟူသည်မှာ အပြစ်ကင်း၍ ကောင်းကျိုးကိုဖြစ်စေခြင်းကို ဆိုလိုသည်။ ဝိပါက်ဆိုသည်မှာအကျိုးဖြစ်သည်။ ထို့ကြောင့် အဟိတ်ကုသလ

ဝိပါက် စိတ်ဟူသည်မှာ ကုသိုလ်ကြောင့်ပေါ်ထွက်လာသော အကျိုး စိတ်ပင် ဖြစ်သည်။

## အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

– – – – ∧ – × –

(၁) – = ကုသလဝိပါက်စက္ခုဝိညာဉ်စိတ်၊
(၂) – = ကုသလဝိပါက် သောတဝိညာဉ်စိတ်၊
(၃) – = ကုသလဝိပါကဃာနဝိညာဉ်စိတ်၊
(၄) – = ကုသလဝိပါက် ဇိဝှါဝိညာဉ်စိတ်၊
(၅) ∧ = ကုသလဝိပါက် ကာယဝိညာဉ်စိတ်၊
(၆) – = ကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ်၊
(၇) × = ကုသလဝိပါက် သောမနဿသန္တီရဏစိတ်၊
(၈) – = ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊

## ဝိပါက်စိတ်များ

### ဝိပါက– ဝိပါက်

ဝိပါက=ဟူသည် အရင့်၊ ရင်ကျက်ခြင်းဖြစ်သည်။ အပင်တစ်ပင်၏ တိုးတက်လာသောအပိုင်းတို့တွင် နောက်ဆုံးတိုးတက်သောအပိုင်းသည် အရင့်ပိုင်း ဖြစ်သည်။ သစ်ပင်တစ်ပင်သည် တစထက်တစ တဖြည်းဖြည်းကြီးပွား တိုးတက်လာသည်။ နောက်ဆုံးအသီးသီးသည် ထို့ကြောင့် နောက်ဆုံး အရင့်ပိုင်းသည်အသီးဖြစ်သည်။ ထိုအတူပင် ဝိပါက်ဟူသည်လည်း နောက်ဆုံးအရင့်ပိုင်း အသီးပိုင်းဖြစ်သည်။

## ကုသလဝိပါက်စိတ်နှင့် အကုသလဝိပါက်စိတ်များ

အမြစ်၊ အပင်၊ အရွက်၊ အပွင့်၊ အသီးတို့သည်သစ်ပင်တစ်ပင်၏ အစိတ်ပိုင်းငါးခုဖြစ်သည်။ ဒူးရင်းအမျိုးအစားဖြစ်ပါက အမြစ်သည်လည်း ဒူးရင်းမျိုးဖြစ်၍ အပင်၊ အရွက်၊ အပွင့်၊ အသီးတို့သည်လည်း ဒူးရင်း အမျိုးအစားပင် ဖြစ်သည်။ အမြစ်သည် ဒူးရင်းမျိုးဖြစ်၍ အသီးသည် ပိန္နဲမျိုး မဖြစ်ပါ။ ထို့ကဲ့သို့ပင် ကောင်းမှုဟူသော အမြစ်ဖြင့် အရင်းခံပါက ကုသိုလ်အကျိုး

ဟူသော ဝိပါက်အသီးကို ရပေမည်။ မကောင်းမှု အကုသိုလ် ဟူသော အမြစ်ဖြင့် အရင်းခံပါက အကုသိုလ် အကျိုးကိုသာ ရပေသည်။

ဒူးရင်ပင်စစိုက်သည်မှ အသီးသီးလာသည့်တိုင်အောင် တစတစ ကြီးပွားလာစေရန် စိုက်ပျိုးပြုစုရသည်မှာ ပင်ပန်း၏။ ဒူးရင်သီး၏ ကောင်းသော အရသာကို မခံစားရပေ။ သို့ရာတွင် ဒူးရင်းသီးကျမှ ကောင်း၏၊ အရသာကို ခံစားရ၏။ ထိုကဲ့သို့ပင် ကုသိုလ်လုပ်ငန်းကို ဆောင်ရွက်စဉ် အရသာမပေါ်ပေ၊ ကြီးစားပမ်းစား ပြုပြင်ရပေမည်။ ထိုကဲ့သို့ပင် မကောင်းသော အကုသိုလ်လုပ်ငန်းကို ဆောင်ရွက်စဉ် မည်ကဲ့သို့မျှ အပြစ်ခံစားခြင်းမပြုရပေ။ အကုသလဝိပါက်တွင်ကား မကောင်းမှုဒဏ်ကိုခံစားရပေမည်။ ကောင်းသော လုပ်ငန်းများလုပ်စဉ် အရသာမပေါ်ပေ။ အကျိုးကျမှဖြစ်ပေါ်၏။လောကထဲ တွင် ကောင်းစွာခံစားလိုသောသူသည် ကုသိုလ်စိုက်ပျိုးမှုကို ဆောင်ရွက်ရမည်။

အဆိပ်မြစ်သည် မဆိုးပေ၊ အဆိပ်ပင်သည်လည်း ဆိုးဝါးလှသည် မဟုတ်ပေ၊ အဆိပ်ပွင့်သည်လည်း မဆိုးသော်လည်း အဆိပ်သီးသည်ကား၊ ဆိုးဝါးလှပေသည်။ အဆိပ်ပင်သည် သေချာစွာမစိုက်ပျိုးရပေ။ သူ့အလို အလျောက်ပေါက်တတ်၏။ ထိုသို့ပင် အကုသိုလ်လုပ်ငန်းများကို လည်းကြိုးစား၍ ပြုစုပျိုးထောင်ရသည်မဟုတ်ပေ။ အလွယ်တကူပင် ပေါက်ရောက်ဖြစ်ပေါ်တတ်သည်။ သို့သော်အဆိပ်သီးသည် ဆိုးဝါးပြင်းထန်သကဲ့သို့ အကုသလဝိပါက်သည်လည်း ဆိုးဝါးပြင်းထန် ပါသည်။ လူကိုအပြစ်ပေးနိုင်သည်၊ ဒုက္ခပေးနိုင်သည်။

ဥပမာ။ ။ လူနှစ်ယောက်သည် ရုံးတရုံးတွင် အတူတကွအလုပ်လုပ်ကြရာ တစ်ယောက်သောသူသည် အလုပ်ကိုသေချာစွာလုပ်၏။ တစ်ယောက်သည်ကား လောဘဟူသည့် အပျော်အပါးကို လက်ခံကျင့်သုံးလိုက်စား၏။ အသီးဟူသည့် အကျိုးခံစားရသောအခါတွင် အလုပ်လုပ်သော သူသည် ကောင်းသောအကျိုးကို ရရှိပေမည်။ အပျော်အပါး လိုက်စားသော သူသည်ကား မကောင်းသော အသီးဖြစ်သည့် ဆိုးဝါးယုတ်ညံ့သောအပြစ်ဒဏ်အကျိုးတို့ကိုသာ ရရှိခံစား ရပေမည်။

လူတိုင်းလူတိုင်းသည် ကောင်းသောအကျိုးကို ခံစားလိုသော်လည်း၊ မကောင်းသောအကျိုးကိုဖြစ်စေသည့် မကောင်းသော အလုပ်ကိုလုပ်ကိုင်လို၍၊ အပျော်အပါးကိုလိုက်စားချင်ကြသည်။

ထို့ကြောင့်မြတ်စွာဘုရားက ကောင်းသောအကျိုးကိုဖြစ်နိုင်သည့် ကောင်းသောအလုပ်ကိုလုပ်ကြ၊ မကောင်းသောအလုပ်ကိုမလုပ်ကြနှင့် ဟုညွှန်ကြားထားပေသည်။

မကောင်းသောအကျိုးကိုဖြစ်စေသည့် အပျော်အပါးကိုလိုက်စဉ် ကောင်းသော်လည်း အကျိုးသည်ကားမကောင်းပေ။ ကောင်းသောအကျိုးကို ဖြစ်စေသည့် အလုပ်ကိုလုပ်စဉ် ပင်ပန်း၏။ သို့သော် ကောင်းသောအကျိုးကို ဖြစ်စေသည့်လုပ်ငန်းကိုသာ လုပ်ဆောင်သင့်ပေသည်။

## အဟိတ်ကြိယာ

အဟိတ်ကြိယာစိတ်– ၃–ပါး။

(၁) – .. ဥပေက္ခာပဉ္စဒွါရာဝဇ္ဇန်းစိတ်၊

(၂) – .. ဥပေက္ခာမနောဒွါရာဝဇ္ဇန်းစိတ်၊

(၃) × .. သောမနဿဟသိတုပ္ပါဒ်စိတ်၊

ပဉ္စဒွါရာဝဇ္ဇန်း = ပဉ္စ + ဒွါရ + အာဝဇ္ဇန
= ၅ + တံခါးပေါက် + လှည့်၍ဆင်ခြင်ခြင်း၊ လှည့်၍ကြည့်ခြင်း၊
= တံခါးပေါက်ငါးခုမှ လှည့်၍ ဆင်ခြင်သော၊ လှည့်၍ကြည့်သော စိတ်။

တံခါးပေါက်ငါးခု ဟူသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဖြစ်ပါသည်။

မနောဒွါရာဝဇ္ဇန်း = မနော + ဒွါရ + အာဝဇ္ဇန
= စိတ် + တံခါးပေါက် + လှည့်၍ဆင်ခြင်ခြင်း၊
စိတ်တံခါးပေါက်မှလှည့်၍ဆင်ခြင်သော၊ လှည့်ကြည့်သောစိတ်၊

ဟသိတုပ္ပါဒ် = ဟသိတ + ဥပ္ပါဒ
= ပြုံးရယ်ခြင်း + ဖြစ်စေ၊
= ပြုံးရယ်ခြင်းကိုဖြစ်စေခြင်း၊
= ဘုရားရဟန္တာတို့၏ပြုံးရယ်ခြင်းကို ဖြစ်သောစိတ်၊

အကုသိုလ် လုပ်ခဲ့သောသူသည် အကုသိုလ်နှင့် ပတ်သက်သော၊ မကောင်းသောအမြင်၊ မကောင်းသောအကြား၊ စသည်တို့ကိုသာ မြင်ရ ကြားရမည်။ ကုသိုလ်လုပ်ခဲ့သောသူသည် ကောင်းသောအမြင်၊ အကြား၊ အသံတို့ကို မြင်ရကြားရမည်။

လူတဦးတစ်ယောက်သည် မျက်လုံး တစ်ဘက်တည်း ရှိသော်လည်း အကုသိုလ်၊ ကုသိုလ်နှစ်မျိုးစလုံးလုပ်နိုင်၏။ ထို့ကြောင့် မျက်လုံးတဘက်ကပင်လျှင် မကောင်းသော အကုသလဝိပါက် စက္ခုဝိညာဉ်စိတ်ကို လည်းကော်င်း၊ ကောင်းသော ကုသလဝိပါက် စက္ခုဝိညာဉ်စိတ်ကို လည်းကောင်း ဖြစ်ပေါ်စေနိုင်သည်။

ကိုယ်ခန္ဓာတစ်ခုတည်းကပင် ကောင်းသော ကုသလဝိပါက် ကာယဝိညာဉ်စိတ်ကိုသော် လည်းကောင်း၊ မကောင်းသော အကုသလဝိပါက် ကာယဝိညာဉ်စိတ်ကိုလည်းကောင်း ဖြစ်ပေါ်စေနိုင်ပါသည်။

## အဟိတ်စိတ် (၁၈) ပါး၊

-- -- -- -- ∨ -- -- အကုသလဝိပါက်စိတ်(၇)ပါး၊
-- -- -- -- ∧ × -- အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊
-- -- × အဟိတ်ကြိယာစိတ် (၃) ပါး၊

## စိတ် - ၈၉ ပါး

အဟိတ်စိတ်(၁၈)ပါး၊ သဟိတ်စိတ်(၇၁)ပါး၊

အဟိတ်စိတ်။

"အ"ဟူသည်မှာ "မရှိ"ဖြစ်၍၊ ပါဠိစကား"ဟေတု"မှလာသော "ဟိတ်" သည် "အရင်းမြစ်" "အကြောင်းရင်း" ဖြစ်ပါသည်။ ယှဉ်ဘက်စိတ်ဟုလည်း ခေါ်သည်။

ထို့ကြောင့် အဟိတ်စိတ်ဟူသည်မှာ အကြောင်းအရင်း၊ အရင်းအမြစ် မရှိသောစိတ်၊ ယှဉ်ဘက်ဟိတ် မရှိသောစိတ်ဟု ခေါ်ပါသည်။

**သဟိတ်စိတ်။** ။ "သ"ဟူသည်မှာ"ရှိသည်"ဟုအဓိပ္ပါယ်ရသည်။ ထို့ကြောင့် သဟိတ်စိတ်သည် အကြောင်းအရင်း၊ အရင်းအမြစ်ရှိသောစိတ်၊ ယှဉ်ဘက် ဟိတ်ရှိသော စိတ်ဖြစ်သည်။

## အဟိတ်စိတ်နှင့်သဟိတ်စိတ်ကွာခြားပုံ

သဟိတ်စိတ်သည် အမြစ်ရှိ၏၊ အဟိတ်စိတ်သည် အမြစ်မရှိပေ။ သစ်ပင်တပင်၏ အမြစ်သည် ထိုသစ်ပင်ကို ခိုင်မြဲအောင်၊ စည်ကားအောင် အလုပ်လုပ်ပေးသည်။ လူ၏ကိုယ်ခန္ဓာတွင် ဆံပင်၊ လက်သည်း၊ ခြေသည်းစ သည် တို့သည်အမြစ်ရှိ၏။ ဆံပင်တစ်ပင်ကို အလွယ်တကူ ဆွဲယူ၍မရပေ။ အမြစ် ကဆံပင်ကိုခိုင်မြဲအောင်လုပ်ပေးထား၏။ ထိုအမြစ်သည် ခိုင်မာအောင်၊ စည်ကားအောင်ထမ်းဆောင်ပေး၏။

ထိုကဲ့သို့ပင် စိတ်မှာလည်း အမြစ်ရှိ၏။ သဟိတ်စိတ်သည် အမြစ်ရှိသဖြင့်ခိုင်မာ၏၊ မြဲစွဲ၏။ အဟိတ်စိတ်သည် အမြစ်မရှိပေ၊ အမြစ်မရှိသဖြင့် မခိုင်မာပေ။

သစ်ပင်တိုင်းတွင် အမြစ်ရှိသော်လည်း အချို့သော နွယ်ပင်များတွင် အမြစ်မရှိပေ။ အထက်အညာမှ ရွှေနွယ်ပင်သည် အမြစ်မရှိပေ။ ပင်လယ် ကမ်းခြေနားတွင်လေသိုက်ဟူသော ဖြူဖွေးသေးငယ်သည့် အပင်သည် အမြစ် မရှိပေ။ အမြစ်ရှိသော သစ်ပင်နှင့် အမြစ်မရှိသော သစ်ပင်တို့သည် လေတိုက် ရာတွင်လည်းကောင်း၊ လူတို့နုတ်ယူရာတွင်လည်းကောင်း ခက်ခဲခြင်းနှင့်လွယ် ကူခြင်းမှာ ကွာခြား၏။ အမြစ်ရှိသောမြက်ပင်တပင်သည် လေတိုက်ရာတွင် ကြံ့ကြံ့ခံနိုင်သော်လည်း အမြစ်မရှိသောအပင်ငယ်များသည် လေတိုက်ရာတွင် အလွယ်တကူပင် လွင့်စင်နိုင်ပါသည်။

အကုသိုလ်စိတ်သည် သဟိတ်စိတ်ဖြစ်သည်။ လောဘစိတ်သည် သဟိတ်ဖြစ်သောကြောင့် အမြစ်ရှိသဖြင့် ခိုင်မာ၏၊ မြဲစွဲ၏။ ကုသ လဝိပါက်၊ အကုသလဝိပါက်၊ အဟိတ်ကြိယာစိတ်တို့သည် အဟိတ်စိတ် ဖြစ်သော ကြောင့် အမြစ်မရှိပေ။ စက္ခုဝိညာဉ်စိတ်သည် အမြစ်မရှိသော အဟိတ်စိတ် ဖြစ်သောကြောင့် မခိုင်မာပေ၊ မြဲစွဲခြင်းမရှိပေ၊ ပျောက်သွားနိုင်သည်။

ပစ္စည်းတစ်ခုကိုပြရာတွင်၊ မြင်ရသောအမြင်စိတ်သည် စက္ခုဝိညာဉ်စိတ်ဖြစ်၏။ အမြစ်မရှိသောအဟိတ်ဖြစ်၏။ ထိုပစ္စည်းကို လိုချင်သော လောဘစိတ်သည်အမြစ်ရှိသော၊ သဟိတ်စိတ်ဖြစ်သည်။ မြင်ရသောစက္ခုဝိညာဉ်စိတ်သည် မမြင်ရသော်ပျောက်သွားမည်။ လောဘစိတ် သည်ကား မမြင်ရသော်လည်း ပျောက်မသွားပေ၊ လိုချင်ခြင်းစိတ်၊ ထင်မြင် လျက်ပင် ရှိသေး၏။ အမြစ်ရှိနေသဖြင့် ခိုင်ခံ့သည် စွဲမြဲသည်။ ထိုကဲ့သို့ပင် ဒေါသစိတ်၊ မောဟစိတ်တို့သည်လည်း ခိုင်မာစွဲမြဲနေသည်။ ထို့ကြောင့် အမြစ်ရှိသော သဟိတ်စိတ်တို့သည် ခိုင်မာစွဲမြဲအောင်လုပ်နိုင်သည်။

အမြစ်ရှိသော လောဘစိတ်၊ ဒေါသစိတ် စသည့်သဟိတ်စိတ်တို့သည် စည်ကားအောင်လည်း လုပ်နိုင်သည်။ အဟိတ်စိတ်ဖြစ်သော စက္ခုဝိညာဉ်စိတ်၊ သောတဝိညာဉ်စိတ်တို့သည် အမြစ်မရှိသဖြင့် စည်ကားအောင်မလုပ်နိုင်ပေ။

လူတစ်ယောက်သည် အခြားလူတစ်ယောက်အား ဆဲဆို၏။ လူတစ်ယောက်က ကြား၏။ ထိုကြားသော သောတဝိညာဉ်စိတ်သည် အမြစ်မရှိသော အဟိတ်စိတ်ဖြစ်သဖြင့်၊ မခိုင်မြဲပေ၊ ကြားပြီးနောက်ပျောက်သွား၏။ ထိုကြားသော၊ သောတဝိညာဉ်စိတ်သည် မစည်ကားနိုင်၊ မပွားများနိုင်ပေ။

သို့ရာတွင် လောဘစိတ်၊ ဒေါသစိတ်တို့သည်ကား ပွားများစည်ကားနိုင်သည်။ မိမိအား ဆဲဆိုသဖြင့် မိမိကပြန်၍ ဒေါသဖြစ်သောကြောင့် ဒေါသစိတ်ဖြင့် ရိုက်ပုတ်ပါက ထိုဒေါသစိတ်ကြောင့် အပြစ်ဒဏ်များ ခံရမည်၊ စည်ကားပွားများလာမည်။ သူတပါးအား ခုတ်သတ်လိုက်သဖြင့် ထောင်ကျခြင်း၊ တကျွန်းရောက်ခြင်း၊ သေဒဏ်ခံရခြင်း စသောအမှုကိစ္စများ ပွားလာပေမည်။ ဤကဲ့သို့အားဖြင့် ဒေါသစိတ်ကြောင့် စည်ကားလာနိုင်ပါသည်။

ထို့ကြောင့်အဟိတ်စိတ်ဖြစ်သောစက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်စိတ်တို့သည် မစည်ကားနိုင်ပါ။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့သည်ကား အမြစ်ရှိသော သဟိတ်စိတ်ဖြစ်သောကြောင့် စည်ကားနိုင်သည်။

အမြစ်ရှိသောစိတ်များကြောင့် အမြစ်မရှိသောစိတ်သည် ပျောက်လွင့်ကုန်၏။

ဗိုလ်ချုပ်အောင်ဆန်းသည် ခွဲကောင်း၏၊ သူ၏ကျောင်းဆောင်အခန်းထဲတွင် အလွန်ကြမ်းပိုးကိုက်၏။ ပစ္စက်ဆိတ်ပေါများ၏၊ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည် လူမျိုးကောင်းစားရေးအတွက် အမြစ်ရှိသော ကုသိုလ်စိတ်က ပြင်းထန်နေသောကြောင့် ကြမ်းပိုးကိုက်မှန်း မသိပေ၊ ကြမ်းပိုးတောထဲတွင်ပင် အိပ်နိုင်၏။ ထို့ကြောင့် အမြစ်ရှိသော စိတ်များသည် အမြစ်မရှိသော စိတ်များကို ပျောက်လွင့်စေနိုင်ပါသည်။

အမြစ်ရှိသော သဟိတ်စိတ်တွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့လည်း ပါဝင်၍ ကောင်းသောစိတ်များလည်း ပါဝင်ပါသည်။ အမြစ်ရှိသော စိတ်များတွင် ကောင်းသော စိတ်များကို မွေးမြူရမည်။ ကောင်းသော သဟိတ်စိတ်ကို လေ့လာရမည်။ ကုသိုလ်စိတ်ကို မွေးမြူသင့်ပေသည်။ သူတပါးအား မေတ္တာတရားထားခြင်း၊ ကြင်နာခြင်း စသောကောင်းသောစိတ် တို့ကိုသာ လျှင်မပြတ်ထားရှိသင့်ပေသည်။

အဟိတ်စိတ်(၁၈) ပါး သည် အသောဘဏ စိတ်ထဲတွင် ပါဝင်နေပါသည်။ ကုသလဝိပါက်စိတ်၊ အဟိတ်ကြိယာစိတ်တို့သည် စင်စစ် အားဖြင့် နူးညံ့၏၊ သို့ရာတွင် အခြေအမြစ်၊ အကြောင်းအရင်း မရှိသောကြောင့် မတင့်တယ်သောစိတ်ဟုခေါ်ပါသည်။ အတည်တကျ၊ အရင်းအမြစ်မရှိသောကြောင့် အများနားလည်စေရန် ခြေသလုံးအိမ်ပါစိတ်ဟုခေါ်နိုင်ပါသည်။

အဟိတ်ကြိယာစိတ်ထဲတွင် ပါဝင်သော ဟသိတုပ္ပါဒ်စိတ် ( × ) သည်လည်း ဘုရားရဟန္တာ၏ ပြုံးရယ်ခြင်းကိုဖြစ်စေသဖြင့်၊ ဘုရားရဟန္တာနှင့်သာ သက်ဆိုင်သောကြောင့် နူးညံ့၏။ သို့ရာတွင်အကြောင်းအရင်း မရှိပါသဖြင့် မတင့်တယ်ပေ။ မတင့်တယ်သော စိတ်သာလျှင်ဖြစ်၏။ ယှဉ်ဘက်စိတ် မရှိသောကြောင့်ဖြစ်ပါသည်။ အမြစ်ရှိသော သဟိတ်မဖြစ်သောကြောင့် မတင့်တယ်ပါ။

## အသောဘဏစိတ် (၃၀)

× × -- -- > _ _ အကုသိုလ်စိတ်
(၁၂)ပါး

× × -- -- > _ _ အသောဘဏစိတ်
(၃၀)

-- -- -- -- > _ _

-- -- -- -- ^ _ × _

-- -- × အဟိတ်စိတ်
(၁၈)ပါး

## အသောဘဏစိတ်

အသောဘဏစိတ်ဟူသည် မတင့်တယ်သော စိတ်ဖြစ်သည်။ အကုသိုလ်စိတ်သည် အသောဘဏစိတ် ဖြစ်ကြောင်းထင်ရှားသည်။ မတင့် တယ်သော အကုသိုလ်လုပ်ငန်းများကို လုပ်ကိုင်နေသောကြောင့်ဖြစ်သည်။ အကုသလ ဝိပါက်သည်လည်း အပြစ်ရှိ၍ မကောင်းသော အကျိုးများကို ရရှိခံစားရသောကြောင့် မတင့်တယ်ပါ။

ကုသလဝိပါက်စိတ်၊ အဟိတ်ကြိယာစိတ်တို့သည် စင်စစ်နူးညံ့၏။ သို့ရာတွင် အခြေအမြစ်အကြောင်းအရင်းမရှိသောကြောင့် မတင့်တယ်သော စိတ်ဖြစ်သည်။

**မဟာကုသိုလ်စိတ်။**

"မဟာ"ဟူသည်မှာ "များခြင်း" "အရာကျယ်ခြင်း" "မြတ်ခြင်း" ဖြစ်သည်။ ကုသိုလ်ဟူသည်မှာ "အပြစ်ကင်း၍ ကောင်းကျိုးကိုဖြစ်စေခြင်း" ဖြစ်သည်။

## မဟာကုသိုလ်စိတ်ရှစ်ပါး

| | ၁×၂× | ၃×၄× | ၅-၆- | ၇-၈- | | |
|---|---|---|---|---|---|---|
| ၁။ | × | | | | (၁) သောမနဿ | = ဝမ်းမြောက်ခြင်း၊ |
| | | | | | (၂) ဉာဏသမ္ပယုတ် | = ဉာဏ်နှင့်ယှဉ်တွဲခြင်း၊ |
| | | | | | (၃) အသင်္ခါရိက | = တိုက်တွန်းမှုမရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |
| ၂။ | × | | | | (၁) သောမနဿ | = ဝမ်းမြောက်ခြင်း၊ |
| | | | | | (၂) ဉာဏသမ္ပယုတ် | = ဉာဏ်နှင့်ယှဉ်တွဲခြင်း၊ |
| | | | | | (၃) သသင်္ခါရိက | = တိုက်တွန်းမှုရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |
| ၃။ | × | | | | (၁) သောမနဿ | = ဝမ်းမြောက်ခြင်း၊ |
| | | | | | (၂) ဉာဏဝိပ္ပယုတ် | = ဉာဏ်နှင့်မယှဉ်တွဲခြင်း၊ |
| | | | | | (၃) အသင်္ခါရိက | = တိုက်တွန်းမှုမရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |
| ၄။ | × | | | | (၁) သောမနဿ | = ဝမ်းမြောက်ခြင်း၊ |
| | | | | | (၂) ဉာဏဝိပ္ပယုတ် | = ဉာဏ်နှင့်မယှဉ်တွဲခြင်း၊ |
| | | | | | (၃) သသင်္ခါရိက | = တိုက်တွန်းမှုရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |
| ၅။ | -- | | | | (၁) ဥပေက္ခာ | = လျစ်လျူရှုခြင်း၊ |
| | | | | | (၂) ဉာဏသမ္ပယုတ် | = ဉာဏ်နှင့်ယှဉ်ခြင်း၊ |
| | | | | | (၃) အသင်္ခါရိက | = တိုက်တွန်းမှုမရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |
| ၆။ | -- | | | | (၁) ဥပေက္ခာ | = လျစ်လျူရှုခြင်း၊ |
| | | | | | (၂) ဉာဏသမ္ပယုတ် | = ဉာဏ်နှင့်ယှဉ်ခြင်း၊ |
| | | | | | (၃) သသင်္ခါရိက | = တိုက်တွန်းမှုရှိခြင်း၊ |
| | | | | | (၄) မဟာကုသိုလ်စိတ် | |

၇။ -- (၁) ဥပေက္ခာ = လျစ်လျူရှုခြင်း၊
(၂) ဉာဏဝိပ္ပယုတ် = ဉာဏ်နှင့်မယှဉ်တွဲခြင်း၊
(၃) အသင်္ခါရိက = တိုက်တွန်းမှုမရှိခြင်း၊
(၄) မဟာကုသိုလ်စိတ်

၈။ -- (၁) ဥပေက္ခာ = လျစ်လျူရှုခြင်း၊
(၂) ဉာဏဝိပ္ပယုတ် = ဉာဏ်နှင့်မယှဉ်တွဲခြင်း၊
(၃) သသင်္ခါရိက = တိုက်တွန်းမှုရှိခြင်း၊
(၄) မဟာကုသိုလ်စိတ်

# အကုသိုလ်စိတ်နှင့် မဟာကုသိုလ်စိတ်

အကုသိုလ်သည် အပြစ်ရှိ၍ မကောင်းကျိုးကို ဖြစ်စေ၏၊ ကုသိုလ်သည်ကား အပြစ်ကင်း၍ ကောင်းကျိုးကို ဖြစ်စေ၏။ အကုသိုလ်စိတ်သည် ယုတ်ညံ့၏၊ ယုတ်လျော့၏၊ အကုသိုလ်စိတ်ကြောင့်ခိုး၏၊ သတ်၏၊ အဓမ္မနည်းဖြင့် မတော်မတရားလုပ်၏။ ထို့ကြောင့် အပေါင်းအဖော်နည်းလာသည်၊ ပစ္စည်း ဥစ္စာ ဆုတ်ယုတ်နိုင်သည်။ ဤသို့ဖြစ်သောကြောင့် အကုသိုလ်စိတ်သည် ယုတ် လျော့ခြင်းကိုဖြစ်စေ၏၊ ယုတ်လျော့အောင်ပြုလုပ်ပေး၏။

မဟာကုသိုလ်စိတ်သည်ကားမြတ်၏၊ မြတ်အောင်၊ ပိုအောင်၊ တိုးပွားလာအောင် ပြုလုပ်ပေး၏။ မဟာကုသိုလ်စိတ်သည် အရာကျယ်သဖြင့် စည်းစိမ် ဥစ္စာတက်၏၊ ဂုဏ်သိက္ခာတိုးပွား၏၊ စိတ်ချမ်းသာမှုကို ဖြစ်စေနိုင်၏။ ဈာန် အဘိညာဉ်ရစေရန်လည်း မဟာကုသိုလ်စိတ်နှင့်ပင် ဆောင်ရွက်ရ၏။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ရစေရန်လည်း မဟာကုသိုလ်စိတ်နှင့်ပင် ဆောင်ရွက်ရ၏။

အပြစ်ဆိုသည်မှာ ကဲ့ရဲ့စရာဖြစ်၏၊ အပြစ်တင်စရာကို အပြစ်ဟုခေါ်၏။ မဟာကုသိုလ်စိတ်ကို အပြစ်ဟုမခေါ်နိုင်၊ အပြစ်တင်စရာမရှိပေ။ စာသင်ခြင်းသည် အပြစ်တင်စရာမဟုတ်ပေ၊ စာတတ်ချင်၍ သင်ခြင်းဖြစ်သောကြောင့် အပြစ်ကင်း၏။ ထို့ကြောင့် မဟာကုသိုလ်စိတ်ဖြစ်သည်။

အပြစ်တင်ရာတွင်လည်း အမှန်သိသူက အပြစ်တင်ခြင်းနှင့် အမှန်မသိသူက အပြစ်တင်ခြင်းမှာ ကွာခြား၏။ အမှန်မသိသူက အပြစ်တင်စရာဖြစ်သော်လည်း အမှန်သိသူက အပြစ်တင်စရာ ကင်းခြင်းသည် မဟာ ကုသိုလ်စိတ်ဖြစ်၏။ အမှန်မသိသူအနေဖြင့်အပြစ်ကင်း၍၊ အမှန်သိသူ အနေဖြင့် အပြစ်တင်စရာ ရှိနေလျှင် အပြစ်ဖြစ်၍ မကောင်းကျိုးကိုဖြစ်စေသည်။

## မဟာကုသိုလ်စိတ် ဥပမာ

စာရေးရာတွင်ဝမ်းမြောက်ဝမ်းသာ၍ သိနားလည်စွာ သွက်လက်စွာရေးသားခြင်း

(၁) သောမနဿ = ဝမ်းမြောက် ဝမ်းသာ၍၊
(၂) ဉာဏသမ္ပယုတ် = သိနားလည်စွာ
(၃) အသင်္ခါရိက = သွက်လက်စွာ၊ စိတ်ပါလက်ပါဖြင့်၊
(၄) မဟာကုသိုလ်စိတ်= စာရေးခြင်း၊

စာရေးရာတွင်ဝမ်းမြောက်ဝမ်းသာနှင့် သိနားလည်စွာ သူတပါး တိုက်တွန်းသောကြောင့် ရေးရခြင်း၊ သို့မဟုတ် မိမိကိုယ်တိုင် တိုက်တွန်း၍ နှေးကွေးစွာ ရေးသားခြင်း။

(၁) သောမနဿ = ဝမ်းမြောက် ဝမ်းသာ၍၊
(၂) ဉာဏသမ္ပယုတ် = သိနားလည်စွာ
(၃) သသင်္ခါရိက = သူတပါးတိုက်တွန်းသောကြောင့်၊ သို့မဟုတ် မိမိကိုယ်တိုင်တိုက်တွန်း၍ နှေးကွေးစွာရေးခြင်း၊
(၄) မဟာကုသိုလ်စိတ်= စာရေးခြင်း၊

× စာရေးရာတွင်မသိနားမလည်ဘဲ ဝမ်းမြောက် ဝမ်းသာစွာ သွက်သွက်ရေးခြင်း၊

(၁) သောမနဿ = ဝမ်းမြောက်ဝမ်းသာစွာ၊
(၂) ဉာဏဝိပ္ပယုတ် = မသိနားမလည်ဘဲ၊
(၃) အသင်္ခါရိက = သွက်လက်စွာ၊ စိတ်ပါလက်ပါ၊
(၄) မဟာကုသိုလ်စိတ်= စာရေးခြင်း၊

စာရေးရာတွင်သိနားလည်စွာ တည်တည်နှင့် သွက်သွက် ရေးခြင်း၊

(၁) ဥပေက္ခာ = တည်တည်နှင့်၊
(၂) ဉာဏသမ္ပယုတ် = သိနားလည်စွာ
(၃) အသင်္ခါရိက = သွက်သွက်ရေးခြင်း၊
(၄) မဟာကုသိုလ်စိတ်= စာရေးခြင်း၊

– .. စာရေးရာတွင်မသိနားမလည်ဘဲတည်တည်နှင့်တိုက်တွန်း၍ရေးခြင်း၊

(၁) ဥပေက္ခာ = တည်တည်နှင့်၊
(၂) ဉာဏဝိပ္ပယုတ် = မသိနားမလည်ဘဲ၊
(၃) သသင်္ခါရိက = တိုက်တွန်း၍၊

(၄) မဟာကုသိုလ်စိတ်= စာရေးသားခြင်း။

– .. စာရေးရာတွင် နားမလည်ဘဲ တည်တည်နှင့် သွက်သွက်ရေးခြင်း၊

(၁) ဥပေက္ခာ = တည်တည်နှင့်၊

(၂) ဉာဏဝိပ္ပယုတ် = မသိနားမလည်ဘဲ၊

(၃) အသင်္ခါရိက = သွက်သွက်ရေး၊

(၄) မဟာကုသိုလ်စိတ်= စာရေးသားခြင်း။

## စိတ်၏အလွန်လျင်မြန်ပုံ

အသံတစ်ခုကို ကြားလျှင် လည်းကောင်း၊ အဆင်းတခုကို မြင်လျှင် လည်းကောင်း၊ လောဘစိတ်၊ ဒေါသစိတ်စသည်များ ထပ်လိုက်လာ၏။ စိတ်သည် အလွန်လျှင်မြန်၏။ လက်ဖျစ်တစ်တွက်လျှင် ကုဋေတစ်သိန်းစိတ် ဖြစ်၏။ စိတ်မြန်ပုံကို ဥပမာပေးရသော်– ကွမ်းရွက်တရာကို စီကာကပ်လျက် စားပွဲပေါ်တွင် အထပ်လိုက်တင်ပြီး ထက်စွာသော အားကောင်းသည့်ဓါးဖြင့် ခုတ်ပါက တိတိပြတ်ပေမည်။ ကွမ်းရွက်များ တပြိုင်နက် ပြတ်ကြသည် မဟုတ်ပေ။ တရွက်ပြီးမှ တရွက်ပြတ်၏။ သို့ရာတွင် လျင်မြန်လွန်းရကား၊ တပြိုင်နက် တိတိ ပြတ်သည်ဟု ထင်ရသည်။ ထိုသို့ပင် စိတ်သည် အလွန်လျင်မြန် သော်လည်း စိတ်တစ်ခါဖြစ်ပြီးမှ နောက်စိတ်တစ်ခါဖြစ်သည်။

## မဟာဝိပါက်စိတ်

မဟာဝိပါက်စိတ်သည် မဟာကုသိုလ်စိတ်ဖြင့် ဆောင်ရွက်၍ ရလာသော အကျိုးစိတ်ဖြစ်သည်။

## မဟာဝိပါက်စိတ်(၈) ပါး

၁ ၃ ၅ ၇
× × – –
၂ ၄ ၆ ၈
× × – –

၁။ × .. (၁) သောမနဿ

(၂) ဉာဏသမ္ပယုတ်

(၃) အသင်္ခါရိက

(၄) မဟာဝိပါက်စိတ်
၂။ × .. (၁) သောမနဿ
(၂) ဉာဏသမ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၃။ × .. (၁) သောမနဿ
(၂) ဉာဏဝိပ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၄။ × .. (၁) သောမနဿ
(၂) ဉာဏဝိပ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၅။ – .. (၁) ဥပေက္ခာ
(၂) ဉာဏသမ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၆။ – .. (၁) ဥပေက္ခာ
(၂) ဉာဏသမ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၇။ – .. (၁) ဥပေက္ခာ
(၂) ဉာဏဝိပ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာဝိပါက်စိတ်
၈။ – .. (၁) ဥပေက္ခာ
(၂) ဉာဏဝိပ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာဝိပါက်စိတ်

**အကုသိုလ်စိတ်နှင့် အကုသလဝိပါက်စိတ်တို့ ဆက်သွယ်ပုံနှင့် မဟာကုသိုလ်စိတ်နှင့် ကုသလဝိပါက်၊ မဟာဝိပါက်တို့ဆက်သွယ်ပုံ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| × | × | -- | -- | > | -- | -- | အကုသိုလ်စိတ် |
| × | × | -- | -- | > | -- | -- | အကုသိုလ်စိတ် |
| -- | -- | -- | -- | V | -- | -- | အကုသလဝိပါက်စိတ် |
| -- | -- | -- | -- | ^ | -- | × -- | ကုသလဝိပါက်စိတ် |
| -- | -- | × | | | | | အဟိတ်ကြိယာစိတ် |
| × | × | -- | -- | | | | မဟာကုသိုလ်စိတ် |
| × | × | -- | -- | | | | မဟာကုသိုလ်စိတ် |
| × | × | -- | -- | | | | မဟာဝိပါက်စိတ် |
| × | × | -- | -- | | | | မဟာဝိပါက်စိတ် |

## မဟာကြိယာစိတ်

ကြိယာဟူသည်မှာ "ပြုလုပ်ကာမျှဖြစ်သော" ဟုအဓိပ္ပာယ်ရ၏၊ အပြစ်ကင်းသော်လည်း ကောင်းကျိုး ဆိုးကျိုး နှစ်မျိုးစလုံးကို မဖြစ်စေဘဲ ပြုလုပ်ကာမျှ ဖြစ်သော စိတ်ဖြစ်သည်။ ဘုရားရဟန္တာတို့မှာသာဖြစ်သော စိတ်ဖြစ်သည်။ ကိုယ်တိုင်က အကျိုးဖြစ်နေ၏၊ အခြားကို ကောင်းကျိုး ဆိုးကျိုး မဖြစ်နိုင်ပေ။

## မဟာကြိယာစိတ် (၈) ပါး

| ၁ | ၃ | ၅ | ၇ |
|---|---|---|---|
| × | × | – | – |
| ၂ | ၄ | ၆ | ၈ |
| × | × | – | – |

၁။ × .. (၁) သောမနဿ
(၂) ဉာဏသမ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာကြိယာစိတ်

၂။ × .. (၁) သောမနဿ
(၂) ဉာဏသမ္ပယုတ်

(၃) သသင်္ခါရိက
(၄) မဟာကြိယာစိတ်

၃။ × .. (၁) သောမနဿ
(၂) ဉာဏဝိပ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာကြိယာစိတ်

၄။ × .. (၁) သောမနဿ
(၂) ဉာဏဝိပ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာကြိယာစိတ်

၅။ – .. (၁) ဥပေက္ခာ
(၂) ဉာဏသမ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာကြိယာစိတ်

၆။ – .. (၁) ဥပေက္ခာ
(၂) ဉာဏသမ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာကြိယာစိတ်

၇။ – .. (၁) ဥပေက္ခာ
(၂) ဉာဏဝိပ္ပယုတ်
(၃) အသင်္ခါရိက
(၄) မဟာကြိယာစိတ်

၈။ – .. (၁) ဥပေက္ခာ
(၂) ဉာဏဝိပ္ပယုတ်
(၃) သသင်္ခါရိက
(၄) မဟာကြိယာစိတ်

## ဆောင်ရွက်သည့်စိတ်နှင့် အကျိုးစိတ်

ကုသိုလ်ကောင်းမှု လုပ်သော်လည်း ဒေါသခြံရံသော ကုသိုလ်ဖြစ်ပါကထိုဒေါသကြောင့် အကျိုးပေးခြင်းများစွာ မစင်ကြယ်ပေ။ ဥပမာ– ကုသဝတီပြည်မှ မင်းကုသသည် ဘုရင်မင်းမြတ်ဖြစ်သော်လည်း ရှေးရှေးဘဝက ပစ္စေကဗုဒ္ဓါကိုမုန့်လှူရာတွင် ဒေါသဖြစ်၍ လှူသောကြောင့်၊ ဒေါသခြံရံသော ကုသိုလ်အကျိုးပေးရကား အရုပ်ဆိုးသောဘဝကိုရ၏။ ရှေးဘဝကမင်းကုသ အလောင်း၏မရိုးသည် မုန့်လှူရာတွင် ကုသိုလ်စိတ်ဖြင့် သာလှူသောကြောင့်၊ ကုသိုလ်ခြံရံသော ကုသိုလ်က အကျိုးပေးသဖြင့်၊ မဒရာဇ်မင်းကြီး၏ သမီး ခုနစ်ယောက်အနက် ကိုယ်ရောင်ထွက်သော အလွန်လှပသည့် သမီးတော် တပါးဖြစ်ရသည်။

ထို့ကြောင့် ကုသိုလ်ခြံရံသော ကုသိုလ်က အကျိုးပေးလျှင် ကောင်းသောဘဝကို ရ၏။ ချမ်းသာ၏၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ အကုသိုလ်ခြံရံသော ကုသိုလ်ဖြစ်ပါက အသက်ကြီးမှ ဆင်းရဲရတတ်၏၊ စည်းစိမ်မရှိဖြစ်တတ်သည်။ စိတ်မချမ်းသာ ဖြစ်ရသည်။

နှင်းဆီပန်းသည် နှင်းဆီပင်က ပွင့်ရ၏။ ထင်းရှူးပင်က နှင်းဆီပန်း မပွင့်ပေ၊ ထိုကဲ့သို့ပင် အကုသိုလ်ကြောင့် အကုသိုလ်ပင်ဖြစ်၏။ ခလုတ်ထိ၍ နာကျင်ခြင်းသည် စင်စစ်သော်ကား ကျောက်ခဲကြောင့်မဟုတ်ပေ။ ထိုသူလုပ်ခဲ့သောအကုသိုလ်ကြောင့်ဖြစ်၏၊ အကုသိုလ်မလုပ်ခဲ့သောသူသည် အကုသိုလ်အကျိုး မဖြစ်ပေါ်နိုင်ပေ။ အကုသိုလ်အကျိုးဖြစ်သောသူသည် အကုသိုလ်လုပ်ခဲ့သောကြောင့်သာဖြစ်ရ၏။ ဆဲသံ၊ ဆိုသံ ကြားရခြင်းသည်လည်း အကုသိုလ်ကြောင့်ဖြစ်၏။

**အရင်းပိုင်းနှင့်အဖျားပိုင်း။** ။ ကြိုးစင်တင်ခံရသော ရာဇဝတ်သားတစ်ယောက်သည် ကြိုးစင်အလုပ်သမား အာဏာပါးကွက်က သတ်သောကြောင့် သေသည်လည်းမှန်၏။ မိမိလုပ်ခဲ့သော ရာဇဝတ်မှုသည်လည်း သေခြင်းကိုဖြစ်စေသောကြောင့်မှန်၏။ ရာဇဝတ်မှုပြုလုပ်ခဲ့ခြင်းသည် အရင်းခံဖြစ်၏။ ကြိုးပေးခြင်းသည် အဖျားဖြစ်၏။ အဖျားပိုင်းကိုရှောင်လွှဲ၍ရသည်၊

အရင်းခံသည် မိမိပြုလုပ်ခဲ့သော အကုသိုလ်ဖြစ်သောကြောင့် ရှောင်လွှဲ၍ မရပေ။ အကုသိုလ်ကြောင့် အကုသလဝိပါက်သည် သေချာစွာလာတော့မည်။ မကောင်းမှုကိုလုပ်ခဲ့သော ရာဇဝတ်မှု၏အပြစ်သည် မုချစင်စစ် လာလေတော့မည်။

ဥပမာ။ ။ နေပူထဲ သွားသော် အသားအရေသည် ပူလောင်၏။ ပူသည်ကို သိသောစိတ်သည် အကုသလဝိပါက် ကာယဝိညာဉ်စိတ်ဖြစ်သည်။ နေပူခြင်းသည်အဖျားပိုင်းဖြစ်၏။ အကုသိုလ်လုပ်ခဲ့ခြင်းသည် အရင်းပိုင်း ဖြစ်သည်။ ဒေါသကြီးခဲ့သူသည် ကိုယ်ပင်ပန်းတတ်၏။ မောဟကြီးစွာ တွေဝေနေခဲ့သူသည် စိတ်ပင်ပန်းမှုကို တွေ့ရတတ်သည်။

မကောင်းသော အဆင်းကို မြင်ရခြင်းသည် အကုသလဝိပါက် စက္ခုဝိညာဉ်စိတ်ဖြစ်၏။ မကောင်းသောအဆင်းနှင့် မျက်စေ့ တွေ့ကြုံရသောကြောင့် ထိုစိတ်ဖြစ်၏။ မကောင်းသော အဆင်း တွေ့ကြုံရခြင်းသည် အဖျားပိုင်းဖြစ်၏။ စင်စစ်သော်ကား တချိန်ချိန်ကလုပ်ခဲ့သော အကုသိုလ်ကြောင့်၊ မကောင်းသောအဆင်းကိုမြင်ရခြင်းဖြစ်သည်။ အကုသိုလ် လုပ်ခဲ့ခြင်းသည်ကား အရင်းပိုင်းဖြစ်သည်။

ကုသိုလ်စိတ်ကြောင့် ကုသိုလ်ဝိပါက်ဖြစ်သည်။ ရှေးအခါက ကမ္ဘာကျော်လက်သမားဆရာတစ်ဦးသည် တိုင်းပြည်တပြည်တွင် အလွန်ခမ်းနားလှပသော နန်းတော်ကြီးကို ရှင်ဘုရင်အား ဆောက်ပေး၏။ ရှင်ဘုရင်သည် ထိုနန်းတော် ကြီးနှင့် တူအောင် အခြားဘုရင်အားလည်း၊ ဆောက်လုပ်ပေးမှာစိုးရိမ်သောကြောင့် လက်သမားဆရာအား သတ်လိုသည်။ သို့ရာတွင် လက်သမားဆရာသည် မိမိပညာစွမ်းဖြင့် လေယာဉ်ငယ်ကို ဆောက်လုပ်ပြီး အခြားတိုင်းပြည်တပြည်သို့ ထွက်ပြေးရာ ရှင်ဘုရင်မဲ့ တိုင်းပြည်ဖြစ်နေသောကြောင့်၊ ဘုရင်အဖြစ် အဘိသိက်ခံယူရလေသည်။ ထို့ကြောင့် ကုသိုလ်စိတ်ရှိသောသူသည်၊ မည်သူကပင် မလိုမုန်းထားရှိသော်လည်း တနေ့နေ့တွင် ကုသလဝိပါက်ကို ခံစားရမည်မှာ မုန်ကန်လှပေသည်။

အကုသိုလ်တွင်အရင်းပိုင်း၊ အဖျားပိုင်းဟူ၍ ရှိသကဲ့သို့၊ ကုသိုလ်တွင်လည်း အရင်းပိုင်းအဖျားပိုင်းရှိသည်။ သူတပါးရိုက်၍ ခံရခြင်းသည် အဖျားပိုင်းဖြစ်၏။ အကုသလဝိပါက် ကာယဝိညာဉ်စိတ်ဖြစ်၏။ တချိန်က မိမိလုပ်ခဲ့

သော ကုသိုလ်သည် အရင်းပိုင်းဖြစ်၏။ ကုသလဝိပါက်တွင်လည်း အဖျားပိုင်းနှင့်အရင်းပိုင်းရှိသည်။ အရင်းပိုင်းသည် မိမိလုပ်ခဲ့သော ကုသိုလ်ပင်ဖြစ်သည်။

ထို့ကြောင့် အကုသလဝိပါက်နှင့် ကုသဝိပါက်တို့နောက်တွင် အကုသိုလ်စိတ်နှင့် ကုသိုလ်စိတ်သည် အမြဲရှိလေသည်။ အကုသိုလ်ကြောင့် အကုသိုလ်အကျိုးရ၍ ကုသိုလ်ကြောင့် ကုသိုလ်အကျိုးရပေမည်။

## ကာမာဝစရစိတ်

ကာမာဝစရ။ ။ ကာမ + အဝ + စရ

ကာမ = ကာမ ၁၁–ဘုံ၌

အဝ = များသောအားဖြင့်၊

စရ = ဖြစ်ခြင်း၊

= ကာမ ၁၁–ဘုံ၌ များသောအားဖြင့် ဖြစ်သော စိတ်

ကာမာဝစရစိတ်ကို ကာမစိတ်ဟုလည်းခေါ်သည်။
ကာမစိတ် (၅၄) ပါးရှိသည်။

## ကာမစိတ် (၅၄) ပါး

```
×   ×   --  --  >      __  __   အကုသိုလ်စိတ်(၁၂) ပါး
×   ×   --  --  >
--  --  --  --  ^   --  --
--  --  --  --  ^   --  ×   --  အသောဘဏစိတ်(၁၀)ပါး
--  --  ×
×   ×   --  --  မဟာကုသိုလ်စိတ်
×   ×   --  --
×   ×   --  --  မဟာဝိပါက်စိတ်      ကာမသောဘဏစိတ်
×   ×   --  --                   (၂၄) ပါး
```

× × -- --

× × -- -- မဟာကြိယာစိတ်

အသောဘဏစိတ် .. ၃၀

ကာမသောဘဏစိတ် .. ၂၄

------

ကာမစိတ် = ၅၄ ပါး၊

ကာမာဝစရ ၅၄ ပါး

တနည်း

အကုသိုလ်စိတ် ၁၂ - ပါး

ကုသိုလ်စိတ် ၈ - ပါး

ဝိပါက်စိတ် ၂၃ - ပါး

ကြိယာစိတ် ၁၁ - ပါး

-----

ကာမစိတ် ၅၄ - ပါး

တနည်း

သောမနဿစိတ် ၁၈ - ပါး

ဒေါမနဿစိတ် ၂ - ပါး

သုခစိတ် ၁ - ပါး (ကုသလဝိပါက်ကာယဝိညာဉ်စိတ်)

ဒုက္ခစိတ် ၁ - ပါး (အကုသလဝိပါက်ကာယဝိညာဉ်စိတ်)

ဥပေက္ခာစိတ် ၃၂ - ပါး

-----

ကာမစိတ် ၅၄ - ပါး၊



| | | | |
|---|---|---|---|
| × | × | – | – |
| × | × | – | – |
| × | × | – | – |
| × | × | – | – |
| × | × | – | – |
| × | × | – | – |

တနည်း

သမ္ပယုတ်စိတ်- ၂၀-ပါး၊

| | |
|---|---|
| ဒိဋ္ဌိသမ္ပယုတ် | ၄-ပါး၊ |
| ပဋိဃသမ္ပယုတ် | ၂-ပါး၊ |
| ဝိစိကိစ္ဆာသမ္ပယုတ် | ၁-ပါး၊ |
| ဥဒ္ဓစ္စသမ္ပယုတ် | ၁-ပါး၊ |
| ဉာဏသမ္ပယုတ် | ၁၂-ပါး၊ |
| သမ္ပယုတ်= | ၂၀-ပါး၊ |

ဝိပ္ပယုတ်- ၃၄-ပါး၊

| | | |
|---|---|---|
| ဒိဋ္ဌိဝိပ္ပယုတ် | ၄-ပါး၊ | |
| သဟိတ်ဝိပ္ပယုတ် | ၁၈-ပါး၊ | (ဒိဋ္ဌိဝိပ္ပယုတ်၊ ပဋိဃဝိပ္ပယုတ်၊ ဝိစိကိစ္ဆာဝိပ္ပယုတ်၊ ဥဒ္ဓစ္စဝိပ္ပယုတ်၊ ဉာဏဝိပ္ပယုတ်) |
| ဉာဏဝိပ္ပယုတ် | ၁၂-ပါး၊ | |
| ဝိပ္ပယုတ် | ၃၄-ပါး၊ | |
| သမ္ပယုတ်စိတ် | ၂၀-ပါး၊ | |
| ဝိပ္ပယုတ်စိတ် | ၃၄-ပါး၊ | |
| ကာမစိတ် | ၅၄-ပါး၊ | |

## ဈာန်

**ဈာန်အင်္ဂါ။** ။ဈာန်အင်္ဂါဟူသော ဝေါဟာရသည်၊ ပါဠိစကား ဈာနနှင့် အင်္ဂပေါင်းစပ် ထားခြင်းဖြစ်သည်။ ဈာနဟူသည် ရှုးစိုက်

ခြင်း၊ ရှို့မြိုက်ခြင်းဖြစ် ၍၊ အင်္ဂဟူသည်မှာ အစိတ်အပိုင်း၊ အင်အားအစုဟု အဓိပ္ပါယ်ရသည်။

## ဈာန်အင်္ဂါငါးပါး

| | | | |
|---|---|---|---|
| (၁) | ဝိတက် | = | ကြံစည်ခြင်း၊ ပို့ပေးခြင်း၊ |
| (၂) | ဝိစာရ | = | သုံးသပ်ခြင်း၊ |
| (၃) | ပီတိ | = | နှစ်သက်ခြင်း၊ |
| (၄) | သုခ | = | ချမ်းသာခြင်း၊ |
| (၅) | ဧကဂ္ဂတာ | = | တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်း၊ |

## ပိတုန်းကောင်နှင့်နှိုင်းယှဉ်ပုံ

| | | | |
|---|---|---|---|
| (၁) | ဝိတက် | = | ပိတုန်းပျံသည်နှင့်တူ၏၊ |
| (၂) | ဝိစာရ | = | ပိတုန်းဝဲသည်နှင့်တူ၏၊ |
| (၃) | ပီတိ | = | ပိတုန်းနှစ်သက်သည်နှင့်တူ၏၊ |
| (၄) | သုခ | = | ပိတုန်းချမ်းသာသည်နှင့်တူ၏၊ |
| (၅) | ဧကဂ္ဂတာ | = | ပိတုန်းငြိမ်သက်သည်နှင့်တူ၏၊ |

(၁) ဝိတက်။ ။ ပိတုန်းသည် မိမိ၏အသိုက်ထဲတွင် နေရာမှကြည့်လတ်သော်၊ ပန်းချုံတစ်ခုကို တွေ့ရ၏။ ထိုပန်းချုံထံသို့ တိုက်ရိုက်ပျံသွားခြင်းသည် ဝိတက်ဖြစ်၏။

(၂) ဝိစာရ။ ။ ပိတုန်းသည် ပန်းချုံသို့ ရောက်လျှင်မည်သည့်ပန်းပွင့်ပေါ်တွင် ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရွေးချယ်ကာ ရစ်ဝဲ၍နေ၏။ ဤသို့ ရစ်ဝဲသုံးသပ်နေခြင်းသည် ဝိစာရဖြစ်သည်။

(၃) ပီတိ။ ။ ပိတုန်းသည် မိမိသုံးစွဲစားသောက်မည့်၊ သင့်တော်သော ပန်းပွင့်ကိုတွေ့သော်၊ နှစ်သက်သွား၏။ ထိုသို့ နှစ်သက်ခြင်းသည် ပီတိဖြစ်သည်။

(၄) သုခ။ ။ ပိတုန်းသည် ပန်းပွင့်မှ ဝတ်ရည်ကို စားသုံးရသောကြောင့် ချမ်းသာနေသည်။ ဤသို့ ချမ်းသာခြင်းသည် သုခဖြစ်သည်။

(၅) ဧကဂ္ဂတာ။ ။ ပိတုန်းသည် ပန်းပွင့်မှဝတ်ရည်ကို စားသုံးနေခိုက်၊ လှုပ်ရှား၍မနေဘဲ တည်ငြိမ်နေ၏။ ဧကဂ္ဂတာဖြစ်သည်။

## ဈာန်စိတ်

(၁) ပဌမဈာန်စိတ်။ ။ ပဌမဈာန်စိတ်ဟုခေါ်ရခြင်းမှာ ပဌမဈာန်နှင့်တွဲသောကြောင့် ဖြစ်သည်။ ပဌမဈာန်တွင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးရှိသည်။

(၂) ဒုတိယဈာန်စိတ်။ ။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါလေးပါးရှိသည်။ ဒုတိယဈာန်နှင့်တွဲသောကြောင့် ဒုတိယဈာန်စိတ်ဟုခေါ်သည်။

(၃) တတိယဈာန်စိတ်။ ။ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးရှိသည်။ တတိယဈာန်နှင့်တွဲသောကြောင့် တတိယဈာန်စိတ်ဟုခေါ်သည်။

(၄) စတုတ္ထဈာန်စိတ်။ ။ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသည်။ စတုတ္ထဈာန်နှင့်တွဲသောကြောင့် စတုတ္ထဈာန်စိတ်ဟုခေါ်သည်။

(၅) ပဉ္စမဈာန်စိတ်။ ။ ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးရှိသည်။ ပဉ္စမဈာန်နှင့်တွဲသောကြောင့် ပဉ္စမဈာန်စိတ်ဟုခေါ်သည်။

## အမှတ်အသားဖြင့်ပြခြင်း

| | | | | | × × × ပဌမဈာန်

| | | | | × × × ဒုတိယဈာန်

| | | | × × × တတိယဈာန်

| | | × × × စတုတ္ထဈာန်

ဥပေက္ခာ– | – – – ပဉ္စမဈာန်

| | | × × × (ပဌမဈာန်)

ဈာန်အင်္ဂါ ဈာန်စိတ်

ပဌမဈာန် ၁–ပါးရှိ၍၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့လည်း ၁–ပါးစီရှိ၏။

ပဌမဈာန်စိတ်သုံးပါးရှိ၍၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဈာန် စိတ်လည်း သုံးပါးစီရှိ၏။

ပဌမဈာန်တွင် ဈာန်အင်္ဂါငါးပါးရှိ၍၊ ဒုတိယဈာန်တွင် ဈာန်အင်္ဂါလေးပါး၊ တတိယဈာန်တွင် ဈာန်အင်္ဂါသုံးပါးရှိ၏။ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တွင် ဈာန်အင်္ဂါနှစ်ပါးစီရှိ၏။ သို့ရာတွင်သုခနှင့်ဥပေက္ခာခြားနားသည်။ စတုတ္ထဈာန်တွင် သုခနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါး ပါဝင်၍၊ ပဉ္စမဈာန်တွင် ဥပေက္ခာနှင့် ဧကဂ္ဂတာဈာန်အင်္ဂါနှစ်ပါး ပါဝင်သည်။

## ရူပါဝစရစိတ်

ရူပစိတ်။ ။ ရူပါဝစရစိတ်ကို ရူပစိတ်ဟုလည်း ခေါ်နိုင်သည်။ ရူပါဝစရစိတ်ဟူသည်မှာ “အသညသတ်မပါ များသောအားဖြင့် ရူပဘုံ (၁၅)ဘုံ၌ ဖြစ်သောစိတ်” ဖြစ်သည်။

o

o အရူပါဝစရစိတ်

o

o

–

–

–

–

–

– × ရူပါဝစရစိတ်

– – –

– – –

– – –

## ရူပစိတ် (၁၅) ပါး

### ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်

| | | | |
|---|---|---|---|
| × | × | × | ပဌမဈာန် |
| × | × | × | ဒုတိယဈာန် |
| × | × | × | တတိယဈာန် |
| × | × | × | စတုတ္ထဈာန် |
| – | – | – | ပဥ္စမဈာန် |

**ရူပကုသိုလ် ရူပဝိပါက် ရူပကြိယာ**

ရူပါဝစရစိတ်တွင် ရူပကုသိုလ်စိတ်ငါးပါး၊ ရူပဝိပါက်စိတ်ငါးပါး၊ ရူပကြိယာစိတ် ငါးပါးရှိသည်။

ပဌမဈာန်မှ ပဥ္စမဈာန်ထိရသော ပုဂ္ဂိုလ်သည် မိုးပျံမြေလျှိုးဟူသော တန်ခိုးကို မရနိုင်သေးပေ။ ပဥ္စမဈာန်မှ လွတ်မြောက်၍ အဘိညာဉ်စိတ်ကို ရမှသာ

လျှင် ကောင်းကင်သို့ ပျံနိုင်၊ တန်ခိုးဖန်ဆင်းနိုင်သည်အထိ တတ်စွမ်းနိုင်လာသည်၊ သိလာသည်။

ပဉ္စမဈာန်ရရုံဖြင့် ကောင်းကင်သို့ မပျံနိုင်ပေ၊ ပဉ္စမဈာန်ရောက်ရုံမျှဖြင့်လည်း မပျံနိုင်သေးပေ၊ ပဉ္စမဈာန်တွင် အဘိညာဉ်စိတ်ဝင်လာအောင် ကပ်ခါတလဲလဲ ပွားများရသည်။ သို့မှသာ အဘိညာဉ်စိတ်ကို ပွားများပြီး ပျံနိုင်သည်။



အဘိညာဉ်

| | | |
|---|---|---|
| အဘိညာဉ် | = | အဘိ+ညာဉ် |
| အဘိ | = | အလွန် |
| ညာဉ် | = | သိ |
| | = | အလွန်သိခြင်း၊ |
| | = | ကောင်းကင်သို့ ပျံနိုင်သည်အထိ သိခြင်း၊ |
| | = | တန်ခိုးဖန်ဆင်းနိုင်သည်အထိသိခြင်း၊ |

အရူပါဝစရစိတ်

**အရူပစိတ်။** ။ အရူပါဝစရစိတ်ကို အရူပစိတ်ဟုလည်း ခေါ်နိုင်သည်၊ အရူပါဝစရစိတ်ဟူသည်မှာ အရူပ (ရုပ်မရှိသော) လေးဘုံ၌ များသောအားဖြင့် ဖြစ်သောစိတ်ဟု အဓိပ္ပါယ်ရသည်။

အမှတ်အသားဖြင့်ပြခြင်း



- အရူပကုသိုလ်
- အရူပဝိပါက်
- အရူပကြိယာ

အရူပါဝစရစိတ်

## ဗြဟ္မာဘုံ

ဤကမ္ဘာလောကကြီးထဲတွင် နေထိုင်ကြသော သတ္တဝါအပေါင်းတို့သည်၊ ကာလအချိန်ကြာမြင့်စွာက ဗြဟ္မာ့ဘုံ နတ်ဘုံသို့ ကျင်လည်ခဲ့ကြဖူးသည်။ ဗြဟ္မာ့ဘုံသို့ ရောက်ဖူးသူများ ဖြစ်ကြသည်။ နတ်ပြည်ခြောက်ထပ်၊ လူပြည်၊ အပါယ်လေးဘုံဟူသော ကာမဘုံ (၁၁)ဘုံ၌ ပျော်မွေ့နေကြသော ကာမဘုံသားတို့သည် အစာရေစာ စားသောက်၏။ ကာမဂုဏ်နှင့် မျှတတည်တံ့၍နေသည်။ ဗြဟ္မာ့ဘုံသားတို့သည်ကား ကာမဂုဏ်နှင့် မမျှတပေ၊ အစာရေစာ မစားသောက်ပေ၊ ဈာန်တရားနှင့်သာလျှင် မျှတပျော်မွေ့နေကြသည်။

## အသညသတ်ဘုံ

အသညသတ်ဘုံတွင် နာမ်မရှိ၊ ရုပ်သက်သက်မျှသာရှိသည်။ ပဉ္စမဈာန်တွင် စိတ်ကိုမုန်းတီး၍ သေသောသူသည် နာမ်မရှိဘဲ ရုပ်သာရှိသော၊ အသညသတ်ဘုံ၌ သွားဖြစ်၏။ အသညသတ်ဘုံ၌ ရုပ်တို့သည် ထိုင်လျက်လည်းကောင်း၊ ထလျက်လည်းကောင်း၊ စောင်းအိပ်လျက် လည်းကောင်း၊ တည်ရှိသည်။ ပဉ္စမဈာန် ဝင်စားရာတွင် ထိုင်လျက်ဝင်စားပြီး စိတ်ကို မုန်း၍ စိတ်ကို ပယ်စွန့်လိုသော ကြောင့် အသညသတ်ဘုံတွင် ထိုင်လျက်ရုပ်သာဖြစ်ရသည်။ ထိုနည်းတူပင် ထလျက်၊ စောင်းအိပ်လျက် ဖြစ်ရ၏။

## လောကီစိတ်

လောကီ = လောက + ဳ
ဖြစ်ပျက်ခြင်း၊ ရှိခြင်း၊

လောကီ။ ။ လောကီဟူသည်မှာ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိသည်ကို ခေါ်၏။ သက်ရှိသတ္တဝါ၊ သက်မဲ့သတ္တဝါတို့သည် လောကီအတိုင်း ဖြစ်ပျက်မှုသဘောရှိ၏။ ကမ္ဘာကြီးသည်လည်း ဖြစ်ပျက်မှုသဘောရှိသည်။ အန္တရကပ် (၅၀)ကြာသော် ကမ္ဘာကြီးသည် ပျက်စီးပေမည်၊ ဖြစ်ပေါ်လာသည့် အရာမှန်သမျှသည် ပျက်ရမည့်သဘောရှိသည်။

ကာမလောကဟုခေါ်သော ကာမ (၁၁)ဘုံ၊ ရူပလောကဟုခေါ်သော ရူပ (၁၆)ဘုံ၊ အရူပလောကဟုခေါ်သော အရူပလေးဘုံတို့သည် ဖြစ်ပျက်ကြီးသုံးနေရာထဲတွင် ပါဝင်သော လောကီဘုံ (၃၁)ဘုံဖြစ်ပေသည်။

လူသတ္တဝါတို့သည် သစ်ရွက်များကြွေသကဲ့သို့ ကြွေရမည်။ သစ်ရွက်များသည် အဟောင်းကြွေ၍ အသစ်ဖြစ်သကဲ့သို့၊ အသစ်ဖြစ်ကြရပေဦးမည်။ လူသတ္တဝါတို့သည် (၃၁)ဘုံတွင် သုဒ္ဓါဝါသ ငါးဘုံမှတပါး၊ ကျန်သောဘုံတို့သို့ ရောက်ဖူး၏။ အရူပလေးဘုံသို့လည်း ရောက်ဖူး၏။ ထို့ကြောင့် အားလုံးသောသတ္တဝါတို့သည် ဆွေမျိုးနီးစပ်တော်ကြသည်၊ ဆွေမျိုးမတော်ခဲ့သည့်သူ ဟူ၍မရှိပေ။

ဥပမာ။ ။ သရက်ပင်တို့သည် သရက်စေ့၊ မျိုးစေ့များက ထပ်ပေါက်၏။ ထိုကဲ့သို့ပင် အကုသိုလ်အကျိုးထပ်ဖြစ်၏။ သရက်ပင်သည် သရက်စေ့မှ ထပ်ပေါက်သကဲ့သို့ သက်ရှိသတ္တဝါများသည်လည်း ကုသိုလ်၊ အကုသိုလ်ကံကြောင့်၊ ကောင်းသောဘဝ၊ မကောင်းသောဘဝသို့ ရောက်ကြရ ပေဦးမည်။ ဘဝဟူ၍ ဖြစ်ပေါ်လာလျှင်လည်း တနေ့တွင် ပျက်ရပေဦးမည်။

ထိုသို့ ဖြစ်ပျက်ခြင်းလောကမှ ထွက်ရန်နည်းကို ဗုဒ္ဓမှတပါး မည်သူမျှ မသိပေ။ လောကထဲတွင် တိုးတက်ကြီးပွားခြင်းရှိကြောင်း လူမျိုးတိုင်း သိနိုင်၏။ လောကထဲမှ ထွက်စရာလမ်းကိုကား ဗုဒ္ဓဘာသာသာသ္ဒသာလျှင် ရှိသည်။

လောကထဲမှ ထွက်စရာလမ်းသည်ကား မိမိကိုယ်ကို သတ်သေခြင်းဖြင့် ထွက်နိုင်သည် မဟုတ်ပေ။ မိမိအသက်ကို ယခုတွင် သတ်ပစ်သော်လည်း နောင်ဘဝများတွင်တစ်ဖန် ဖြစ်ပေါ်ကျင်လည်ရပေဦးမည်။ လောကထဲမှ ထွက်စရာလမ်းသည်ကား လောကုတ္တရာလမ်းပင်ဖြစ်ပေသည်။

## လောကီစိတ် (၈၁)ပါး

× × – – >
× × – – > – –
– – – – V
– – – – Λ – × – အသောဘဏစိတ် (၃၀)ပါး
– – ×
× × – –
× × – –
× × – – ကာမသောဘဏစိတ် (၂၄)ပါး
× × – –
× × – –
× × – –

× × ×
× × ×
× × × ရူပါဝစရစိတ် (၁၅)ပါး
× × ×
– – – – – –
– – –
– – – အရူပါဝစရစိတ် (၁၂)ပါး။
– – –

## လောကီစိတ် (၈၁)ပါး

| | |
|---|---|
| အသောဘဏစိတ် | (၃၀)ပါး၊ |
| ကာမသောဘဏစိတ် | (၂၄)ပါး၊ |
| ရူပါဝစရစိတ် | (၁၅)ပါး၊ |
| အရူပါဝစရစိတ် | (၁၂)ပါး၊ |
| **လောကီစိတ်=** | ၈၁–ပါး။ |

# လောကုတ္တရာစိတ်

လောကုတ္တရာ= လောက + ဥတ္တရာ
ဖြစ်ပျက်ခြင်း၊ ကျော်လွန်ခြင်း၊
လွန်မြောက်ခြင်း၊

လောကုတ္တရာသည် လောကနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ လောကမှ လွန်မြောက်ခြင်း၊ ဖြစ်ပျက်ခြင်းမှ ကျော်လွန်ခြင်းဖြစ်ပေသည်။

ကျောက်သင်ပုန်းသည် လောကီဖြစ်သည်ဟု အသိဉာဏ်ကသိသည်။ ထိုအသိဉာဏ်သည်လည်း ဖြစ်ပျက်ခြင်းသဘောရှိသည့် လောကီဖြစ်ပေသည်။ ကျောက်သင်ပုန်းသည် ပျက်မည်ဟု သိသောစိတ်သည် ဉာဏသမ္ပယုတ်စိတ်ဖြစ်၏။ ကျောက်သင်ပုန်းသည် "ဘယ်တော့မှ မပျက်" ဟုသိသောစိတ်သည် အမှားကို သိသောကြောင့်၊ ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်၏။ သို့ရာတွင် ဉာဏသမ္ပယုတ်၊ ဒိဋ္ဌိသမ္ပယုတ်ဟူသော ထိုစိတ်နှစ်မျိုးစလုံးသည်ပင်လျှင် ပျက်မည်ဖြစ်သောကြောင့် လောကီဖြစ်၏။

လောကုတ္တရာဟူသည်ကား "ဖြစ်ပျက်ခြင်းကို ကျော်လွန်သော၊ ဖြစ်ပျက်ခြင်းမှ ထွက်မြောက်သော" ဟူ၍ အဓိပ္ပါယ်ရှိ၏။ ဖြစ်ပျက်ခြင်းကို ကျော်လွန်ပါက မဖြစ်၊ မပျက်ရတော့ပေ။ လောကုတ္တရာသို့ရောက်စေရန် အသိမှားများကို ပယ်ဖျက်ရမည်။ အသိမှားများ ခေတ္တခဏ မလာရုံဖြင့် လောကုတ္တရာ မဖြစ်သေးပေ။ နောင်ဘဝများတွင် အသိမှား ပြန်ဖြစ်ပေဦးမည်။

ယောက်ျား မိန်းမ တကယ်ရှိကြောင်းသိသောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဖြစ်၏။ ထိုအမြင်မှားသည် လောကတွင်းတွင် ဖြစ်ပေါ်နေသည်။ ယောက်ျား မိန်းမတကယ်မရှိကြောင်းကို သိသောစိတ်သည် ဉာဏသမ္ပယုတ်စိတ်ဖြစ်၏။ ထိုအမြင်မှန်စိတ်ဖြစ်ပေါ်သော် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်သည် ပျောက်ကွယ်သွား ပြန်၏။ သို့ရာတွင် လုံးဝပျောက်ကွယ်သွားခြင်း မဟုတ်သော ကြောင့် လောကုတ္တရာ မဖြစ်သေးပေ။ ယောက်ျား မိန်းမတကယ်ရှိကြောင်း ထင်မြင်လျှင် အပါယ်သို့ သွား၍၊ တကယ်မရှိကြောင်း ထင်မြင်လျှင် အထက်ဘုံများသို့ သွားပေမည်။

အမြင်များပြန်ဝင်လာနိုင်သည့် အခွင့်အရေးရှိသမျှ အပါယ်လေးဘုံသို့ သွားရန် အခွင့်ရှိသေး၏။ အမြင်များ မရှိဘဲ လုံးဝပြတ်ကင်းသွားလျှင် အထက်ဘုံများသို့သွားရန် အခွင့်အလမ်းရှိ၏။ လူသတ္တဝါအားလုံးတို့သည် အမြင်များ မပျောက်သေးသောကြောင့် အပါယ်လေးဘုံလောင်းများသာ ဖြစ်ကြသည်။

ဥပမာ။ ။ ကုက္ကုရဇာတ်တွင် ဘုရားအလောင်းတော်သည် ပါရမီရှင် ဖြစ်သော်လည်း အမြင်များကို မငြှကျော်လွန်သေးသောကြောင့် အပါယ်သို့ပင် လားရလေသည်။ ခွေးဘဝသို့ ရောက်ခဲ့ရပေသေးသည်။

## လောကုတ္တရာစိတ်

လောကုတ္တရာစိတ်ရှစ်ပါး

| မဂ်စိတ် (၄)ပါး၊ | ဖိုလ်စိတ် (၄)ပါး၊ |
| --- | --- |
| ၁။ သောတာပတ္တိမဂ်စိတ် | ၁။ သောတာပတ္တိဖိုလ်စိတ် |
| ၂။ သကဒါဂါမိမဂ်စိတ် | ၂။ သကဒါဂါမိဖိုလ်စိတ် |
| ၃။ အနာဂါမိမဂ်စိတ် | ၃။ အနာဂါမိဖိုလ်စိတ် |
| ၄။ အရဟတ္တမဂ်စိတ် | ၄။ အရဟတ္တဖိုလ်စိတ် |

နိဗ္ဗာန်ကို တစ်ခါမြင်ဖူးလျှင် သောတာပန်ဖြစ်၍၊ နှစ်ခါမြင်ဖူးလျှင် သကဒါဂါမ်ဖြစ်၏။ သာဝတ္ထိမြို့တွင် သန်းပေါင်း (၇၀)လူဦးရေရှိရာ သောတာပန်၊ သကဒါဂါမ်သည် သန်းပေါင်း (၅၀)ရှိ၏။ သန်း (၂၀)သည်သာ ပုထုဇဉ် ဖြစ်၏။

မဂ်

| | မာရ် | ဂ |
| --- | --- | --- |
| မဂ္ဂ= မာရ် + ဂ။ | မာရ် | ဂ |
| | သတ်၍ | သွားစရာ |

မာရ်။ ။ မဂ်ဟူသည်မှာ ပါဠိစကား မဂ္ဂမှလာသည်။ သတ်၍သွား စရာလမ်းဟု အဓိပ္ပါယ်ရသည်။ လှည်း၊ ရထား၊ မော်တော်ကားတို့ သွားစရာလမ်းသည်လည်း မဂ္ဂဖြစ်သည်။ ထိုလမ်းများကို အဘယ့်

ကြောင့် မဂ္ဂဟုခေါ်ရသနည်းဆိုသော် ထိုလမ်းများကိုစ၍ ဆောက်တည် ပြုလုပ်ရာတွင် သစ်ပင်များ၊ ကုန်းအနိမ့် အမြင့်တို့ကိုပယ်ရှား သုတ်သင် သတ်ပစ်ရသည်။ ချုံနွယ်သစ်ပင်များကို ရှင်းလင်း၍သွားလာရန် လမ်းပြု ရသည်။ လမ်းဖောက်ရသည်။ ထို့ကြောင့် အတားအဆီး အပိတ်အပင် များကို သတ်၍ ဆောက်ရသောလမ်း ဖြစ်သောကြောင့် မဂ္ဂဟုခေါ်နိုင်သည်။

တစ်ရွာမှ တစ်ရွာသို့သွားလျှင် သစ်ပင်၊ တောတောင်တို့ကို ဖြတ်၍မသွားဘဲ မရနိုင်ပေ။ အခုအခံများကို ဖျက်ဆီးသွားရသည်။ တစ်ရွာမှ တစ်ရွာသို့ လည်းကောင်း၊ တောရွာမှ မြို့ကြီးများသို့လည်းကောင်း၊ စသည်ဖြင့် သွားလာရာတွင် လမ်းမရှိပါက မရောက်နိုင်ပေ။ ထို့အတူပင် (၃၁)ဘုံ၌ လူ့ဘုံ၊ နတ်ဘုံစသည်ဖြင့် အဖန်ဖန် တလဲလဲ ကျင်လည်ရောက်ရှိကြရာတွင် လမ်းရှိ၏။ လမ်းမရှိက မရောက်နိုင်ပေ။ လမ်းရှိသောကြောင့်သာ တဘုံမှ တဘုံသို့ ကူးပြောင်းရောက်ရှိနိုင်ခြင်း ဖြစ်သည်။ လူ့ဘုံမှ သေပြီးနောက် လမ်းရှိမှသာ ငရဲဘုံ၊ နိဗ္ဗာန်ဘုံ၊ ဗြဟ္မာ့ဘုံသို့ ရောက်နိုင်၏။ နိဗ္ဗာန်သို့ သွားရာလမ်းသည်လည်း ရှိ၏။

ထင်ရှားသော ဥပမာအဖြစ်ဖြင့် ပြဆိုရသော်၊ မျက်မှောက်ဘဝတွင် အလုပ်တစ်ခုလုပ်ရာ၌ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းသည်ရှိ၏။ အမြင့်မှ အနိမ့်သို့ သွားခြင်း၊ အနိမ့်မှ အမြင့်သို့သွားခြင်းဟူသော ဆုတ်ယုတ်ခြင်း၊ တိုးတက်ခြင်းတို့တွင် လမ်းရှိ၏။ မဂ္ဂပင်ဖြစ်သည်။ သို့သော် မမြင်ရပေ။

အမြင့်ဆုံးလမ်းသည်ကား နိဗ္ဗာန်သို့သွားရာ လမ်းဖြစ်၏။ နိဗ္ဗာန်သို့ သွားရာလမ်းသည် ကိလေသာတို့ကိုသတ်၍ သွားစရာလမ်းဖြစ်သည်။

လူတို့၏ကိုယ်တွင်းတွင် နေ့စဉ်သုံးနေသော မဂ်လမ်းများရှိ၏။ တိုးတက်ကြီးပွားခြင်းသို့ ရောက်စေနိုင်သော လမ်းကိုဖောက်ပါက ကောင်းသော အခြေသို့ ရောက်ပေသည်။ ဆိုးခြင်း၊ နိုးခြင်း၊ တိုက်ခြင်းတို့သည် လမ်းဆိုးဖြစ်၏။ ဆုတ်ယုတ်ပျက်စီးခြင်းသို့ ပို့ဆောင်ပေးနိုင်သည်။ ထောင်ကျနိုင်၊ သေဒဏ်ပေးနိုင်လောက်သော လုပ်ငန်းကိုလုပ်ခြင်းသည် မိစ္ဆာမဂ် လမ်းဆိုးကို လုပ်ခြင်းဖြစ်သည်။ တိုးတက်ကြီးပွားသော နေရာသို့ရောက်အောင် လုပ်ခြင်း သည် သမ္မာမဂ် လမ်းကောင်းကို လုပ်ခြင်းဖြစ်သည်။

နိဗ္ဗာန်သို့ သွားရာမဂ်သည်ကား အရိယာမဂ်ဖြစ်သည်။ အရိယာမဂ်သည် ဖြူစင်သန့်ရှင်းသော မဂ်ဖြစ်သည်။

ကိုယ်တွင်းတွင်ဖြစ်ပေါ်သော ဓါတ်သဘာဝအလျောက်ဖြစ်သည့် မဂ်သည် မျက်စိဖြင့် မမြင်နိုင်၊ ဉာဏ်ဖြင့်သာ မြင်နိုင်သည်။ လူတို့ဖောက်လုပ်သောလမ်းသည်ကား မျက်စိဖြင့်မြင်နိုင်သည်။ ကိုယ်တွင်းတွင်ဖြစ်ပေါ်သော မဂ်တို့ကိုကား ဉာဏ်ဖြင့်သာ မြင်နိုင်သည်။

စိတ်ဓာတ်သည် မျက်မြင်အားဖြင့် လူတို့ကို မြင့်အောင်လည်း လုပ်နိုင်သည်။ နိမ့်အောင်လည်းလုပ်နိုင်သည်။ ဥပမာ– လူနှစ်ယောက်သည် အခြေအနေချင်းတူသော မိဘတို့မှ မွေးဖွားလာသည်ဖြစ်အံ့၊ တယောက်သောသူသည် စိတ်ဓာတ်ပြုပြင်မှုကြောင့် ကြီးပွားသွားနိုင်သည်။ တယောက်သောသူသည်ကား မကောင်းသောစိတ်၏ဆွဲဆောင်မှုကြောင့် နိမ့်ဆင်းသွားနိုင်ပေသည်။ ထို့ကြောင့် စိတ်ဓာတ်သည် မြင့်ရာသို့လည်းကောင်း၊ နိမ့်ရာသို့လည်းကောင်း၊ ပို့ဆောင်ပေးနိုင်သည်။ အနိမ့်၊ အမြင့်သို့ ကျခြင်း တက်ခြင်းသည် လမ်းကြောင်းဖြစ် သည်။ အနိမ့်သို့ ကျခြင်းသည် မိစ္ဆာမဂ်ကြောင့်ဖြစ်၍၊ အမြင့်သို့ တက်ခြင်းသည် သမ္မာမဂ်ကြောင့်ဖြစ်သည်။ ဖြူစင်သန့်ရှင်းအေးငြိမ်းသော နိဗ္ဗာန်သို့ ရောက်ရာလမ်းသည်ကား အရိယာမဂ်ဖြစ်သည်။

## ဖိုလ်

ဖိုလ်။ ။ ဖိုလ်ဟူသော ဝေါဟာရသည် ပါဠိစကား ဖလ–မှ ဆင်းသက်လာသည်။ အကျိုးဟူ၍ အဓိပ္ပါယ်ရသည်။ တနည်းအားဖြင့် ဖိုလ်ဟူသည်မှာ အသီးပိုင်းပင်ဖြစ်သည်။

## မဂ်လေးပါးအသီးသီး၏ အဓိပ္ပာယ်

(၁) သောတာပတ္တိမဂ်

| | | | | |
|---|---|---|---|---|
| သောတာပတ္တိ | = | သောတ | + | အာပတ္တိ |
| | | အလျဉ် | | ရှေးဦးစွာရောက်ခြင်း၊ |
| သောတ | = | မဂ်ရေအလျဉ် | | |
| အာ | = | ရှေးဦးစွာ | | |

ပတ္တိ = ရောက်ခြင်း
သောတာပတ္တိမဂ် = နိဗ္ဗာန်သို့ တဖြောင့်တည်း စီးဝင်သော မဂ်ရေအလျဉ်
ပေါ်သို့ ရှေးဦးစွာ ရောက်ရှိသော မဂ်၊

(၂) သကဒါဂါမိမဂ်
သကိံ + -ါဂါမိ
= တကြိမ်+ လာဦးမည်၊
= ပဋိသန္ဓေ နေသောအားဖြင့် ကာမသုဂတိ (၇) ဘုံသို့တကြိမ်လာဦးမည်၊ တကြိမ်လာရန် အခွင့်ရှိသေးသည့်မဂ်၊
ဤမဂ်ရသူသည် လူ့ပြည် နတ်ပြည်သို့ ရောက်ဦးမည်။

(၃) အနာဂါမိမဂ်
= အန+ အာဂါမိ
= မ + လာ

အနာဂါမိမဂ်= ပဋိသန္ဓေ နေသောအားဖြင့် ကာမဘုံသို့ မလာသော မဂ်၊
သာမာဝတီနှင့် မိဖုရားငါးရာတို့သည် မီးရှို့၍ အသတ်ခံရစဉ်၊ စိတ်ကို ဆောက်တည်ကြရာ ထိုမဂ်ကိုရသည်။ ကာမဂုဏ်ချမ်းသာကို လွန်မင်းစွာ ကြောက်လန့်ကြသည်။ ကာမဘုံသို့ တဖန်မလာကြတော့ပေ။ ကာမဂုဏ်ကို မက်မောစွဲခံစားလိုသူတို့သည် ကာမသုဂတိဘုံ (၇)ဘုံသို့ လာပေဦးမည်။ ကာမသုဂတိဘုံ (၇)ဘုံသည်ကား နတ်ပြည်ခြောက်ထပ်နှင့် လူ့ဘုံပင်ဖြစ်သည်၊

(၄) အရဟတ္တမဂ်
= အရ+ဟတ္တ
= ကိလေသာရန်သူ + သတ်ခြင်း၊

အရဟတ္တမဂ်= ကိလေသာရန်သူကို အားလုံးသတ်သော မဂ်၊
အရဟတ္တမဂ်ကိုရပြီးသော ပုဂ္ဂိုလ်ကို၊ အရဟန္တပုဂ္ဂိုလ်ဟုခေါ်သည်။

**အရ + ဟန္တ =** ကိလေသာရန်သူ + သတ်ပြီး၊
= ကိလေသာရန်သူကို သတ်ပြီးသော ပုဂ္ဂိုလ်။

**မဂ်တရား၏အကျိုး။** ။ ကောင်းကင်တွင် မိုးသားတိမ်လိပ်တို့ဖြင့် ဖုံးလွှမ်းပြီး အရပ်မျက်နှာအားလုံးတွင် မိုးမှောင်ကြီး ကျနေစဉ် အခန်းတစ်ခန်းထဲ၌ မီးလုံးကိုဖွင့်လိုက်ပါက အမှောင်ထုများ ပျောက်ကွယ်သွားပြီး အလင်းရောင်ရောက်လာပေမည်။ ထိုကဲ့သို့ပင် မဂ်တရားများ ရပါက မိမိတို့ကိုယ်တွင်ရှိသော အပြစ်အနာများလည်း ပျောက်ကင်း လွင့်စင် သွားပေမည်။ ကိလေသာများကုန်ခန်းသွားပေမည်။

## လောကုတ္တရာစိတ် အကျဉ်း (၈)ပါး၊ အကျယ် (၄၀)

အချို့သောရဟန္တာတို့သည် ဈာန်ရ၏၊ အချို့မှာ ဈာန်မရပေ။ ဈာန်မရ သည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့အတွက် လောကုတ္တရာစိတ်သည် အကျဉ်း(၈)ပါးသာရှိ၏။

ဈာန်ရသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ အတွက် လောကုတ္တရာစိတ်သည် အကျယ် (၄၀) ဖြစ်လာသည်။

မဂ် ၄–ပါးကို ဈာန် (၅) ပါးနှင့် မြှောက်ပွားသော်၊ မဂ် (၂၀)ဖြစ်၏။ ဖိုလ် (၄)ပါးကို ဈာန် (၅)ပါးနှင့်မြှောက်ပွားသော်၊ ဖိုလ် (၂၀) ဖြစ်၏။ မဂ် (၂၀) နှင့် ဖိုလ် (၂၀) ပေါင်းစုသော် လောကုတ္တရာစိတ်အကျယ် (၄၀)ရှိသည်။

```
                    ဈာန်ငါးပါး          မဂ် (၂၀)      ဖိုလ် (၂၀)
|  |  |  |  |  ×  ×  ×     ×  ×  ×  ×  ×  ×  ×  ×
   |  |  |  |  ×  ×  ×     ×  ×  ×  ×  ×  ×  ×  ×
      |  |  |  ×  ×  ×     ×  ×  ×  ×  ×  ×  ×  ×
         |  |  ×  ×  ×     ×  ×  ×  ×  ×  ×  ×  ×
         –  |  –  –  –  –  –  –  –  –  –  –  –  –
            (အရူပ) –  –  –
                   –  –  –
                   –  –  –
```

တတိယဈာန်မဂ်စိတ် (၄) ပါးရှိ၏။
စတုတ္ထဈာန်အရဟတ္တဖိုလ်စိတ် ( ၁)ပါးရှိ၏။
ပထမဈာန်စိတ် (၁၁)ပါးရှိ၏။
ဒုတိယဈာန်စိတ် (၁၁)ပါးရှိ၏။

ဒုတိယရူပဈာန် ၃ ပါး၊
လောကုတ္တရာမဂ် ၄ ပါး၊
လောကုတ္တရာဖိုလ် ၄ ပါး၊
ဒုတိယဈာန်စိတ်ပေါင်း= ၁၁ ပါး၊

ပထမဈာန်စိတ်၊ ဒုတိယဈာန်စိတ်၊ တတိယဈာန်စိတ်၊ စတုတ္ထဈာန်စိတ် တို့သည် အကျယ်အားဖြင့် (၁၁)ပါးစီရှိကြသည်။ ပဉ္စမဈာန်စိတ်ကား (၂၃)ပါး ရှိသည်။ အဘယ်ကြောင့်ဆိုသော် အရူပစိတ် (၁၂)ပါးသည် ပဉ္စမဈာန်ထဲပါဝင် သောကြောင့်ဖြစ်သည်။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| × | × | × | | | | × | × | × | × | × | × | × | × | = | ၁၁ |
| × | × | × | | | | × | × | × | × | × | × | × | × | = | ၁၁ |
| × | × | × | | | | × | × | × | × | × | × | × | × | = | ၁၁ |
| × | × | × | | | | × | × | × | × | × | × | × | × | = | ၁၁ |
| – | – | – | – | – | – | – | – | – | – | – | – | – | – | = | ၂၃ |
| | | | – | – | – | | | | | | | | | | |
| | | | – | – | – | | | | | | | | | | |
| | | | – | – | – | | | | | | | | | | |

## စိတ်တခုယုတ်-၉၀

ဇာတိဘေဒ။ ။ ဇာတိ–ဟူသည်မှာ ဖြစ်ခြင်းဟု အဓိပ္ပါယ်ရသည်။ ဘေဒ–ဟူသည်မှာ ကွဲပြားခြင်း၊ ခြားနားခြင်းဖြစ်သည်။ စိတ်သည် ဇာတ်အားဖြင့် (၈၉)ပါး ရှိသည်။ (၉၀)တွင် တစ် ခုယုတ်လျော့သည်။ ကုသိုလ်၊ အကုသိုလ် စသည်ဖြင့် ကွဲပြားသည်။

ဘူမိဘေဒ။ ။ ဘူမိ–ဟူသည်မှာ ဘုံ၊ နေရာဖြစ်သည်။ ဘေဒ–ဟူသည်မှာကွဲပြားခြင်း၊ ခြားနားခြင်းဖြစ်သည်။ စိတ်သည် ဘုံအားဖြင့်ခွဲခြားသော် (၈၉) ရှိသည်။ ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာဟူ၍ ကွဲပြားသည်။

× × – – >

× × – – > – – အကုသိုလ်

– – – – ∨ – –

– – – – ∧ – × – ဝိပါက်

– – × ကြိယာ

(ကာမ) × × – – ကုသိုလ်

× × – –

× × – – ဝိပါက်

× × – –

× × – –

× × – – ကြိယာ

မဂ်စိတ် ဖိုလ်စိတ်

× × × × × × × × × × ×

× × × ကုသိုလ် ဝိပါက်

× × × (လောကုတ္တရာ)

(ရူပ) × × ×

– – – – – –

က ဝိ ကြိ – – –

– – –

(အရူပ) – – –

– – –

က ဝိ ကြိ

## ဇာတိဘေဒ

| | |
|---|---|
| မဟာကုသိုလ် (ကာမကုသိုလ်) - - - - - - - | ၈ |
| ရူပကုသိုလ် - - - - - - - | ၅ |
| အရူပကုသိုလ် - - - - - - - | ၄ |
| လောကုတ္တရာကုသိုလ် - - - - - - - | ၄ |
| | ၂၁ |

| | |
|---|---|
| ကုသိုလ်စိတ် - - | ၂၁ |
| အကုသိုလ်စိတ် - - | ၁၂ |
| ဝိပါက်စိတ် - - | ၃၆ |
| ကြိယာစိတ် - - | ၂၀ |
| စိတ်တစ်ခုယုတ် ၉၀ - - | ၈၉ |

ဘူမိဘေဒ

| | |
|---|---|
| ကာမစိတ် - - | ၅၄ |
| ရူပစိတ် - - | ၁၅ |
| အရူပစိတ် - - | ၁၂ |
| လောကုတ္တရာစိတ်- - | ၈ |
| စိတ်တခုယုတ် ၉၀ | ၈၉ |

## စိတ်အကျယ် (၁၂၁)

| | |
|---|---|
| ကာမစိတ် - - | ၅၄ |
| ရူပစိတ် - - | ၁၅ |
| အရူပစိတ် - - | ၁၂ |
| လောကုတ္တရာစိတ်- - | ၄၀ (အကျယ်) |
| စိတ်အကျယ် = | ၁၂၁ |

ပဉ္စမဈာန် ရူပကုသိုလ် - - ၁ ပါး

ပဉ္စမဈာန် လောကုတ္တရာကုသိုလ်- - ၄ ပါး

ပဉ္စမဈာန်ကုသိုလ်စိတ် - - ၅ ပါး

ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကုသိုလ်စိတ်ပေါင်း= ၅ပါးစီရှိသည်။ ဖိုလ်စိတ်ပေါင်းလည်း ၅-ပါးစီရှိသည်။

| | | |
|---|---|---|
| ကုသိုလ်စိတ် | - - | ၃၇ |
| အကုသိုလ်စိတ် | - - | ၁၂ |
| ဝိပါက်စိတ် | - - | ၅၂ |
| ကြိယာစိတ် | - - | ၂၀ |
| **စိတ်အကျယ်** | - - | ၁၂၁ |

## စေတသိက်

စေတသိက်သည် စိတ်နှင့်ယှဉ်တွဲဖြစ်သည်။ အာရုံကို အထူးသိ၏။ စိတ်ကိုခြယ်လှယ်သည်။ စိတ်နှင့် စေတသိတ်သည် မြင်းနှင့် လူကဲ့သို့ဖြစ်သည်၊ မြင်းစီးသောလူသည် မြင်း၏ကျောပေါ်တွင်ရှိ၏၊ မြင်းကို အမျိုးမျိုးခြယ်လှယ်နိုင်၏။ မည်ကဲ့သို့ ပြုလုပ်လျှင် မြင်းပြေးမည်ကို သိ၏။ မြင်းကို ရှေ့ဆောင်ပြုလုပ်သည်။ မြင်းသည်ကား ပြေးရုံသာ ပြေးတတ်၏။ ကျောပေါ်မှ လူ ညွှန်ပြရာသို့ ဆောင်ရွက်တတ်၏။ ပြေးတတ်၏။ သွားတတ်၏။ မြင်းသည် စိတ်နှင့်တူသည်။ မြင်းစီးလူသည်ကား စေတသိက်နှင့်တူသည်။ စေတသိက်သည် စိတ်နှင့်အတူရှိသည်။ စိတ်ထဲတွင်ရှိသည်။

ဥပမာ။ ။ ရှောက်သီးတွင် အရသာရှိသည်။ ရှောက်သီး၏ ချဉ်သော ခါးသော အရသာသည် လျှောက်သီး၏ အရည်ထဲတွင်ရှိသည်။ ထိုနည်းတူ စေတသိက်သည်လည်း စိတ်ထဲတွင် ရောပါနေသည်။ ဖန်းခါးသီးတွင် အရသာမျိုးစုံပါသကဲ့သို့ စိတ်တွင်လည်း စေတသိက်များစွာ ပါဝင်သည်။ ဖန်းခါးသီးတွင်ပါသော အရသာများနှင့် သရက်သီးတွင်ပါသောအရသာများ မတူညီကြသကဲ့သို့ စိတ်ထဲတွင်ပါဝင်နေသော စေတသိက်များလည်း မတူညီကြပေ။ စိတ်တစ်ခုနှင့် တစ်ခုတွင် စေတသိက်ဓာတ်အားသည် မညီညွတ်ပေ။

# စေတသိက်ပိုင်း

စေတသိက်ပိုင်း

| အကုသိုလ်စေတသိက် | အညသမာန်းစေတသိက် | သောဘဏစေတသိက် |
|---|---|---|

## အကုသိုလ်စေတသိက်

အကုသိုလ် --- (၁) အပြစ်ရှိ၏။
(၂) မကောင်းကျိုးကိုဖြစ်စေ၏။

စေတသိက် --- (၁) စိတ်နှင့်ယှဉ်၏။
(၂) စိတ်ကိုခြယ်လှယ်၏။
(၃) အာရုံကိုအထူးသိ၏။

## အညသမာန်းစေတသိက်

အည = အခြားစိတ်နှင့်

သမာန်း = တူညီသော

= အခြားစိတ်နှင့်တူညီသော၊ စိတ်နှင့်ယှဉ်သော၊ စိတ်ကိုခြယ်လှယ်သော၊ အာရုံကိုအထူးသိသော။

## သောဘဏစေတသိက်

သောဘဏ --- တင့်တယ်သော

စေတသိက် --- (၁) စိတ်နှင့်ယှဉ်
(၂) စိတ်ကိုခြယ်လှယ်
(၃) အာရုံကိုအထူးသိ၏။

လူတစ်ယောက်၏ခန္ဓာကိုယ်သည် ပန်းသီးထည့်ရန် ခြင်းနှင့်တူ၏။ ကိုယ်ထဲတွင်ရှိသော အမျိုးမျိုးသော စိတ်များသည် ပန်းသီးများဖြစ်၏။ စိတ်ထဲတွင် ရောပါနေသော စေတသိက်များသည်ကား ပန်းသီးထဲတွင် ရောပါနေသော အရသာများကဲ့သို့ဖြစ်၏။ ပန်းသီးတွင် ချို၊ ဆိမ့်၊ ဖန် စသော အရသာမျိုးစုံရှိသကဲ့သို့ စိတ်ထဲတွင်လည်း စေတသိက်မျိုးစုံ ပါဝင်သည်။

စေတသိက် ၅၂

| အကုသိုလ် | အညသမာန်း | သောဘဏစေတသိက် |
| --- | --- | --- |
| စေတသိက် ၁၄ | စေတသိက် ၁၃ | ၂၅ |

## အကုသိုလ်စေတသိက် ၁၄

| | | | |
| --- | --- | --- | --- |
| ၁။ | မောဟ | --- | ဖုံးလွှမ်းခြင်း၊ |
| ၂။ | အဟိရိက | --- | မရှက်ခြင်း၊ |
| ၃။ | အနောတ္တပ္ပ | --- | မကြောက်ခြင်း၊ |
| ၄။ | ဥဒ္ဓစ္စ | --- | ပြန့်လွင့်ခြင်း၊ |
| ၅။ | လောဘ | --- | လိုချင်၊ တပ်ငြိခြင်း၊ |
| ၆။ | ဒိဋ္ဌိ | --- | အမြင်မှားခြင်း၊ |
| ၇။ | မာန | --- | ထောင်လွှား၊ ပိုချင်၊ သာချင်၊ |
| ၈။ | ဒေါသ | --- | ကြမ်းတမ်းခြင်း၊ |
| ၉။ | ဣဿာ | --- | ငြူစူ၊ မနာလို၊ |
| ၁၀။ | မစ္ဆရိယ | --- | ဝန်တို၊ နှမြော၊ |
| ၁၁။ | ကုက္ကုစ္စ | --- | စိုးရိမ်ပူပန်၊ |
| ၁၂။ | ထိန | --- | စိတ်ထိုင်း၊ |
| ၁၃။ | မိဒ္ဓ | --- | စေတသိက်ထိုင်း၊ |
| ၁၄။ | ဝိစိကိစ္ဆာ | --- | ယုံမှား၊ မဆုံးဖြတ်နိုင်။ |

၁။ မောဟ

အရာဝတ္ထုတစ်ခုသည် အမှန်စင်စစ် တည်ရှိသော်လည်း မမြင်နိုင်၊ မသိနိုင်ခြင်းက ဖုံးလွှမ်းနေသော် မမြင်နိုင်ပေ။ ဥပမာ= ခဲတံတစ်ချောင်းကို အဝတ်တစ်ခုဖြင့် ဖုံးလွှမ်းထားပါက ခဲတံသည် အမှန်စင်စစ် တည်ရှိသော် လည်း မမြင်နိုင်တော့ပေ။ ထိုနည်းတူပင် စိတ်တွင်ကား မောဟရှိ၏။ စိတ်ကို ဖုံးလွှမ်း ထားခြင်းသည် မောဟဖြစ်၏။

ဥပမာ။ ။ မျက်စိ မှုန်သော သူတစ်ယောက်သည် စာရွက်ပေါ်မှ စာများကို မမြင်ရသော်လည်း မျက်မှန်တပ်ရမည်။ မျက်မှန်တပ်ပါက စာကိုမြင်ရပေ

မည်။ မျက်မှန်မတပ်ဘဲ အဝတ်တခုကို မျက်စေ့ပေါ်တွင် တင်လိုက်ပါက ပို၍ပင် မမြင်နိုင်တော့ချေ။ ထိုကဲ့သို့ပင် စိတ်သည် မျက်မှန်နှင့်တူသော အမောဟနှင့် ယှဉ်တွဲပါက ကောင်းမွန်ပေမည်။ အမောဟသည် ကောင်းသော၊ မွန်မြတ်သော စိတ်ဖြစ်စေရန်ကူညီ၏။ သို့မဟုတ်ဘဲ အဝတ်နှင့်တူသော မောဟစေတသိက်ယှဉ်တွဲပါက စိတ်သည် ညစ်နွမ်းသွားပေမည်။ ထို့ကြောင့် မောဟစေတသိက်သည် စိတ်ကို အနှောင့်အယှက်ပေးလေသည်။

၂။ အဟိရိက

မကောင်းသော အကုသိုလ်အမှုများကို ပြုရမည်မှ မရှက်ခြင်းသဘောသည် အဟိရိက စေတသိက်ဖြစ်၏။ အဟိရိကသည် ရွာဝက်နှင့် တူပါသည်။ ရွာဝက်သည် မကောင်းသော ရွံရှာဖွယ်ရာဖြစ်သည့် မစင်စားရသည်ကို မရှက်ပေ၊ မြိန်ရှက်စွာ စားသောက်ပေသည်။ ထိုနည်းတူပင် မကောင်းသော အကုသိုလ်ပြုရမည်ကို မရှက်ခြင်းသဘောသည် အဟိရိက စေတသိက်ပင်ဖြစ်သည်။

ယုတ်မာညစ်ညမ်းစွာ ဆဲရေးခြင်းသည် သဘာဝအားဖြင့် မကောင်းပေ၊ သို့သော် အဟိရိက စေတသိက်နှင့်ယှဉ်တွဲ၍လာသော် မရှက်တော့ပေ။ ယုတ်မာညစ်ညမ်းစွာ ဆဲရေးတော့၏။

မစင်ပေကျံခြင်းသည် သဘာဝအားဖြင့် ရှက်စရာကောင်း၏။ သို့ရာတွင် ရွာဝက်၏စိတ်ထဲ၌ မရှက်သည့်ပြင် ဂုဏ်ယူသေး၏။ ထို့ကြောင့် အဟိရိကစေတသိက် ဝင်လာသောသူလည်း ယုတ်မာညစ်ညမ်းစွာ ဆဲရေးရမည်ကို မရှက်သည့်ပြင် လူစွမ်းကောင်းဟူ၍ သဘောပိုက်ကာ ဂုဏ်ယူသေးသည်။

၃။ အနောတ္တပ္ပ

မကောင်းသော အလုပ်လုပ်ရမည်ကို မကြောက်ခြင်းသည် အနောတ္တပ္ပဖြစ်၏။ မကောင်းသော အလုပ်ကို ဇွတ်ဝင်လုပ်၏။ သို့ရာတွင် ခံနိုင်ရည်ကား မရှိကြပေ။ ဒုက္ခဖြစ်ကြရသည်။ အနောတ္တပ္ပ စေတသိက်က ဆွပေးသောကြောင့် ကိုစွမ်းရည်ဖြင့် မကောင်းသောအပြော၊ မကောင်းသော အလုပ်တို့ကို လုပ်နိုင်၏။ အနောတ္တပ္ပသည် ပိုးဖလံကောင်နှင့်တူ၏။ ပိုးဖလံကောင်သည် မီးထဲသို့ တိုးဝင်ရမည်ကို မကြောက်ပေ။

၄။ ဥဒ္ဓစ္စ

ဥဒ္ဓစ္စဝင်လာလျှင် စိတ်သည် ပြန့်လွင့်၏။ ခဲထိသော ပြာနှင့်တူသည်။ ခဲထိသောပြာသည် ပြန့်လွင့်သွားသည့်ပမာ စိတ်သည်လည်း ပြန့်လွင့်၏။ စာရေးနေစဉ် စိတ်သည် အိမ်သို့ရောက်သွား၏။ အိမ်သို့ မရောက်ခင် ကြားတွင်ရှိသောစိတ်သည် ဥဒ္ဓစ္စဖြစ်၏။ အိမ်သို့ရောက်လျှင် ထိုစိတ်သည် တနေရာတည်းတွင် အခြေစိုက်မိရကား ဥဒ္ဓစ္စမဖြစ်တော့ပေ။ ခဲထိသောပြာသည် ပြန့်လွင့်လျက်ရှိသော် ကောင်းကင်တွင် အမှုန့်ကလေးများ၊ မြူမှုန်ကလေးများနှင့် ပြည့်နှက်လျက်ရှိသောကြောင့် မှုန်မှိုင်းနေသကဲ့သို့ ဥဒ္ဓစ္စရှိလာလျှင်လည်း လူ၏စိတ်သည် မပြတ်သားပေ။ မတိကျ မရေရာတော့ပေ။

စိတ်များတွေဝေနေပါက မိမိတစ်ခါက စိတ်ဝင်စားခဲ့သော အလုပ်များကို စဉ်းစားခြင်း၊ လုပ်ကိုင်ပေးခြင်း စသောအလုပ်ကောင်းများကိုသာ လုပ်ကိုင်ရမည်။

ရဟန်းတော်များကိုကား ဥဒ္ဓစ္စဝင်လာသော် တရားအားထုတ်ရန် ဟောကြားသည်။ တရားအားထုတ်လျှင် ရုပ်နာမ်၏ဖြစ်ပျက်မှုကို ပြင်းထန်စွာ အားထုတ်ရ၏။ ဥဒ္ဓစ္စသည် ရုပ်နာမ်၏ဖြစ်ပျက်မှုကို ပြင်းထန်စွာ အားထုတ်နေသောစိတ်ထဲသို့မရောက်တော့ပေ။

ကောင်းကင်တွင် မိုးကြီးသည်းထန်စွာ ရွာပြီးနောက် မြူမှုန်များမရှိဘဲ ကင်းရှင်းနေသကဲ့သို့ ရုပ်နာမ်တရားတို့ကို ထင်မြင်အားထုတ်ပြီးပါက စိတ်ထဲတွင် ဥဒ္ဓစ္စမရှိဘဲ ကင်းရှင်းကြည်လင်နေပေမည်။ မြူမှုန်သည် ကောင်းကင်တွင် မကြည်လင်အောင် အနှောင့်အယှက်ပေးသကဲ့သို့ ဥဒ္ဓစ္စကလည်း စိတ်ကို မကြည်လင်အောင် နှောင့်ယှက်၏။

| | | |
|---|---|---|
| စိတ် | = | ကောင်းကင် |
| ဥဒ္ဓစ္စ | = | မြူမှုန့် |
| စိတ်ဝင်စားဖွယ်အလုပ် | = | မိုး |

အလုပ်မလုပ်ဘဲနေလျှင် ဥဒ္ဓစ္စဝင်လာပြီးအကုသိုလ်များ ပွားများလာမည်။ ဥဒ္ဓစ္စသည် အကုသိုလ်ကို ဖြစ်စေ၏၊ အပြစ်လည်းရှိ၏၊ မကောင်းကျိုးကိုလည်း ပေးသည်။ ထို့ကြောင့် ဥဒ္ဓစ္စဝင်မလာရန် ကောင်းသောစိတ်ဝင်စားဖွယ် လုပ်ငန်းများကို လုပ်ဆောင်ပေးရပေမည်။

၅။ လောဘ

လောဘသည်လိုချင်ခြင်း၊ ကပ်ငြိခြင်းဖြစ်၏။ လောဘ၏သဘော တရားသည် ကပ်နေအောင်၊ ငြိနေအောင်လိုချင်၏ လောဘငြိနေ၊ ကပ်နေသည်ကို သာမန်မျက်စေ့ဖြင့်ကြည့်၍မရပေ၊ လောဘငြိခြင်းသည် သာမာန်ပစ္စည်းများ ငြိနေသည်နှင့် မတူပေ၊ ဆွဲ၍၊ ဖြုတ်၍မရပေ။ ဥပမာ–အကျီနှင့် အစွန်းတခု ငြိတွယ်နေပါက လက်ဖြင့်ဖြုတ်၍ရ၏။ သို့မဟုတ်ပါက အစွန်းကို ဖျတ်ပစ်၍ရ၏။ သို့သော် စိတ်တွင်ရှိသော လောဘစေတသိက်နှင့် အရာဝတ္ထုတို့ ကပ်ငြိနေသော် ဖြုတ်၍မရပေ။ ကပ်ငြိနေကြောင်းကိုကား သာမာန်မျက်စေ့ဖြင့် မမြင်နိုင်ပေ။ လောဘစေတသိက်သည် အရာဝတ္ထုတစ်ခုကို ကပ်ငြိရာတွင် အရာဝတ္ထု၏ပိုင်ရှင်ကိုပင်လျှင် သတ်ဖြတ်သည်အထိ ကပ်ငြိသည်။

သူတစ်ပါးဥစ္စာကိုခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ လိမ်လည်ခြင်းတို့သည် သူတစ်ပါး၏ ဥစ္စာကို လိုချင်ကပ်ငြိသော လောဘစေတသိက် ပြင်းထန်သောကြောင့်ဖြစ်သည်။

ဥပမာ။ ။ ထန်းလျက်ခဲစိုစိုကို တစ်နေရာရာတွင် ချထားပါက ယင်ကောင်လာ ပေမည်။ ထိုယင်ကောင်ကို မောင်းထုတ်သော်လည်း ပြန်လာပေမည်။ ယင်ကောင်သည် ထန်းလျက်ခဲတွင် ကပ်ငြိနေသော လောဘစိတ်ကြောင့် ဝေးဝေးမသွားပေ။ လောဘစိတ်နှင့် ထန်းလျက်သည် ကပ်ငြိနေသော ကြောင့် တစ်ဖန်ပြန်လာ၏။ သို့ရာတွင် လောဘစိတ်သည် ကောင်းကျိုးမပေးပေ ယင်ကောင်သည် မောင်းထုတ်သော်လည်း အဖန်ဖန်ပြန်လာ၍ နောက်ဆုံးတွင် သတ်ပစ်ခြင်းကိုခံရမည်။ လောဘကြောင့် သေသွားရသည်။

လောဘသည် စိတ်ထဲတွင်ရှိ၏။ စိတ်ထဲတွင် ရောပါနေ၏။ အလွန်ပြင်းထန်သော စေတသိက်ဓာတ်အားတစ်ခုဖြစ်သည်။ မောင်နှင့်မယ် ကပ်ငြိသော လောဘသည် အလွန်ပြင်းထန်၏၊ ရိုင်းစိုင်း၏၊ ကြမ်းတမ်း၏။ လောဘတစ်ခုနှင့်တစ်ခု ကပ်ငြိနေသည်။ လောဘအလွန် ကပ်ငြိပါက နိမ့်ကျပျက်စီးနိုင်သည်။

ဥပမာ။ ။ မင်းကုသသည် လောဘ၏ ကပ်ငြိမှုကြောင့် အမြင့်ဆုံးရှင်ဘုရင်ဘဝမှ အနိမ့်ဆုံး အိုးလုပ်၊ ဖျာယက်သူ ကျွန်အဖြစ်သို့ ရောက်သွားရ၏။ ပဘာဝတီကို စွဲမက်သောလောဘ၏ကပ်ငြိမှုကြောင့် ဖြစ်သည်။ လောဘ၏ အရင်းခံသည် သမုဒယသစ္စာဖြစ်၏။

လူသတ္တဝါတို့သည် လောဘ၏အရင်းခံကြောင့် ပင်ပန်းမှုကို ခံနေကြရ၏။ လောဘနှစ်မျိုးရှိသည်။ သမလောဘနှင့်ဝိသမလောဘဖြစ်၏။ သမလောဘဟူသည်မှာ ညီညာမျှတသော လောဘဖြစ်၏။ ဝိသမလောဘဟူသည်မှာ မမျှတဘဲ အလွန်အမင်း လိုချင်သောလောဘဖြစ်သည်။ လွန်ကျူးစွာ လိုချင်သော လောဘစိတ်ကြောင့် လွန်ကျူးစွာပင် ဒုက္ခရောက်ပေမည်။ လောဘအားပြော့လျှင် ဒုက္ခအားလည်း ပြော့သည်။ လောဘပြင်းထန်ပါက ဒုက္ခအားလည်း ပြင်းထန်ပေမည်။

လောဘသည် မျောက်နဲ့စေးနှင့် တူ၏။ မျောက်နဲ့စေးသည် သားသတ်မုဆိုးများ မျောက်ထောင်ရာတွင် အသုံးပြုသော သစ်ပင်မှထွက်သည့် အလွန်စေးကပ်သော အစေးတမျိုးဖြစ်သည်။ မျောက်နဲ့စေးသည် မျောက်၏ ခြေနှစ်ဘက်၊ လက်နှစ်ဘက်၊ နှုတ်သီးဟူသော ပဥ္စငါးပါးစလုံးကို ကွေးနေအောင် ကပ်ထားနိုင်၏။ ထိုကဲ့သို့ပင် လောဘစိတ်သည်လည်း လောဘသားတို့ကို ထွေးနေအောင် ကပ်ထားနိုင်သည်။

ဓမ္မပဒအဋ္ဌကထာတွင်ပါရှိသော သေဋ္ဌေးသမီး သောတာပန်အကြောင်းကို ဥပမာပြပါအံ့။ ချမ်းသာကြွယ်ဝသော သေဋ္ဌေးသမီးပင်ဖြစ်လင့်ကစား သူမ၏ ကိုယ်ထဲတွင်ရှိသော လောဘက မုဆိုးကို ကွေးနေအောင်ကပ်သည်။ အလွန်ကြမ်းကြုတ်သော မုဆိုးသဘ္ဘးပင်ဖြစ်သော်လည်း သေဋ္ဌေးသမီး၏ စိတ်ထဲတွင်ရှိသော လောဘစေတသိက်က ပြင်းထန်စွာ ကပ်ငြိတွယ်ထားသဖြင့် မုဆိုးကြီးနောက်သို့ ကောက်ကောက်လိုက်သွား၏။ ဤသို့အားဖြင့် မုဆိုးနှင့် အကြောင်းပါပြီးနောက် သားခုနစ်ယောက်ရသည်။ တစ်နေ့သော အခါတွင် သားကောင်တို့ကို လိုက်၍ရှာရင်း မြတ်စွာဘုရားနှင့် သားငယ်တို့ တွေ့ကြသည်။ သားငယ်က မြတ်စွာဘုရားကို လေးဖြင့်ပစ်ရန် ရွယ်သည်။ ယင်း၏ အမြစ်မှားမှုကြောင့် လေးကိုင်သော လက်သည် ပြန်ချ၍ မရတော့ပေ။

သားလတ်၊ သားကြီးနှင့်ဖခင်သည် တစ်ယောက်ပြီး တစ်ယောက် သားငယ်တို့ရှိရာသို့ လိုက်ကြရာ မြတ်စွာဘုရားနှင့် တစ်ဖန်ပေ့ကြပြီး သားများနှင့် ဖခင်ကလည်း လေးဖြင့်ပစ်ရန်ရွယ်သည်။ လေးကိုင်သော လက်တို့သည် ပြန်ချ၍မရတော့ပေ။ မုဆိုး၏ဇနီး သေဋ္ဌေးသမီးသည်လည်း တစ်ဖန် လိုက်လာပြန်ရာ မြတ်စွာဘုရားနှင့် မုဆိုးသားအဖတို့ ဖြစ်ဟန်ကိုမြင်သော် သောတာပန်

ဖြစ်ပြီးသော သူဖြစ်သောကြောင့် ဘုရားရှင်မှန်းသိလျှင် မပြစ်မှားကြရန် အော်ပြီး ပြေးလာသည်။

ထိုအခါမှ မုဆိုး၏ဖနီးသည် မြတ်စွာဘုရားကို တောင်းပန်တိုးလျှိုး လေသည်။ မြတ်စွာဘုရားက လောဘသည် မကောင်းကြောင်း၊ လောဘသည် ပျက်စီးစေတတ်ကြောင်း၊ လောဘ၏အပြစ်တို့ကို ဟောကြားတော်မူသည်။ ထိုအခါတွင် မုဆိုးကြီးသားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်၊ တစ်ဆယ့်ငါး ယောက်စလုံးသည် မြတ်စွာဘုရား၏တရားစကားကို ကြားနာပြီး သောတာပန် ဖြစ်သွားလေသည်။

၆။ ဒိဋ္ဌိ

အမြင်မှားခြင်းဖြစ်သည်။ နားလည်လွယ်သောစကားလုံးနှင့် ရှင်းရ သော် ပြောင်းပြန်လည်ခြင်း ဖြစ်သည်။ ဒိဋ္ဌိစေတသိက်ရှိသောသူသည် အနောက်ကို အရှေ့ထင်၊ အရှေ့ကို အနောက်ထင်နေသော မျက်စိလည်သူနှင့် တူသည်။ ဓမ္မပဒအဋ္ဌကထာ၌ပါဝင်သော သေဌေးသမီး သောတာပန် အကြောင်းတွင် မုဆိုးသားအဖ တစ်ဆယ့်ငါးယောက်သည် ဒိဋ္ဌိစေတသိက် ဝင်နေကြသော သူများဖြစ်သည်။ ဒိဋ္ဌိစေတသိက် နှင့်ရောနေသော စိတ်ဓာတ် ပိုင်ရှင်တို့သည် အမှန်၊ အမှား မခွဲခြားနိုင်ကြတော့ပေ။

၇။ မာန

ထောင်လွှားခြင်းဖြစ်သည်။ ပို၍လိုချင်ခြင်းဖြစ်သည်။ မာနသည် လောဘနှင့် အမြဲရောနေ၏။ လောဘထဲတွင် ဒိဋ္ဌိ၊ မာနသည် အစဉ်ပါဝင် နေသည်။ လိုချင်ခြင်းသည် လောဘ၏စွမ်းရည်ဖြစ်ပြီး ပို၍လိုချင်ခြင်းသည် မာန၏စွမ်းရည်ဖြစ်သည်။

မာနသည် တံခွန်အလံနှင့်တူ၏။ တလွင့်လွင့် တလူလူဖြစ်နေသည်။ လောဘကို ပယ်ဖျောက်စေရန် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်နှင့် ခွာနိုင်သည်။ လောကုတ္တရာကုသိုလ်နှင့် ခွာပါက အပြီးတိုင် ကွာပေမည်။

၈။ ဒေါသ

ဒေါသစေတသိက်သည် ကြမ်းတမ်းခြင်းကို ဖြစ်စေရာ ကြမ်းတမ်း ခြင်းတွင်လည်း တက်ကြွသောအားဖြင့် ကြမ်းတမ်းခြင်း၊ ဆုတ်နစ်သော

အားဖြင့် ကြမ်းတမ်းခြင်းဟူ၍ နှစ်မျိုးရှိသည်။ စေတသိက်သည် စိတ်နှင့် အမြဲယှဉ်တွဲပြီး စိတ်ထဲတွင် ရောပါနေသဖြင့် ဒေါသက တက်ကြွလျှင် စိတ်လည်းတက်ကြွ၍ ဒေါသကဆုတ်နစ်လျှင် စိတ်လည်း ဆုတ်နစ်သည်။

ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းသည် ကြမ်းတမ်း၏။ ဆုတ်နစ်သော ကြမ်းတမ်းခြင်းဖြစ်သည်။ စိတ်ဆိုးခြင်းသည် တက်ကြွသော ကြမ်းတမ်းခြင်း ဖြစ်၏။ ဒေါသစေတသိက်ကြမ်းသော် စိတ်ကြမ်း၏။ ကိုယ်ထဲတွင်ရှိသော စိတ်ကြမ်းသော် ကိုယ်ကြမ်း၏။ ကိုယ်ကြမ်းခြင်းသည် အဖျားပိုင်းဖြစ်၏။ စိတ်ကြမ်းခြင်းသည် အလယ်ပိုင်းဖြစ်၏။ ဒေါသ ကြမ်းခြင်းသည်ကား အရင်း ပိုင်းဖြစ်၏။

ဥပမာ။ ။ လူတစ်ယောက်ကို သေနတ်နှင့်ပစ်ရာတွင် သေနတ်သည် လည်းကောင်း၊ ကျည်ဆံသည်လည်းကောင်း၊ ကြောက်စရာမဟုတ်ပေ။ စိတ်သည်လည်း ကြောက်ရွံ့စရာမကောင်းပေ။ တကယ်စင်စစ် ကြောက်ရွံ့စရာ ကောင်းသည် ကား ဒေါသသာလျှင်ဖြစ်သည်။

အလွန်ပင် ကြောက်စရာကောင်းသော အနုမြူဗုံးစသည့် လက်နက် ဆန်းကြီးများသည် အမှန်စင်စစ် ကြောက်စရာမကောင်းပေ။ ဒေါသသာလျှင် ကြောက်စရာဖြစ်၏။ ဒေါသဖြင့် ထိုလက်နက်ကြီးများကို မသုံးစွဲပါက လက်နက်ကြီးများသည် ကြောက်စရာမရှိတော့ပေ။ မိမိဒေါသကို ရှေးဦးစွာ ရုပ်သိမ်းပါက အခြားသူတို့လည်း ရုပ်သိမ်းပေမည်။ အခြားသူများက မရုပ် သိမ်းဘဲ မိမိကိုအပြစ်ပြုလာပါက ခံလိုက်ရမည်။ မျက်မှောက်အချိန်တွင် သေသည်ထိခံစားရသော်လည်း နောင်ဘဝများတွင် ကောင်းကျိုးကို ရရှိပေ မည်။

ထို့ကြောင့်ပင်လျှင် မိမိကိုယ်ထဲတွင် ဒေါသ မလာစေရန် ဒေါသ မပွားများစေရန် ရှေးဦးစွာ ဆောင်ရွက်ရမည်။ ထို့နောက် လက်လှမ်းမီရာ တို့ထံမှ ဒေါသ မလာစေရန် ဆောင်ရွက်ရမည်။ သူတော်ကောင်းတို့သည် အရင်းပိုင်းဖြစ်သော ဒေါသစေတသိက် မဝင်လာစေရန် ကျင့်ကြံအားထုတ် ကြသည်။

ဘူရိဒတ် ဇာတ်တော်တွင် ဘူရိဒတ် နဂါးမင်းကြီးသည် အလမ္ပာယ် အား သတ်ဖြတ်နိုင်သော်လည်း အနိုင်မယူဘဲ အလမ္ပာယ်၏ ရက်စက်စွာ

ညှဥ်းဆဲမှုကို ခံနေ၏။ ဘူရိဒတ်နဂါးမင်းသည် နိဗ္ဗာန်တည်းဟူသော အမြတ်ကိုသာလျှင် ရယူလိုသောကြောင့် လက်ငင်းခံစားရသော ဒုက္ခကို သည်းခံလျက်နေသည်။

တောင်ထိပ်တွင် ပျော်မွေ့စွာနေသည့် မြေခွေးနှင့် ခြင်္သေ့ညီနောင်တို့ အကြောင်းဖြစ်သော သိင်္ဂါလဇာတ်တွင် ဒေါသထွက်လာသော် အကျိုးအကြောင်းမမြင်နိုင်တော့ကြောင်း သတိမမူ ဂူမမြင်ကြောင်း ဖော်ပြထားပေသည်။

မြေခွေးသည် တောင်ထိပ်တွင်ရှိသော ဖန်ဂူဝတွင်နေသည်။ တောင်ခြေရင်းတွင် ကေသရာဇာခြင်္သေ့မင်းနေထိုင်သည် သမီးတကောင် သားခုနစ်ကောင်ရှိလေသည်။ ထောင်ထိပ်တွင်နေသော မြေခွေးက ခြင်္သေ့မယ်ကို ချစ်ကြိုက်စကားပြောရာ ခြင်္သေ့မလေးက အစ်ကိုတို့အား တိုင်သဖြင့် အစ်ကိုခြောက်ကောင်သည် တရှိန်ထိုးပင်လျှင် တောင်ထိပ်ဖန်ဂူဝသို့ တက်သွားသည်။ ခြင်္သေ့ ခြောက်ကောင်သည် ဒေါသအလွန်ပြင်းထန်ရကား သတိမမူမိတော့သဖြင့် ဖန်ဂူကိုမမြင်ဘဲ ဖန်ဂူအစွန်းက ရင်ဝကို ထိုးမိကာ သေကြေကြသည်။ ဤသို့ တကောင်ပြီးတကောင် ညီငယ်များ တောင်ထိပ်မှပြန်မလာသည်ကို တွေးဆသောအစ်ကိုကြီးဖြစ်သူ ခြင်္သေ့သည် ဒေါသရှေးမထားဘဲ တဖြည်းဖြည်း တောင်ပေါ်တို့တက်သွား၏။ သတိမူလျက် တက်သွားသောကြောင့် ဖန်ဂူကိုတွေ့လေသည်။ ထို့ကြောင့် သတိမမူသော ခြင်္သေ့တို့သည် ဂူကိုမမြင်ကြပေ။ သတိမူသော ခြင်္သေ့သည် ဂူကိုမြင်လေသည်။ ခြင်္သေ့ကြီးသည် ဂူဝမှနေ၍ ဟိန်းဟောက်ရာ ဖန်ဂူထဲတွင်ရှိသော မြေခွေးသည် ကြောက်လန့်တုန်လှုပ်၍ သေလေတော့သည်။

ဤသို့အားဖြင့် ဒေါသဝင်လာလျှင် ကောင်းမကောင်းကို မသိနိုင်တော့ဘဲ အကျိုးအကြောင်းကိုလည်း မမြင်နိုင်တော့ပေ။ ဒေါသနှင့်တွဲ၍ အမှောင်ဓါတ်၊ မောဟဓါတ်တို့ ပါလာသောကြောင့်ဖြစ်သည်။ အမှောင်ဓါတ်၊ မောဟဓါတ်ပါလာသည်ကို မိမိတို့ကိုယ်တိုင် ကာယကံရှင်များကမသိနိုင်ပေ။ ဒေါသနောက်တွင် မောဟတွဲလျက်ပါလာသည်။ ခြင်္သေ့ခြောက်ကောင်၏ ဒေါသသည် တက်ကြွသော ဒေါသဖြစ်၍ လက်ငင်းအကျိုးအားဖြင့် သေကြေ

ပျက်စီးရသည်။ မြေခွေး၏ဒေါသသည် ဆုတ်နစ်သော ဒေါသဖြစ်၍ လက်ငင်းပင်လျှင် သေရသည်။ တမလွန်ဘဝတွင်လည်း အပါယ်သို့လား ပေမည်။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်မှာ စပါး စိုက်ရခြင်းအတူတူတွင် မြက်ပင်ကနှောင့်ယှက်နေ၏။ မြက်ပင်ကမနှောင့်ယှက်လျှင် စပါးသည် သန်မာနိုင်၏။ ထိုကဲ့သို့ပင် အလုပ်လုပ်ရခြင်းအတူတူတွင် ဒေါသကအကျိုးစီးပွား မဖြစ်ထွန်းနိုင်အောင် နှောင့်ယှက်၏ဟု မိန့်ကြားတော်မူသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မစကြာ တရားနှင့် နှိုင်းယှဉ် သော် ဒေါသသည် အတ္တကိလမထာနုယောဂ(မိမိကိုယ်ကို မိမိညှဉ်းဆဲမှု) ပင်ဖြစ်သည်။

၉။ ဣဿာ

မနာလို ငြူစူ ခြင်းပင်ဖြစ်သည်။ ဣဿာသည် ဒေါသနှင့်တွဲဖက် လျက်ရှိသည်။ သေရိဝ ဝါဏိဇဇာတ်တွင် ပါရှိသော ဒေဝဒတ်အလောင်း ရွှဲကုန်သည်၏စိတ်ထဲတွင် ဣဿာစေတသိက် ကပ်လျက်ရှိသည်။ ဘုရားလောင်း ရွှဲကုန်သည်အား မနာလိုပေ၊ ငြူစူသည်။ မနာလို ငြူစူသော ဣဿာ စေတသိက်သည် ကောင်းကျိုးကို မပေးပေ၊ ဒေဝဒတ်အလောင်း ရွှဲကုန်သည် သည် ရင်ကွဲနာကျလျက် သေရသည်။

၁၀။ မစ္ဆရိယ

မစ္ဆရိယ စေတသိက်သည် ဝန်တိုခြင်း၊ နှမြောခြင်းပင် ဖြစ်ပေသည်။ မစ္ဆရိယသည်လည်း ဒေါသစေတသိက်နှင့်တွဲဖက်ပါဝင်သည်။

ဥပမာ။ ။ ရပ်ရွာထဲတွင် ကြွေးတောင်းရာမှ ရန်ဖြစ်ခြင်းလည်းရှိလေသည်။ ကြွေးပေးရမည်ကို နှမြောနေခြင်း၊ ဝန်တိုနေခြင်းကြောင့်ဖြစ်သည်။

မဏိကဏ္ဍဇာတ်တွင် နဂါးသည် မိမိ၏လည်ပင်းတွင် ဆွဲထားသော ပတ္တမြားကို ရသေ့ငယ်အား ပေးရမည်ကိုနှမြော ဝန်တိုသောကြောင့် နဂါးတွင် မစ္ဆရိယစေတသိက်ဝင်လာသည်။ ထိုမှ ဒေါသဖြစ်ပေါ်လာသည်။ အခါတပါး၌ ရသေ့ညီအစ်ကိုသည်ရှိရာ အစ်ကိုဖြစ်သူရသေ့သည် နေ့စဉ်ပင် သစ်သီးရှာထွက်ရသည်။ တခါသော် လည်ပင်းတွင် ပတ္တမြားဆွဲထားသော နဂါး တကောင်သည် ရသေ့တို့၏နေရာသို့ ရောက်လာသည်။ ရသေ့ငယ်ကို

အလွန်ချစ်မြတ်နိုးရကား နဂါးသည် ဖက်သိုင်းရစ်ပတ်ထား၏။ ရသေ့ငယ်သည်ကား နဂါးကို အလွန်ပင်ကြောက်ရွံ့သည်။ နေ့စဉ်ပင် နဂါးသည် ရသေ့ငယ်အား ရစ်ပတ်ထားသောကြောင့် ရသေ့ငယ်သည် ကြောက်စိတ်ပြင်းသဖြင့် မကြာမီ ပိန်ချုံးခြင်းအဖြစ်သို့ ရောက်လေသည်။ အစ်ကိုရသေ့က ညီငယ်အားမေးရာ အလုံးစုံကို ပြန်ပြော၍ သိရှိသော် ရသေ့ကြီးသည် ညီငယ်အား နဂါးထံမှ ပတ္တမြားလည်ဆွဲကို တောင်းယူပါဟု မှာကြားထားသည်။

ဤသို့အားဖြင့် နေ့စဉ်နဂါးလာတိုင်း ရသေ့ငယ်သည် ပတ္တမြားလည်ဆွဲကို တောင်းရာ နဂါးသည် လည်ဆွဲကို မပေးလိုသောကြောင့် ဝေးဝေးကပင်ပြန်သွား၏။ ထိုနောက် ရသေ့ငယ်သည် နဂါးအား မြင်စဉ်ကပင် လည်ဆွဲကိုတောင်းသော် နဂါးသည် မလာတော့ပေ။ နဂါးသည် သူ၏လည်ဆွဲကို ရသေ့အား ပေးရမည်ကို နှမြော၏၊ ဝန်တို၏။ နှမြောခြင်း ဝန်တိုခြင်း မစ္ဆရိယနောက်တွင် စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ မုန်းခြင်း၊ ဒေါသသည် ပါလာသည်။

### ၁၁။ ကုက္ကုစ္စ

ကုက္ကုစ္စသည် ပူပန်ခြင်းဖြစ်သည်။ မည်သည်ကို ပူပန်သနည်းဆိုသော် လုပ်ခဲ့မိသော မကောင်းမှုကို ပူပန်ခြင်း၊ မလုပ်ခဲ့သော ကောင်းမှုကို ပူပန်ခြင်းဖြစ်သည်။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် ဓမ္မစကြာနှင့် နှိုင်းယှဉ်သော် အတ္တကိလမထာနုယောဂဖြစ်သည်။

### ၁၂။ ၁၃။ ထိန၊ မိဒ္ဓ

ထိနနှင့်မိဒ္ဓသည် အတူတကွ ရောနေ၏။ ထိနနှင့် မိဒ္ဓသည် စေတသိက် များပင်ဖြစ်သော်လည်း ထိနသည် စိတ်ကိုထိုင်းစေ၏။ မိဒ္ဓသည် စေတသိက် ကို ထိုင်းစေ၏။ ထိနနှင့် မိဒ္ဓသည် အစဉ်အမြဲ တွဲလျက်ရှိ၏။

လောကတွင် ပညာအမျိုးမျိုး တိုးတက်ရန် အခွင့်အရေးများရှိ၏။ အခွင့်အရေးများရှိသော်လည်း လူတိုင်းမတိုးတက်ပေ။ ထိန၊ မိဒ္ဓရှိသူသည် မတိုးတက်နိုင်ပေ။ ထိန၊ မိဒ္ဓမရှိလျှင် တိုးတက်ထူးချွန်သည်။ ပညာကို မတိုးတက်စေနိုင်သည်မှာ ထိန၊ မိဒ္ဓ ကသာလျှင်မဟုတ်၊ လောဘ၊ ဒေါသတို့လည်း မတိုးတက်စေနိုင်ပေ။

၁၄။ ဝိစိကိစ္ဆာ

ဝိစိကိစ္ဆာ စေတသိက်သည် မဆုံးဖြတ်နိုင်ခြင်း၊ တွေးတောယုံမှားခြင်းဖြစ်သည်။ ဥပမာအားဖြင့် အမိအဘတို့အား သတ်ရ ကောင်းမလား၊ မသတ်ရကောင်းမလားဟု ဇဝေဇဝါ တွေးတော ယုံမှားနေခြင်းသည် ဝိစိကိစ္ဆာစေတသိက် ပင်ဖြစ်သည်။ သတ်မည်ဟု စိတ်ဆုံးဖြတ်ပါက ဒိဋ္ဌိဖြစ်၏။ မသတ်ဘူးဟု စိတ်ကိုဆုံးဖြတ်ပါက သမ္မာဒိဋ္ဌိဖြစ်၏။ ဉာဏ်နှင့်ယှဉ်တွဲသည်။

တစ်အသချေ်နှင့် ကမ္ဘာတစ်သိန်း၌ နောက်ဆုံးကမ္ဘာတွင် ရှင်မဟာမောဂ္ဂလာန်သည် ဒိဋ္ဌိစေတသိက်နှင့် ယှဉ်တွဲသောကြောင့် မိခင်ရင်းကိုပင် သတ်ခဲ့ဖူးပေသည်။ (ဓမ္မပဒ ဒု– ၁၀–ဒဏ္ဍဝဂ်။ )

ထို့အပြင် တစ်ခါက တက္ကသိုလ်ဆရာကြီး၏ မယ်တော်သည် ဆရာကြီး၏ တပည့်ငယ်ကို ချစ်ခင်ရကား ပေါင်းဖက်လိုသဖြင့် ဆရာကြီးကို သတ်ခိုင်း ၏။ ဆရာကြီး၏တပည့်သည် ကျေးဇူးရှင်ဆရာအား မသတ်ရဲကြောင်း၊ မသတ်လိုကြောင်းဖြင့် ဆရာကြီး၏မိခင်အား ပြန်ပြောသည်။ မိခင်သည် မိမိကိုယ်တိုင် သတ်မည်ဟု စိတ်ဆုံးဖြတ်သည်။ တပည့်ငယ်သည် ဆရာအား မယ်တော်က သတ်မည်ဖြစ်ကြောင်း ကြိုတင် သတိပေးထားသည်။ ညအခါ တွင် ဆရာကြီးသည် သဖန်းသား သစ်တုံးတစ်တုံးကို မိမိ၏အိပ်ရာထက်တွင် ထားပြီး စောင်ဖြင့်ဖုံးအုပ်ကာ အိပ်နေသော သူပမာ ထား၏။ မိခင်လည်း သားအားသတ်ရန်၊ ပုဆိန်တစ်လက်ကိုယူကာ ဆရာကြီး၏အခန်းထဲသို့ ဝင်လာ ၏။ မိခင်ကသားဟုထင်မှတ်ကာ ပုဆိန်ဖြင့် သစ်တုံးကို ခုတ်သည်။ ဆရာကြီး လည်း မယ်တော်ဟု အသိပြုကာ ပုန်းအောင်းနေသော နေရာမှ ထွက်လာသည်။ ဆရာကြီး၏မိခင်သည် သားအားရှက်ခြင်း၊ ကြောက်ခြင်း၊ ဒေါသထွက်ခြင်း တို့ဖြင့် ထူပူကာ တက်၍ သေဆုံးလေသည်။

မိခင်ရင်းပင်လျှင် သားဖြစ်သူအား ဒိဋ္ဌိဝင်လာလျှင် သတ်လေသည်။ ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး သတ်ကြဖြတ်ကြခြင်းကိုအရင်းစစ်ပါက စေတသိက်များ ဆိုးဝါးလှသောကြောင့် မကောင်းမှုများကို ပြုလုပ်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် မကောင်းသော စေတသိက်များကို ပယ်ဖျောက်ရမည်။ စေတသိက်အသီးသီးတို့သည် စိတ်ကို မိမိတို့လိုရာသို့ ဆွဲဆောင်နေသည်။

## အညသမာန်းစေတသိက်

| | | | |
|---|---|---|---|
| ၁။ | ဖဿ | = | တွေ့ထိခြင်း၊ |
| ၂။ | ဝေဒနာ | = | ခံစားခြင်း၊ |
| ၃။ | သညာ | = | မှတ်သားခြင်း၊ |
| ၄။ | စေတနာ | = | စေ့ဆော် (လှုံ့ဆော်) ခြင်း၊ |
| ၅။ | ဧကဂ္ဂတာ | = | တည်ငြိမ်ခြင်း၊ |
| ၆။ | ဇီဝိတိန္ဒြိယ | = | စောင့်ရှောက်ခြင်း၊ |
| ၇။ | မနသိကာရ | = | နှလုံးသွင်း (စိတ်ထဲသွင်း) ခြင်း၊ |
| ၈။ | ဝိတက် | = | ကြံစည်ခြင်း၊ |
| ၉။ | ဝိစာရ | = | သုံးသပ်ခြင်း၊ |
| ၁၀။ | ပီတိ | = | နှစ်သက်ခြင်း၊ |
| ၁၁။ | အဓိမောက္ခ | = | ဆုံးဖြတ်ခြင်း၊ |
| ၁၂။ | ဝီရိယ | = | ကြိုးစား (ထောက်ပံ့) ခြင်း၊ |
| ၁၃။ | ဆန္ဒ | = | လိုချင်ကာမျှဖြစ်ခြင်း၊ |

**၁။ ဖဿ**

ကျင်စက်သည် ကျင်စေတတ်၏။ စိတ်သည် အာရုံကိုသိတတ်၏။ ကျင်စက်နှင့် တွေ့ထိသော် ကျင်စေတတ်၏။ စိတ်သည်လည်း အာရုံနှင့်တွေ့သော် သိတတ်၏။ ထိုသို့ တွေ့ထိရန် ဖဿက ပြုလုပ်ပေးသည်။ အာရုံနှင့် စိတ် တွေ့ထိအောင် ဖဿက ခြယ်လှယ်လိုက်သည်။

**၂။ ဝေဒနာ**

ကျင်စက်နှင့်တွေ့သော် ထုံသောအရသာကို တွေ့ရ၏။ ထိုကဲ့သို့ပင် အာရုံနှင့် စိတ်တွေ့သော် ကောင်းခြင်း၊ မကောင်းခြင်းစသည် ခံစားမှုများ ပေါ်ပေါက်လာသည်။ ထိုသို့သော ခံစားမှုကို ဝေဒနာက ပြုလုပ်ပေးသ[illegible]

၃။ သညာ

ခဲတံ၊ စာရွက် စသော အရာဝတ္ထုများ၊ သက်ရှိသတ္တဝါများရှိကြောင်း ကိုသိရ၏။ ထိုသို့ သိသော စေတသိကသည်ကား သညာဖြစ်သည်။ သညာ သည်မှတ်စရာအားလုံးကို မှတ်သား၏။ အာရုံခံစားမှုကို မှတ်သားသည်။

၄။ စေတနာ

စေတနာ စေတသိကသည် အရေးကြီးဆုံးဖြစ်သည်။ စေတနာသည် စေ့ဆော်ခြင်းဖြစ်သည်။ ကျန်သောစေတသိကများ၊ စိတ်များအားလုံးကို စေ့ဆော်သည်။ စေတနာကို ဖယ်ထားလိုက်ပါက အားလုံးသော စေတသိကဘာဝ စေတသိကတို့သည် မိမိတို့ကိစ္စကို ဆောင်ရွက်ရမည် မဟုတ်ပေ။ စေတနာ ကြောင့် စေတသိကများ နိုးကြားနေကြရခြင်းဖြစ်သည်။

စေတနာက မကောင်းမှုကို စေ့ဆော်ပါက မကောင်းမှုကိုလုပ်၏။ ကောင်းမှုကို စေ့ဆော်ပါက ကောင်းမှုကို လုပ်၏။ ထို့ကြောင့် စေတနာသည် အရင်းကျဆုံးဖြစ်သည်။ ကောင်းသော စကားပြောခြင်းသည်လည်း ပါးစပ်မှ သာဖြစ်၏။ မကောင်းသော စကားကိုလည်း ပါးစပ်မှသာပြော၏။ စေတနာ က မကောင်းသော စကားကို စေ့ဆော်ပါက မကောင်းသော စကားကို ပြောပေ မည်။ ကောင်းသောစကားကို စေ့ဆော်ပါက ပါးစပ်မှ ကောင်းသော စကားကို ပြောဆိုပေမည်။

စေတနာသည် စစ်ဗိုလ်ချုပ်နှင့် တူသည်။ စစ်ဗိုလ်ချုပ်သည် ကောင်း သော ဆိုးသောအမိန့်များကို ပေးနိုင်သည်။ ကိုယ်တိုင်လည်း ကောင်းသော ဆိုးသောအမှုတို့ကို လုပ်ဆောင်နိုင်သည်။ စေတနာသည် ကောင်းသော ဆိုးသော အတွင်းကိစ္စတို့ကို လုပ်ကိုင်ရန် စေ့ဆော်ပေးနိုင်ပေသည်။

၅။ ဧကဂ္ဂတာ

စိတ်ကို တည်ငြိမ်စေသည်၊ ဧကဂ္ဂတာသည် တည်ငြိမ်ခြင်းဖြစ်သည်။ အာရုံပေါ်တွင် စိတ်ကိုတည်ငြိမ်အောင် ဧကဂ္ဂတာက ပြုလုပ်ဆောင်ရွက်ပေးသည်၊ မည်မျှပင်မြန်သော်လည်း တည်ငြိမ်သော သဘာဝရှိသည်။ ဥပမာ- အရာဝတ္ထုတစ်ခုကို အမြင့်ပေါ်သို့ မြှောက်တင်လိုက်သော် ထိုအရာဝတ္ထုသည် အားရှိသလောက် အမြင့်အကွာအဝေးတွင် တည်ငြိမ်ပြီး ပြန်ကျလာသည်။ အလွန်လျင်မြန်သောကြောင့် အမြင့်တွင်တည်ငြိမ်နေသည်ဟု မထင်ရပေ၊ အမှန်စင်စစ် အလွန်မြန်သောအချိန်ပိုင်းတွင် ခေတ္တတည်ငြိမ်ပြီးမှ ပြန်ကျလာသည်။

တဖန် လျင်မြန်စွာပြေးသွားနေသော မော်တော်ကားများကို ကြည့်လျင် မော်တော်ကားဘီးသည် မျက်စိရှေ့တွင် လျင်မြန်စွာ အဟုန်ပြင်းစွာဖြင့် ပြေးသွားနေသော်လည်း ဘီး၏ ခေတ္တ တည်ငြိမ်မှုသည်ရှိသည်။ ဘီးလိမ့်ခြင်း တပတ်ရလျှင် တည်ငြိမ်မှုရှိ၏။ အလွန်လျင်မြန်သဖြင့် မထင်ရှားသော်လည်း ဘီးရာကိုကြည့်လျှင် သိနိုင်သည်။ ဘီးရာသည်တည်ငြိမ်မှု မရှိလျှင် ထပ်ခါထပ်ခါ ရောထွေးနေပေမည်။ တည်ငြိမ်မှု ရှိသောကြောင့်သာ ဘီးရာများကို ထင်ရှားပြတ်သားစွာ မြင်တွေ့ရခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ပင် စိတ်သည်လည်း မည်ကဲ့သို့ပင် လျင်မြန်စွာဖြစ်သော်လည်း တည်ငြိမ်ချက်ရှိသေးသည်။ တည်ငြိမ်မှုကို ဧကဂ္ဂတာကပြုလုပ်ပေးသည်။

တစ်ခုခုသော အာရုံတွင် စိတ်သည်ထပ်ကာထပ်ကာ တည်ငြိမ်လာသော် ဧကဂ္ဂတာသည် အားကောင်းလာသည်၊ ထိုအခါ စိတ်သည်လည်း အားရှိလာသည်၊ အားရှိသောစိတ်နှင့် ဆောင်ရွက်ပါက အမှုကိစ္စတို့သည် ပြီးစီးနိုင်သည်။

၆။ ဇီဝိတိန္ဒြိယ

ဇီဝိတိန္ဒြိယစေတသိက်သည် စောင့်ရှောက်ခြင်းကို ပြုလုပ်သည်။ ထိုစေတသိက်နှင့် အတူဖြစ်ဖက်စိတ်၊ စေတသိက်များကို ကစင့်ကလျား မဖြစ်စေရန် စောင့်ရှောက်ထားသည်။ ဥပမာအားဖြင့် ရုံးတစ်ရုံးတွင် အရာရှိ အသီးသီးရှိကြသည်။ အချိန်တူစွာ ရုံးတက်ကြသည်။ တစ်စုတစ်ဝေးတည်း အလုပ်လုပ်ကြသော ထိုအရာရှိ အသီးသီးတို့ကို ထိန်းသိမ်းသောသူသည် ရှိသည်။ ဇီဝိတိန္ဒြိယသည် ထိုထိန်းသောသူနှင့် တူသည်။

၇။ မနသိကာရ

မနသိကာရသည် နှလုံးသွင်းပေးသည်။ အာရုံကို စိတ်ထဲသို့ ဝင်သွားအောင် မနသိကာရက ပြုလုပ်ပေးသည်။ စိတ်ကို ပေါခါးဖွင့်ပေးသည်။ လူရိပ်ကို ဓာတ်ရိုက်ကိရိယာထဲသို့ ရောက်သွားစေရန် အလင်းရောင်က ဖွင့်ပေးသကဲ့သို့ အာရုံကို စိတ်ထဲသို့ ရောက်အောင် မနသိကာရက တံခါးဖွင့်ပေးသည်။

ကောင်းစွာ သွင်းခြင်းသည် အယောနိသော မနသိကာရဖြစ် သည်။ ယောနိသောမနသိကာရသည် ကောင်းသောနှလုံးသွင်းခြင်းဖြစ်၍ အယောနိသော မနသိကာရသည် မကောင်းသော နှလုံးသွင်းခြင်းဖြစ်သည်။

ကောင်းသော နှလုံးသွင်းခြင်းဖြင့် ကောင်းသောစိတ်ဖြစ်ပေါ်၍ မကောင်းသော နှလုံးသွင်းခြင်းဖြင့် မကောင်းသောစိတ် ပေါ်ထွက်လာသည်။ ထို့ကြောင့်မနသိကာရသည်လည်း အရေးကြီးလှပေသည်။

၈။ ဝိတက်

ဝိတက်သည် ကြံစည်ခြင်း၊ ပို့ပေးခြင်းဖြစ်သည်။ ဝိတက်စေတသိက်သည် စိတ်ကိုအာရုံရှိရာသို့ ပို့ဆောင်ပေးသည်။ အာရုံသည် နေရာအနှံ့အပြားတွင် ရှိပါသည်။ အဝေးအနီး နေရာအနှံ့အပြားတွင်ရှိသော အာရုံရှိရာသို့ စိတ်ကို ပို့ဆောင်ပေးသော အင်အားဓာတ်သည် ဝိတက်စေတသိက်ပင်ဖြစ်သည်။

ဥပမာ။ ။ ပိတုန်းသည် မိမိနေရာအသိုက်မှ ပန်းချုံထဲသို့တိုက်ရိုက်ပျံ့သွားသည်နှင့်တူသည်။ အသိုက်ထဲမှ ပိတုန်းသည် ပန်းချုံသို့ ပျံသွားသကဲ့သို့ စိတ်ထဲမှ စေတသိက်သည်လည်း စိတ်ကိုအာရုံရှိရာသို့ ပို့ပေးလိုက်သည်။

မီးပုံးပျံကို ကောင်းကင်မြင့်သို့ ရောက်သွားစေရန် မှိုင်းက ပို့ဆောင်ပေးသည်။ မှိုင်းသည် မီးပုံးထဲတွင်ပင်ရှိသည်။ ထိုကဲသို့ပင် စိတ်ထဲတွင်ရှိသော ဝိတက်စေတသိက်က စိတ်ကိုအဝေးသို့ ရောက်အောင် ပို့ဆောင်ပေးသည်။

## ၉။ ဝိစာရ

ဝိစာရသည် သုံးသပ်ခြင်းဖြစ်သည်။ အာရုံအပေါ်၌ စိတ်ကိုသုံးသပ်စေသည်။ ပိတုန်းသည် ပန်းပွင့်ပေါ်တွင် မည်သည့်ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရွေးချယ်သုံးသပ်၍ ရစ်ဝဲနေသကဲ့သို့ အာရုံပေါ်၌ရစ်ဝဲ၍ စိတ်ကိုသုံးသပ်စေသော သဘောတရားသည် ဝိစာရစေတသိက်ဖြစ်သည်။

စိတ်သည် အာရုံကိုမြင်ရာတွင်လက်ဖျစ်တတွက်မက မြန်နေသည်။ အာရုံကို သုံးသပ်နေခြင်းဖြစ်သည်။ လက်ဖြစ်တတွက်တွင် စိတ်ပေါင်း ကုဋေတသိန်းဖြစ်သည်။ ထိုစိတ်ပေါင်း ကုဋေတသိန်းတွင် ပုထုဇဉ်တို့အတွက် မူကား ကာမစိတ်(၄၅) ဖြစ်ပေါ်နေသည်။ မဟာကြိယာစိတ် ၈-ပါးနှင့် ဟသိတုပ္ပါဒ် စိတ်တို့သည် ဘုရားရဟန္တာများတွင်သာ ဖြစ်ပေါ်သည်။

## ၁၀။ ပီတိ

ပီတိစေတသိက်သည် နှစ်သက်ခြင်းဖြစ်သည်။ စိတ်သည် အာရုံကို နှစ်သက်ခြင်း သဘောတရားသည် ပီတိစေတသိက်ဖြစ်သည်။ စိတ်သည် ကောင်းသောအာရုံကို နှစ်သက်ခြင်း၊ မကောင်းသောအာရုံကိုနှစ်သက်ခြင်းဟူ၍ ရှိနိုင်သည်။

ပိတုန်းသည် ပန်းပွင့်ကိုတွေ့သော် နှစ်သက်သွားသကဲ့သို့အာရုံပေါ်၌ စိတ်ကိုနှစ်သက်စေသော သဘောတရားသည် ပီတိဖြစ်သည်။

## ၁၁။ အဓိမောက္ခ

အဓိမောက္ခသည် ဆုံးဖြတ်ပေးပါသည်။ ကောင်းသည်ကိုလည်း ဆုံးဖြတ်ပေးသည်၊ မကောင်းသည်ကိုလည်း ဆုံးဖြတ်ပေးသည်။

အဓိမောက္ခသည် (ဣန္ဒခိလဟုခေါ်သော) တံခါးခုံနှင့်တူသည်။ တံခါးခုံ၊ သို့မဟုတ် တံခါးငုတ်တို့သည် ရွာတွင်း ရွာပြင်ခွဲခြားမှုကို လည်း

၆။ ဇီဝိတိန္ဒြိယ

ဇီဝိတိန္ဒြိယစေတသိက်သည် စောင့်ရှောက်ခြင်းကို ပြုလုပ်သည်။ ထိုစေတသိက်နှင့် အတူဖြစ်ဖက်စိတ်၊ စေတသိက်များကို ကစင့်ကလျား မဖြစ်စေရန် စောင့်ရှောက်ထားသည်။ ဥပမာအားဖြင့် ရုံးတစ်ရုံးတွင် အရာရှိ အသီးသီးရှိကြသည်။ အချိန်တူစွာ ရုံးတက်ကြသည်။ တစ်စုတစ်ဝေးတည်း အလုပ်လုပ်ကြသော ထိုအရာရှိ အသီးသီးတို့ကို ထိန်းသိမ်းသောသူသည် ရှိသည်။ ဇီဝိတိန္ဒြိယသည် ထိုထိန်းသောသူနှင့် တူသည်။

၇။ မနသိကာရ

မနသိကာရသည် နှလုံးသွင်းပေးသည်။ အာရုံကို စိတ်ထဲသို့ ဝင်သွားအောင် မနသိကာရက ပြုလုပ်ပေးသည်။ စိတ်ကို တံခါးဖွင့်ပေးသည်။ လူရိပ်ကို ဓာတ်ရိုက်ကိရိယာထဲသို့ ရောက်သွားစေရန် အလင်းရောင်က ဖွင့်ပေးသကဲ့သို့ အာရုံကို စိတ်ထဲသို့ ရောက်အောင် မနသိကာရက တံခါးဖွင့်ပေးသည်။

ကောင်းစွာ သွင်းခြင်းသည် အယောနိသော မနသိကာရဖြစ် သည်။ ယောနိသောမနသိကာရသည် ကောင်းသောနှလုံးသွင်းခြင်းဖြစ်၍ အယောနိသော မနသိကာရသည် မကောင်းသော နှလုံးသွင်းခြင်းဖြစ်သည်။

ကောင်းသော နှလုံးသွင်းခြင်းဖြင့် ကောင်းသောစိတ်ဖြစ်ပေါ်၍ မကောင်းသော နှလုံးသွင်းခြင်းဖြင့် မကောင်းသောစိတ် ပေါ်ထွက်လာသည်။ ထို့ကြောင့်မနသိကာရသည်လည်း အရေးကြီးလှပေသည်။

၈။ ဝိတက်

ဝိတက်သည် ကြံစည်ခြင်း၊ ပို့ပေးခြင်းဖြစ်သည်။ ဝိတက်စေတသိက်သည် စိတ်ကိုအာရုံရှိရာသို့ ပို့ဆောင်ပေးသည်။ အာရုံသည် နေရာအနှံ့အပြားတွင် ရှိပါသည်။ အဝေးအနီး နေရာအနှံ့အပြားတွင်ရှိသော အာရုံရှိရာသို့ စိတ်ကို ပို့ဆောင်ပေးသော အင်အားဓာတ်သည် ဝိတက်စေတသိက်ပင်ဖြစ်သည်။

ဥပမာ။ ။ ပိတုန်းသည် မိမိနေရာအသိုက်မှ ပန်းချုံထဲသို့တိုက်ရိုက် ပျံ့သွားသည်နှင့်တူသည်။ အသိုက်ထဲမှ ပိတုန်းသည် ပန်းချုံသို့ ပျံသွားသကဲ့ သို့ စိတ်ထဲမှ စေတသိက်သည်လည်း စိတ်ကိုအာရုံရှိရာသို့ ပို့ပေးလိုက်သည်။

မီးပုံးပျံကို ကောင်းကင်မြင့်သို့ ရောက်သွားစေရန် မှိုင်းက ပို့ဆောင် ပေးသည်။ မှိုင်းသည် မီးပုံးထဲတွင်ပင်ရှိသည်။ ထိုကဲ့သို့ပင် စိတ်ထဲတွင်ရှိသော ဝိတက်စေတသိက်က စိတ်ကိုအဝေးသို့ ရောက်အောင် ပို့ဆောင်ပေးသည်။

## ၉။ ဝိစာရ

ဝိစာရသည် သုံးသပ်ခြင်းဖြစ်သည်။ အာရုံအပေါ်၌ စိတ်ကိုသုံးသပ် စေသည်။ ပိတုန်းသည် ပန်းပွင့်ပေါ်တွင် မည်သည့်ဝတ်ရည်ကို သုံးစွဲရမည် နည်းဟု ရွေးချယ်သုံးသပ်၍ ရစ်ဝဲနေသကဲ့သို့ အာရုံပေါ်၌ရစ်ဝဲ၍ စိတ်ကို သုံးသပ်စေသော သဘောတရားသည် ဝိစာရစေတသိက်ဖြစ်သည်။

စိတ်သည် အာရုံကိုမြင်ရာတွင်လက်ဖျစ်တတွက်မက မြန်နေသည်။ အာရုံကို သုံးသပ်နေခြင်းဖြစ်သည်။ လက်ဖြစ်တတွက်တွင် စိတ်ပေါင်း ကုဋေ တသိန်းဖြစ်သည်။ ထိုစိတ်ပေါင်း ကုဋေတသိန်းတွင် ပုထုဇဉ်တို့အတွက် မှုကား ကာမစိတ်(၄၅) ဖြစ်ပေါ်နေသည်။ မဟာကြိယာစိတ် ၈-ပါးနှင့် ဟသိတုပ္ပါဒ် စိတ်တို့သည် ဘုရားရဟန္တာများတွင်သာ ဖြစ်ပေါ်သည်။

## ၁၀။ ပီတိ

ပီတိစေတသိက်သည် နှစ်သက်ခြင်းဖြစ်သည်။ စိတ်သည် အာရုံကို နှစ်သက်ခြင်း သဘောတရားသည် ပီတိစေတသိက်ဖြစ်သည်။ စိတ်သည် ကောင်းသောအာရုံကို နှစ်သက်ခြင်း၊ မကောင်းသောအာရုံကိုနှစ်သက်ခြင်းဟူ ၍ ရှိနိုင်သည်။

ပိတုန်းသည် ပန်ပွင့်ကိုတွေ့သော် နှစ်သက်သွားသကဲ့သို့ အာရုံပေါ်၌ စိတ်ကိုနှစ်သက်စေသော သဘောတရားသည် ပီတိဖြစ်သည်။

## ၁၁။ အဓိမောက္ခ

အဓိမောက္ခသည် ဆုံးဖြတ်ပေးပါသည်။ ကောင်းသည်ကိုလည်း ဆုံး ဖြတ်ပေးသည်၊ မကောင်းသည်ကိုလည်း ဆုံးဖြတ်ပေးသည်။

အဓိမောက္ခသည် (ဣန္ဒခီလဟုခေါ်သော) တံခါးခုံနှင့်တူသည်။ တံခါးခုံ၊ သို့မဟုတ် တံခါးငုတ်တို့သည် ရွာတွင်း ရွာပြင်ခွဲခြားမှုကို လည်း

ကောင်း၊ တံခါးလွန်မသွားစေရန် အတွင်းအပြင် ခွဲခြားမှုကိုလည်းကောင်း ဆုံးဖြတ်သည်။ တနည်းအားဖြင့် အဓိမောက္ခကို တရားသူကြီးနှင့် နှိုင်းယှဉ်နိုင်သည်။အဓိမောက္ခစေတသိက်သည် မကောင်းသည်တို ကောင်းသည်ဟုလည်းကောင်း၊ ကောင်းသည်ကို မကောင်းသည်ဟု လည်းကောင်း၊ သို့တည်းမဟုတ် ကောင်းသည်ကို ကောင်းသည်ဟုလည်းကောင်း၊ မကောင်းသည်ကို မကောင်းသည်ဟုလည်းကောင်း ဆုံးဖြတ်ပေးနိုင်သည်။

လူတယောက် ထိုင်နေသည်ကို တဘက်မှလူက လူဆိုးဟု ဆုံးဖြတ်ပြီး တဘက်မှလူက လူကောင်းဟု ဆုံးဖြတ်ပေမည်။ မနသိကာရစေတသိက်နှင့်လည်း တွေး၍ရသည်။ တဘက်မှလူက အယောနိသောမနသိကာရဟူသည့် မကောင်းသော နှလုံးသွင်းခြင်းဖြင့် ကြည့်သည်။ တဘက်မှလူက ယောနိသောမနသိကာရဟူသည့် ကောင်းသော နှလုံးသွင်းခြင်းဖြင့် ကြည့်သည်။

၁၂။ ဝီရိယ

ဝီရိယစေတသိက်၏ သဘောသည် ကြိုးစားခြင်း၊ ထောက်ပံ့ခြင်း၊ ခိုင်မြဲခြင်းကို ဖြစ်စေသည်။ ဝီရိယသည် စိတ်ကိုခိုင်မြဲစေရန် ထောက်ပံ့သည်။ ဥပမာ= စစ်တိုက်ရာတွင် တဘက်ရန်သူက အင်အားများ ပြင်းထန်သောကြောင့် ခံစစ်ဆင်သူမှာ နောက်သို့ပြန်ဆုတ်ချင်၏။ သို့ရာတွင် နောက်က စစ်ကူတပ်က ဆုတ်ခွင့်မပေးဘဲ အတင်းတောင့်ခံစေသည်။ ထို့အတူပင် စိတ်သည် နောက်သို့ ဆုတ်ခွာချင်သော်လည်း ဆုတ်ခွင့်မပေးဘဲ တောင့်တင်း ကြိုးစားနေစေရန် ထောင်ပံ့ခြင်းသည် ဝီရိယစေတသိက်ဖြစ်သည်။

ဝီရိယစေတသိက်သည် ကောင်းသည့်ဘက်သို့ လည်းကောင်း၊ မကောင်းသည့်ဘက်သို့ လည်းကောင်း၊ စိတ်ကို ထောက်ပံ့သည်။ ကောင်းသည့်ဘက်တွင် ထောက်ပံ့ခြင်းသည် သမ္မာဝါယာမဖြစ်သည်၊ မကောင်းသည့်ဘက်တွင် ထောက်ပံ့ခြင်းသည် မိစ္ဆာဝါယာမဖြစ်သည်၊ ဒေါသထဲတွင် မိစ္ဆာဝါယာမ ပါဝင်သည်။

ဥပမာ။ ။ ခါချဉ်ကောင်ဖြစ်စေ၊ ပျားကောင်ဖြစ်စေ ကိုက်သော် ဆွဲဖယ်လိုက်ပါက ထိုအကောင်ငယ်ကလေးများသည် ခါးပြတ်ကျန်ခဲ့သည်။ ဒေါသကြောင့် မကောင်းသောကြိုးစားမှု ထောက်ပံ့မှုဖြစ်သည်။

၁၃။ ဆန္ဒ

စိတ်ကအာရုံတခုခုကို လိုချင်ကာမျှဖြစ်ခြင်းသည် ဆန္ဒဖြစ်သည်။ ဆန္ဒနှင့်လောဘသည် ကွာခြားသည်၊ ဆန္ဒသည် လက်ဝါးဖြင့် တောင်းခံခြင်းမျိုးဖြစ်သည်။ လောဘသည် စိတ်ထဲက မလွတ်နိုင်အောင် လိုချင်ခြင်းမျိုးဖြစ်သည်။

ဥပမာ။ ။ခဲတံကို ကောက်ခြင်းသည် ဆန္ဒဖြစ်၍ စိန်လက်စွပ်ကို ကောက်ခြင်းသည် လောဘဖြစ်သည်။

စက္ကူနှစ်ရွက်ကို ရေဖြင့်တွယ်ခြင်းမျိုးသည် ဆန္ဒတွယ်ခြင်းမျိုးဖြစ်သည်။ ရေဖြင့်သာလျှင် တွယ်ကပ်ထားသော စက္ကူနှစ်ရွက်သည် ရေခြောက်သွားသော် ကွာသွားနိုင်သည်။ ထို့အတူပင် ဆန္ဒအနည်းငယ်သာလျှင် ရှိပါက စိတ်နှင့်အာရုံသည် ကွာသွားနိုင်သည်။

စက္ကူနှစ်ရွက်ကို ကော်ဖြင့်ကပ်ခြင်းမျိုးသည် လောဘတွယ်ခြင်းမျိုးဖြစ်သည်။ ကော်သည် စက္ကူနှစ်ရွက်ကို မကွာနိုင်အောင် ကပ်ထား၏။ ထိုကဲ့သို့ပင် လောဘသည် စိတ်နှင့်အာရုံကို မခွာနိုင်အောင် ကပ်ထားသည်။

## သောဘဏစေတသိက် ၂၅

### သောဘဏသာဓာရဏစေတသိက် (၁၉)ပါး

| | | | |
|---|---|---|---|
| ၁။ | သဒ္ဓါ | = | ယုံကြည်ခြင်း၊ |
| ၂။ | သတိ | = | မမေ့ခြင်း၊ |
| ၃။ | ဟိရီ | = | ရှက်ခြင်း၊ |
| ၄။ | ဩတ္တပ္ပ | = | ကြောက်ခြင်း၊ |
| ၅။ | အလောဘ | = | မလိုချင် (ပေးချင်) ခြင်း၊ |
| ၆။ | အဒေါသ | = | မကြမ်းတမ်း (ခင်မင်) ခြင်း၊ |
| ၇။ | တတြမဇ္ဈတ္တတာ | = | လျစ်လျူရှု (အလယ်အလတ်ရှု) ခြင်း၊ |
| ၈။ | ကာယ ပဿဒ္ဓိ | = | စေတသိက်အပေါင်း အေးချမ်းခြင်း၊ |
| ၉။ | စိတ္တပဿဒ္ဓိ | = | စိတ်အေးချမ်းခြင်း၊ |
| ၁၀။ | ကာယ လဟုတာ | = | စေတသိက်အပေါင်း နူးညံ့ခြင်း၊ |

| | | | |
|---|---|---|---|
| ၁၁။ | စိတ္တလဟုတာ | = | စိတ်ပေ့ါပါးခြင်း၊ |
| ၁၂။ | ကာယ မုဒုတာ | = | စေတသိက်အပေါင်းနူးညံ့ခြင်း၊ |
| ၁၃။ | စိတ္တ မုဒုတာ | = | စိတ်နူးညံ့ခြင်း၊ |
| ၁၄။ | ကာယ ကမ္မညတာ | = | စေတသိက်အပေါင်းနိုင်ခံ့ခြင်း၊ |
| ၁၅။ | စိတ္တ ကမ္မညတာ | = | စိတ်နိုင်ခံ့ခြင်း၊ |
| ၁၆။ | ကာယပါဂုညတာ | = | စေတသိက်အပေါင်း ကျွမ်းကျင်ခြင်း၊ |
| ၁၇။ | စိတ္တ ပါဂုညတာ | = | စိတ်ကျွမ်းကျင်ခြင်း၊ |
| ၁၈။ | ကာယုဇုကတာ | = | စေတသိက်အပေါင်း ဖြောင့်တန်းခြင်း၊ |
| ၁၉။ | စိတ္တုဇုကတာ | = | စိတ်ဖြောင့်တန်းခြင်း၊ |

၁။ သဒ္ဓါ

သဒ္ဓါသည် ယုံကြည်ခြင်း ဖြစ်သည်။ အရာဝတ္ထုကိုသော် လည်းကောင်း၊ လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း ယုံပါက ထိုသူ့အပေါ်၌ စိတ်သည် ကြည်သွားပေသည်။ မယုံပါက မကြည်ပေ။ လူတဦးတယောက်သည် အကျင့်သိက္ခာကောင်းသောကြောင့် ထိုသူကို ယုံ၏။ ထိုသူကို ယုံသဖြင့် ထိုသူအပေါ်၌လည်း စိတ်သည် ကြည်နေသည်။

သဒ္ဓါစေတသိက် ဝင်လာလျှင် စိတ်သည်ကြည်လင်သွားသည်။ သဒ္ဓါသည် စကြာမင်းသုံးသော ပတ္တမြားနှင့်တူသည်။ စကြာမင်းသုံးသော ပတ္တမြားသည် ဖယထိစ္ဆိတပတ္တမြားဖြစ်သည်။ အလိုရှိတိုင်း ပြည့်စုံသော ပတ္တမြားဖြစ်သည်။ မနောမယပတ္တမြားဟုလည်း ခေါ်နိုင်ပေသည်။

စကြာမင်းကြီးသည် အင်္ဂါဘိဏီ ရဲရွေတပ်တို့နှင့် ခရီးထွက်ရာ ချောင်းငယ်တခုကို ဖြတ်သန်းသွားပြီး စခန်းချနားနေသည်။ ချောင်းငယ်သည် အင်္ဂါဘိဏီ ရဲရွေတပ်များ ဖြတ်ကျော်သွားသဖြင့် နောက်ကျိကာ ရွှံ့ခဲများ အသွင်ရှိပေသည်။ စခန်းချနားနေသော ရဲရွေတော်တို့သည် ရေသောက်ရန် ရေရှာကြရာ ထိုချောင်းငယ်မှတပါး အခြားချောင်းကန်တို့ကို မတွေ့ကြပေ၊ ထိုချောင်းသည်လည်း ရွှံ့ရေတို့ဖြင့်သာ ပြည့်သောကြောင့် ရေအတွက် အခက်အခဲတွေ့နေကြပေသည်။

ထိုအခါ စကြာမင်းကြီး၏ အလုပ်အကျွေးဖြစ်သော ရံရွှေတော် တယောက်က စကြာမင်းကြီးထံမှ ပတ္တမြားကို တောင်းယူကာ ထိုချောင်းငယ်တွင် နှစ်လိုက်သည်။ ချောင်းငယ်တွင်းမှ ရွှံ့ရေတို့သည် မိုးရေကဲ့သို့ ကြည်လင် အေးမြသွားပေသည်။

ဤကဲ့သို့အားဖြင့် စကြာမင်း၏ပတ္တမြားရတနာသည် တခဏခြင်းပင် အလွန်နောက်ကျိသော ရေကို ကြည်စေနိုင်သကဲ့သို့ သဒ္ဓါစေတသိက်ဝင်လာလျှင် စိတ်သည်လည်း ကြည်လင်သွားသည်။

## ၂။ သတိ

သတိစေတသိက်သည် မမေ့ခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် စိတ်ထဲတွင် အမြဲမရှိပေ။ ယုံကြည်ခြင်းရှိသည်ဟု သတိထားမှသာ ပေါ်ပေါက်လာသည်။

ဓမ္မစကြာတွင် သမ္မာသတိ၊ ဗောဇ္ဈင်တွင် သတိသမ္ဗောဇ္ဈင်၊ သတိပဋ္ဌာန်ပါရှိလေသည်။

တဦးတယောက်အား မမေ့ခြင်း၊ လွမ်းဆွတ်ခြင်းသည် သတိမဟုတ်ပေ၊ သောကသာလျှင် ဖြစ်ပေသည်။ မိမိဆောင်ရွက် လုပ်ကိုင်နေသော အချက်တို့ကို မမေ့ခြင်းသည်သာ သတိဖြစ်သည်။ အမှန်တည်ရှိနေသည်ကို မမေ့ခြင်းသည် သတိဖြစ်သည်။

## ၃။ ဟိရီ

ဟိရီစေတသိက်သည် ကိုယ်၊ နှုတ် နှလုံးတို့ဖြင့် မကောင်းမှုလုပ်ဆောင်ရမည်ကို ရှက်ခြင်းဖြစ်သည်။ ဥပမာ–ယုတ်မာညစ်ညမ်းစွာ ဆဲရေးခြင်းကို ဆကျွန်ုပ်တို့သည် မပြုဝံ့ကြပေ၊ အဘယ်ကြောင့်ဆိုသော် မိမိ၏ ဂုဏ်သိက္ခာကို ထောက်ရှု၍ ဆဲရေးခြင်းသည် "ကိုယ်နှင့်မတန်ဘူး" ဟု ယူဆကာ မလုပ်ချင်ဘဲ ရွံခြင်း၊ ရှက်ခြင်းဖြစ်သည်။

အဘိဓမ္မာ သဘောအားဖြင့် လူပုဂ္ဂိုလ်ရှက်ခြင်းသည် အဖျားပိုင်းဖြစ်၏၊ စိတ်က ရှက်ခြင်းသည် အလယ်ပိုင်းဖြစ်သည်၊ ဟိရီစေတသိက်ရှက်ခြင်းသည်ကား အရင်းပိုင်းဖြစ်လေသည်။

၄။ ဩတ္တပ္ပ

ကိုယ်နှုတ်နှလုံးတို့ဖြင့် မကောင်းမှုပြုလုပ်ရမည်ကို ကြောက်ခြင်းသည် ဩတ္တပ္ပစေတသိက်ပင်ဖြစ်သည်။ ဟိရီ ရှက်စိတ်သည် မိမိဘက်သို့လှည့်၍ တွေးပါက ဖြစ်ပေါ်၏။ မိမိကိုယ်ကို အာရုံပြု၍ မကောင်းမှုကို မလုပ်ရဲခြင်းသည် ဟိရီဖြစ်၏။ ပတ်ဝန်းကျင်ကို အာရုံပြု၍ မကောင်းမှုကို မလုပ်ရဲခြင်းသည် ဩတ္တပ္ပစေတသိက်ဖြစ်သည်။

ဟိရီဩတ္တပ္ပ စေတသိက်နှစ်ပါးကို လောကပါလ တရားနှစ်ပါးဟု ခေါ်ပါသည်။ ထိုတရားနှစ်ပါးက လောကကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ထိုတရားနှစ်ပါးသာလျှင် မထိန်းသိမ်းသော် လူတို့သည်လည်း တိရစ္ဆာန်များနှင့်သာ တူပေမည်။ ထိုတရားနှစ်ပါးကို တနည်းအားဖြင့် ကမ္ဘာခြံစည်းရိုးတရားဟု ခေါ်နိုင်သည်။

၅။ အလောဘ

လောဘ၊ ဒေါသ၊ မောဟသည်လည်းကောင်း၊ အလောဘ၊ အဒေါသ၊ အမောဟ သည်လည်းကောင်း စိတ်စေတသိက်ထဲမှ ရေသောက်မြစ်များဖြစ်သည်။ စိတ်၏ ရေသောက်မြစ်ဖြစ်သည်။

သစ်ပင်၏ ရေသောက်မြစ်သည် ရေကို သောက်၍ ပင်စည်သို့ ပို့ပေး၏၊ အပင်တည်မြဲအောင် ခိုင်မြဲအောင် လုပ်ပေး၏။ ထိုသို့ပင် လောဘ၊ ဒေါသ၊ မောဟတို့သည်လည်း စည်ကားအောင်၊ ပွားများအောင်၊ တည်မြဲအောင် •လုပ်ပေးသည်။ အလောဘသည်လည်း စည်ကားအောင် လုပ်ပေးသည်။

လောဘ စည်ကားလာလျှင် ခိုးချင်လာပေမည်။ အလောဘစည်ကား ပွားများ၍ အမြစ်ခိုင်လာလျှင်ကား ပေးကမ်းချင်လာပေမည်။ အလောဘ စေတသိက်သည် မလိုချင်ခြင်း၊ ပေးချင်ခြင်းဖြစ်သည်။

ဥပမာ။ ။ မင်္ဂလဘုရားအလောင်းတော်သည် အလောဘစေတသိက် စည်ကား သောကြောင့် သားတော်ကိုပင် ဘီးလူးအား ပေးလှူခဲ့ဖူးလေသည်။ မင်္ဂလဘုရားအလောင်းတော်သည် ဝင်္ကဘာတောင်သို့ တောထွက်၍ ပါရမီဖြည့်ချိန်၌ ဘုရား အလောင်းနှင့်အတူ သားတယောက်ပါ၏။ ထိုသားငယ်၏ မယ်တော်

သည် သစ်သီးရှာသွားနေခိုက်တွင် ရက်စက် ကြမ်းကြုတ်သော ဘီလူးကြီးသည် ဘုရားလောင်းထံသို့ အလျှလာခံ၏။ ဘုရားလောင်း၏ သားကို စားချင်သော ကြောင့် အလှူခံ၏။ မင်္ဂလဘုရားအလောင်းသည် အလောဘ ရေသောက်မြစ် စည်ကား နိုင်ခဲ့သောကြောင့် သားတော်ကို ဘီလူးကြီးအား တရိုတသေ ပေးလှူ လိုက်လေသည်။ ဆာလောင်မွတ်သိပ်သော ဘီးလူးသည်လည်း ခလေးငယ် အား ဘုရားလောင်း၏ရှေ့တွင်ပင် စားသောက်လေသည်။ ဘီလူး၏ပါးစပ်မှ သွေးစိမ်းတို့သည် စီးယိုကျ၏။ ထိုအခြင်းအရာကို မြင်ရသော အလောင်းတော် သည် အလွန်အမင်း ဝမ်းမြောက်လေသည်။

အလောင်းတော်၏ သည်းအူဝုန်လှိုက် ဝမ်းသာမှုကြောင့် ကမ္ဘာ မြေကြီးသည် သွက်သွက်ခါ တုန်လှုပ်လေသည်။ ထိုနောက်မှ "ငါသည် ဘုရားဖြစ်ခဲ့လျှင် ရောင်ခြည် ထွက်ပါစေသတည်း" ဟု ဆုတောင်း၏။ ထိုဆုတောင်းချက်ကြောင့်ပင် မင်္ဂလဘုရား၏ ကိုယ်တော်မှ အနှစ်ရှစ်သောင်း တိုင်တိုင် နေ့ညမပြတ် အမြဲ ရောင်ခြည် ထွက်နေ၏။ ကိုယ်ရောင်တော်သည် နက္ခတ်ကြယ်တို့ကိုပင် ပယ်ဖျောက်ကာ အမြဲ ထွန်းလင်း တောက်ပလျက်ရှိ သည်။

ဤသည်ကား အရင်းစစ်ပါက အလောဘ အမြစ် စည်ကားသော ကြောင့် ရရှိသော အကျိုးဖြစ်သည်။

၆။ အဒေါသ

အဒေါသ စေတသိက်သည် မကြမ်းတမ်းခြင်း၊ ခင်မင်ခြင်းဖြစ်သည်။ အလွန်ကြီးကျယ်သော ဓာတ်ဖြစ်သည်။ မေတ္တာဓာတ်ဖြစ်၏။ ဒေါသသည် ကြမ်းတမ်း၏။ လူတဦးတယောက်ကို နှောင့်ယှက်၏။ သို့ရာတွင် အဒေါသ သည် မကြမ်းတမ်းပေ၊ ခင်မင်စိတ်ရှိ၏၊ တဦးနှင့်တဦး မေတ္တာစိတ်ရှိစေသည်။ ထို့ကြောင့် အဒေါသ စေတသိက် ရှင်သန်စေရန် မေတ္တာရှုပွားများရမည်။

မေတ္တာရှုပုံ

၁။ မိမိ ကိုယ်တိုင် ချမ်းသာရန် ပွားရမည်။

၂။ မိမိနှင့် ခင်မင်သူများ ချမ်းသာရန် ပွားရမည်။

၃။ မိမိနှင့်ချစ်ခြင်း မုန်းခြင်းမရှိ အလယ်အလတ်လူများ ချမ်းသာရန် ပွားများရမည်။
၄။ မိမိမုန်းနေသော ရန်သူများ ချမ်းသာရန် ပွားများရမည်။

ဆောင်ပုဒ်- မိမိ ချစ်သူ၊ အလတ်သူ၊ ရန်သူ နောက်ဆုံးထား။
မေတ္တာရေကြည်၊ သွန်းရမည်၊ မိန့်ပြီ ကျမ်းစကား။

## မေတ္တာအကျိုး ၁၁-ပါး

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ ယုတ်မာသော အိပ်မက်များကို မမြင်မက်ခြင်း၊
၄။ လူအများ၏ ချစ်ခင်မှုကို ခံရခြင်း၊
၅။ နတ်များ၏ချစ်ခင်မှုကို ခံရခြင်း၊
၆။ နတ်များက စောင့်ရှောက်ခြင်း၊
၇။ မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးမှ ကင်းလွတ်ခြင်း၊
၈။ စိတ်၏တည်ငြိမ်ခြင်း၊
၉။ မျက်နှာကြည်လင်ခြင်း၊
၁၀။ ချမ်းသာစွာ သေရခြင်း၊ (မတွေမဝေသေရခြင်း)
၁၁။ ဗြဟ္မာပြည်သို့ လားရခြင်း၊

လက်နက်အား၊ မီးဓာတ်အားများကို မေတ္တာဓာတ်နှင့် ဖြေဖျောက်ရမည်။ မေတ္တာအားပြော့လျှင် လက်နက်အားက နိုင်ပေမည်။ လက်နက်အားက နိုင်၍ သေရသော်လည်း မေတ္တာဓာတ် အားကြောင့် ယခုထက် ကောင်းသော ဘဝသို့ ရောက်နိုင်ပါသည်။

## မေတ္တာကုသိုလ်နှင့် ဒါနကုသိုလ်နှိုင်းယှဉ်ချက်

မိုးပြဲဒယ်အိုး အလုံးတစ်ရာနှင့် ကောင်းမြတ်သော စားသောက်ဖွယ်များကို အပြည့်ချက်၍လှူသော ဒါနကုသိုလ်၊ နွားနို့တညှစ်၊ နံ့သာတရှူ အချိန်မျှလောက် မေတ္တာဘာဝနာ ပွားများရသော ထိုကုသိုလ်နှစ်မျိုးကို နှိုင်းယှဉ်ပါက

မိုးပြဲဒယ်အိုး အလုံးတရာနှင့် လှူသော ဒါနကုသိုလ်ထက် နွားနို့တညှစ် နံ့သာတရှူအချိန်မျှ ပွားများသော မေတ္တာကုသိုလ်က အလွန်ပို၍ အကျိုးကြီးသည်။ အကျိုးများစွာ ရနိုင်သည်။

ထို့ကြောင့် အဒေါသ ရင့်သန်ပါက သတ္တဝါများကို ကယ်တင်ချင်လာသည်၊ မေတ္တာရှိသည်၊ ခင်မင်လာ၏။ ထိုမေတ္တာ ဓာတ်ကြောင့်ပင်သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်သွားနိုင်သည်။

## ၇။ တတြမဇ္ဈတ္တတာ

ထိုထိုသော အာရုံ၊ ထိုထိုသော ကိစ္စတို့၌ အလျော့အတင်း၊ ချစ်ခြင်း၊ မုန်းခြင်း မရှိဘဲ ကိစ္စကိုသာ ပဓာနထား၍ အလယ်အလတ်ရှုခြင်းဖြစ်၏။ ထိုစေတသိက် ဝင်လာလျှင် ချစ်ခြင်း မုန်းခြင်းမရှိဘဲ ကိစ္စကိုသာ အဓိကထားနိုင်သည်။

အခါတပါး၌ ကောသလမင်းသည် သာကီဝင်ပုဂ္ဂိုလ်တို့အား သတ်ဖြတ်ရန် ကြံစည် ချီတက်လာသည်ကို မြတ်စွာဘုရားသည် သိ၏။ ကောသလမင်းအား တားမြစ်ရန် မြတ်စွာဘုရားသည် သာကီဝင်မင်း၏ တိုင်းပြည်ဘက်မှာ ပေါက်ရောက်သော အရိပ်ကျဲသည့် သရက်ပင်အောက်တွင် စံနေ၏။ ကောသလပြည်နှင့် နီးစပ်နေသည့် ကောသလတိုင်းတွင် ရှိသော အရိပ်အာဝါသ ကောင်းသည့် သရက်ပင်တွင်ကား မနေပေ။

ကောသလမင်းသည် စစ်သည်အများနှင့် ချီတက်လာရာ မြတ်စွာဘုရားသည် သာကီဝင်တို့၏ တိုင်းပြည်ဘက်က သရက်ပင်တွင် စံနေကြောင်း မြင်တွေ့သော် အကြောင်းကိုလည်းသိ၊ ကြည်ညိုရင်းလည်း ရှိသောကြောင့် သာကီဝင်ပြည်ဘက်သို့ ဆက်လက် မချီတက်တော့ဘဲ၊ ပြန်သွားသည်။

လအနည်းငယ်ကြာသော် ကောသလမင်းသည် တဖန်ချီတက်လာပြန်၏။ မြတ်စွာဘုရားလည်း ရှေးနည်းအတူ တားမြစ်ရန် သရက်ပင်ရင်း၌ စံနေ၏။ ကောသလမင်းလည်း ပြန်သွားလေသည်။ လအနည်းငယ် ကြာပြန်သော် ကောသလမင်းသည် ချီတက်ခဲ့ပြန်သည်။

ဤအကြိမ်ကား မြတ်စွာဘုရားသည် သရက်ပင်ရင်း၌ လာရောက်မစံမြန်းတော့ပေ။ “သာကီဝင်ပုဂ္ဂိုလ်တို့သည် ရှေးက ပြုခဲ့သော ကံအကြောင်း

တရားအတိုင်းသာ ဖြစ်သည်။ မိမိယခု တားမြစ်သော်လည်း နောင်လည်း ကံအကြောင်းဆက် မကင်းပါက အသတ်ခံကြရမည်"ဟု တွေးတောဆင်ခြင်ကာ အလယ်အလတ် ရှုနေလိုက်ခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် ကောသလမင်းကိုလည်း အမျက်မထား၊ ဒေါသ မပွားပေ။ သာကီဝင်မင်းမျိုးနွယ်တို့အား သနားကရုဏာ ရှိသော်လည်း နှစ်ကြိမ်မှ သုံးကြိမ်ထိ မငဲ့ကွက်တော့ပေ။ ကံတရားကို မလွန်ဆန်နိုင်သောကြောင့် မြတ်စွာဘုရားသည် တတြမဇ္ဈတ္တတာဟူသော အလယ်အလတ် ရှုနေခြင်းပင် ဖြစ်သည်။

တတြမဇ္ဈတ္တတာ စိတ်သည် ပုဂ္ဂိုလ်ချင်း ဆက်ဆံရာတွင် အသုံးပြုရမည်။ ပုဂ္ဂိုလ်တဦးတယောက်ကို အထူးခင်မင်သော်လောဘဖြစ်သွားပြီး၊ မုန်းတီးနေသော် ဒေါသဖြစ်သည်။ တတြမဇ္ဈတ္တတာသည် မုန်းတီးသည်လည်း မဟုတ်၊ ချစ်ခင်သည်လည်းမဟုတ်၊ အလယ်အလတ် ရှုခြင်းသာဖြစ်သည်။

အဘိဓမ္မာက တတြမဇ္ဈတ္တတာဟု ခေါ်၍ ဓမ္မစကြာက မဇ္ဈိမပဋိပဒါဟု ခေါ်သည်။ လူတို့နေ့စဉ် ပြောဆိုကြစည် လုပ်ကိုင်ရာတွင် နေရာတိုင်း၌ မဇ္ဈိမ ပဋိပဒါလမ်းရှိသည်။ မုန့်စားသည့် နေရာတွင်လည်းရှိ၏။ ဆွေးနွေးသည့် နေရာတွင်လည်းရှိသည်။ သဘောကျလွန်းပါက ကာမသုခလ္လိကာနုယောဂလမ်းသို့ ကျရောက်၍ သဘောမကျလွန်းပါက အတ္တကိလမထာနုယောဂလမ်းသို့ ကျရောက်သည်။

လူအမျိုးမျိုးတို့၏ ခရီးအရောက်ဆုံးတွင် တတြမဇ္ဈတ္တတာသည် ခရီးအရောက်ဆုံးဖြစ်သည်။ တတြမဇ္ဈတ္တတာ စေတသိက်သည် စိတ်ထဲတွင်ရှိသောကြောင့် စိတ်ကိုအထူးဂရုစိုက်သင့်သည်။ တတြမဇ္ဈတ္တတာသည် ပရမာအနုမြူလောက်ပင် မကြီးတော့ပေ။ ဓာတ်သဘာဝ တခုသာ ဖြစ်သည်။ အလွန်သေးငယ် နူးညံ့သိမ်မွေ့သောကြောင့် ခရီးရောက်သည်။

အနုမြူဗုံးသည် အလွန် ကြောက်စရာကောင်းသည်။ သို့ရာတွင် အနုမြူဗုံးသည် သာ၍ကြောက်စရာ ကောင်းသော ဒေါသ၏ အစေခံမျှသာ ဖြစ်သည်။ လူ၏ ဒေါသဖြစ်လာမှသာ အနုမြူသည်လည်း ကြောက်စရာ ကောင်းပါသည်။ ထို့ကြောင့် ဒေါသဖြစ်မလာစေရန် တတြမဇ္ဈတ္တတာကို နှလုံးသွင်းရမည်။ တတြမဇ္ဈတ္တတာသည်ကား အားကိုးစရာစင်စစ်ဖြစ်ပါသည်။

### ၈၊ ၉။ ကာယပဿဒ္ဓိနှင့် စိတ္တပဿဒ္ဓိ

ကာယပဿဒ္ဓိ စေတသိက် ဝင်လာလျှင် ၄င်းနှင့် တွဲဖက်ဖြစ်သော စေတသိက်များ အားလုံး အေးချမ်းပါသည်၊ ကာယပဿဒ္ဓိ စေတသိက်သည် စေတသိက်အပေါင်းအေးချမ်းခြင်းဖြစ်သည်။ စိတ္တပဿဒ္ဓိ စေတသိက် ဝင်လာလျှင် စိတ်သည် အေးချမ်းသည်။

ကောင်းစွာ စာရေးနေချိန်တွင် ပုလိပ်ဖမ်းမည်ကို မကြောက်ရပါ၊ အေးချမ်းရသည်၊ စိတ္တပဿဒ္ဓိ စေတသိက် ဝင်နေသည်။ သူတပါးပစ္စည်းကို ခိုးယူနေချိန် စိတ်ပူနေရသည်၊ စိတ်၏ အေးချမ်းခြင်းကိုမရပါ။ အဘယ်ကြောင့်ဆိုသော် စိတ္တပဿဒ္ဓိ စေတသိက် ဝင်မလာသောကြောင့် ဖြစ်သည်။ စိတ္တပဿဒ္ဓိ စေတသိက် ဝင်မလာလျှင် ကာယပဿဒ္ဓိ စေတသိက်လည်း ဝင်မလာနိုင်ပေ။ စိတ္တပဿဒ္ဓိနှင့် ကာယပဿဒ္ဓိသည် တွဲဖက်နေသည်။ တခုမလာလျှင် တခုလည်း မလာတော့ပေ။

### ၁၀၊ ၁၁။ ကာယလဟုတာနှင့် စိတ္တလဟုတာ

စေတသိက်အပေါင်း ပေါ့ပါးခြင်းသည် ကာယလဟုတာ ဖြစ်သည်။ စိတ်ပေါ့ပါးခြင်းသည် စိတ္တလဟုတာဖြစ်သည်။ စေတသိက် အပေါင်း ပေါ့ပါးစေရန် ကာယလဟုတာ စေတသိက်က ဆောင်ရွက်ပေးပြီး စိတ်ပေါ့ပါးစေရန် စိတ္တလဟုတာစေတသိက်က ဆောင်ရွက်ပေးသည်။ ကောင်းသောကိစ္စကို ဆောင်ရွက်နိုင်ခြင်းသည် ပေါ့ပါးခြင်းဖြစ်သည်။ ကောင်းသော ကိစ္စကို မဆောင်ရွက်ခြင်းသည် လေးခြင်းဖြစ်သည်။

စာရေးဖြင်း၊ စာသင်ခြင်းနှင့် အစားအသောက် စားခြင်းကို နှိုင်းယှဉ်ရာတွင် စာသင်ခြင်း၊ ပညာလေ့လာခြင်းတွင် ကာယလဟုတာ၊ စိတ္တလဟုတာ စေတသိက်ပါဝင်၏။ နောင်အခါတွင် အကျိုး သက်ရောက်နိုင် ၏။ အဆင့်အတန်း မြင့်မားနိုင်သည်။ အစာ စားသောက်ခြင်းတွင် ကာယလဟုတာ မပါဝင်ချေ။

၁၂၊ ၁၃။ ကာယမုဒုတာနှင့် စိတ္တမုဒုတာ

ကာယမုဒုတာ စေတသိက်သည် စေတသိက်အပေါင်းကို နူးညံ့စေသည်။ စိတ္တမုဒုတာ စေတသိက်သည် စိတ်ကို နူးညံ့စေသည်။ နူးညံ့သည်ဆိုသည်မှာ ပျက်စီးရာ ပျက်စီးကြောင်းကို မလုပ်ခြင်းဖြစ်၏။ အသက်သေကြေပျက်စီးစေရန်လည်းကောင်း၊ ပစ္စည်းဥစ္စာ ပျက်စီးစေရန်လည်းကောင်း ပြုလုပ်ခြင်းသည် ကြမ်းတမ်းခြင်းဖြစ်သည်။

စာပေ သင်ကြားခြင်းသည် သူတပါးကို မပျက်စီးနိုင်ပေ။ မိမိကိုယ်ကိုလည်း မပျက်စီးစေနိုင်ပေ။ ထို့ကြောင့် နူးညံ့သည်။ ကာယမုဒုတာ စေတသိက်နှင့် စိတ္တမုဒုတာ စေတသိက်ဝင်နေသည်။

စိတ်အား နူးညံ့ခြင်းသည် စိတ္တမုဒုတာစေတသိက် ဝင်လာသောကြောင့် ဖြစ်သည်။ အကျိုးဖြစ်စေသော အကြောင်းကိစ္စတခုခုကို လက်သီးလက်မောင်းတန်းကာ စိတ်ပါဝင်စားစွာ ပြောနေခြင်းသည်လည်း စိတ္တမုဒုတာ စေတသိက်ကြောင့်ပင်ဖြစ်သည်။ သူတပါးကို နှောင့်ယှက်သည့် လုပ်ငန်းမဟုတ်ပေ။

၁၄၊ ၁၅။ ကာယကမ္မညတာနှင့် စိတ္တကမ္မညတာ

စေတသိက်အပေါင်း ခိုင်ခံ့ခြင်းသည် ကာယကမ္မညတာ၏ စွမ်းရည်ကြောင့်ဖြစ်၍၊ စိတ်ခိုင်ခံ့ခြင်းသည် စိတ္တကမ္မညတာ၏ စွမ်းရည်ကြောင့်ဖြစ်သည်။ အကျိုးရှိရာရှိကြောင်း ဆောင်ရွက် လုပ်ကိုင်ရာတွင် စိတ်နှင့်စေတသိက်အပေါင်း ခိုင်ခံ့စေရန်အတွက် စိတ္တကမ္မညတာနှင့် ကာယကမ္မညတာက ဆောင်ရွက်ပေးသည်။ ကာယကမ္မညတာစေတသိက် အားနည်းလျှင် အကျိုးရှိသော အလုပ်တခုကိုပင် ပြီးဆုံးအောင် မလုပ် ပေး။ တဝက်တပျက်နှင့် ပြီးဆုံးထားတတ်၏။ စာပေသင်ကြား ရာတွင်ပင် မပြီးဆုံးကြပေ။

၁၆၊ ၁၇။ ကာယပါဂုညတာနှင့် စိတ္တပါဂုညတာ

စေတသိက်အပေါင်း ကျွမ်းကျင်ခြင်းသည် ကာယပါဂုညတာဖြစ်၍ စိတ်ကျွမ်းကျင်ခြင်းသည် စိတ္တပါဂုညတာဖြစ်သည်။ စိတ်သည်

ကောင်းသောအလုပ်လုပ်ရာတွင် ကျွမ်းကျင်နေ၏။ ဥပုသ်စောင့်တတ်ခြင်းသည် ကာယ စိတ္တပါဂုညတာစေတသိက် ပါဝင်နေသောကြောင့်ဖြစ်၏။ စေတသိက်ဓာတ်အားများလေ ပို၍ကျွမ်းကျင်လေဖြစ်၏။ ဆွမ်းလောင်းရာတွင်ပင် လောင်းတတ်သည် မလောင်းတတ်သည်ရှိ၏။ လောင်းတတ်ခြင်းသည် ကာယပါဂုညတာစေတသိက် ပါဝင်သောကြောင့် ဖြစ်သည်။

အကျိုးရှိရာရှိကြောင်း အလုပ်လုပ်ကိုင်ရာတွင် လူတိုင်း မလုပ်နိုင်ပေ။ လူတိုင်း မလုပ်ကိုင်တတ်ပေ။ ကာယပါဂုညတာ စေတသိက် စိတ္တပါဂုညတာ စေတသိက် ရှိမှသာလျှင် လုပ်ကိုင်နိုင်သည်။ ကျွမ်းကျင်သည်။ ထိုစေတသိက်များသည် လူတိုင်းတွင် မရှိ။ အများအားဖြင့် လူများမှာ လောဘ၊ ဒေါသဟူသော မကောင်းသည့် အကုသိုလ်ဘက်သို့ သာ လိုက်လိုကြပါသည်။

၁၈၊ ၁၉။ ကာယုဇုကတာနှင့် စိတ္တုဇုကတာ

ကာယုဇုကတာသည် ကာယ+ဥဇုကတာဖြစ်၍ စိတ္တုဇုကတာသည် စိတ္တ+ဥဇုကတာပင်ဖြစ်သည်။ ကာယုဇုကတာသည် စေတသိက်အပေါင်း ဖြောင့်တန်းခြင်းဖြစ်သည်။ စိတ္တုဇုကတာသည် စိတ်ဖြောင့်ခြင်းဖြစ်သည်။ စိတ်ထား ဖြောင့်မတ်စေရန် ကာယုဇုကတာ စေတသိက်နှင့် စိတ္တုဇုကတာ စေတသိက်က ဆောင်ရွက်နေသည်။ ထိုစေတသိက်နှစ်ခု ဝင်မလာပါက စိတ်ထား မဖြောင့်တော့ပေ။ ကောင်းသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်စေနိုင်သော လမ်းကောင်းကို လုပ်ခြင်းသည်သာလျှင် ဖြောင့်မတ်ခြင်းဖြစ်၏။ စိတ်ဖြောင့်တိုင်း ထိုစေတသိက်နှစ်ခုသည် ဝင်လာသည်။

## ဝိရတီ

ဝိရတီ = ရှောင်ခြင်း၊

(၁) သမာဒါနဝိရတီ

(၂) သမ္ပတ္တဝိရတီ

(၃) သမုစ္ဆေဒဝိရတိ

သမာဒါန = သမ+ အာဒါန
ကောင်းစွာ+ယူခြင်း

သမာဒါနဝိရတိ = ကောင်းစွာယူ၍ရှောင်ခြင်း၊ (ကြိုတင်၍ ရှောင်ခြင်း)။

သမ္ပတ္တဝိရတိ = အတွေ့အကြုံကို ရှောင်ခြင်း။

သမုစ္ဆေဒဝိရတိ = အပြီးအပြတ် ရှောင်ခြင်း။

အစားအစာတခုကို ဆရာဝန်က မတည့်သောကြောင့် မစားနှင့်ဟု ပြောရာ ဝန်ခံ၍ မစားဘဲ ရှောင်ခြင်းသည် သမာဒါနဝိရတီဖြစ်၏။ သို့ရာတွင် တွေ့လာသော် စာချင်ပေမည်။ တွေ့လာသော်လည်း ထိုအစာကို ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတီဖြစ်၏။ ထိုအခါ ရွံမုန်း၍ အစဉ်ရှောင်ခြင်းသည်ကား သမုစ္ဆေဒဝိရတီဖြစ်သည်။

မကောင်းမှုကို သူတပါးက မကောင်းဘူး၊ မလုပ်ပါနှင့်ဟု ပြောသဖြင့် ရှောင်ခြင်းသည် သမာဒါနဝိရတီဖြစ်၏။ တွေ့လာသော် လုပ်ချင်လုပ်ပေမည်။ ခိုးခြင်းသည် မကောင်းသော အပြုအမူဖြစ်၍ မလုပ်ရန်တားမြစ်ထားသဖြင့် မလုပ်ဘဲ ရှောင်ခြင်းသည် သမာဒါနဝိရတီဖြစ်၏။ သို့ရာတွင် အကြောင်းတိုက်ဆိုင်လာသော် ခိုးချင်ခိုးပေမည်။ မည်သို့သော အကြောင်းနှင့် တိုက်ဆိုင်လာသော်လည်း မခိုးဘဲရှောင်ခြင်းသည် သမ္ပတ္တဝိရတီဖြစ်၏။ ခိုးခြင်းသည် အကုသိုလ်ဖြစ်ကြောင်း၊ မကောင်းကျိုးကို ဖြစ်စေကြောင်း ကိုယ်တိုင်သိမြင်ပြီး လုံးဝရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒဝိရတီဖြစ်သည်။

သာမန် လူပုထုဇဉ်တို့သည် သမာဒါနဝိရတီ၊ သမ္ပတ္တဝိရတီကိုသာ လျှင် ဆောင်ရွက်နိုင်ပေမည်။ သမုစ္ဆေဒဝိရတီကိုကား သာမန်လူများ ပုထုဇဉ်တို့ မဆောင်ရွက်နိုင်ပေ။ သာမန်လူများသည် ယခုဘဝတွင် မပြုလုပ်ဘဲ ရှောင်ရှားသော်လည်း နောင်ဘဝ၊ ဘဝတွင် ပြုလုပ်ပေဦးမည်။ ထို့ ကြောင့် လုံးဝမရှောင်နိုင်သေးပါ။ တမဂ်၊ တဖိုလ်ရပြီးသူများ သာလျှင် လုံးဝရှောင်နိုင်ကြသည်။

ဥပမာ။ ။ **ဘူရိဒတ်ဇာတ်**တွင် ဘူရိဒတ်နဂါးမင်းကြီးသည် အလဲမ္ဗာယ်နှင့် တွေ့ရာတွင် နှာခေါင်း၊ မျက်နှာတို့ကို ခက်ရင်း၊ ဓား၊ အချွန်တို့ဖြင့် ထိုးခြင်းကို ခံရ၏။ နဂါးမင်းသည် ပြန်၍ မှုတ်လိုက်သည်နှင့်ပင် အလမ္ဗာယ် ဆရာသည် သေနိုင်သည်။ သို့ရာတွင် မမှုတ်ပေ၊ နဂါးမင်းသည် သမာဒါန ဝိရတီကို ကျင့်ခဲ့ပြီးဖြစ်သဖြင့် သမ္ပတ္တဝိရတီကိုလည်း ကျင့်သုံးနေခြင်း ဖြစ်သည်။ အလမ္ဗာယ်ပြုလုပ်သည်ကို ခံနေ၏။ သမုစ္ဆေဒဝိရတီကိုလည်း အပြီးအပြတ် ကျင့်သုံးနေပေသည်။

ထို့အပြင် သောတာပန်ရပြီးသောသေဌေးသမီး မုဆိုးကတော်သည် ယောကျ်ားကို ဝတ်ကျေရန်သာ မုဆိုးပစ္စည်း ကိရိယာများကို ယူဆောင်ပေး၏။ စိတ်အားဖြင့်ပင် သားကောင်များကို မပြစ်မှားပေ။ သောတာပန် ရပြီးကတည်းက ဝိရတီသုံးပါးစလုံးကို ကျင့်သုံးပြီးဖြစ် သည်။ သမုစ္ဆေဒ ဝိရတီကိုလည်း ကျင့်နိုင်သည်။

| | |
|---|---|
| | (၁) သမ္မာဝါစာ |
| **သမာဒါနဝိရတီ ၃-ပါး** | (၂) သမ္မာကမ္မန္တ |
| | (၃) သမ္မာအာဇီဝ |
| | (၁) သမ္မာဝါစာ |
| **သမ္ပတ္တဝိရတီ ၃-ပါး** | (၂) သမ္မာကမ္မန္တ |
| | (၃) သမ္မာအာဇီဝ |
| | (၁) သမ္မာဝါစာ |
| **သမုစ္ဆေဒဝိရတီ ၃-ပါး** | (၂) သမ္မာကမ္မန္တ |
| | (၃) သမ္မာအာဇီဝ |

**၂၀။ သမ္မာဝါစာ**

| | | |
|---|---|---|
| **သမ္မာဝါစာ** | = | ကောင်းသောစကား (အဖျားပိုင်း) |
| ။ | = | ကောင်းသောစကားကို ပြောဆိုချင်သော စိတ်၊ (အလယ်ပိုင်း) |

သမ္မာဝါစာ = မကောင်းသော စကားကိုရှောင်ခြင်း၊ (အရှင်းပိုင်း)

## ၂၁။ သမ္မာကမ္မန္တ

သမ္မာကမ္မန္တ = ကောင်းသောအလုပ် (အဖျားပိုင်း)။
" = ကောင်းသောအလုပ်ကို လုပ်ချင်သောစိတ် (အလယ်ပိုင်း)
" = မကောင်းသောအလုပ်မှရှောင်ခြင်း (အရင်းပိုင်း)

## ၂၂။ သမ္မာအာဇီဝ

သမ္မာအာဇီဝ = ကောင်းသောအသက်မွေးခြင်း၊ ကောင်းသော စကားနှင့် ကောင်းသော အလုပ်။
" = ကောင်းသောစကားကို ဆိုချင်ခြင်း၊ ကောင်းသောအလုပ်ကို လုပ်ချင်ခြင်း။
" = မကောင်းသောစကားကို ရှောင်ခြင်း။ မကောင်းသောအလုပ်ကို ရှောင်ခြင်း။

သမ္မာဝါစာနှင့် သမ္မာကမ္မန္တသည် အသက်မွေးမှုနှင့် မပတ် သက်ဘဲ ဖြစ်ပါသည်။ သမ္မာအာဇီဝသည်ကား အသက်မွေးမှုနှင့် ဆိုင် သည်။

အသက်မွေးမှုနှင့် မဆိုင်ဘဲ မကောင်းမှုစကားကို ရှောင်ခြင်းသည် သမ္မာဝါစာဖြစ်၏။ အသက်မွေးခြင်းသည် သမ္မာအာဇီဝဖြစ်၏။

အရပ်သားများက ပြောင်လှောင်ပြက်ရယ်ပြုကြ၏။ လူပြက်က လည်း ပြက်ရယ်ပြု၏။ အရပ်သားသည် အသက်မွေးမှုနှင့် မဆိုင်ဘဲ ပြက်ရယ်စကား ပြောခြင်းဖြစ်သည်။ ပိုက်ဆံငွေကြေး မရပေ။ လူပြက် သည်ကား အသက်မွေးမှုနှင့်ဆိုင်၏။ ငွေကြေးရသည်။ အရပ်သားများက အဖျင်းစကား၊ ပြက်ရယ်စကားများကို မပြောဘဲ ရှောင်နေခြင်းသည်

သမ္မာဝါစာဖြစ်၏။ လူပြက်က အဖျင်းစကား၊ သမ္ဖပ္ပလာပ ပြက်ရယ်စကားများကို မပြောဘဲ ရှောင်နေခြင်းသည်ကား သမ္မာအာဇီဝဖြစ်သည်။ အသက်မွေးမှုနှင့် သက်ဆိုင်သည်။

ဥပမာ။ ။ ငါးအရှင်တကောင်ကို တွေ့သော ရုံးသမားတယောက်သည် ထိုငါးကို မသတ်ဘဲ ရှောင်နေခြင်းသည်ကား သမ္မာကမ္မန္တဖြစ်၏။ တံငါသည်တယောက်သည် ငါးကိုတွေ့သော် မသတ်ဘဲရှောင်ပါက သမ္မာအာဇီဝဖြစ်ပါသည်။ ရုံးသမားတယောက် ငါးကို မသတ်ဘဲ ရှောင်ခြင်းသည် အသက်မွေးမှုနှင့် မဆိုင်ပါ။ တံငါသည်သည် ငါးကိုမသတ်ဘဲ ရှောင်ကြဉ်ခြင်းသည်ကား အသက်မွေးမှုနှင့် ဆိုင်ပါသည်။

အပ္ပမညာ

| | | |
|---|---|---|
| အပ္ပမညာ | = | အတိုင်းအရှည်မရှိ၊ |
| | = | အဆုံးမရှိ၊ |
| ၂၃။ ကရုဏာ | = | သနားခြင်း၊ |
| ၂၄။ မုဒိတာ | = | ဝမ်းမြောက်ခြင်း။ |

အပ္ပမညာ ဟူသည်မှာ အဆုံးမရှိ၊ အတိုင်းအရှည်မရှိအောင် ကျယ်ဝန်းခြင်းဖြစ်၏။ အဆုံးမရှိအောင် ကျယ်ဝန်းခြင်းသည် ကရုဏာနှင့် မုဒိတာဖြစ်၏။ ဆင်းရဲ ဒုက္ခရောက်သူကို သနားခြင်းသည် ကရုဏာဖြစ်၏။ ချမ်းသာသူကို ဝမ်းမြောက်ခြင်းသည် မုဒိတာဖြစ်သည်။

ဥပမာ။ ။ စာမေးပွဲရှုံးသူကို သနား၍ စာမေးပွဲအောင်မြင်သူကို ဝမ်းမြောက်ခြင်းဖြစ်သည်။ ကရုဏာဟူသော စေတသိက်သည် ဆင်းရဲသူကို ရင်ဆိုင်တွေ့တိုင်း စိတ်တွင် ပေါ်လာတတ်၏။ ချမ်းသာသောသူနှင့် တွေ့ဆုံသော် ဝမ်းမြောက်ပါက မုဒိတာစေတသိက် ဝင်လာသောကြောင့် ဖြစ်သည်။ ကရုဏာနှင့် မုဒိတာ စေတသိက်နှစ်ခုပေါင်းကို အပ္ပမညာဟုခေါ်သည်။

အခြားသော စေတသိက်များသည် သတ္တဝါကို မကြည့်ပေ။ သဘာဝကိုပင် မြဲကြည့်သည်။ ကရုဏာနှင့် မုဒိတာစေတသိက်သည်ကား သတ္တဝါကို ကြည့်ပါသည်။ သဘာဝကို မကြည့်ပေ။ မြေ၊ ရေ၊ လေ၊ မီးဟူသော သဘာဝချင်းများသည် တူညီကြ၏။ သို့ရာတွင် သတ္တဝါသည်ကား မတူညီပေ။ တယောက်နှင့် တယောက်ကွာခြားကြသည်။ ကမ္ဘာ သည် အဆုံးမရှိပေ။ အဆုံးမရှိသော သတ္တဝါတို့ကို သနားခြင်း ဝမ်းမြောက်ခြင်း သည်လည်း အဆုံးမရှိပေ။ ထို့ကြောင့် ကရုဏာနှင့် မုဒိတာသည် အပ္ပမညာတရားများဖြစ်သည်။

အပ္ပမညာတရား လေးပါးရှိသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဖြစ်သည်။ ထိုတရားလေးပါးကို ဗြဟ္မစိုရ်တရားလေးပါးဟုလည်း ခေါ်သည်။ ဗြဟ္မာတို့၏ ကိုယ်ကျင့်တရား သို့မဟုတ် မြင့်မြတ်သော ကိုယ်ကျင့်တရားဖြစ်သည်။

## ၂၅။ ပညိန္ဒြေ

| | | |
|---|---|---|
| ပညိန္ဒြေ | = | ပညာ+ ဣန္ဒြေ။ |
| ပညာ | = | အသိဉာဏ် |
| ဣန္ဒြေ | = | အုပ်စိုးနိုင်သော |

အုပ်စိုးနိုင်သော အသိဉာဏ်ကို ပညိန္ဒြေဟုခေါ်ပါသည်။ ထို စေတသိက်သည် အားလုံးသော စေတသိက်များ ဝင်လာပါက အုပ်စိုး ထားနိုင်၏။ ချမ်းသာသော သူတို့ကို တွေးမိပါက မုဒိတာစေတသိက် ဝင်သူသည် ဝမ်းမြောက်၏။ ဣဿာစေတသိက် ဝင်သူသည်ကား မနာ လို ဣဿာ ဖြစ်တတ်သည်။ အသိဉာဏ်ရှိသောသူကား မိမိ၏ရန်သူ ကြီးပွားသော်လည်း ဣဿာမဝင်တော့ပေ။ ဣဿာ၏ အပြစ်ကိုသိနေ သည်။ အသိဉာဏ်မရှိသူသည် ဣဿာဝင်လာနိုင်၏။ ထို့ကြောင့် ပညာသည် အုပ်စိုးနိုင်သော စွမ်းရည် ရှိသောကြောင့် ပညိန္ဒြေဟု နာမည် ပေးခြင်းဖြစ်သည်။ အားလုံးသော စေတသိက်တို့ကို ပညိန္ဒြေစေတသိက် က အသိဉာဏ်နှင့် အုပ်စိုးသည်။

စေတသိက် . . . ၅၂

| အကုသိုလ် | အညသမာန်း | သောဘဏ |
|---|---|---|
| မောစတုက်–၄ အကုသလ | ၇– သဗ္ဗစိတ္တ | ၁၉–သောဘဏ |
| လော သါဓါရဏ | ဝိ သာဓာရဏ | သာဓာရဏ |
| ဒိ | စာ | ၃ |
| မာ | ပီ | |
| ဒေါစတုက်–၄ | ဓိ | |
| ၂ | ဝီ | ၂ |
| ဝိ | ဆ | ပ |
| ------ | ------ | ------ |
| ၁၄ | ၁၃ | ၂၅ |

သဗ္ဗစိတ္တသာဓာရဏ

သဗ္ဗ = အားလုံးကို

စိတ္တ = စိတ်

သာဓာရဏ = ဆက်ဆံသော

= အားလုံးသောစိတ်များနှင့် ဆက်ဆံသည့် စေတသိက်များ၊

အကုသလသာဓာရဏ

အကုသလ = အကုသိုလ်စိတ်၊ အပြစ်ရှိ၊ မကောင်း။

သာဓာရဏ = ဆက်ဆံသော၊

= အကုသိုလ်စိတ်များနှင့် စေ့ငအောင် ဆက်ဆံသော စေတသိက်များ၊

သောဘဏသာဓာရဏ

သောဘဏ = တင့်တယ်သော သောဘဏစိတ်

သာစာရကာ = ဆက်ဆံသော
= သောဘဏာစိတ်အားလုံးနှင့် ဆက်ဆံသော စေတသိက်များ၊ ရေနှင့်နွားနို့ရောခြင်းမျိုးသည် သာစာရဏာဖြစ်၏။

ပကိဏ်း။

ပကိဏ်း = ပြိုးပြွမ်း
= ပြောက်ကြား
= ရေနှင့်ဆီ ရောခြင်းသည် ပကိဏ်းရောနည်းဖြစ်၏။

# စိတ်

× × -- -- > — —

× × -- -- >

× × -- -- > — —

× × -- -- ^ -- × --

-- -- ×

× × -- --

× × -- --

× × -- --

× × -- --

× × -- --

× × -- --

× × × × × × × × × × ×

× × × × × × × × × × ×

× × × × × × × × × × ×

× × × × × × × × × × ×

## စေတသိက်

| အကုသိုလ် | အညသမာန်း | သောဘဏ |
|---|---|---|
| ၄ | ၇ | ၁၉ |
| လော | ဝိ | |
| ဒိ | စာ | ၃ |
| မာ | ပီ | |
| ၄ | ဓိ | ၂ |
| ၂ | ဝိ | |
| ဝိ | ဆ | ပ |
| ---- | ---- | ---- |
| ၁၄ | ၁၃ | ၂၅ |

↙ ↓ ↘

| | | |
|---|---|---|
| ၁၂ | ၁၈ | ၃၈= ၅၂ |

## စိတ်နှင့်စေတသိက်ယှဉ်ပုံ

**စေတသိက်**

| | အကုသိုလ်စေတသိက် | အညသမာန်းစေတသိက် | သောဘဏစေတသိက် |
| --- | --- | --- | --- |
| အမြဲယှဉ်-၄- အကုသိုလ် | ၁၂ | ၇ | ၁၉ |
| အမြဲယှဉ်လော- လောဘမူ | ၈ | ဝိ | |
| အမြဲယှဉ်ဒိ- ဒိဋ္ဌိသမ္ပယုတ် | ၄ | စာ | ၃ |
| ရံခါယှဉ်မာ- ဒိဋ္ဌိဝိပ္ပယုတ် | ၄ | ပီ | |
| ၄- ဒေါသမူ | ၂ | မိ | ၂ |
| ရံခါယှဉ်၂- သသင်္ခါရိက | ၅ | ဝိ | |
| အမြဲယှဉ်စိ- ဝိစိကိစ္ဆာ | ၁ | ဆ | ပ |
| | ---- | ---- | ---- |
| | ၁၄ | ၁၃ | ၁၅ |
| | ၁၂ | ၁၈ | ၅၉= ၉၁ |

ဒေါသ... အမြဲယှဉ် ထိန၊ မိဒ္ဓ .... တပေါင်းတည်းရံခါယှဉ်။
အမြဲယှဉ် ... ၈

ဣဿာ
မစ္ဆရိယ ⎬ —အသီးသီးရံခါယှဉ်။ ရံခါယှဉ် .၆
ကုက္ကုစ္စ

× × × × × × ×

## အကုသိုလ်စေတသိက်နှင့် အကုသိုလ်စိတ်ယှဉ်ပုံ

အကုသလ သာဓာရဏ စေတသိက်လေးခု၊ သို့မဟုတ် မောစတုတ်လေးခုသည်၊ အကုသိုလ်စိတ် ၁၂-ပါးစလုံးနှင့် ယှဉ်သည်။

လောဘစေတသိက်သည် လောဘမူစိတ် ၈- ပါးနှင့်ယှဉ်သည်။
ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိသမ္ပယုတ်စိတ် ၄- ပါးနှင့်ယှဉ်သည်။

လောဘစိတ်တွင် လမ်းမှန် လမဲ့မှားဟူ၍ရှိရာ လူတိုင်း လူတိုင်းသည် လမ်းမှန်သို့ မရောက်ကြပေ။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းရပ်များတွင် လမ်းမှန် လမ်းမှားရှိ၏။ လမ်းမှားကို လမ်းမှန်ဟု ထင်မြင်၍ လိုက်ခြင်းသည် ဒိဋ္ဌိစေတသိက်ကြောင့် လိုက်မိခြင်း ဖြစ်ပေသည်။ ဒိဋ္ဌိစေတသိက်ဝင်လာပါက အကုသိုလ်ဖြစ်နိုင်၏။ ဒိဋ္ဌိသမ္ပယုတ်စိတ် ၄- ပါးနှင့်ယှဉ်ပါသည်။

လောကတွင် နေထိုင်ကြသော သတ္တဝါများမှာ ချမ်းသာမှုကို လိုလားကြ၏၊ သို့ရာတွင် ချမ်းသာသော လူများထက် ဆင်းရဲသူများက များပြား၏၊ ဤကဲ့သို့များပြားရခြင်းမှာ လမ်းမှားသို့ လိုက်မိ သောကြောင့် ဖြစ်သည်။

သူတစ်ပါး ပစ္စည်းဥစ္စာကို လိုချင်သောကြောင့် ခိုးယူကြ၏၊ သတ်ဖြတ်ကြ၏၊ လောဘစေတသိက် အရင်းခံသောကြောင့် ဖြစ်သည်။ လောဘ စေတသိက် အရင်းခံပါက အမှားများ ဖြစ်တတ်သည်။

**မာနစေတသိက်သည် = ဒိဋ္ဌိဝိပ္ပယုတ်လေးပါးနှင့်ယှဉ်သည်**

မတတ်မြောက်သောသူ၏ ဂုဏ်ကို အောက်တွင်ထားပြီး မိမိက တတ်မြောက်သည် ဟူ၍ အပေါ်ကနေခြင်း၊ ထောင်လွှားခြင်း၊ မြင့်မောက်ခြင်း၊ အလှဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်၊ စည်းစိမ်ဂုဏ်ချင်းယှဉ်၍ မိမိဖက်က အပေါ်စီးနေချင်ခြင်း၊ ကြွကြွနေချင်ခြင်းသည် မာနဖြစ်၏။ ထောင်လွှားခြင်းဖြစ်၏။ လောဘ အရင်းခံသောကြောင့်ပင် မာနဖြစ်လာပါသည်။

မာနတွင်မှီဝဲသင့်သော (သေဝိတဗ္ဗ) မာန၊ မမှီဝဲ အသုံးမပြုသင့်သော (အသေဝိတဗ္ဗ)မာနဟူ၍ နှစ်မျိုးရှိသည်။ မာနကို အကြောင်းပြု၍ ကောင်းသည်ကို လုပ်ဆောင်သော် မှီဝဲသင့်သော (သေဝိတဗ္ဗ) မာနဖြစ်၏။ မာနကို အကြောင်း ပြု၍ မကောင်းသည်ကို လုပ်ဆောင်သော် မမှီဝဲသင့်သော (အသေဝိတဗ္ဗ) မာနဖြစ်၏။

မာနကြောင့် လူတို့သည် တက်ကြွကြ၏။ မာနကြောင့် လူတို့ ထောင်လွှားကြသည်။ သို့ရာတွင် မာနကြောင့် နိမ့်ကျသော အပိုင်းသို့ ရောက်ရပေမည်။ မာနသည် ရည်မှန်းချက် ပန်းတိုင်သို့ရောက်စေရာတွင် ခရီးဖင့်အောင်ပြုနိုင်၏။ ရည်မှန်းချက် ပန်းတိုင်သို့ ခရီးဖင့်နေအောင် လုပ်တတ်သော သဘာဝသုံးမျိုးသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ပင်ဖြစ်ပေသည်။ မာနကြောင့် ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရန် ခရီးဖင့် ကြန့်ကြာပုံကို ဥပမာပြရသော်–

ဒုဋ္ဌဂါမဏိမင်းအုပ်စိုးသော တိုင်းပြည်တွင် ကောင်မှုတိမ္မှရမည်သော စစ်သူကြီးတယောက်သည် အမှုတော်ထမ်းနေရာ ထိုစစ်သူကြီး၏ ဇနီးသည် အလွန် အရုပ်ချောလေသည်။ ဇယဒိသ ဘီလူးသည် စစ်သူကြီး၏ ဇနီးကို ချစ်ခင် ကြိုက်နှစ်သက်၏ လူတိုင်းက ကြောက်ကြသော ဘီလူးကိုစစ်သူကြီး က လူချင်းတွေ့ တိုက်ခိုက်ရန် ချိန်းဆို၏၊ ပတ်ဝန်းကျင် လူအများက စစ်သူကြီးအား တားမြစ်၏။ စစ်သူကြီးသည် ငြင်းဆို၍ ဘီလူးနှင့် သွားတွေ့ရာ ဘီလူး၏ မေးစေ့ကိုခြေထောက်ဖြင့် ကန်၏၊ ဘီလူး ခေါင်းပြတ်သွားပြီး ရှုံးရသည်။ ဘီလူးကို အောင်နိုင်သောကြောင့် လူအများတို့လည်း ပျော်ရွှင်ရကား စစ်သူကြီးအတွက် အောင်ပွဲခံကြ၏။ အောင်ပွဲခံမည့်နေ့မှာ လပြည့် နေ့ဖြစ်သည်ကို လူတို့အမှတ်မထားမိချေ။

လပြည့်နေ့တွင် ပျော်ပွဲရွှင်ပွဲ မလုပ်ရဟု ဘုရင်က သတ်မှတ်ထား၏။ လူတို့လည်း အလွန်ပျော်ရွှင်ရကား လပြည့်နေ့တွင် ပျော်ရွှင်အောင်ပွဲကျင်းပ မိရာ ဘုရင်မင်းမြတ် သိ၍ စစ်သူကြီးကို သတ်စေ၏။ စစ်သူကြီးလည်း တိတ်တဆိတ်တိုင်းပြည်မှ ထွက်သွားသည်။ ထို့နောက် ရဟန်းခံ၍ တရား အားထုတ်၏။ တရားအားထုတ်သော်လည်း၊ စိတ်ထဲတွင်ငါကဲ့သို့သော စစ်သူကြီးကို ဘုရင်မင်းမြတ်သည် အမျက်တော်ရှလေခြင်း၊ သတ်ရက်လေ ခြင်းဟု မာနဖြစ်သောကြောင့် တရားထူးများကို မရပေ။ ထို့နောက်တရားထူး

မရသည်ကိုသိ၍ မာနကို ချိုးနှိမ်ရန် စိတ်ကူးမိသည်။ စိတ်ကူးသည့်အတိုင်း ထူးတွင်း တခုထဲသို့ နွယ်ကြိုးဖြင့် ဆင်းကာ ဝမ်းဗိုက်ထဲမှ အစာမကုန်ခင် တရားထူးရအောင် ကျင့်ရမည်ဟူ၍ စိတ်ကိုဆုံးဖြတ်ပြီး မာနကိုချိုးနှိမ်၏။ မာနကျိုးပျက်၍–တရားကို ပြင်းစွာ အားထုတ်ရာ ဈာန်ရရှိသွားပေသည်။ ဈာန်၏ တန်ခိုးနှင့် ထူးတွင်းထဲမှ ပြန်တက်နိုင်သည်။

ထိုဥပမာကိုကြည့်သော် မာနရှိနေသောကြောင့် ဈာန်တရား၊ မဂ်တရား ဖိုလ်တရားကို လျင်မြန်စွာမရနိုင်ကြောင်း သိရပေသည်။ မာနကို ချိုးပစ်ပါက ဈာန်တရား မဂ်ဖိုလ်တရားများကို လျင်မြန်စွာရနိုင်ပါသည်။ ထို့ကြောင့် မာနသည် ရည်မှန်းချက် ပန်းတိုင်သို့ရောက်စေရာတွင် အလွန်ကြန့်ကြာစေပါသည်။

ဒိဋ္ဌိဝိပ္ပယုတ် လောဘစိတ်သည် အမြင်မှားနှင့် မယှဉ်တွဲသော လောဘ ဖြစ်ပါသည်။ ဥပမာ– လေချောင်စေရန် လျက်ဆား စားချင်၏။ လျက်ဆား စားချင်သော စိတ်သည် လောဘစိတ်ဖြစ်၏။ သို့ရာတွင် အမြင်မှား မပါပေ။ ထို့ကြောင့် ထိုလောဘသည် အမြင်မှားနှင့် မယှဉ်တွဲသော ဒိဋ္ဌိဝိပ္ပယုတ် လောဘ ဖြစ်သည်။

မာနသည် ဒိဋ္ဌိဝိပ္ပယုတ်လောဘစိတ်(၄) ပါးနှင့် ရံခါယှဉ်ပါသည်။ ဒိဋ္ဌိဝိပ္ပယုတ် လောဘစိတ်တို့တွင် တခါတရံ မာနပါ၍ တခါတရံတွင် မာန မပါပေ။ လျက်ဆား စားချင်သော လောဘစိတ်တွင် ထောင်လွှားမှု၊ အပြိုင် အဆိုင် မာနများ မပါပေ။ အပြိုင်အဆိုင် ထောင်လွှားမှုတွင် မာနပါလာ၏။ ရိုးရိုးဒိဋ္ဌိဝိပ္ပယုတ်တွင်ကား မာနမပါပေ။

ဥပမာ– ပြေးပွဲတခုတွင် ပဌမ ရသူအားငွေ ၁၀–ကျပ်ကို ဆုအဖြစ် ချီးမြှင့်၏။ ပဌမရသူသည် " ငါကဲ့သို့ ပဌမရသူသည် ၁၀–ကျပ်ပင်မက၊ ၂၀–ကျပ် မျှရသင့်သည်" ဟုမိမိကိုယ်ကို ထောင်လွှား၍ ငွေ ၂၀–ကျပ်ကို လိုချင်၏။ ထိုသို့သော လောဘတွင် မာနပါလာသည်။

## ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ

ထိုစေတသိက်လေးပါးကို ဒေါသ ခေါင်းဆောင်သော ဒေါစတုက် လေးပါးဟု ခေါ်သည်။ ဒေါစတုက် လေးပါးဖြစ်သော ဒေါသ–ကြမ်းတမ်းခြင်း ဣဿာ–မနာလိုငြူစူခြင်း၊ မစ္ဆရိယ–ဝန်တိုနှမြောခြင်း၊ ကုက္ကုစ္စ–စိုးရိမ်ပူပန်ခြင်းတို့သည် ဒေါသမူစိတ် နှစ်ပါးနှင့် ယှဉ်တွဲပါသည်။

ဒေါသမူစိတ် ဖြစ်တိုင်း ဒေါသစိတ်သည် အမြဲပါဝင်သည်။ ထို့ကြောင့် ဒေါသမူစိတ်တွင် ဒေါသစေတသိက်နှင့် အမြဲယှဉ်ပါသည်။ ကျန်သော ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် ဒေါသမူစိတ်တွင် ရံခါသာပါ၏။ ဥပမာ လျက်ဆား ပုလင်းကိုခွဲပစ်သည် ဆိုပါစို့၊ စိတ်သည် ဒေါသစိတ်ဖြစ်၏။

စိုးရိမ် ပူပန်သော အခါတွင်လည်း ငြူစူမှု၊ မနာလိုမှု ဣဿာ မပါချေ။ ဥပမာ– ဗုံးကျမည်ဟု သိသောအခါ စိုးရိမ်ပူပန်၏။ ဣဿာမပါပေ။ ထို့ ကြောင့် ဒေါသမူစိတ်ဖြစ်ရာတွင် ဒေါသစေတသိက်သည် အမြဲပါပြီး ကျန်သော စေတသိက် သုံးပါးသည် ရံခါမှ ပါတတ်သည်။

ဒေါသမူစိတ်တွင် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် အသီးသီး ရံခါယှဉ်ပါသည်၊ တခုစီယှဉ်ပါသည်။ ဣဿာဖြစ်ချိန်တွင် မစ္ဆရိယ ဖြစ်ချင်မှ ဖြစ်သည်။ မစ္ဆရိယဖြစ်ချိန်တွင် ကုက္ကုစ္စဖြစ်ချင်မှဖြစ်သည်။

ဣဿာသည် သူများကိုအာရုံပြု၏။ မစ္ဆရိယသည် မိမိဘက်သို့ အာရုံပြုသည်။ ထို့အပြင် ဣဿာနှင့် မစ္ဆရိယသည် အကောင်းကို အာရုံပြုသည်။ မစ္ဆရိယသည် ကောင်းသောအရာ ဆုံးရှုံးရမည်ကို နှမြော၏။ ဣဿာသည်သူများ ကောင်းစားသွားမည်ကို မနာလိုခြင်းဖြစ်၏။ ထို့ကြောင့် အကောင်းကို အာရုံပြုကြသည်။ ကုက္ကုစ္စသည်ကား အဆိုးကို အာရုံပြုသည်။ သူတပါးသည် သော်လည်းကောင်း၊ မိမိသည်သော်လည်းကောင်း၊ ပျက်စီးဆုံးရှုံး အဆိုးဖြစ်မည်ကို စိုးရိမ်ပူပန်၏။ မိမိ၏ သူငယ်ချင်း စာမေးပွဲကျမည်ကိုလည်း စိုးရိမ်ပူပန်သည်။

ဒေါသစိတ်တွင် တက်ကြွသော အပိုင်းနှင့် ဆုတ်နစ်သော အပိုင်းဟူ၍ ရှိရာ တက်ကြွသော ဒေါသတွင် ဣဿာ၊ မစ္ဆရိယနှင့် ကုက္ကုစ္စမပါဝင်ပေ။ ဆုတ်နစ်သော ဒေါသတွင်ကား ကုက္ကုစ္စ ပါဝင်ပါသည်။ ဥပမာ- လူတဦး တယောက် သေဆုံး၍ ငိုကြွေးရာတွင် ကုက္ကုစ္စ ပါဝင်သည်။ စိုးရိမ်ပူပန်ခြင်း ဖြစ်သည်။ တက်ကြွသော ဒေါသတွင်လည်း ကုက္ကုစ္စသည် တခါတရံတွင် ပြောက်ကြား ပါဝင်တတ်သည်။

## ထိန၊ မိဒ္ဓ

ထိနသည် စိတ်ကို ထိုင်းမှိုင်းစေ၍- မိဒ္ဓသည် စေတသိက်ကို ထိုင်းမှိုင်း စေပါသည်။ စိတ်နှင့် စေတသိက်သည် အစဉ်တွဲလျက် ရှိသောကြောင့် စိတ် ထိုင်းလျှင် စေတသိက်ထိုင်း၍ စေတသိက်ထိုင်းလျှင် စိတ်သည်လည်း ထိုင်း မှိုင်းပေမည်။ ဥပမာ- နို့နှင့် ရေရောထားသကဲ့သို့ဖြစ်ပါသည်။ နို့ကိုပူအောင် လုပ်ပါက ရေသည်လည်း ပူသွားပါသည်။ ရေကို ပူအောင်လုပ်ပါက နို့သည် လည်း ပူသွားပါသည်။ စိတ်နှင့်စေတသိက် ရောနေသကဲ့သို့ထိနနှင့် မိဒ္ဓသည် လည်း ရောနေပါသည်။

ထိနမိဒ္ဓဝင်လာလျှင် စိတ်ထိုင်းပါမည်၊ ကောင်းသော စိတ်တွင် ထိန မိဒ္ဓမပါဝင်ပေ၊ မကောင်းသော စိတ်ထိုင်းခြင်းတွင် ထိနမိဒ္ဓပါဝင်ပါသည်။ မကောင်းသော စိတ်ထိုင်းခြင်း ဖြစ်သောကြောင့် ထိနမိဒ္ဓသည် အကုသိုလ်စိတ် နှင့် ယှဉ်ပါသည်။ ထိနမိဒ္ဓသည် အကုသိုလ်စိတ် တဆယ့်နှစ်ပါးတွင် အကုသိုလ် သသင်္ခါရိက စိတ်ငါးပါးနှင့် ယှဉ်ပါသည်။

ထိနမိဒ္ဓသည် သသင်္ခါရိက စိတ်ငါးခုနှင့် အမြဲမယှဉ်ပေ။ တခါတရံ မှသာ အတူတကွ တပေါင်းတည်း ယှဉ်ပါသည်။ အကုသိုလ်သသင်္ခါရိက စိတ် ဖြစ်တိုင်းလည်း ထိနမိဒ္ဓ မပါပေ။ ရံခါမှသာပါ၏။ ပါဝင်သော် တပေါင်း တည်းပါဝင်ပါသည်။

မကောင်းသော အကြောင်းနှင့် ပတ်သက်၍ လေးဆေးသော လောဘ ရှိပါက ထိနမိဒ္ဓပါဝင်ပါသည်။ အပြစ်ရှိသည်ဟု သတိရလိုက်ခြင်းတွင်

ကောင်းသော အကြောင်းနှင့် လောဘရှိသောကြောင့် ထိနမိဒ္ဓမပါဝင်ပေ။ ဥပမာ– လူငယ်တယောက်သည် ကြက်ခိုးချင်၏။ ကြက်ခိုးခြင်းသည် မကောင်းသော အကုသိုလ်ဖြစ်ကြောင်း သတိရ၏။ သို့ရာတွင် ကြက်ခိုးရမည့်အရေးကို ပျော်ရွှင်နှစ်သက်သဖြင့် ကြက်ခိုး၏။

လောဘစိတ်တွင် သသင်္ခါရိက ဟူသော လေးဆေးသည့် စိတ်သည် ရှိသည်။ သသင်္ခါရိကတွင် ကောင်းသော လေးဆေးခြင်း၊ မကောင်းသော လေး ဆေးခြင်းဟူ၍ ရှိရာ မကောင်းသော လေးဆေးခြင်းနှင့် ထိနမိဒ္ဓသည် ယှဉ်တွဲ ပါသည်။ ဒေါသစိတ်တွင်လည်း သသင်္ခါရိက ပါဝင်၏။

## ဝိစိကိစ္ဆာ

တွေးတောယုံမှားခြင်းခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ ဇဝေဇဝါဖြစ်ခြင်း ဟူသော ဝိစိကိစ္ဆာသည် မြွေဟောက် လျှာနှင့်တူပါသည်။ ဝိစိကိစ္ဆာဝင်လာလျှင် စိတ်သည် နှစ်ခွဖြစ်လာ၏။ တွေးတောယုံမှားနေ၏။ မဆုံးဖြတ်နိုင်တော့ပေ။ ဥပမာ– လူတယောက်ကို ပေါင်းသင်းဆက်ဆံရာတွင် အောက်ကျို့၍ ပြုမူရမည်လား၊ အထက်စီး ပြောဆိုပြုမူရမည်လား ဟူ၍ မဆုံးဖြတ်နိုင်အောင် စိတ်နှစ်ခွဖြစ်တတ်သည်။ ဝိစိကိစ္ဆာဖြစ်ပါသည်။

မိမိ၏ ဆုံးဖြတ်ချက် မှားသွားလျှင် မှားသည်ကို ဆုံးဖြတ်ခဲ့သောကြောင့် ဒိဋ္ဌိသမ္ပယုတ်ဖြစ်ပါသည်။ မှန်သည်ကို ဆုံးဖြတ်လျှင် ဉာဏသမ္ပယုတ်ဖြစ်ပါသည်။

ကိစ္စတခုကို ဆောင်ရွက်ရာတွင် ဇဝေဇဝါဖြစ်ခြင်း၊ မပြတ်သားခြင်းသည် ဝိစိကိစ္ဆာဖြစ်၏။ ဝိစိကိစ္ဆာသည် သတ္တဝါတို့အား မတိုးတက်စေပါ။ အများဆုံး နှောင့်ယှက်ပါသည်။ ခရီးဖင့်ကြန့်ကြာစေသည်။

ဝိစိကိစ္ဆာသည်၊ ဝိစိကိစ္ဆာသမ္ပယုတ်၊ ဥပေက္ခာစိတ်နှင့် ယှဉ်ပါသည်။

## အညသမာန်းစေတသိက်

(၁) ဖဿ- ဖဿသည် အာရုံနှင့် စိတ်ကိုဆက်သွယ်ပေး၏။ အာရုံနှင့် စိတ်ကိုတွေ့ထိသွားစေပါသည်။ အရာဝတ္ထုမှန်သမျှသည် သိစရာအာရုံ ဖြစ်၏။ စိတ်သည်အရာဝတ္ထုတို့ကို သိရန် ဖဿက ပြုလုပ်ပေး၏။ စိတ်နှင့် အာရုံကို ဆက်သွယ်ပေးသော ဖဿသည် စိတ်ထဲတွင်ပင် ရှိပါသည်။

(၂) ဝေဒနာ- ကောင်းသည်၊ အလတ်စားဖြစ်သည်၊ ဆိုးသည်ကို ဝေဒနာ က ခံစား၏။ ဖဿနှင့်ဝေဒနာသည် တပြိုင်နက်တည်းလိုပင် ဖြစ်ပေါ်သည်ဟု ထင်ရသည်။ ဖဿ တွေ့ထိသည်အလိုက် ဝေဒနာဖြစ်ပေါ်သည်။

(၃) သညာ- သညာစေတသိက်သည် မှတ်သားခြင်းကို ပြုလုပ်သည်။ ဝေဒနာဟူသော ခံစားမှုဖြစ်ပေါ်သည့်အတိုင်း မှတ်သားမှု သညာကလည်း လိုက်ပါသည်။ သညာသည် မှတ်ပုံတင် အရာရှိနှင့်တူပါသည်။

(၄) စေတနာ- စေတနာသည် စိတ်စေတသိက် အားလုံးတို့ကို နိုးဆော် စေ့ဆော်ပေးပါသည်။ စေတနာက စေ့ဆော် နိုးကြားပေးသော ကြောင့် အခြားသော စိတ်နှင့်စေတသိက် အားလုံးတို့သည်၊ နိုးကြားလာ ပြီး ဆိုင်ရာအလုပ်ကို လုပ်ကြ၏။ စိတ်၊ စေတသိက် အလုပ်သမားအားလုံး၏ အရှင်းခံ သော့ချက်သည် စေတနာပင်ဖြစ်ပါသည်။

(၅) ဧကဂ္ဂတာ- တည်ငြိမ်ခြင်း သဘောဖြစ်ပါသည်။ အလွန်လျင် မြန်သော စိတ်ဓာတ်အားလုံးသည် အခိုက်အတန့်အားဖြင့်တည်ငြိမ်သော ဧကဂ္ဂတာ ဖြစ်၏။ တစက္ကန့်အတွင်းတွင် စိတ်ကုဋေတသိန်းဖြစ်ရာ စိတ်တခါ ဖြစ်လျှင် ဧကဂ္ဂတာ တခါပါသွားသည်။ အကောင်းတည်ငြိမ်ခြင်း၊ အဆိုး တည်ငြိမ်ခြင်း ဟူ၍ရှိပါသည်။

(၆) ဇီဝိတိန္ဒြိယ - ဇီဝိတိန္ဒြိယသည် စေတသိက်များကို စောင့်ရှောက် ပါသည်။

(၇) **မနသိကာရ**- နှလုံးသွင်းခြင်းသည် မနသိကာရဖြစ်၏။ အာရုံကို စိတ်ထဲသို့သွင်းပေးပါသည်။

စိတ်တခုပေါ်လာလျှင် တိုစိတ်တွင် ထိုစေတသိက် (၇) ခုစလုံးသည် အမြဲယှဉ်တွဲ ပါဝင်နေပါသည်။ စိတ်များအားလုံးနှင့် ဆက်သွယ်ယှဉ်တွဲနေသောကြောင့် ထိုစေတသိက်(၇) ခုကို သဗ္ဗစိတ္တသာဓာရဏဟု ခေါ်ပါသည်။ အပြစ်ရှိသော၊ မကောင်းကျိုးကို ပေးနိုင်သော အကုသိုလ်စိတ်တွင်လည်းကောင်း၊ အပြစ်ကင်း၍ ကောင်းကျိုးကိုပေးနိုင်သော ကုသိုလ်စိတ်တွင်လည်းကောင်း၊ ထိုစေတသိက်(၇)ခုစလုံးပါဝင်သည်။

ထိုစေတသိက် (၇) ခုသည်တခုနှင့်တခု ဆက်သွယ်လျက်ရှိပါသည်။

ဥပမာ။ ။ ရုံးတရုံးတွင် အလုပ်လုပ်နေသော လူတို့သည် တဦးနှင့်တဦး ဆက်သွယ်လျက်ရှိ၏။ မိမိတယောက်တည်း အလုပ်လုပ်၍မရပေ။ အထက်အရာရှိသည် လက်အောက်ခံငယ်သားရှိမှ အလုပ်ပြီးမြောက်၏။ လက်အောက်ခံ ငယ်သားသည်လည်း အထက်အရာရှိက မအုပ်ချုပ်ဘဲ မပြီးစီးနိုင်ပေ။ ထို့ကြောင့် အချင်းချင်း ဆက်သွယ်လျက် ရှိကြသည်။

ဥပမာ။ ။ နာရီတခုကိုကြည့်ပါက နာရီလက်တံ၊ စက်၊ ဂဏန်း၊ နာရီဖုံး၊ သော့ စသည်ဖြင့် ကိရိယာ အမျိုးမျိုးရှိ၏။ ထိုကိရိယာများ စုဝေးထားသည်ကိုပင် နာရီခေါ်၏။ ထိုကိရိယာများသည် တခုနှင့်တခုဆက်သွယ်လျက် ရှိသည်။ တခုချင်းသော်ကား အသုံးမကျပေ။

ထိုကဲ့သို့အသက်မရှိသော အရာဝတ္ထုများ၊ အသက်ရှိသော လူပုဂ္ဂိုလ်များသည် တခုနှင့်တခု၊ တဦးနှင့်တဦး ဆက်သွယ်လျက်ရှိသည့် နည်းတူစေတသိက်များသည်လည်း တခုနှင့်တခု မှီခိုနေပါသည်။

ချမ်းသာခြင်းသည် စိတ်မဟုတ်ပေ၊ သုခဝေဒနာ စေတသိက်ဖြစ်ပါသည်။ စေတနာရှိမှ ဝေဒနာဖြစ်နိုင်ပါမည်။ စေတနာရှိရန်လည်း ဖဿရှိရပေမည်။

## အညသမာန်းစေတသိက်နှင့် စိတ်ယှဉ်ပုံ

အညသမာန်းစေတသိက် (၁၃) ပါးသည် အကုသိုလ်စိတ်(၁၂) ပါး၊ အဟိတ်စိတ် (၁၈) ပါး၊ သောဘဏစိတ်အကျဉ်း(၅၉) ၊ အကျယ် (၉၁)ပါး ကိုယှဉ်ပါသည်။

အဟိတ်စိတ် (၁၈) ပါး

– – – – – – အကုသလဝိပါက်စိတ်
– – – – – × – အဟိတ်ကုသလဝိပါက်စိတ်
– – × အဟိတ်ကြိယာ

အကုသလဝိပါက် စက္ခုဝိညာဉ်စိတ်၊ သောတဝိညာဉ်စိတ်၊ ဃာန ဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ်၊ နှင့် ကုသလဝိပါက် စက္ခုဝိညာဉ်စိတ်၊ သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ်၊ စုစုပေါင်းစိတ်(၁၀) ပါးကို ဒွေးပဥ္စ ဝိညာဉ် (၁၀) ဟုခေါ် ပါသည်။

အကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ်၊ ကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ်၊ ပဥ္စဒွါရာဝဇ္ဇန်းစိတ်၊ ထိုစိတ် (၃) ခုကို မနောဓာတ် (၃) ဟု ခေါ်သည်။

စိတ်ကို မျက်စိဘက်၊ နားဘက်၊ နှာခေါင်းဘက်၊ လျှာဘက်၊ ကိုယ့်ဘက်သို့လှည့်ပေးခြင်းသည် အာဝဇ္ဇန်းဖြစ်၏။ လူတဦးတယောက်သည် တံခါးငါးခုဘက်သို့ကြည့်လို၊ ဆင်ခြင်လိုပါက လှည့်ပေးရ၏။

နားဘက်သို့စိတ်သည် လည်းနေရာမှ လက်ဘက်သို့ ရောက်သွား လေ၏။ လက်ဘက်မှတဖန် နှာခေါင်းဘက်သို့ရောက်သွား၏။ ။ ကာယ ဘက်သို့လှည့်၍သိနေသောစိတ်ကို ပဥ္စဒွါရာဝဇ္ဇန်းစိတ်က နှာခေါင်း ဘက်သို့ လှည့်ပေး၏။

စက္ခုဘက်၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဘက်အသီးသီးသို့ လှည့် ပေး၏။ ထိုစိတ်သည် လှည့်ပေး ပြောင်းပေးနိုင်သော စိတ်ဖြစ်သည်။ ။ငါး ခုသော တံခါးပေါက်ဘက်သို့ လှည့်၍ ဆင်ခြင်သော လှည့်၍ ပေးသော စိတ်ဖြစ်သည်။

ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်က လှည့်ပေး၊ ပို့ပေးသော အာရုံငါးမျိုးကို သမ္ပဋိစ္ဆန်းစိတ်က လက်ခံလိုက်သည်။ ကောင်းသောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အာရုံငါးမျိုးကို အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ်က လက်ခံ၏။ မကောင်းသော အာရုံငါးမျိုးကို အကုသလဝိပါက် သမ္ပဋိစ္ဆန်းစိတ်က လက်ခံသည်။

ထိုသို့သမ္ပဋိစ္ဆန်းစိတ်က လက်ခံလိုက်သော အာရုံငါးမျိုးကို သန္တီရဏ စိတ်က စုံစမ်း စစ်ဆေးပါသည်။ အလွန်ကောင်းသော အာရုံငါးပါးကို အဟိတ် ကုသလ ဝိပါက် သောမနဿသန္တီရဏစိတ်က စုံစမ်းစစ်ဆေးပြီး အသင့် အတင့် အာရုံကို ဥပေက္ခာသန္တီရဏစိတ်က စုံစမ်းစစ်ဆေးခြင်း အမှုကိုပြုပါ သည်။

အကုသလဝိပါက်သန္တီရဏ၊ ကုသလ ဝိပါက်သောမနဿသန္တီရဏ၊ ကုသလဝိပါက်ဥပေက္ခာသန္တီရဏ၊ ထိုသုံးပါးကို သန္တီရဏ(၃) ပါးဟု ခေါ်ပါ သည်။

## သဗ္ဗစိတ္တသာဓာရဏ

သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ခုသည် အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ကြိယာစိတ်၊ ဝိပါက်စိတ်၊ ဈာန်စိတ်၊ လောကုတ္တရာစိတ်၊ ဟူသော အားလုံးသော စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁–ပါး နှင့် ယှဉ်ပါသည်။ ကြဉ်သော စိတ် မရှိပါ။

ထိုသဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုတွင် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြိယ၊ မနသိကာရပါဝင်၏။

စေတသိက်ပိုင်း

သမ္ပယောဂနည်း | သင်္ဂဟနည်း

## စေတသိက် (၅၂)

| အကုသိုလ်စေတသိက် | အညသမာန်းစေတသိက် | သောဘဏစေတသိက် |
|---|---|---|
| ၄ - ၁၂ | ကြဉ် - ယှဉ် | ၁၉ - ၅၉ ၊ ၉၁ |
| | ၇ - ၈၉ - ၁၂၁ | |
| လော - ၈ | ၆၆ - စိ - ၅၅ | ၃ - ၁၆ |
| ဒိ - ၄ | ၅၅ - ဝါ - ၆၆ | ၂ - ၂၈ |
| မာ - ၄ | ၇၀ - စိ - ၅၁ | |
| ၄ - ၂ | ၁၁ - စိ - ၇၈ | ပ - ၄၇ |
| ၂ - ၅ | ၁၆ - စိ - ၇၃ | |
| စိ - ၁ | ၂၀ - ဆံ - ၆၉ | |
| ---- | ---- | ----- |
| ၁၄ | ၁၃ | ၂၅ |
| ၁၂ | ၁၈ | ၅၉ - ၉၁ |

### သင်္ဂဟနည်း

၂၀

၁၉ ၁၉ ၁၈ ၁၈ > ၁၅ ၁၅

၂၁ ၂၁ ၂၀ ၂၀ ၂၂

>

၇



ဝိတက်

အာရုံဟူသည် နေရာတကာတွင်ရှိ၏၊ ထိုအာရုံရှိရာသို့ စိတ်ကို ရောက် သွားစေရန် ဝိတက်စေတသိက်က ပို့ပေးသည်။ ဝိတက်၏ လုပ်ငန်း သည် ကြံစည် ပို့ပေးခြင်း ဖြစ်ပါသည်။ စိတ်အာရုံရှိရာ အဝေးသို့ ရောက်သွား စေရန်၊ ပို့ဆောင်ပေးသော အင်အားဓာတ်ကို ဝိတက်ဟု ခေါ်သည်။ (ဥပမာ– မီးပုံးကို ကောင်းကင်မြင့်သို့ ရောက်သွားစေရန် မှိုင်းက ပို့ပေး၏။ မှိုင်းသည် မီးပုံးထဲတွင်ပင် ရှိသည်။) ထိုကဲ့သို့ပင်– စိတ်ထဲတွင် ဝိတက်စေတသိက်က စိတ်ကိုအာရုံရှိရာ အဝေးသို့ ပို့ဆောင်ပေးပါသည်

ဝိတက်ကြဉ်သော စိတ်

| | |
|---|---|
| ကာမစိတ် ၅၄ တွင် ဒွေးပဉ္စဝိညာဉ် | ၁၀ |
| ဒုတိယဈာန် | ၁၁ |
| တတိယဈာန် | ၁၁ |
| စတုတ္ထဈာန် | ၁၁ |
| ပဉ္စမဈာန် | ၂၃ |
| ပေါင်း | ၆၆ |

ဝိတက်ယှဉ်သောစိတ်

| | |
|---|---|
| ဒွေးပဉ္စဝိညာဉ် ၁၀ မှ တပါး ကျန် ကာမစိတ် | ၄၄ |
| ပထမဈာန် | ၁၁ |
| ပေါင်း | ၅၅ |

```
| | | | | × × ×      × × × ×    × × × ×
  | | | | × ×        × × × ×    × × × ×
    | | | × × ×      × × × ×    × × × ×
      | | × × ×      × × × ×    × × × ×
      – | – – – – – – – – – –    – – – –
                – – –
                – – –
                – – –
```

ဝိစာရ

(ပိတုန်းသည်ပန်းပွင့်ပေါ်တွင် ရစ်ဝဲနေသကဲ့သို့ အာရုံပေါ်တွင် သုံးသပ်နေခြင်းသည်ဝိစာရဖြစ်၏။) ဝိတက်ကြဉ်သောစိတ် ၆၆ ပါးသည်လည်း အာရုံထံသို့သွား၏။ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်တို့မှ ဝိတက်မယှဉ်သော စိတ်တို့သည်။ ပထမဈာန်မှ ဝိတက်၏အရှိန်ကြောင့် အာရုံထံသို့ ရောက်သွားသည်။ ဥပမာ– လက်အနေအထား (၃) ပေအတွင်းမှ ခဲနှင့် ပစ်သော်လည်း ခဲရောက်ရှိသော နေရာသည် (၃) ပေမက ကွာဝေးပါသည်။ အရှိန်နှင့် ရောက်သွားခြင်းသာဖြစ်သည်။

ဒွေးပဉ္စဝိညာဉ် (၁၀) စိတ်သည် ပို့ပေးသော ဝိတက်မရှိသော်လည်း အာရုံနှင့်တွေ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အာရုံများက သက်ဆိုင်ရာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များသို့ အသီးသီး လာတိုးသောကြောင့် တွေ့ရပါသည်။ ထို့ကြောင့် ဝိတက်က ပို့ပေးခြင်း မရှိသော်လည်း အာရုံ များက လာပို့သောကြောင့် ဒွေးပဉ္စဝိညာဉ် (၁၀) စိတ်သည် [illegible]ရုံကို သိပါသည်။

ဥပမာ။ ။ကောင်းသော ရေမွှေးနံ့ နံ့သာ[illegible] ညှိလည်းကော[illegible] မကောင်းသော အပုပ်နံ့ အညှီနံ့သည်လည်းကောင်း [illegible]ခေါင်းသို့ [illegible] သဖြင့် ဃာနဝိညာဉ်စိတ်သည် ပေါ်ပေါက်လာရ[illegible]

ဝိစာရကြဉ်သောစိတ်

ဒွေးပဉ္စဝိညာဉ်စိတ် ၁၀
တတိယဈာန်စိတ် ၁၁
စတုတ္ထဈာန်စိတ် ၁၁
ပဉ္စမဈာန်စိတ် ၂၄

-----

ပေါင်း ၅၆

ဝိစာရယှဉ်သောစိတ်

ဒွေးပဉ္စဝိညာဉ်စိတ် ၁၀ မှ တပ[illegible]စိတ်၄၄
ပထမဈာန်စိတ် ၁၁
ဒုတိယဈာန်စိတ် [illegible]

ပေါင်း ၆၆

ပီတိယှဉ်သောစိတ်

ကာမသောမနဿစိတ် ၁၈
ပထမဈာန်စိတ် ၁၁
ဒုတိယဈာန်စိတ် ၁၁
တတိယဈာန်စိတ် ၁၁

-----

ပေါင်း ၅၁

ပီတိသည် နှစ်သက်သည်၊ ဝမ်းမြောက်သည် သို့ဖြစ်ရကား သောမနဿစိတ်နှင့် ယှဉ်တွဲပါသည်။ ကာမစိတ် ၅၄ တွင် သောမနဿစိတ် ၁၈ ပါးပါဝင်သည်။

ပီတိမယှဉ်သောစိတ်

| | |
|---|---|
| ဒေါသမူစိတ် | ၂ |
| ဥပေက္ခာ | ၅၅ |
| ကာယဝိညာဉ် | ၂ |
| စတုတ္ထဈာန် | ၁၁ |
| | ----- |
| ပေါင်း | ၇၀ |

ပီတိနှင့် သုခသည် မယှဉ်နိုင်ပေ။ ပီတိဟူသော စေတသိက်သည် စိတ်ထဲတွင်ရှိ၏။ သုခသည်ကား ကိုယ်ချမ်းသာခြင်းဖြစ်၍ ကိုယ်ပေါ်တွင်နေ၏။ ထို့ကြောင့် ပီတိနှင့်သုခသည် မယှဉ်ပေ။ နေရာချင်းဝေးသည်၊ ပီတိစေတသိက်သည် သုခဖြစ်သော ကုသလဝိပါက်ကာယဝိညာဉ် စိတ်ကိုလည်း ကြဉ်ပါသည်။

## ဝိတက်၊ ဝိစာရ၊ ပီတိစေတသိက် သုံးမျိုးသည် စိတ်အကျယ်နှင့် ယှဉ်ကြောင်း

ဝိတက်၊ ဝိစာရ၊ ပီတိဟူသော စေတသိက်သုံးမျိုးသည် စိတ်အကျယ်နှင့် ယှဉ်ခြင်း ကြဉ်ခြင်းရှိပါသည်။ ထိုစေတသိက် သုံးမျိုးတို့၏ ယှဉ်သောစိတ်နှင့်ကြဉ်သော စိတ်များကိုပေါင်းလျှင် စိတ်အကျယ် (၁၂၁) ရပါသည်။ အဘယ်ကြောင့် အကျယ်မှာ ယှဉ်သနည်း၊ ကြဉ်သနည်း ဆိုလျှင် လောကုတ္တရာစိတ်အကျဉ်း (၈) ပါးမှ အကျယ် ၄၀ ဖြစ်သွားအောင် ကျယ်ပွားရခြင်းသည် ထိုဝိတက်၊ ဝိစာရ၊ ပီတိဟူသော ဈာန်အင်္ဂါများကြောင့် ဖြစ်ပါသည်။

## အဓိမောက္ခယှဉ်သောစိတ်

| | | |
|---|---|---|
| ဒွေးပဉ္စဝိညာဉ်စိတ်– ၁၀ နှင့် ဝိစိကိစ္ဆာသမ္ပယုတ်မှတပါး မစိတ် | .. | ၄၃ |
| ရူပစိတ် ---------------------------------- | .. | ၁၅ |
| အရူပစိတ် -------------------------------- | .. | ၁၂ |
| လောကုတ္တရာစိတ် ---------------------------- | .. | ၈ |
| | | ---- |
| | ပေါင်း | ၇၈ |

## အဓိမောက္ခကြဉ်သောစိတ်

| | | |
|---|---|---|
| ဒွေးပဉ္စဝိညာဉ်စိတ် | --- | ၁၀ |
| ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | --- | ၁ |
| | | ---- |
| | ပေါင်း | ၁၁ |

ဝိစိကိစ္ဆာသမ္ပယုတ်သည် တွေးတောယုံမှားခြင်းဖြစ်သည်၊ မဆုံးဖြတ်နိုင်ပါ။ အဓိမောက္ခသည်ကား ဤသည်မှာ ကောင်းသည်၊ ဤသည်မှာ မကောင်းဟူ၍ ဆုံးဖြတ်ပါသည်။ ထို့ကြောင့် အဓိမောက္ခသည် ဝိစိကိစ္ဆာသမ္ပယုတ်ကိုကြဉ်ပါသည်၊ မယှဉ်ပါ။

## အဓိမောက္ခသည် ဒွေးပဉ္စဝိညာဉ် (၁၀) ကို အဘယ်ကြောင့် မယှဉ်ပါသနည်း

အဓိမောက္ခသည် ဒွေးပဉ္စဝိညာဉ် (၁၀) ကိုယှဉ်ရန် မလိုသောကြောင့် မယှဉ်ပါ။ အသံတခုနှင့် တခုသည် ဖြစ်ပေါ်ခြင်း မတူပေ။ သစ်သားချင်းထိသောအသံနှင့် သစ်သားနှင့် စာအုပ်တီးသော အသံတို့သည် တမျိုးနှင့်တမျိုး မတူပေ။ ကွဲပြားသည့် နေရာကပေါ်လျှင် အသံလည်းကွဲပြားသည်။ ထို့ အတူ စိတ်သည်လည်း နေရာကွဲပြား၍ ပေါ်ပါသည်။

စက္ခုဟူသော မျက်စိကပေါ်သည့် အမြင်စိတ်သည် စက္ခုဝိညာဉ်စိတ်ဖြစ်သည်။ သောတဟူသော နားက ပေါ်လာသည့် စိတ်သည် သောတဝိညာဉ်

ဇိတ်ဖြစ်၍ ယာနပဟူသော နှာခေါင်းက ပေါ်သည့်စိတ်သည် ဃာနဝိညာဉ် ဇိတ် ဖြစ်ပါသည်။ ဇိဝှါဟူသော လျှာက ပေါ်သည့်စိတ်သည် ဇိဝှါဝိညာဉ် ဇိတ်ဖြစ်၍ ကာယဟူသောကိုယ်မှာ ပေါ်သည့်စိတ်သည် ကာယဝိညာဉ် ဇိတ်ဖြစ်ပါသည်။ ထို့ကြောင့် စိတ်သည် မျက်စိကသော် လည်းကောင်း၊ နားကသော် လည်းကောင်း၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကသော် လည်းကောင်း ... ရာအသီး သီးက ပေါ်ပါသည်။

စက္ခုဝိညာဉ်စိတ်ဖြစ်ပေါ်ခြင်း၏ အကြောင်းလေးချက်

(၁) မျက်စေ့အကြည်ဓာတ်

(၂) အဆင်း

(၃) အလင်းရောင်

(၄) နှလုံးသွင်းခြင်း

အထက်ပါ အချက်လေးချက်နှင့် ပြည့်စုံမှသာ စက္ခုဝိညာဉ်စိတ်သည် ပေါ်ပေါက်ပါသည်။ မျက်စေ့အကြည်ဓာတ် မရှိပါက အဆင်းကို မမြင်နိုင်ပေ။ စက္ခုဝိညာဉ်စိတ် မပေါ်နိုင်ပေ။ အဆင်း၊ အလင်းရောင်ရှိသော်လည်း နှလုံး သွင်းခြင်းမရှိပါက စက္ခုဝိညာဉ်စိတ် မပေါ်ပေ။

ဥပမာ။ ။ လူတဦး တယောက်သည်၊ မိမိ၏ နောက်ကျောမှ တပါး အရှေ့ဘက်၊ ဘေးဘက် အရပ်များရှိရာ အားလုံးကို မြင်နိုင်၏။ သို့ရာတွင် အားလုံးမမြင်ရပေ။ အရာအားလုံးကို တပြိုင်နက်တည်း နှလုံးမသွင်းနိုင်သော ကြောင့်ဖြစ်၏။ အရာဝတ္ထု တခုကိုသာ စူးစူးစိုက်စိုက်၊ နှလုံးသွင်းသော် ထို အရာဝတ္ထု အပေါ်၌ စက္ခုဝိညာဉ်စိတ် ပေါ်လာ၏။ နောက်အရာဝတ္ထု တခုကို လွှဲပြောင်း၍ နှလုံးသွင်းသော် စက္ခု ဝိညာဉ်စိတ် တခုပေါ်လာပြန်သည်။ နှလုံး သွင်းခြင်း မရှိပါက အဆင်းကို မမြင်နိုင်ပေ။ စက္ခုဝိညာဉ်စိတ် မပေါ်နိုင်ပေ။

အချက်လေးချက်နှင့် ပြည့်စုံနေပါက အစိမောက္ခသည် စက္ခုဝိညာဉ် စိတ်ဖြစ်ပေါ်စေဟု ဆုံးဖြတ်မပေးသော်လည်း စက္ခုဝိညာဉ်စိတ်သည် ပေါ်ပါ မည်။

သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယ ဝိညာဉ် စိတ်တို့၏ ဖြစ်ပေါ်ခြင်း အကြောင်းများလည်း ရှိပါသည်။

သောတဝိညာဉ်စိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းလေးချက်

(၁) နားအကြည်စိတ်

(၂) အသံ

(၃) အပေါက် (အာကာသဓာတ်)

(၄) နှလုံးသွင်းခြင်း။

ဃာနဝိညာဉ်စိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းလေးချက်

(၁) နှာအကြည်ဓာတ်၊

(၂) အနံ့

(၃) ဝင်လေ (ဝါယောဓာတ်)

(၄) နှလုံးသွင်းခြင်း။

ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်ခြင်း၏ အကြောင်းလေးချက်

(၁) လျှာအကြည်ဓာတ်

(၂) အရသာ

(၃) အစိုဓါတ် (အာပေါဓာတ်)

(၄) နှလုံးသွင်းခြင်း။

သောတဝိညာဉ်စိတ်သည်လည်းကောင်း၊ ဃာနဝိညာဉ်စိတ်သည်လည်းကောင်း၊ ဇိဝှါဝိညာဉ်စိတ်သည်လည်းကောင်း၊ ကာယဝိညာဉ်စိတ်သည်လည်းကောင်း သက်ဆိုင်ရာ ဖြစ်ပေါ်ခြင်း အကြောင်းများနှင့် ပြည့်စုံလျှင် အမိမောက္ခက မဆုံးဖြတ်သော်လည်း ဖြစ်ပေါ်ပါသည်။ ဖြစ်ပေါ်ခြင်း အကြောင်းများ တခုခု ချို့ယွင်းပါက အမိမောက္ခက ဆုံးဖြတ်ပေးသော်လည်း မပေါ်နိုင်ပါ။ ထို့ကြောင့် အမိမောက္ခသည် ဒွေးပဥ္စဝိညာဉ်စိတ် (၁၀)ကိုယှဉ်ရန် မလိုသောကြောင့် မယှဉ်ပါ၊ ကြဉ်ပါသည်။

## ဝီရိယ

ကျောင်းသား တယောက်သည် စာကျက်ရာတွင် စာမရခင် တခါတရံ ပျင်းလာ၏။ စာမကျက်လိုတော့ဘဲ စိတ်လျှော့ချင်လာသည်။ တစ်ဖန် ထိုစာကို မရမခြင်းမထဘဲ ကျက်မည်ဟူ၍ စိတ်ဓာတ်မာလာပြန်၏၊ ဝီရိယသည်စိတ်ကို မာတက်လာအောင် နောက်မဆုတ်အောင် ကူညီ၏၊ ထောက်ပံ့၏၊ ဝီရိယက

ကျည် ထောက်ပံ့သောကြောင့် စိတ်သည် အားတက်လာပါသည်။ ထို့ကြောင့် ဝီရိယသည် လုပ်ငန်းတစ်ခုကို ပြီးစီးသည့်တိုင်အောင် ကြိုးစားအားထုတ် ဆောင်ရွက်လိုစိတ်ရှိရန် ထောက်ပံ့ပေးသော စေတ်အားဖြစ်ပါသည်။

## ဝီရိယကြဉ်သောစိတ်

| | |
|---|---|
| ဒွေးပဉ္စဝိညာဉ် ------------------ | ၁၀ |
| မနောဓာတ် (ပဉ္စဒွါရာဝဇ္ဇန်း + သမ္ပဋိစ္ဆန်း ၂) -- | ၃ |
| သန္တီရဏစိတ် ----------------------- | ၃ |
| | ----- |
| ပေါင်း | ၁၆ |

## ဝီရိယယှဉ်သောစိတ်

ဒွေးပဉ္စဝိညာဉ်စိတ် ၁၀ နှင့် မနောဓာတ် (၃)၊ သန္တီရဏ (၃) မှတပါး

| | |
|---|---|
| ကျန်သော ကာမစိတ် (၅၄-၁၆ ) -------- | ၃၈ |
| ရူပစိတ် ----------------------------- | ၁၅ |
| အရူပစိတ် ---------------------------- | ၁၂ |
| လောကုတ္တရာစိတ် ---------------------- | ၈ |
| | ------ |
| ပေါင်း | ၇၃ |

## ဝီရိယသည် ဒွေးပဉ္စဝိညာဉ် (၁၀) ကိုအဘယ်ကြောင့် မယှဉ်သနည်း

စက္ခုဝိညာဉ်စိတ်ဖြစ်ရန် အကြောင်းလေးမျိုး ရှိပါသည်။ ထိုအကြောင်းလေးမျိုးနှင့် တိုက်ဆိုင်လျှင် စက္ခုဝိညာဉ်စိတ်ဖြစ်ပါ၏။ ဝီရိယ ကူညီရန်မလိုပါ၊ ထိုကဲ့သို့ပင် အခြားသော ဝိညာဉ်စိတ်များလည်း သက်ဆိုင်ရာ အကြောင်းများနှင့် ဆုံလျှင် ဖြစ်ပေါ်နိုင်ပါသည်။ ဝီရိယက ဒွေးပဉ္စဝိညာဉ်စိတ် (၁၀) ကိုမယှဉ်ပါ၊ ကြဉ်ပါသည်။

## ဝီရိယသည် မနောဓာတ်(၃) နှင့် သန္တီရဏ (၃) ကို အဘယ်ကြောင့် မယှဉ်ပါသနည်း

ဒွေးပဉ္စဝိညာဉ်စိတ်(၁၀) မှ စိတ်တခုခု ဖြစ်ပေါ်သော် ထိုစိတ်၏ ရှေ့ တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည်လည်းကောင်း၊ နောက်တွင် သမ္ပဋိစ္ဆန်းစိတ် နှင့် သန္တီရဏစိတ်သည်လည်းကောင်း ဖြစ်ပေါ်လာပါသည်။ ဥပမာ– အဆင်းကို သိသော စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်သော် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခု ဝိညာဉ်စိတ်၊ သမ္ပဋိစ္ဆန်းစိတ်၊ သန္တီရဏ စိတ်တို့သည် အသီးသီး ဖြစ်ပေါ်လာပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဒွေးပဉ္စဝိညာဉ်စိတ် (၁၀) ၏ ရှေ့ပြေးဖြစ်၍ သမ္ပဋိစ္ဆန်းစိတ်နှင့် သန္တီရဏ (၃) သည် နောက်လိုက်ဖြစ်ပါသည်။ ဒွေးပဉ္စ ဝိညာဉ်(၁၀) သည် ဝီရိယနှင့် ယှဉ်ရန်မလိုသော် ၎င်း၏ ရှေ့ပြေးဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းနှင့် နောက်လိုက်ဖြစ်သော သန္တီရဏ (၃) နှင့် သမ္ပဋိစ္ဆန်းစိတ်တို့ သည်လည်း ဝီရိယနှင့် ယှဉ်ရန်မလိုပါ။ ထို့ကြောင့် ဝီရိယသည် မနောဓာတ် (၃) နှင့် သန္တီရဏ (၃) ကို မယှဉ်ပါ၊ ကြဉ်ပါသည်။

## ဝိပါက်တို့တွင် ဝီရိယ မပါဝင်ကြောင်း

အကုသလဝိပါက်၊ ကုသလဝိပါက်တွင် ဝီရိယမပါဝင်ချေ။ ဝိပါက်သည် အကျိုးဖြစ်၍၊ အကျိုးကို တိုက်ရိုက် ဆောင်ရွက်၍ မရပေ။ အကျိုးကို ဖြစ်စေသော အကြောင်းကိုသာ ဆောင်ရွက်ရမည်။ စပယ်ပန်း၊ နှင်းဆီပန်းကို လိုချင်သောကြောင့် ပန်းကို စိုက်၍ မရပေ။ စပါယ်ပန်း၊ နှင်းဆီပန်းကို ဖြစ်စေနိုင်သော စပါယ်ပင်၊ နှင်းဆီပင်ကိုသာ စိုက်ပျိုးရမည်။ ထို့ကြောင့် အကျိုးတရားကို ဖြစ်စေနိုင်သော အခြေခံ အကြောင်းကိုသာ ဆောင်ရွက်သင့်ပေသည်။ သို့ရာတွင် စပါယ်ပန်းကိုလိုချင်သော် နှင်းဆီပင်ကိုစိုက်ပျိုး၍ မရပေ။ အကြောင်းနှင့်အကျိုး ဆက်စပ်နေရမည်။ အများအားဖြင့် လူတို့သည် ကုသလဝိပါက် (ကောင်းသောအကျိုး)ကိုလိုသော် အခြေခံဖြစ်သော အကြောင်း လုပ်ငန်းကို လုပ်ဆောင်ရမည်။ မဟာကုသိုလ်ကို ဆောင်ရွက်ရမည်။ ကုသလ ဝိပါက်ရလိုသော်လည်း လုပ်ငန်းအားဖြင့် အကုသိုလ်များကို ပြုလုပ်နေပါက အကုသလဝိပါက် (မကောင်းကျိုးကို)သာ ရပေမည်။ ထို့ကြောင့် ကုသလဝိပါက်ကိုရလိုသော် တိုက်ရိုက်မပြုလုပ်ဘဲ မဟာကုသိုလ်

လုပ်ငန်းကို ပြုလုပ်ရပေမည်။ ဥပမာ- အစားကောင်း စားရခြင်းသည် ကုသလဝိပါက် ဖြစ်၏။ အစားကောင်းစားရရန် တိုက်ရိုက်အားဖြင့် ခိုးယူ တိုက်ခိုက်သော် ကုသလဝိပါက်မရဘဲ အကုသလ ဝိပါက်သာရပေမည်။ အစားကောင်း စားရရန်အတွက် တိုက်ရိုက် မကြိုးစားရပေ။ အစားကောင်း စားရရန်အတွက် သင့်တော်သော လုပ်ငန်းစဉ်ကို ပြုလုပ်ရပေမည်။ ထို့ကြောင့် မည်သည့် အကျိုးကိုမဆို လိုလားသော် အခြေခံအကြောင်းကိုပင် ဆောင်ရွက် လုပ်ကိုင်ရမည်။ အကျိုးကို တိုက်ရိုက် ရယူ၍ မဖြစ်နိုင်ပါ။ သို့ဖြစ်ရကား ဝိပါက်များတွင် ဝီရိယ မပါဝင်ပါ။

## အကုသိုလ်စိတ်တွင် ဝီရိယ စေတသိက်ယှဉ်ပုံ

အကုသိုလ်စိတ် (၁၂) ပါးတွင် ဝီရိယစေတသိက် ယှဉ်ပါသည်။ ဥပမာ- လူတစ်ယောက်၏ ပစ္စည်းဥစ္စာတခုခုကို တပ်မက်လိုလားသော စိတ်သည် လောဘဖြစ်၏။ လောဘစိတ် ပြင်းသဖြင့် ခိုးယူ တိုက်ခိုက်လိုသော အကြံအစည်သည် ဖြစ်၏။ ယင်းအကြံအစည်အတိုင်း သူတပါး၏ ပစ္စည်းကို ခိုးယူသည့်တိုင်အောင် ဝီရိယက မြှောက်ပင့်ပေး၏၊ ကြိုးစားပေး၏။ ဝီရိယ ကူညီသောကြောင့် သူတပါး၏ ပစ္စည်းကို ခိုးယူလိုက်သည်။

ဥဒ္ဓစ္စတွင်လည်း ဝီရိယယှဉ်ပါသည်၊ ဥဒ္ဓစ္စသည် ပြန့်လွင့်၏။ ထိုပြန့် လွင့်သော စိတ်ထဲတွင် တွန်းကန်မှု အားရှိ၏။ ထိုတွန်းကန်မှု အားသည် ဝီရိယစေတသိက် ဖြစ်ပါသည်။

တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာတွင်လည်း ဝီရိယပါဝင်ပါသည်။ အပျော့စားဖြစ်ပါသည်။

မဟာကုသိုလ်စိတ်၊ ရူပစိတ်၊ အရူပစိတ်တို့တွင်လည်း ဝီရိယပါဝင် ပါသည်။ စာသင်ခြင်းသည် မဟာကုသိုလ်စိတ်ဖြစ်၏။ သို့ရာတွင် တခါတရံ တွင် စာသင်ရသည်ကို ငြီးငွေ့၏၊ ပျင်းရိ၏။ ထိုသို့ငြီးငွေ့သောစိတ်ကို ပယ်ဖျောက်ပြီး စာပေသင်ကြားရာတွင် ပြီးဆုံးခြင်းသို့ ရောက်သည့်တိုင် သင်ကြားရမည်ဟု ဝီရိယစေတသိက်က စိတ်ကို နိုင်မာစေရန် အထောက် အပံ့ အကူအညီ ပြုပါသည်။

## ဆန္ဒ

ဆန္ဒနှင့် လောဘသည် ကွာခြားသည်၊ ဆန္ဒသည် လိုချင်ကာမျှ ဖြစ်၏၊ ငြိခြင်း၊ ကပ်ခြင်း မပါပေ။ လောဘတွင်ကား ငြိခြင်း၊ ကပ်ခြင်း၊ အစေးအညှော် ပါဝင်ပါသည်။ ဆန္ဒ လိုချင်ရုံမျှဖြင့် အပြစ်တစုံတရာ မပါပေ။ အညစ် အစေး မပါသော ဆန္ဒ အလွန်ပြင်းထန်သော်လည်း ဘေးမရောက်ပေ၊ အပြစ်မရှိနိုင်ပါ။

ဆန္ဒာဓိပတိနောက်မှ ဝီရိယသည်လိုက်၏။ ဆန္ဒပြင်းထန်လာလျှင် ဝီရိယလည်း ပြင်းထန်လာသည်။ ပြင်းထန်သော ဆန္ဒရှင်ဖြစ်ပါက တနည်းနည်းဖြင့် အကူအညီရနိုင်ပေသည်။ ရည်ရွယ်ချက် ပြင်းထန်ခြင်းသည် ဆန္ဒဖြစ်၏။

တရဏ္ဍာဇာတ်တွင် ဘုရားလောင်းဖြစ်သော ရှဉ့်သည် သမုဒ္ဒရာ ကမ်းခြေတွင် ရှိသော သစ်တောတွင် နေထိုင်စဉ်၊ တနေ့သ၌ အစာရှာသွားခိုက် လေပြင်းမုန်တိုင်းကျ၏၊ လေပြင်းဒဏ်ကြောင့် သစ်ပင်များပြိုလဲကာ ထိုရှဉ့်ငယ်၏ သားနှင့်တကွ အသိုက်သည် ရေထဲသို့ လွင့်စင်ကျသွားသည်။ အလောင်းတော်ရှဉ့်သည်လည်း သားအလောင်းကို အလွန်တွေ့ချင်ရကား သားအလောင်းသည် ရေဖုံးနေမည်ဖြစ်ကြောင်း ထင်မြင်ပြီး ရေများကိုဖယ်ပစ်ရန် ကြိုးစားတော့သည်။ ဘုရားလောင်းတို့ မည်သည် လက်ငင်းကျရောက်နေသော အခြင်းအရာကိုသာ တွေးတော ကြံစည်၏။ ကျော်မတွေး၊ လျော့မတွေးပေ။ ရှဉ့်သည်သမုဒ္ဒရာမှ ရေများ ကုန်စင်သွားလျှင် ၎င်း၏သားအလောင်းကို တွေ့ရမည်ဟု ယူဆပြီး ရေများ ကုန်စင်သွားစေရန် အမြီးနှင့် ရေကိုဖယ်ထုတ်၏။

ရှဉ့်၏ ဆန္ဒာဓိပတိ ပြင်းထန်မှုကြောင့် လောကဓာတ်ကို ရိုက်ခတ်၏။ ထို့ကြောင့်ပင် သိကြားမင်းဆင်းပြီး ရှဉ့်အား ရေကိုခပ်ထုတ်ရန်ကြိုးစားခြင်းသည် အချည်းနှီးဖြစ်ကြောင်း ဖြောင်းဖြပြောဆိုသော်လည်း မရပေ။ ရေကိုသာ ခပ်ထုတ်နေ၏။ သိကြားမင်းသည်လည်း နောက်ဆုံးတွင်ရှဉ့်အား သားအလောင်းနှင့်တကွ အသိုက်ကို ရေထဲမှဆယ်ယူ၍ ပေးခဲ့ရလေသည်။

ထို့ကြောင့် ဆန္ဒပြင်းထန်လာပါက တနည်းနည်းဖြင့် အကူအညီ ရနိုင်ပါသည်။

## ဆန္ဒကြဉ်သောစိတ်

အဟိတ်စိတ် ---------- ၁၈

မောဟမူစိတ် ----------- ၂

အဟိတ်စိတ်ထဲတွင် ဆန္ဒမပါဝင်ပေ။ မောဟသည်လည်း တွေဝေနေသောကြောင့် ဖုံးလွှမ်းနေ၏။ ရည်ရွယ်ချက်မရှိပေ။ ဆန္ဒမပါဝင်။

## ဆန္ဒယှဉ်သောစိတ်

| | |
|---|---|
| မောဟစိတ်နှင့် အဟိတ်စိတ်မပါသောကာမစိတ် ---- | ၃၄ |
| ရူပဈာန် -------------------------------- | ၁၅ |
| အရူပဈာန် ----------------------------- | ၁၂ |
| လောကုတ္တရာစိတ် (အကျဉ်း) --------------- | ၈ |
| | ------ |
| ပေါင်း | ၆၉ |

လောဘတွင် ဆန္ဒပါဝင်သည်၊ မကောင်းသော ဆန္ဒဖြစ်သည်၊ အကုသိုလ်ကိုဖြစ်စေသည်၊ ထိုမကောင်းသောဆန္ဒသည် လောဘနှင့် ရောထွေးနေသည်။

ဒေါသတွင်လည်း ဆန္ဒပါဝင်သည်။ မကောင်းသော ဆန္ဒသာ ဖြစ်၏။ ဒေါသနှင့် ရောထွေးနေသည်။

## သောဘဏစေတသိက်နှင့် စိတ်ယှဉ်ပုံ

### စေတသိက်

| အကုသိုလ် | အညသမာန်း | သောဘဏ |
|---|---|---|
| ၄ | ၇ | ၁၉ - ၅၉ - ၉၁ |
| လော | ဝိ | |
| ဒိ | စာ | ၃-၈+၈=၁၆ |
| မာ | ဓိ | |
| ၄ | ဝီ | ၂-၈+၈+၁၂=၂၈ |
| ၂ | ပီ | |
| ဝိ | ဆ | ၀-၁၂+၂၇+၈=၄၇ |
| ------ | ---- | --------- |
| ၁၄ | ၁၃ | ၁၅ |




### သောဘဏသာဓာရဏ- ၁၉

၁။ သဒ္ဓါ---------------- ယုံကြည်ခြင်း
၂။ သတိ -------------- မမေ့ခြင်း
၃။ ဟိရီ -------------- ရှက်ခြင်း
၄။ ဩတ္တပ္ပ ------------- ကြောက်ခြင်း
၅။ အလောဘ ----------- မလိုချင်( ပေးချင်ခြင်း)
၆။ အဒေါသ ------------- မကြမ်းတမ်း(ခင်မင်ခြင်း)
၇။ တတြမဇ္ဈတ္တတာ--------- လျစ်လျူရှု (အလယ်အလပ်ရှု) ခြင်း
၈။ ကာယပဿဒ္ဓိ --------- စေတသိက်အပေါင်း အေးချမ်းခြင်း
၉။ စိတ္တပဿဒ္ဓိ----------- စိတ်အေးချမ်းခြင်း
၁၀။ ကာယလဟုတာ ------- စေတသိက်အပေါင်း ပေါ့ပါးခြင်း

၁၁။ စိတ္တလဟုတာ -------- စိတ်ပေါ့ပါးခြင်း
၁၂။ ကာယမုဒုတာ -------- စေတသိတ်အပေါင်း နူးညံ့ခြင်း
၁၃။ စိတ္တမုဒုတာ --------- စိတ်နူးညံ့ခြင်း
၁၄။ ကာယကမ္မညတာ------ စေတသိက်အပေါင်း နိုင်ခံ့ခြင်း
၁၅။ စိတ္တကမ္မညတာ ------- စိတ်နိုင်ခံ့ခြင်း
၁၆။ ကာယပါဂုညတာ------ စေတသိတ်အပေါင်း ကျွမ်းကျင်ခြင်း
၁၇။ စိတ္တပါဂုညတာ ------- စိတ်ကျွမ်းကျင်ခြင်း
၁၈။ ကာယုဇုကတာ ------- စေတသိက်အပေါင်း ဖြောင့်တန်းခြင်း
၁၉။ စိတ္တုဇုကတာ -------- စိတ်ဖြောင့်တန်းခြင်း

သောဘဏသာဓာရဏစေတသိက်ယှဉ်သောစိတ်

ကာမသောဘဏစိတ် ------ ၂၄
ရူပစိတ် -------------- ၁၅
အရူပစိတ် -------- ၁၂
လောကုတ္တရာစိတ် (အကျဉ်း) ---- ၈

-----

၅၉

သောဘဏသာဓာရဏ စေတသိက်သည် စိတ်အကျဉ်း(၅၉)၊ အကျယ် (၉၁)၊ နှင့် ယှဉ်ပါသည်။ စိတ်အကျဉ်း(၅၉) တွင် လောကုတ္တရာစိတ် အကျယ် (၃၂) နှင့် ထပ်ပေါင်းသော် စိတ်ပေါင်း အကျယ် (၉၁) နှင့် ယှဉ်သည်။

ဝိရတီစေတသိက် -၃

၁။ သမ္မာဝါစာ
၂။ သမ္မာကမ္မန္တ
၃။ သမ္မာအာဇီဝ

မဟာကုသိုလ်စိတ် ┬ × × – –
└ × × – – ၁ . ၁ . ၁ .ရံခါ

လောကုတ္တရာစိတ် -- × × × × × × × × ၃ . အမြဲ

## ဝိရတီစေတသိက်ယှဉ်သော စိတ်

မဟာကုသိုလ်စိတ် --------- ၈
လောကုတ္တရာစိတ် --(အကျဉ်း) ၈

-----

၁၆

ဝိရတီစေတသိက် သုံးပါးသည်၊ မဟာကုသိုလ်စိတ် ရှစ်ပါးနှင့်ယှဉ်သည်။ ယှဉ်ရာတွင် အသီးသီး ခွဲယှဉ်ပြီး တခါတရံမှသာယှဉ်၏။ အမြဲမယှဉ်ပေ။ မဟာကုသိုလ်စိတ် တခုဖြစ်ပေါ်လျှင် ဝိရတီစေတသိက်သုံးပါးထဲမှ တခုခု ပါနိုင်၏။ မပါဘဲနေသောအခါလည်း ရှိသည်။

ဥပမာ။ စာရေးရာတွင် မကောင်းသော စကားကို ရှောင်မည်၊ မကောင်းသောအလုပ်ကို ရှောင်မည်ဟု စိတ်က မသတ်မှတ်ပေ။ ထို့ကြောင့် စာရေးရာတွင် သမ္မာဝါစာသည် လည်းကောင်း၊ သမ္မာကမ္မန္တသည်လည်းကောင်း၊ သမ္မာအာဇီဝသည်လည်းကောင်း၊ ဝိရတီ သုံးပါးစလုံး မပါဝင်ပေ။

ဝိရတီစေတသိက် သုံးပါးသည် လောကုတ္တရာစိတ် (၈) ပါးနှင့် တပေါင်းတည်း အမြဲ ယှဉ်ပါသည်။ လောကုတ္တရာ (၄၀) နှင့် ယှဉ်ပြီးဖြစ်သည်။

## ဝိရတီစေတသိက် ကြဉ်သော စိတ်

မဟာကုသိုလ်စိတ်ရှစ်ပါး၊ လောကုတ္တရာ စိတ်ရှစ်ပါးမှ တပါး ကျန်သော သောဘဏစိတ်တို့ကို ကြဉ်သည်။

အပ္ပမညာ= ၂

၁။ ကရုဏာ
၂။ မုဒိတာ

## အပ္ပမညာစေတသိက်ယှဉ်သောစိတ်

မဟာကုသိုလ်စိတ် ---- ၈
မဟာကြိယာစိတ်---------- ၈
ရူပသောမနဿစိတ် ----- ၁၂

### အပ္ပမညာစေတသိက်ကြဉ်သော စိတ်

မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ် (၈) ပါး၊ ရူပသောမနဿစိတ် (၁၂) မှ တပါး ကျန်သော သောဘဏစိတ်များကိုကြဉ်သည်။

× × – –

မဟာကုသိုလ်စိတ် ၁၊ ၁၊ ရံခါယှဉ်

× × – –

× × – –

မဟာကြိယာစိတ်၁၊ ၁၊ ရံခါယှဉ်

× × – –

× × ×

× × ×

ရူပသောမနဿစိတ် ၁၊ ၁၊ ရံခါယှဉ်

× × ×

× × ×

ကရုဏာနှင့်မုဒိတာဟူသော အပ္ပပညာစေတသိက် နှစ်ပါးသည် မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ်ရှစ်ပါး၊ ရူပသောမနဿစိတ် တဆယ့် နှစ်ပါးတို့ကို တခါတရံ အသီးသီးယှဉ်သည်၊ အမြဲမယှဉ်ပါ။

လူတဦးတယောက် ကောင်းစားသည်ကိုမြင်၍ ဝမ်းသာခြင်း၊ (မုဒိတာ) နှင့် လူတဦးတယောက် ဆင်းရဲသည်ကိုမြင်၍ ဝမ်းနည်းခြင်း၊ သနားခြင်း၊ (ကရုဏာ) သည် တပြိုင်နက်တည်း မဖြစ်နိုင်ပါ။

လူသာမန် တယောက်သည် ဒုက္ခရောက်သူ၊ ဆင်းရဲသူကိုမြင်၍ သနားလျှင် မဟာကုသိုလ်စိတ်ထဲမှ တမျိုးမျိုးဖြစ်နိုင်သည်။ ထိုစိတ်သည် ကောင်းသည်၊ ကရုဏာစေတသိက်နှင့် ယှဉ်ပါသည်။

လူတယောက် ချမ်းသာသည်ကိုမြင်၍ ဝမ်းသာခြင်းသည် မုဒိတာဖြစ်သည်။ မဟာကုသိုလ်စိတ်ထဲမှ တပါးပါးဖြစ်နိုင်သည်။ ထိုစိတ်သည်လည်း ကောင်းသည်။

သူတပါးဒုက္ခရောက်ခြင်း၊ ပျက်စီးခြင်း၊ ဆင်းရဲခြင်းကိုမြင်၍ ဝမ်းသာခြင်းသည်ကား မုဒိတာမဟုတ်တော့ပေ။ သူတပါးပျက်စီးမှုကို လိုလားသော လောဘမူ သောမနဿစိတ် လေးခုမှ တခုခုဖြစ်နိုင်ပါသည်။ ထိုစိတ်သည် မကောင်းပါ၊ ဒိဋ္ဌိစေတသိက်နှင့် ယှဉ်သည်။

မာနစေတသိက်ယှဉ်သော လောဘစိတ်ဖြစ်ပုံမှာ ဥပမာ- ရှေးဦးအစက သူတပါးကိုနိုင်ချင်နေ၏။ သူတပါးထက် သာလွန်လို၏။ ထိုသူ ပျက်စီးသွားသော်"ငါနိုင်တော့မည်"ဟု တက်ကြွထောင်လွှားခြင်းဖြစ်၏။

ရန်သူ သို့မဟုတ် မိမိ၏ပြိုင်ဘက် ပျက်စီးသွားသောကြောင့် သဘောကျနှစ်ခြိုက်ခြင်း ဖြစ်လေသည်။

သနားရမည့် အကြောင်းများကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်က များပေသည်။ ငါးဈေးကျဆင်းသဖြင့် ဝမ်းမြောက်ကြ၏။ခြောက်နှစ်သားကလေးတယောက်သည် မိဘတဦးဦး သေဆုံးသည့် အခါတွင် ဝမ်းသာနေ၏။ ဤနေရာ၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြခြင်းသည် မုဒိတာ မဟုတ်ပေ။ သနားရမည့်၊ ကရုဏာထားရမည့် နေရာတွင် ဝမ်းသာနေသောကြောင့် အမြင်မှားနေကြသည်၊ ဒိဋ္ဌိဖြစ်သည်။ ငါးဈေးကျခြင်းသည် ငါးများ အသေအပျောက်များသောကြောင့်ဖြစ်သည်။ ငါးမြောက်မြားစွာ သေကြေပျက်စီးရသည်ကို သနားခြင်းမရှိဘဲ ဝမ်းမြောက်ဝမ်းသာဖြစ်နေသောကြောင့် အမြင်မှား ဒိဋ္ဌိဖြစ်သည်။

မလွဲမရှောင်သာဘဲ အသားကို စားရာတွင် သနားကရုဏာစိတ် ထားပြီး စားသင့်ပေသည်။ အသားကို သနားစိတ်ဖြင့်စားသောက်ပါက သူ့အသက်ကို မသတ်သော (ပါဏာတိပါတကံ) သီလကို လုံခြုံပြီးသားဖြစ်သည်။ လက်ငင်းအားဖြင့် ကုသိုလ်စိတ်ဖြစ်ပေသည်။ ကုသိုလ်စိတ်ဖြစ် သောကြောင့် ကောင်းမွန်သော အကျိုးအမြတ်ကိုသာရပေမည်။

ကရုဏာနှင့် မုဒိတာသည် ကုသိုလ်စိတ်များကို ဖြစ်စေသည်။ တဦးတယောက် ချမ်းသာသည်ကိုမြင်၍ ဝမ်းမြောက်သော သူသည် အခြားသူကိုလည်း ချမ်းသာအောင် လုပ်ပေးချင်၏။ ထိုသူသည် ကိုယ်တိုင်လည်း မဆင်းရဲနိုင်တော့ပေ။ ချမ်းသာသော သူက ထိုသူအား တတ်အားသမျှ တွဲခေါ်သွားပေမည်။

ဆင်းရဲသူကို ဝမ်းမြောက်ပါက မိမိအတွက်လည်း အရှုံးရပေမည်။ ဒိဋ္ဌိနှင့် မာန သောမနဿ စိတ်တခုခု ဖြစ်နိုင်သည်။ ဖြစ်စကတည်းက အကုသိုလ်တရားဖြစ်၏။ ဆင်းရဲသူကို ဝမ်းမြောက်မိပါက အခြားသူတဦး တယောက်ကိုပင် ဆင်းရဲအောင် ပြုလုပ်ချင်သည်။ အသားစားခြင်း၌ ကရုဏာဖြစ်ရမည်ကို မုဒိတာဖြစ်ကြသည်။ ထို့ကြောင့် သတ်ခြင်းဖြတ်ခြင်း များ ပေါ်များလာသည်။

ပညိန္ဒြေစေတသိက်ယှဉ်သောစိတ်

| | |
|---|---|
| ကာမသောဘဏာ၊ ဉာဏသမ္ပယုတ်စိတ် | ၁၂ |
| မဟဂ္ဂုတ်စိတ်(ရူပစိတ်–၁၅+ အရူပစိတ် ၁၂) | ၂၇ |
| လောကုတ္တရာစိတ် ---------------- | ၈ |
| အကျဉ်း | ၄၇ |
| | ၃၂ |
| အကျယ် | ၇၉ |

စိတ်အားလုံးသည် ဉာဏ်နှင့် ယှဉ်သည်မဟုတ်ပေ၊ ကောင်းသော ဉာဏ်သည် ပညိန္ဒြေဖြစ်၍ မကောင်းသောဉာဏ်သည် အဝိဇ္ဇာ(ဒိဋ္ဌိ) ဖြစ်သည်။ ပညိန္ဒြေနှင့် ယှဉ်သော စိတ်တို့သည် ဉာဏသမ္ပယုတ်ဖြစ်သည်။ ကာမ သောဘဏာ စိတ်ထဲတွင်လည်း ပါဝင်၏။

လောဘ၊ ဒေါသတွင် ဉာဏ်မပါဝင်ပေ၊ အမြင်မှားနှင့် ယှဉ်တွဲသော (ဒိဋ္ဌိသမ္ပယုတ်)၊ အမြင်မှားနှင့် မယှဉ်တွဲသော (ဒိဋ္ဌိဝိပ္ပယုတ်) သာရှိ၏။ လောဘ၊ ဒေါသတွင် အမြင်မှန်ကို ဖုံးလွှမ်းနိုင်သော မောဟပါဝင်နေသည်။ အစားအစာကို အလွန်အမင်း အကောင်းကြိုက်သော စိတ်သည်လည်းကောင်း၊ အဝတ်အစား အကောင်းကြိုက်သော စိတ်သည် လည်းကောင်း လောဘစိတ် ဖြစ်သည်၊ ဉာဏ်မပါပေ။ ပညိန္ဒြေ စေတသိက်နှင့် မယှဉ်ပါ။ ဒိဋ္ဌိမောဟ စေတသိက်များ ပါဝင်သည်။ ဓမ္မစကြာတရား တရားသဘောအရ ကာမသုခလ္လိကာနုယောဂလမ်းဘက်သို့ ရောက်နေသည်။

တဦးတယောက်ပေါ်တွင် သည်းမခံနိုင်ခြင်း၊ ဒေါသဖြစ်တတ်ခြင်း သည် ဉာဏ်မပါဝင်သော ဒေါသစိတ်ဖြစ်သည်၊ မောဟပါနေသည်၊ ဓမ္မစကြာ လမ်းသုံးသွယ်တွင် အတ္တကိလမထာနုယောဂလမ်းသို့ ရောက်ရှိ နေပါသည်။

ပညာ လေ့လာလိုက်စား သင်ကြားသောသူသည် သေလွန်သော် တိရစ္ဆာန် မဖြစ်နိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် မသေခင်ကတည်းက ပညိန္ဒြေ အားကောင်းသောကြောင့် ဖြစ်သည်။ ပညာ မလေ့လာ မသင်ကြားသော သူသည် အသိဉာဏ် နည်းပါးသောကြောင့် မသေခင်ကတည်းက တိရစ္ဆာန်နှင့် နီးပြီး သေသော်တိရစ္ဆာန်ဘဝသို့ ရောက်နိုင်သည်၊ ထို့ကြောင့်အသိဉာဏ် မခေါင်းပါးစေရန် အတတ်ပညာဟူသရွေ့ကို သင်ကြားလေ့လာသင့်သည်။

ပညိန္ဒြေ အားကောင်းသောသူကို မောဟ မဖုံးလွှမ်းနိုင်။ ဥပမာ ပြရသော် ခန္ဓဝဂ္ဂသံယုဂ်တွင် ဘိက္ခုနီမလေးသည် ပညိန္ဒြေအားကောင်း၍ မောဟ မဖုံးသောကြောင့် မာရ်နတ်၏ ပြောဆိုချက်ကို နားမထောင်ဘဲ မာရ်နတ်ကိုပင် ဘဝ၏ အပြစ်များကို ပြောကြားပေသည်။

တရားကျင့်ကြံ အားထုတ်သော ဘိက္ခုနီမကို မာရ်နတ်က လောကစည်းစိမ်ကို ခံစားရန် ဘဝအဆက်ဆက်ဖြစ်နေပါဦးဟု တိုက်တွန်း သောအခါ မာရ်နတ်၏ စကားကို ဘိက္ခုနီမက ငြင်းပယ်လေသည်။ ဘိက္ခုနီမ က ဘဝတခုဖြစ်လျှင် သေရမှုအမှန်ရှိ၏။ ဘဝဖြစ်လျှင် အမျိုးမျိုးသော ဒုက္ခ များနှင့် တွေ့ကြုံနိုင်၏။ အချုပ်အနှောင်ခံရနိုင်၏။ ဓား၊ လှံ၊ လက်နက်ဖြင့် အသေဆိုး သေရနိုင်၏။ စိတ်ပူစရာ၊ စိတ်ညစ်စရာ အမျိုးမျိုးနှင့် တွေ့ရနိုင်၏။ ဤ အကြောင်းများကြောင့် ဘဝတခုပေါ်မံ၍ ဖြစ်ရန် မလိုလားတော့ပါဟု ငြင်း ပယ်လိုက်သည်။

ဘိက္ခုနီမ ပြောသောစကားများသည် အမှန်တရားများဖြစ်၏။ သို့ရာ တွင် အများအားဖြင့် ထိုအမှန်တရားများကို ကျွန်ုပ်တို့ မမြင်ကြပေ။ အဘယ် ကြောင့်ဆိုသော် မောဟဖုံးနေသောကြောင့် ဖြစ်သည်။

လူတယောက်၏ မျက်စိကို အဝတ်ဖြင့် ဖုံးထားသော် အရာဝတ္ထု အဆင်းအာရုံများကို မမြင်နိုင်ပါ။ မျက်စိကို မျက်မှန်တပ်ပါက အဆင်းအာရုံ များကို မြင်နိုင်ပါသည်။ ထို့အတူပင် မျက်စိသည်စိတ်နှင့်တူပါသည်။ အဝတ် သည်ကား မောဟနှင့် တူ၍ မျက်မှန်သည် ပညိန္ဒြေအားနှင့် တူပါသည်။ မျက်စေ့ကို အဝတ်ဖုံးထားဘိသကဲ့သို့ ကျွန်ုပ်တို့၏ စိတ်ကိုလည်း မောဟက ဖုံးလွှမ်းနေသဖြင့် အာရုံနှင့် တူသည့်အမှန်တရားများကို မမြင်ကြပါ။

## စိတ်နှင့် စေတသိတ်ယှဉ်ပုံ
## သင်္ဂဟနည်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၉ | ၁၉ | ၁၈ | ၁၈ | ၂၀ | ၁၅ | ၁၅ | |
| × | × | – | – | > | – | – | |
| ၂၁ | ၂၁ | ၂၀ | ၂၀ | ၂၂ | | | |
| × | × | – | – | > | | | |
| ၇ | ၇ | ၇ | ၇ | ၇ | ၁၀ | ၁၀ | |
| – | – | – | – | ∨ | – | – | |
| ၇ | ၇ | ၇ | ၇ | ၇ | ၁၀ | ၁၁ | ၁၀ |
| – | – | – | – | ∧ | – | × | – |
| ၁၀ | ၁၁ | ၁၂ | | | | | |
| – | – | × | | | | | |
| ၃၈ | ၃၇ | ၃၇ | ၃၆ | | | | |
| × | × | – | – | | | | |
| × | × | – | – | | | | |
| ၃၃ | ၃၂ | ၃၂ | ၃၁ | | | | |
| × | × | – | – | | | | |
| × | × | – | – | | | | |
| ၃၅ | ၃၄ | ၃၄ | ၃၃ | | | | |
| × | × | – | – | | | | |
| × | × | – | – | | | | |

၃၅ × × × ၃၆ × × × × × × × ×

၃၄ × × × ၃၅ × × × × × × × ×

၃၃ × × × ၃၄ × × × × × × × ×

၃၂ × × × ၃၃ × × × × × × × ×

၃၀--- ---၃၃ – – – – – – – –

## စေတသိက်

| အကု | အညသမာန်း | | | သောဘဏ |
|---|---|---|---|---|
| ၄ - ၁၂ | ကြည့် | ၇ | ယှဉ်၊ | ၈၉-၁၂၁ ၁၉-၅၉+၉၁ |
ရေနှင့် ရောစပ်ထားသော ဆေးသည် အကျႌ၊ လုံချည်စသော ဖျင်များ၏ အကြိုအကြားသို့ ပျံ့နှံ့ရောက်ရှိသွား၍ စွဲမြဲစွာ ထိမိကျန်ရစ်ခဲ့သည်။ ရေသည်ကား ဝင်ရုံသာဝင်၍ အတန်ကြာသော် ခြောက်သွေ့သွားသည်။ ဆေးရောင်သည်သာ ကျန်ရစ်သည်။ ရေသည် စိတ်နှင့်တူ၍ ဆေးသည် စေတသိက်များနှင့် တူသည်။ စိတ်သည်အာရုံကို သိရုံမျှသာသိသည်။ စေတသိက်သည်ကား အာရုံပေါ်တွင် အမှီပြု၍ လောဘ၊ ဒေါသ၊ မောဟ၊ ကုသိုလ်စသည်ဖြင့် ဖြစ်ကာ စွဲမြဲ ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် စိတ်၏ လုပ်ငန်းသည် အာရုံကို သိရုံမျှသာသိသော လုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းကို ဆောင်ရွက်သော စိတ်သည်လည်း တခုတည်းသာလျှင် ရှိသည်။

### ပညတ်

ပညတ်သည်ကား အသိအမှတ်ပြုထားရုံမျှဖြစ်သည်။ အသေအချာရှာကြည့်သော် ပညတ်မရှိပေ။ အကောင်အထည်မရှိပေ။ သို့ရာတွင် အသိအမှတ်ပြုထားသော ပညတ်များစွာရှိ၏။ နာမည်၊ ပုံစံတို့ဖြစ်၏။

| | | | | |
|---|---|---|---|---|
| စက္ခု | ၄၆ | ရူပါရုံ | .. | ၁ |
| သောတ | ၄၆ | သဒ္ဒါရုံ | .. | ၁ |
| ဃာန | ၄၆ | ဂန္ဓာရုံ | .. | ၁ |
| ဇိဝှါ | ၄၆ | ရသာရုံ | .. | ၁ |
| ကာယ | ၄၆ | ဖောဋ္ဌဗ္ဗာရုံ | .. | ၁ |
| မနော | ၄၇ | ဓမ္မာရုံ | .. | ၇၅ + အများ |

အာရုံသည် သိစရာဖြစ်၏၊ မျက်စိသည် အာရုံမဟုတ်၊ အဆင်းသည် အာရုံဖြစ်၏။ ထိုအာရုံသည် စိတ်၏ သိစရာများဖြစ်၏။ အသိခံရသော စိတ်သည် ဓမ္မာရုံဘက်ကနေ၏။ သိသော စိတ်သည် အသိစိတ်ဖြစ်၏။

ဥပမာ။ ။ မောင်ညိုသည် မောင်ဖြူ၏ စိတ်ကိုသိ၏။ မောင်ဖြူစိတ်သည် ဓမ္မာရုံဖြစ်၏။ တဖန် မောင်ဖြူက မောင်ညို၏ စိတ်ကိုသိ၏။ မောင်ညို စိတ်သည် ဓမ္မာရုံဖြစ်၏။

မနောဒွါရ၌ ဖြစ်သောစိတ် (၆၇) ပါးသည် ဓမ္မာရုံကို သိရုံမျှမက ရူပါရုံမှ ဖောဋ္ဌဗ္ဗာရုံအထိ ငါးမျိုးကိုလည်း သိနိုင်သေးသည်။

စက္ခုဒွါရ ဖြစ်သော (၄၆) ပါးသော စိတ်တို့သည် ပစ္စုပ္ပန် ရူပါရုံ တမျိုးကိုသာ သိနိုင်သည်။ သောတဒွါရ၌ ဖြစ်သော စိတ် (၄၆) ပါးသည်၊ ပစ္စုပ္ပန် သဒ္ဒါရုံ တမျိုးကိုသာ သိနိုင်သည်။ ဃာနဒွါရ၌ ဖြစ်သောစိတ်(၄၆) ပါးသည် ပစ္စုပ္ပန် ဂန္ဓာရုံ တမျိုးကိုသာ။ ဇိဝှါဒွါရ၌ဖြစ်သောစိတ် (၄၆)ပါးသည်။ ပစ္စုပ္ပန် ရသာရုံ တမျိုးကိုသာ၊ ကာယဒွါရ၌ ဖြစ်သောစိတ် (၄၆)ပါးသည် ပစ္စုပ္ပန် ဖေါဋ္ဌဗ္ဗာရုံ တမျိုးကိုသာ သိနိုင်သည်။

မနောဒွါရ၌ ဖြစ်သောစိတ် (၆၇) ပါးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံဖောဋ္ဌဗ္ဗာရုံနှင့် ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊ စိတ် ၁၊ စေတသိက် ၅၂၊ ဓမ္မာရုံများနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်၊ ဓမ္မာရုံများကိုပါ သိနိုင်သည်။

ဝိမုတ္တိ = လွတ်သော

= အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသည့် ကာလသုံးပါးမှ လွတ်သော။

## နိဗ္ဗာန်

နိဗ္ဗာန်ဟူသည် ငြိမ်းခြင်း သဘောဖြစ်၏။ လောကတွင် ငြိမ်အေးသွားခြင်းသည် ရှိသည်။ လူ့လောကတွင် လူတိုင်းသည် နိဗ္ဗာန်ငယ်များနှင့် တွေ့ကြုံနိုင်သည်။

ဥပမာ။ ။ ဝိပဿနာတန်းကို အောင်မြင်သည် ဆိုရာ၌ ဝိပဿနာတန်းအထိ စာကျက်ခြင်းမှ ငြိမ်းအေးသွားခြင်းဖြစ်သည်။

ထို့ကြောင့် ငြိမ်းသွားခြင်းသည် ရှိသည်။ မည်သည့် နေရာတွင် ငြိမ်းသွားခြင်း ရှိသနည်းဟူမူ စိတ်ထဲရော ကိုယ်ထဲတွင်ပါ ရှိသည်။ အကောင်အထည်အားဖြင့်ကား ပြ၍ မရပေ။ အကြမ်းအားဖြင့် နိဗ္ဗာန်ကို သုံးမျိုးခွဲခြားထားသည်။ တဒင်္ဂနိဗ္ဗာန်၊ ဝိက္ခမ္ဘန နိဗ္ဗာန်၊ သမုစ္ဆေဒ နိဗ္ဗာန်ဟူ၍ ဖြစ်သည်။ လူတို့တွေ့ကြုံရသော တခဏမျှသော ငြိမ်းအေးခြင်း နိဗ္ဗာန်ကို တဒင်္ဂနိဗ္ဗာန်ဟုခေါ်သည်။ ( အဘိဓမ္မာ သစ္စယမိုက် ကျမ်း။)

ပိဋကတန်း အောင်မြင်၍ စာကျက်ခြင်းမှ ငြိမ်းအေးခြင်းသည် တခဏမျှသာ ဖြစ်၏။ စာများမေ့သွားသော် ပြန်၍ ကျက်မှတ်ရသေး၏။ စင်စစ်ငြိမ်းအေးခြင်း မဖြစ်နိုင်သေးပေ။ စင်စစ်ငြိမ်းအေးသော နိဗ္ဗာန်သည်လည်းရှိသည်။ ထို့ကြောင့် နိဗ္ဗာန်သည်ရှိသည်။ သို့သော် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင်မပါဝင်ပေ။

## နိဗ္ဗာန်နှင့် ပညတ်

နိဗ္ဗာန်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် မပါဝင်သော်လည်း စင်စစ်အားဖြင့် ရှိသည်။ ပညတ်သည်ကား အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တွင် မဖြစ်ပေါ်သည့်နည်းတူ စင်စစ်အားဖြင့်လည်း မရှိပေ။ မိန်းမမြုံမ၏ သားဟု မရှိဘဲ ပြောသကဲ့သို့ မြေဖြူခဲဟူ၍ စင်စစ်အားဖြင့် မရှိသော ပညတ်ကို ပြောခြင်းဖြစ်သည်။

# စိတ်

× × > –

– –

× × – – >

– – – – V – –

– – – – Λ – × –

– – × ကာမအာရုံ .. ၂၅

× × – – မဟဂ္ဂုတ်အာရုံ .. ၆

× × – – ပညတ်အာရုံ .. ၂၁

× × – – နိဗ္ဗာန်အာရုံ .. ၈

× × – – ၉ ချန်အာရုံ .. ၂၀

× × – – ၂ ချွင်း အာရုံ .. ၅

× × – – အားလုံးသွင်းအာရုံ .. ၆

× × × × × × × × × × ×

× × ×

× × ×

× × ×

– – – – – –

⊖ ⊖ – – –

– – –

– – –

| အာရုံ | .. စိတ် | |
|---|---|---|
| ကာမအာရုံ | .. ၂၅ | |
| မဟဂ္ဂုတ်အာရုံ | .. ၆ | ကော |
| ပညတ်အာရုံ | .. ၂၁ | အာရုံ |
| နိဗ္ဗာန်အာရုံ | .. ၈ | တမျိုးတည်းကိုအာရုံပြုစိတ် |
| ၉ ချန်အာရုံ | .. ၂၀ | |
| ၂ ချွင်းအာရုံ | .. ၅ | အနေကာ |
| အားလုံးသွင်းအာရုံ | .. ၆ | အာရုံပြုစိတ် |

ကာမအာရုံ

ကာမစိတ် ၅၄၊ ၄င်းနှင့် ယှဉ်သော စေတသိက် ၅၂၊ ရုပ် ၂၈။

မဟဂ္ဂုတ်အာရုံ

မဟဂ္ဂုတ်စိတ် ၂၇၊ ၄င်းနှင့်ယှဉ်သော စေတသိက် ၃၅။

ပညတ်အာရုံ

ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ ၃၂ ကောဋ္ဌာသဆိုသော ကာယပညတ်တပါး၊ အာနာပါနပညတ် ၁၊ သတ္တဝါ ပညတ် ၁၊ ကောင်းကင် ပညတ် ၁၊ နတ္ထိဘာဝပညတ် ၁။

နိဗ္ဗာန်အာရုံ

နိဗ္ဗာန် ၁။

၉ ချန် အာရုံ

မဂ် ၄၊ ဖိုလ် ၄၊ နိဗ္ဗာန် ၁၊ ပေါင်း ၉-ပါးချန်၍ ကျန်လောကီအာရုံ အားလုံး။ (၉ ချန်အာရုံ = လောကီအာရုံအားလုံး။)

၂ ချွင်း အာရုံ

အရဟတ္တမဂ် ၁၊ အရဟတ္တဖိုလ် ၁၊ ၄င်းနှစ်ပါးကို ချွင်းချန်၍ ကျန် လောကီ၊ လောကုတ္တရာ အားလုံးသောအာရုံ။

အားလုံးသွင်းအာရုံ။

အာရုံမှန်သမျှ တပါးမျှ မကျန် **အားလုံး အာရုံ။**

ကာမအာရုံ ၂၅

ကာမ-ာရုံ တမျိုးတည်းကိုသ- အာရုံပြုနိုင်သော စိတ်(၂၅) ဖြစ်သည်။

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်းမပါသော အဟိတ်စိတ် | .. | ၁၇ |
| မဟာဝိပါက်စိတ် | .. | ၈ |
| | | ----- |
| | | ၂၅ |

မဟဂ္ဂုတ်အာရုံ .. ၆

| | | |
|---|---|---|
| ဒုတိယအရူပဈာန်စိတ် (ဝိညာဏဉ္စာယတန) | .. | ၃ |
| စတုတ္ထအရူပဈာန်စိတ် (နေဝသညာနာသညာယတန) | .. | ၃ |
| | | ------ |
| | | ၆ |

ဒုတိယ အရူပကုသိုလ်နှင့် ဝိပါက်စိတ် နှစ်ပါးတို့သည် ပဌမအရူပကုသိုလ်စိတ်ကို အာရုံပြုကြသည်။

ဒုတိယ အရူပ ကြိယာစိတ်သည် ပဌမ အရူပကုသိုလ်နှင့် ကြိယာကို အာရုံပြုသည်။

စတုတ္ထ အရူပ ကုသိုလ်နှင့် ဝိပါက်စိတ် နှစ်ပါးတို့သည် တတိယ အရူပ ကုသိုလ်စိတ်ကို အာရုံပြုသည်။ စတုတ္ထ အရူပကြိယာစိတ်သည် တတိယ အရူပကုသိုလ်နှင့် ကြိယာကို အာရုံပြုသည်။

ပညတ်အာရုံ .. ၂၁

| | | |
|---|---|---|
| အဘိညာဉ် (၂) ကြဉ်သောရူပစိတ် | .. | ၁၅ |
| ပဌမအရူပစိတ် (အာကာသာနဉ္စာယတန) | .. | ၃ |
| တတိယအရူပစိတ် (အာကိဉ္စညာယတန) | .. | ၃ |
| | | ----- |
| | | ၂၁ |

ဘဝင်စိတ်သည် ဘေးကပြောသော စကားကို ကြားရန် အာရုံမပြုပေ။ ဘဝင်စိတ်သည် သေခါနီးက ဖြစ်ခဲ့သော သို့မဟုတ် အတိတ်က ဖြစ်ခဲ့သော အတွေ့အကြုံ၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တခုခုကိုမြင်နေ၏။ အာရုံပြု၏။ အိပ်ပျော်နေစဉ် ဘဝင်စိတ်ဖြစ်၏။

ဈာန်စိတ်သည် ပညတ်ကိုသာသိ၏။ အခြား မည်သည်ကိုမျှ မသိပေ၊

အဆင်း၊ အသံ၊ အနံ့၊ ... ရသာ၊ အတွေ့ အထိကိုမသိပေ။ ခေါ်သော အသံကို မကြားပေ။ ဈာန်ဝင်စား နေချိန်တွင် ခေါ်သည်ကို မကြားနိုင်ပေ။

နိဗ္ဗာန်အာရုံ .. ၈

လောကုတ္တရာ -- ၈

...စိတ်ကို ဆက်ခါဆက်ခါ ဝင်စားနေသော သူကို ဖိုလ်ဝင်စားသော သူဟုခေါ်၏။ ဖိုလ်ဝင်စားနေသူကို ခေါ်သော်လည်း၊ မကြားပေ၊ ထိခိုက်သော်လည်းမသိပေ။ အဘယ်ကြောင့်ဆိုသော် ဖိုလ်ဝင်စားနေသော သူသည် နိဗ္ဗာန်ကိုသာ မြင်နေ၏။ အာရုံပြုနေ၏။ အခြားမည်သည့် အာရုံကိုမျှ မသိတော့ပေ။

၉ ချန်အာရုံ .. ၂၀

အကုသိုလ် -- ၁၂

မဟာကုသိုလ်ဉာဏဝိပ္ပယုတ် -- ၄

မဟာကြိယာဉာဏဝိပ္ပယုတ် -- ၄

----

၂၀

အကုသိုလ်စိတ် (၁၂) ပါးတွင် ပါဝင်သော ဒေါသစိတ်သည် လောဘစိတ်ကို သိနိုင်သည်။

ဥပမာ။ ။ ခိုးသူနှစ်ယောက်ရှိရာ တယောက်သောသူက ဝေစုထက်ပို၍ ယူ၏။ ထိုသူ၏ လောဘရှိပုံကို အခြားသူတယောက်က မြင်သိသော် ဒေါသ ဖြစ်၍ ရိုက်ပုတ်ကြ၏။ ထိုသို့ဖြစ်၍ ဒေါသစိတ်က လောဘစိတ်ကို သိသည်။

ထိုကဲ့သို့ပင်လောဘစိတ်ကလည်း ဒေါသစိတ်ကို အာရုံပြုနိုင်သည်။ လောဘစိတ်သည် ဒေါသစိတ် ဖြစ်နေသည်ကို မြင်သိ၍ ကျေနပ်နှစ်သက် သည်လည်းရှိသည်။

ဥပမာ။ ။ ယာတော တခုတွင် ယာလုပ်ငန်းကို ဆောင်ရွက်နေသော အလုပ်သမား တယောက်သည် ယာတောအနီး၌ ပြင်းပြင်းထန်ထန် ခွပ်သတ် နေကြသော ကြက်နှစ်ကောင်ကို မြင်သော် ထိုကြက်နှစ်ကောင်ကို လိုချင် နေသော လောဘစိတ်သည် ဖြစ်ပေါ်၏။ စိတ်အကြံမှာကား “ငါ၏ယာလည်း

ညက်စေကြက်တို့လည်း မောပန်းကြစေ၊ ထိုအခါမှ နွမ်းနယ်နေသော ကြက်တို့ကို ဖမ်းယူအံ့။" ဟုအကြံဖြစ်၏။ ထိုကဲ့သို့ ယာလုပ်ငန်းရှင် တယောက်၏ လောဘစိတ်သည် ကြက်နှစ်ကောင်၏ ဒေါသစိတ်ကြောင့် ခိုက်ရန် ဖြစ်နေကြသည်ကို မြင်သော် ကျေနပ်၏၊ ဝမ်းသာ၏။

ဒေါသစိတ်ကလည်း ဒေါသစိတ်ကိုပင် ပြန်၍ သိနိုင်သည်၊ အာရုံပြုနိုင်သည်။

ဥပမာ။ ။ လူနှစ်ယောက် ရန်ဖြစ်ခြင်းသည် သိသာနိုင်သည်။ လူတယောက်က စိတ်ဆိုးသဖြင့် အခြားလူတယောက်အား ဆဲရေး တိုင်းထွာ၏။ ထိုအခြားလူသည်လည်း မိမိအား ဆဲရေးရမည်လားဟူ၍ ဒေါသ ပြန်ထွက်၏၊ စိတ်ဆိုး၏၊ ရိုက်ပုတ်လေသည်။ ထို့ကြောင့် လူတယောက်၏ ဒေါသစိတ်ကို အခြားလူတယောက်၏ ဒေါသစိတ်က သိသဖြင့် ခိုက်ရန် ဖြစ်ပွားကြတော့သည်၊ ထိုးခုတ်ရိုက်နှက်ကြသည်။

အကုသိုလ်စိတ်သည် မဟဂ္ဂုတ်စိတ်ကိုလည်း အာရုံပြုသည်။ အကုသိုလ်စိတ် အပါအဝင်ဖြစ်သော လောဘစိတ်သည် မဟဂ္ဂုတ်ဈာန်စိတ်ကို သိသည်။

ဥပမာ။ ။ တယောက်သောသူက အခြားသူတယောက် ဈာန်ဝင်နေသည်ကို ကြည့်၍ မနာလိုဖြစ်ကာ ဒေါသဖြစ်နေ၏။

ဣသိသိင်္ဂဇာတ်၌ သိကြားမင်းသည် သာမဏေငယ် ဈာန်ဝင်စားနေသည်ကို ကြည့်၍ မိမိ၏ ဗိမာန်ကို ဖျက်ဆီးမည် စိုးရိမ်သောကြောင့် ဒေါသဖြစ်နေ၏၊ မနာလိုဖြစ်နေသည်။ ဒေါသစိတ် ပြင်းထန်သောကြောင့်ပင် အလမ္ဗုသာနတ်သမီးကို သာမဏေငယ်အား ဖျက်ဆီးရန် စေလွှတ်စေခဲ့သည်။

(ဇာ–၄၊ ၅၊ ၁၆၁။)

ဤသည်ကား ဒေါသစိတ်က မဂ္ဂဇ်ဈာန်စိတ်အား သိခြင်းဖြစ်သည်။ လောဘစိတ်က မဟဂ္ဂုတ်ဈာန်စိတ်ကို သိရာတွင် ဒုကနိပါတ်၊ ဥပါဟနဝဂ်၊ အသိတာဘူဇာတ်သည် ထင်ရှားသည်။ အိမ်ရှေ့မင်း၏ မိဖုရား အသိတာဘူမင်းသမီးသည် ဈာန်ဝင်စား၍ ကောင်းကင်က စကားပြောသည်ကို မြင်သော် အိမ်ရှေ့မင်း ဗြဟ္မဒတ်သည် လောဘနှင့် ပြောဆိုရာတွင် လောဘစိတ်က မဟဂ္ဂုတ်ဈာန်စိတ်ကို သိခြင်းဖြစ်သည်။

မောဟစိတ်ကလည်း မဟဂ္ဂုတ်ဈာန်စိတ်ကို အာရုံပြုနိုင်သည်။

မဟဂ္ဂုတ်စိတ်များသည် အနိစ္စ၊ ဒုက္ခဖြစ်၏။ သို့ရာတွင် မဟဂ္ဂုတ်ဈာန်စိတ် ရပြီးသောသူသည် ဈာန်တရားသည် အနိစ္စ၊ ဒုက္ခမှန်းမသိပေ၊ ဖုံးလွှမ်းနေသည်။ ဤကဲ့သို့အားဖြင့် မောဟစိတ်က မဟဂ္ဂုတ်စိတ်ကို အာရုံပြုသည်။

| | | |
|---|---|---|
| ၂ ချွင်းအာရုံ | .. | ၅ |
| မဟာကုသိုလ်ဉာဏသမ္ပယုတ် | -- | ၄ |
| ကုသိုလ်အဘိညာဉ် | -- | ၁ |
| | | ----- |
| | | ၅ |

ထိုစိတ် (၅)ပါးသည် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်စိတ်(၂) ခုကို အာရုံမပြုနိုင်၊ ကျန်သော စိတ်များကို သက်ဆိုင်ရာတို့တွင် အာရုံပြုနိုင်သည်။ ထိုစိတ်(၅) ခုသည် သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့နှင့် နိဗ္ဗာန်ကိုလည်း သိသည်။ အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ခြင်းသည်ကား မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးပါးသည် ကုသိုလ်ဖြစ်၏။ အရဟတ္တမဂ်ရပြီးသူသည် ရဟန္တာသာဖြစ်၏။ ထို့ကြောင့် ကြိယာသာဖြစ်၏။ ကုသိုလ်မဖြစ်တော့ပေ။ ထို့ကြောင့် မဟာကုသိုလ်ဉာဏသမ္ပယုတ် လေးပါးနှင့် ကုသိုလ်အဘိညာဉ်သည် အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ် (၂) ပါးကို မသိနိုင်၊ အာရုံမပြုနိုင်ပေ။

| | | |
|---|---|---|
| အားလုံးသွင်း | .. | ၆ |
| မနောဒွါရာဝဇ္ဇန်း | -- | ၁ |
| မဟာကြိယာဉာဏသမ္ပယုတ် | -- | ၄ |
| ကြိယာအဘိညာဉ် | -- | ၁ |
| | | ----- |
| | | ၆ |

ထိုစိတ် (၆) ပါးသည် သက်ဆိုင်ရာ စိတ်များကို အာရုံသွင်းနိုင်သည်။ အာရုံအားလုံးကို အာရုံပြုနိုင်သည်၊ သိနိုင်သည်။

## ဝတ္ထုသင်္ဂဟ

မှီရာအားဖြင့် သဘောတူရာစိတ်၊ စေတသိက်တို့ကို စုပေါင်း၍ ပြသော အခန်း။

ဝတ္ထု = မှီရာ၊ နေရာ

ဝတ္ထု (၆) ပါး

၁။ စက္ခုဝတ္ထု .. မျက်စိအကြည်ဓာတ်
၂။ သောတဝတ္ထု .. နား အကြည်ဓာတ်
၃။ ဃာနဝတ္ထု .. နှာ အကြည်ဓာတ်
၄။ ဇိဝှါဝတ္ထု .. လျှာ အကြည်ဓာတ်
၅။ ကာယဝတ္ထု .. ကိုယ် အကြည်ဓာတ်
၆။ ဟဒယဝတ္ထု .. နှလုံး အကြည်ဓာတ်

### စက္ခုဝတ္ထု

မျက်စိအကြည်ဓာတ်သည် မျက်လုံးအိမ်၏ အတွင်း မျက်လွှာခုနစ်ထပ်၏ အောက်၌ သန်းဦးခေါင်း ပမာဏရှိသော အသားဆိုင်ပေါ်၌ တည်ကိန်းသည်။ ၎င်းအကြည်ဓာတ်သည် ကံကြောင့်ဖြစ်ပေါ်လာသည်။ ဉာဏ်လုံ့လနှင့် ပြုပြင်၍ ရသော ဓာတ်မဟုတ်၊ အဆင်းကို ဖမ်း၏။

### သောတဝတ္ထု

နားအကြည်ဓာတ်သည် နားပေါက်၏ အတွင်းအဆုံး နေရာ၌ အမွေးပေါ်တွင် ပေါက်သော အမွေးနုကလေးများပေါ်၌ တည်ကိန်းသည်၊ အသံကို ဖမ်းသည်။

### ဃာနဝတ္ထု

နှာအကြည်ဓာတ်သည် နှာခေါင်းပေါက်နှစ်ခုအဆုံတွင် ဆိတ်ခွာပုံစံနှင့် တူသော အသားဆိုင်ပေါ်၌ တည်ကိန်းသည် ၊ အနံ့ကို ဖမ်းယူသည်။

### ဇိဝှါဝတ္ထု

လျှာအကြည်ဓာတ်သည် လျှာ၏ အလယ်တွင် ကြာညိုရွက်၏ အဖျားပိုင်းပုံစံနှင့်တူသော အသားဆိုင်ပေါ်တွင် တည်ကိန်းသည်။ အရသာကို ဖမ်းယူသည်။

ကာယဝတ္ထု

ကိုယ်အကြည်ဓာတ်သည်ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်းဖျားနှင့် ခြောက်သွေ့သော အရေပြားကို ချန်လှပ်၍ အတွင်းအပြင် ကိုယ်ကာယ တခုလုံး၌ တည်ကိန်းသည်၊ အတွေ့အထိကို ဖမ်းယူသည်။

ဟဒယဝတ္ထု

နှလုံးအကြည်ဓာတ်သည် နှလုံးသား၏ အတွင်း သွေးအကြည်ပေါ်၌ တည်ကိန်းသည်။ ထိုဝတ္ထုခြောက်ခုစလုံးကို ကံကပင်ပြုလုပ်ပေးသည်။

ဝိညာဏဓာတ် (၇) ပါး

| ဝိညာဏဓာတ် | | စိတ် |
|---|---|---|
| ၁။ စက္ခုဝိညာဏဓာတ် | .. | ၂ |
| ၂။ သောတဝိညာဏဓာတ် | .. | ၂ |
| ၃။ ဃာနဝိညာဏဓာတ် | .. | ၂ |
| ၄။ ဇိဝှါဝိညာဏဓာတ် | .. | ၂ |
| ၅။ ကာယဝိညာဏဓာတ် | .. | ၂ |
| ၆။ မနောဓာတ် | .. | ၃ |
| ၇။ မနောဝိညာဏဓာတ် | .. | ၇၆ |
| | | ----- |
| | | ၈၉ |

ဝိညာဏ = ထူးသော အသိ

၁။ စက္ခုဝိညာဏဓာတ် = မျက်စေ့အကြည်ဓာတ်မှ ဖြစ်ပေါ်လာသော ထူးသောအသိဓာတ်။

၂။ သောတဝိညာဏဓာတ် = နားအကြည်မှ ဖြစ်ပေါ်လာသော ထူးသော အသိဓာတ်။

၃။ ဃာနဝိညာဏဓာတ် = နှာအကြည်မှ ဖြစ်ပေါ်လာသော ထူး သော အသိဓာတ်။

၄။ ဇိဝှါဝိညာဏဓာတ် = လျှာအကြည်မှ ဖြစ်ပေါ်လာသော ထူးသော အသိဓာတ်။

၅။ ကာယဝိညာဏစိတ်= ကိုယ်အကြည်မှ ဖြစ်ပေါ်လာသော ထူးသောအသိစိတ်။

၆။ မနောစိတ် = နှလုံးအကြည်မှ ဖြစ်ပေါ်လာသောစိတ်။

၇။ မနောဝိညာဏစိတ် = နှလုံးအကြည်မှ ဖြစ်ပေါ်လာသော ထူးသောအသိစိတ်။

ထိုဝိညာဏစိတ် (၇) ပါးသည် ဝတ္ထုရုပ် (၆) ပါးကို အမှီပြု၍ ဖြစ်ပေါ်နေသည်။

ဝတ္ထုရုပ်သည် ကံကြောင့် ဖြစ်၏။ သစ်ပင်မှာ စိတ်မရှိပေ။ အဘယ်ကြောင့်ဆိုသော် သစ်ပင်တွင် ကံမရှိပေ။ ကံမရှိသောကြောင့် ဝတ္ထုမရှိ၊ ဝတ္ထုရုပ်မရှိသောကြောင့် စိတ်မရှိပေ။ ဝိညာဏစိတ်များမရှိပေ။

သစ်ပင်နှင့် သက်ရှိသတ္တဝါတို့သည် ကွာခြားသည်။ သစ်ပင်သည် ဥတု၏ ပြုပြင်မှုကိုသာ ခံနေ၏။ ကံမရှိပေ။ သက်ရှိ သတ္တဝါတို့သည်ကား ဥတုကောင်းသော်လည်းကောင်း၊ ဥတုမကောင်းသော်လည်းကောင်း၊ အလုပ်လုပ်ကိုင်နေကြ၏။ ကံရှိ၏။ ထူးခြားသည်မှာကား သက်ရှိ သတ္တဝါတို့သည် မိမိတို့၏ အပြုအလုပ်ကို လိုက်မှီ၍ တိုးတက်ရန်လမ်း၊ ဆုတ်ယုတ်ရန် လမ်းနှစ်ခုသို့ သွားနိုင်သည်။

ဝတ္ထု ဝိညာဏစိတ်

၀

၀

၀ ၁

၀

၀

–

–

၃ – ၄

–



ကာမ (၁၁) ဘုံသားတို့မှာ ဝတ္ထုရုပ် (၆) ပါးလုံးရှိကြ၏။ ထိုဝတ္ထုရုပ်များကို မှီပြု၍ ဝိညာဏဓာတ် (၇) ပါးလုံးဖြစ်ကြ၏။

ရူပဘုံ (၁၆) တွင် အသညသတ်ဘုံမှာ စိတ်မရှိပေ။ စိတ်မရှိသောကြောင့် ဝတ္ထုရုပ်မရှိပေ။

ရူပဘုံ(၁၅) ဘုံတွင် စက္ခု၊ သောတ၊ ဟဒယဝတ္ထု (၃) ခုရှိသည်။ ထိုဝတ္ထုရုပ် (၃) ခုကို မှီ၍ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ် (၄) ခုဖြစ်သည်။

အရူပဘုံတွင် ဝတ္ထုရုပ်မရှိပေ။ မနောဝိညာဏဓာတ် (၁) ခုသာရှိသည်။ ဝတ္ထုရုပ်မရှိဘဲ မနောဝိညာဏဓာတ်ရှိခြင်းမှာ ဈာန်၏တန်ခိုးကြောင့်ဖြစ်သည်။

ဝတ္ထု(၆)ပါး

ဝတ္ထု (၆) ပါးသည် တိုက်ရိုက်မမြင်နိုင်ပေ။ ကိုင်တွယ်၍ မရပေ။ သို့သော် အထင်အရှားရှိ၏။ ဉာဏ်နှင့် သာမြင်နိုင်သည်။

ကာမ (၁၁) ဘုံတွင် ဝတ္ထု (၆) ပါး၊ ဝိညာဏဓာတ် (၇) ပါးရှိသည်။

ရူပဘုံတွင် စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု ရှိသော်လည်း ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုမရှိပါ။ ထို့ကြောင့် အမွှေးနံ့

ကိုလည်းကောင်း၊ အရသာကောင်းဆိုးကိုလည်းကောင်း မသိပါ။ ဗြဟ္မာတယောက်သည် ပူမှန်း၊ အေးမှန်း၊ ကိုင်တွယ်တွေ့ထိမှန်း မသိပေ။ ကာယဝတ္ထု မရှိသောကြောင့် ဖြစ်သည်။

နတ်များသည် လူတို့၏ ပြည်သို့မလာလိုပေ၊ လူတို့၏ အနံ့များသည် မြွေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်ကဲ့သို့နံစော်သည်။

ဗြဟ္မာများသည်လည်း နတ်များကဲ့သို့လူတို့၏ အနံ့နံစော်သည်ဟု သိသလားဟူက မသိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဗြဟ္မာများတွင် အနံ့ကို လက်ခံနိုင်သော ဃာနဝတ္ထု မရှိသောကြောင့် ဖြစ်သည်။

## ဝတ္ထုရုပ်ကိုမှီသောစိတ်

× × – – > – –

× × – – >

– – – – ∨ – –

– – – – ∧ – × –

– – ×

× × – –

× × – –

× × – –

× × – –

× × – –

× × – –

× × × × × × × × × × ×

× × ×

× × ×

× × ×

\- - - - - -

\- - -

\- - -

\- - -

စိတ်အသီးသီးတို့သည် ဝတ္ထုရုပ်ရှိသော ဘုံ၌ဖြစ်လျှင် ဝတ္ထုရုပ်ကို မှီ၍ ဝတ္ထုရုပ် မရှိသောဘုံ၌ ဖြစ်လျှင် ဝတ္ထုရုပ်ကို မမှီပါ။

ကာမ( ၁၁)ဘုံတွင် ဝတ္ထုရုပ် (၆) ခုစလုံးရှိ၍ ရူပဘုံတွင် ဝတ္ထုရုပ် (၃) ခုသာရှိသည်။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထုဖြစ်သည်။ အရူပဘုံတွင် ဝတ္ထုရုပ်မရှိပေ။

### ဝတ္ထုရုပ်ကို ရံခါမှီသောစိတ် - ၄၂

| | | |
|---|---|---|
| လောဘမူစိတ် | .. | ၈ |
| မောဟမူစိတ် | .. | ၂ |
| မနောဒွါရာဝဇ္ဇန်း | .. | ၁ |
| မဟာကုသိုလ် | .. | ၈ |
| မဟာကြိယာ | .. | ၈ |
| အရူပကုသိုလ် | .. | ၄ |
| အရူပကြိယာ | .. | ၄ |
| အဆက်မဂ် | .. | ၃ |
| ဖိုလ် | .. | ၄ |
| | | ၄၂ |

ထိုစိတ်(၄၂) ပါးသည် ဝတ္ထုရုပ်ရှိသော ဘုံ၌ဖြစ်လျှင် ဝတ္ထုရုပ်ကိုမှီ၏။ ဝတ္ထုရုပ် မရှိသော ဘုံ၌ဖြစ်လျှင် မမှီပါ။ ထို့ကြောင့် ထိုစိတ် (၄၂) ပါးသည် ဝတ္ထုရုပ်ကို ရံခါမှီ၍ ရံခါ မမှီသော စိတ်များဖြစ်သည်။ ကာမ(၁၁) ဘုံနှင့် ရူပဘုံတွင် ဖြစ်သော် ဝတ္ထုရုပ်ကိုမှီ၍ အရူပဘုံတွင်ဖြစ်သော် ဝတ္ထုရုပ်ကိုမမှီပါ။ အဘယ်ကြောင့်ဆိုသော် အရူပဘုံတွင် ဝတ္ထုရုပ်မရှိသောကြောင့် ဖြစ်ပါသည်။

စက္ခုဝိညာဉ်စိတ်သည် စက္ခုဝတ္ထုကို မှီသောကြောင့် စက္ခုဝတ္ထုရုပ်ရှိ သော ကာမ(၁၁ ) ဘုံ၊ ရူပ (၁၅) ဘုံတွင်ဖြစ်သည်။

သောတဝိညာဉ်စိတ်သည် သောတဝတ္ထုကို မှီသောကြောင့် သောတဝတ္ထုရုပ်ရှိသော ကာမ(၁၁) ဘုံ၊ ရူပ (၁၅) ဘုံတွင်ဖြစ်သည်။

ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ်တို့သည် ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု တို့ကိုမှီသောကြောင့် ဃာနဝတ္ထု၊ ဇိဝှါဝတ္ထုရုပ်၊ ကာယဝတ္ထုရုပ်ရှိသော ကာမ (၁၁) ဘုံ၌သာဖြစ်၏။ ရူပဘုံ၊ အရူပဘုံတို့တွင် သက်ဆိုင်ရာဝတ္ထုများ မရှိသောကြောင့် ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ်တို့ မဖြစ်ပေါ်ပါ။

### ဝတ္ထုရုပ်ကို အမြဲမှီသော စိတ် ၄၃ ခုတွင် ကာမဘုံတွင်သာဖြစ်သောစိတ်

| | | |
|---|---|---|
| ဒေါသစိတ် | .. | ၂ |
| ဃာနဝိညာဉ် | .. | ၂ |
| ဇိဝှါဝိညာဉ် | .. | ၂ |
| ကာယဝိညာဉ် | .. | ၂ |
| မဟာဝိပါက် | .. | ၈ |
| | | ၁၆ |

### ဝတ္ထုရုပ်ကိုအမြဲမှီသော စိတ် ၄၃

| | | |
|---|---|---|
| ဒေါသစိတ် | .. | ၂ |
| အဟိတ်စိတ် | .. | ၁၇ (မနောဒွါရာဝဇ္ဇန်းကြဉ်) |
| မဟာဝိပါက် | .. | ၈ |
| ရူပစိတ် | .. | ၁၅ |
| သောတာပတ္တိမဂ် | .. | ၁ |
| | | ၄၃ |

## ဝတ္ထုရုပ်ကိုအမြဲမှီသောစိတ် ၄၃ ပါးတွင် ကာမဘုံ၌လည်းဖြစ်၍ ရူပဘုံ၌လည်းဖြစ်သောစိတ် ၂၇

| | | |
|---|---|---|
| အဟိတ်စိတ် | .. | ၁၁ (ဃာန၊ ဇိဝှါ၊ ကာယဝိညာဉ်မရှိ) |
| ရူပစိတ် | .. | ၁၅ |
| သောတာပတ္တိမဂ် | .. | ၁ |

------

၂၇

ဟသိတုပ္ပါဒ်စိတ်သည် အရူပဘုံတွင် မဖြစ်ပေါ်ပါ။ အဘယ်ကြောင့်ဆိုသော် ဟသိတုပ္ပါဒ်စိတ်သည် ဘုရား၊ ရဟန္တာတို့ပြုံးရယ်ခြင်းကိုသာ ဖြစ်စေသောစိတ်ဖြစ်၏။

ရူပစိတ်(၁၅) ပါးသည် အရူပဘုံတွင်မဖြစ်ပေ။ ရှာနားမြက်ရှာနွားမစား ဟူသကဲ့သို့ အရူပဗြဟ္မာများနှင့် ဘုံအားဖြင့်လည်းကောင်း၊ ဈာန်အားဖြင့်လည်းကောင်း၊ နီးစပ်သော၊ တန်ခိုးသတ္တိလည်း သေးငယ်သော ရူပဈာန်များကို အရူပဗြဟ္မာတို့က အသုံးမပြုကြပေ။ ထို့ကြောင့် ရူပစိတ်များသည် အရူပ ဘုံ၌ဖြစ်ခွင့် မရှိ၊ ကာမရူပဘုံ၌ အမြဲ ဖြစ်နေရသောကြောင့် ဝတ္ထုရုပ်ကို အမြဲမှီရသည်။

သောတာပတ္တိမဂ်စိတ်သည်လည်း၊ အရူပဘုံတွင် မဖြစ်နိုင်ပေ။ အစဆုံးမဂ်စိတ်သည် ဆရာ့ထံမှနည်းရမှ ဖြစ်နိုင်သည်။ အရူပဘုံရှိ ပုထုဇဉ်ဗြဟ္မာများသည် မျက်စိနား မရှိသောကြောင့် ဆရာ့ထံမှ နည်းမရ၍ သောတာပတ္တိမဂ်စိတ်မဖြစ်နိုင်၊ ထို့ကြောင့် သောတာပတ္တိမဂ်စိတ်သည် ကာမ၊ ရူပဘုံ၌ဖြစ်၍ ဝတ္ထုရုပ်ကို အမြဲမှီရသည်။

| | | |
|---|---|---|
| ဝတ္ထုရုပ်ကိုမမှီသောစိတ် | .. | ၄ |
| အရူပဝိပါက်စိတ် | .. | ၄ |

## စိတ်နှင့် စေတသိက်ပိုင်း၊ ပြန်လှန်လေ့လာခြင်း

၁။ မိမိကိုယ်ကို ငါအမြဲနေရမည်ဟု အခိုင်အမာ ယုံကြည်၍ စီးပွားဥစ္စာများကို ပျော်ရွှင်စွာ မိမိ အလိုအလျောက် ရှာဖွေနေသူမှာ မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုများ ဖြစ်ကြသနည်း၊ ရှင်းလင်းရေးသားပါ။

စိတ် = (၁) သောမနဿ
(၂) ဒိဋ္ဌိသမ္ပယုတ်
(၃) အသင်္ခါရိက
(၄) လောဘစိတ်၊ အကုသိုလ်စိတ်

စေတသိက်= ၁၉
မောစတုက် ၄၊ လောဘ၊ ဒိဋ္ဌိ၊ အကုသိုလ်
စေတသိက် ၆ + အညသမာန်း
စေတသိက် ၁၃= ၁၉

ဝေဒနာ = သောမနဿဝေဒနာ
ဟိတ် = ဒွိဟိတ်၊ လောဘဟိတ်၊ မောဟဟိတ်
ကိစ္စ = ဇောကိစ္စကို ဇောဌာနမှာဆောင်ရွက်၏။
ဒွါရ = ဒွါရခြောက်ပါး၌ အမြဲဖြစ်၏
အာရုံ = ၆ ချန်အာရုံ
(ကာလအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော)
ဝတ္ထု = ဟဒယဝတ္ထုြ ရုံခါမှီ၏။

စိတ် .. မိမိကိုယ်ကို ငါ အမြဲနေရမည်ဟု အခိုင်အမာ ယုံကြည်နေခြင်းသည် အမြင်မှားဖြစ်သည်။ သက်ရှိ သတ္တဝါ မှန်သမျှသည် မည်သူမျှ အမြဲသဖြင့် မနေရပေ။ အနိစ္စသာ ဖြစ်ပေသည်။ ထို့ကြောင့်အမြဲနေရမည်ဟု ယုံကြည် ခြင်းသည် အမြင်မှားနှင့်ယှဉ်သောကြောင့် ဒိဋ္ဌိသမ္ပ ယုတ်စိတ်ဖြစ်သည်။

စီးပွားဥစ္စာများကို ပျော်ရွှင်စွာ ရှာဖွေခြင်းသည် သောမနဿ လောဘစိတ် ဖြစ်၏။ တိုက်တွန်းမှု၊ တစုံတယောက်က နှိုးဆော်မှုမရှိဘဲ မိမိ အလိုအလျောက် ရှာဖွေနေခြင်းသည် အသင်္ခါရိက စိတ်ဖြစ်သည်။

ထို့ကြောင့် မိမိကိုယ်ကို ငါအမြဲနေရမည်ဟု အခိုင်အမာယုံကြည်၍ စီးပွားဥစ္စာများကို ပျော်ရွှင်စွာ မိမိ အလိုအလျောက် ရှာဖွေနေသူမှာ သောမနဿ၊ ဒိဋ္ဌိသမ္ပယုတ်အသင်္ခါရိက၊ လောဘစိတ်များဖြစ်သည်။

စေတသိက .. ထိုစိတ်ရှိသောသူသည်၊ စေတသိက် (၁၉) ခုနှင့် ယှဉ်၏။ မောစတုက် ၄၊ လောဘ၊ ဒိဋ္ဌိတို့ပါဝင်သော အကုသိုလ်စေတသိက်(၆) ပါးနှင့် သဗ္ဗစိတ္တသာဓာရဏ (၇)၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒတို့ပါဝင်သော အညသမာန်းစေတသိက် (၁၃) ပါးဖြစ်သည်။ စေတသိက်ဟူသည်ကား စိတ်ထဲတွင်ရှိသော ဓာတ်အားများပင်ဖြစ်သည်။

မိမိကိုယ်ကို ငါအမြဲနေရမည်ဟု အမြင်မှား (ဒိဋ္ဌိ) ထင်မြင်စေရန် ထိုသူ၏ စိတ်ကို မောဟစေတသိက်က ဖုံးလွှမ်းထားသည်။

လူသတ္တဝါ မှန်သမျှသည် အမြဲမနေကြရ၊ သေကြရမည်၊ ပျက်စီးရမည်သာ ဖြစ်သည်။ မိမိကိုယ်ကို ငါအမြဲနေရမည်ဟု အခိုင်အမာယုံကြည်နေခြင်းသည် သဘာဝနှင့် ဆန့်ကျင်နေသောကြောင့် အမြင်မှားဖြစ်သည်။ အမြင်မှားကို အခိုင်အမာ ယုံကြည်နေခြင်းသည် ရှက်စရာဖြစ်ပေသည်။ သို့ရာတွင် ထိုသူ၏ စိတ်၌ အဟိရိက စေတသိက် ရောပါနေသောကြောင့် မရှက်တော့ပေ။

ထိုသို့ပင် မိမိကိုယ်ကို ငါအမြဲနေရမည်ဟု အခိုင်အမာယုံကြည်နေခြင်းသည် ကြောက်စရာဖြစ်သော အမြင်မှားဖြစ်သည်။ သို့ရာတွင် ထိုသူ၏ လောဘစိတ်၌ အနောတ္တပ္ပ စေတသိက် ရောပါနေသောကြောင့် မကြောက်တော့ပေ။

မြူမှုံသည် ကောင်းကင်ကို မကြည်လင်အောင် အနှောင့်အယှက်ပေးသကဲ့သို့ ဥဒ္ဓစ္စသည်လည်းစိတ်ကို မကြည်လင်အောင် အနှောင့်အယှက်ပေးသည်။ ဥဒ္ဓစ္စ စေတသိက်နှင့် ယှဉ်သောစိတ်သည် ပြန့်လွင့်နေ၏။ မပြတ်သား မတိကျပေ။ ထို့ကြောင့် အမြင်မှားဝင်လာပြီး အကုသိုလ် လောဘစိတ်များ ဖြစ်ပွားတော့သည်။

ထိုသူတွင် ဖြစ်ပေါ်သော စိတ်သည် အကုသိုလ်စေတသိက်များမှ မောစတုက်(၄)၊ လောဘ၊ ဒိဋ္ဌိဟူသော စေတသိက် (၆) ပါးနှင့် ယှဉ်သည်။

အညသမာန်း စေတသိက်များမှ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ခုသည် အားလုံးသော စိတ်များနှင့် ဆက်ဆံသောကြောင့် ထိုသူ၏ စိတ်နှင့်လည်း ယှဉ်သည်။

မိမိကိုယ်ကို ငါအမြဲနေရမည်ဟု ယုံကြည်သောသူသည် အစဉ်သဖြင့် စားသုံးနေထိုင်ရန်အတွက် စီးပွားဥစ္စာများကို ရှာဖွေဆည်းပူး စုဆောင်းရန် ကြံစည်နေရသောကြောင့် ဝိတက်စေတသိက်နှင့် ယှဉ်သည်။ ကြံစည်သည့်အတိုင်း မည်ကဲ့သို့ ရှာဖွေမည်၊ မည်ကဲ့သို့ ဆောင်ရွက်မည်ဟူ၍ လုပ်ငန်းစဉ်များကို သုံးသပ် ဝေဖန်နေခြင်းသည် ဝိစာရစေတသိက်၏ လုပ်ငန်းဖြစ်ပေသည်။

ထိုသူသည် စီးပွားဥစ္စာများကို ပျော်ရွှင်စွာ ရှာဖွေသောကြောင့် ပီတိစေတသိက်လည်း ပါဝင်သည်။ စီးပွားဥစ္စာများကို မည်ကဲ့သို့ရှာဖွေမည်ဟူ၍ အဓိမောက္ခက ဆုံးဖြတ်သည်။ ဆုံးဖြတ်သည့်အတိုင်း မရမနေ ကြိုးစားပမ်းစား ဆောင်ရွက်ရှာဖွေရန် ဝီရိယစေတသိက်က ဦးဆောင်သည်။ ကြိုးစား အားထုတ်၍ မရမနေ ရှာဖွေစုဆောင်းနိုင်ခြင်းမှာ ဆန္ဒစေတသိက်၊ လောဘစေကသိက်ကြောင့်ဖြစ်သည်။

ဝေဒနာ = ပစ္စည်းဥစ္စာများကို ပျော်ရွှင်စွာ ရှာဖွေနသူမှာ ဝေဒနာအားဖြင့် သေမနဿ ဝေဒနာဖြစ်သည်။ သောမနဿ ဝေဒနာဟူသည်မှာ ပျော်ရွှင်စွာ ခံစားခြင်းဖြစ်သည်။ ပျော်ရွှင်ခြင်းသည် အကုသိုလ်စိတ် ဖြစ် သလားဟူက အကုသိုလ် စိတ်တွင်လည်း ပျော်ရွှင်စွာ ခံစားခြင်းရှိ၍ ကုသိုလ် စိတ်တွင်လည်း ပျော်ရွှင်စွာ ခံစားခြင်းရှိသည်။ ထိုသူသည် မိမိကိုယ်ကို ငါအမြဲနေရမည်ဟု ယုံကြည်ထားသူဖြစ်သောကြောင့် အမြင်မှားနှင့် ယှဉ်သော အကုသိုလ်စိတ်ဖြစ်သည်။ ထိုအကုသိုလ်စိတ်ဖြင့် ပစ္စည်းဥစ္စာများကို ပျော်ရွှင်စွာ ရှာဖွေနေသောကြောင့် အကုသိုလ်စိတ်တွင်လည်း သောမနဿ ဝေဒနာရှိ သည်။

ဟိတ် = ထိုသူ၏စိတ်တွင် လောဘဟိတ်၊ မောဟဟိတ်နှစ်ပါး ရှိသည်။ ထိုဟိတ်များသည် အမြစ်များနှင့် သဏ္ဍာန်တူ၍ ခိုင်မြဲစည်ကားစေ

သည်။ ဥစ္စာပစ္စည်းများကို ပျော်ရွှင်စွာ ရှာဖွေနေခြင်းမှာ လောဘဟိတ်၊ လောဘမြစ် စည်ကား နိုင်မြဲသောကြောင့် ဖြစ်သည်။ ငါသည် အမြဲနေရမည် ဟူ၍လည်း အမြင်မှားရှိသောကြောင့် အမြင်မှန်ကို ဖုံးလွှမ်းသော မောဟဟိတ် လည်းရှိပေသည်။

ကိစ္စ = ထိုစိတ် ဖြစ်ပေါ်လာရာတွင် ပေါ့ပေါ့ဆဆ ဖြစ်ပေါ်သည် မ ဟုတ်ပေ။ ဇောကိစ္စကို ဆောင်ရွက်သောကြောင့် အဟုန်ပြင်းစွာ ဖြစ်ပေါ်လာ သည်။ ထို့ကြောင့် ထက်မြက်သည်၊ ပစ္စည်းဥစ္စာများကို မရမနေ ရှာဖွေပေ မည်။

ဒွါရ = ထိုသူ၏ စိတ်သည် ဒွါရခြောက်ပါးစလုံး၌ အမြဲဖြစ်နေ သည်။ စီးပွားဥစ္စာများကို ရှာဖွေရာတွင် မျက်စိမှ မြင်သော်လည်း လိုချင်၏။ စက္ခုဒွါရမှဖြစ်သော လောဘဖြစ်၏။ နားမှ ကြားသော်လည်း လိုချင်၏။ သောတဒွါရမှ ဖြစ်သော လောဘဖြစ်၏။ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ မနောဒွါရ၊ မှလည်း လောဘစိတ် ထွက်သည်။ အဆင်းကောင်း၊ အသံကောင်း၊ အနံ့ ကောင်း၊ အရသာကောင်း၊ အတွေ့အထိကောင်းကိုသာ ရယူလိုသည်။ ဤကဲ့သို့ ထိုလောဘစိတ်သည် ဒွါရခြောက်ပါးစလုံး၌ အမြဲဖြစ်သည်။

အာရုံ = ထိုစိတ်သည် လောကုတ္တရာမဂ် (၄)၊ ဖိုလ် (၄)၊ နိဗ္ဗာန် (၁) ကို ချန်လှပ်၍ ကျန်သော အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် ကာလဝိမုတ် ဖြစ်သော လောကီအာရုံအားလုံးကို အာရုံပြုသည်။ (၉)ချန် (၂၀)စိတ်များ ထဲတွင် ပါဝင်သည်။

ထိုစိတ်သည် ယခင် (အတိတ်) က မြင်ခဲ့ပြီးသော၊ ကြားခဲ့ပြီးသော၊ နံခဲ့ပြီးသော၊ စားခဲ့ပြီးသော၊ တွေ့ထိခဲ့ပြီးသော၊ ကောင်းသည့်အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံများကို ပြန်တွေး၍ လိုချင်၏။ မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ တွေ့ထိဆဲ ကောင်းသော အာရုံများကိုလည်း လိုချင်တပ်မက်၏။ နောင်အနာဂတ်တွင် တွေ့ကြုံဖြစ်ပေါ်မည့် အသစ်အဆန်း ကောင်းသော အာရုံများကိုလည်း လိုချင်၏။

ထို့အပြင် ထိုစိတ်သည် ကာလဝိမုတ်ဟု ခေါ်သော ပညတ်ကိုလည်း အာရုံပြု၏။ လှပသော နာမည်ကို လိုချင်ခြင်း၊ ဂုဏ်ထူးဝိသေသဘွဲ့များ လိုချင် တပ်မက်ခြင်းသည် ပညတ်ကို အာရုံပြုခြင်း ဖြစ်ပါသည်။

.ငါအမြဲနေရမည်ဟု အထင်မှားနေသော စိတ်ဖြစ်သောကြောင့် မဂ်၊ ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း အာရုံမပြုနိုင်တော့ပေ၊ မသိနိုင်ပေ။ ထို့ကြောင့် ထိုစိတ်သည် ၉ ချန်အာရုံ (၂၀) ထဲတွင် ပါဝင်သည်။

ဝတ္ထု - ထိုစိတ်သည် ဟဒယဝတ္ထုတွင် ရံခါမှီ၍ ရံခါမမှီဘဲဖြစ်သည်။ ဝတ္ထုရုပ်ရှိသော ဘုံတွင် ဖြစ်သော်မှီ၍၊ ဝတ္ထုရုပ်မရှိသောဘုံတွင် ဖြစ်သော် မမှီပါ။

ထိုစိတ်သည် ဟဒယဝတ္ထုချည်းသာ မှီသော်လည်း မျက်စိတွင် ထင်မြင်လာသော အရောင် အဆင်းအာရုံကို လှမ်း၍ သိနိုင်သည်။

၂။ တဦးတယောက်သော သူက မိမိအားမခံချင်အောင် ပြောဆိုသောကြောင့် စိတ်ဆိုးကာ ထ၍ ရိုက်ပုတ်သော် မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။



စိတ် (၁) ဒေါမနဿ
(၂) ပဋိဃသမ္ပယုတ်
(၃) အသင်္ခါရိက
(၄) ဒေါသစိတ်

စေတသိက် = ၂၀
မောစတုက် ၄+ ဒေါစတုက် ၄+ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂ = ၂၀)

ဝေဒနာ = ဒေါမနဿဝေဒနာ
= ဒွိဟိတ်
(ဒေါသဟိတ် + မောဟဟိတ်)

ကိစ္စ = ဇောကိစ္စ
ဒွါရ = ဒွါရခြောက်ပါး၌ အမြဲဖြစ်၏။
အာရုံ = ၉ ချန် ၂၀

အကိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော လောကီအာရုံခြောက်ပါးကို အာရုံပြုသည်။

ဝတ္ထု = ဟဒယဝတ္ထုဩ အမြဲမှီ၏။

၃။ မောင်ဘက မောင်လှသည် ကျွန်တော့်အား လိမ်လည်ပြောတတ်သူ၊ မဟုတ်မမှန်ပြောတတ်သူဟု ကုန်းတိုက် ပြောဆိုနေကြောင်း ပြောသဖြင့် ကျွန်တော်သည် မောင်လှအား စိတ်ဆိုးကာ ရိုက်ပုတ်ခဲ့သည်။ ထိုအခါ ကျွန်တော်၏ စိတ်တွင် မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ် မည်နည်း။

× × – – >

– –

× × – – [>]

စိတ် = (၁) ဒေါမနဿ
(၂) ပဋိဃသမ္ပယုတ်
(၃) သသင်္ခါရိက
(၄) ဒေါသအကုသိုလ်စိတ်

အကျွန်ုပ်သည် မောင်လှအား စိတ်ဆိုးကာ ရိုက်ပုတ်ခဲ့ရသောကြောင့် စိတ်မချမ်းမသာ ဖြစ်ရသည်။ ဒေါမနဿစေတသိက်ဖြစ်သည်။ စိတ်ဆိုးသောကြောင့် ဒေါသစိတ်ဖြစ်၏။ ထိုဒေါသစိတ်တွင် ကြမ်းတမ်းမှုသည် ရောပါနေ၏။ ကြမ်းတမ်းသောကြောင့် ရိုက်ပုတ်ခြင်း အမှုကိုပြုပေသည်။ (ပဋိဃသမ္ပယုတ်) ကြမ်းတမ်းခြင်းနှင့် ယှဉ်တွဲသောကြောင့် ဒေါသစိတ်သည် ခက်ထန်၏၊ ကြမ်းကြုတ်၏။

အကျွန်ုပ်သည် မောင်လှအား ရိုက်ပုတ်မိခြင်းမှာ မောင်ဘက ပြောကြားသောကြောင့် ဖြစ်သည်။ မောင်ဘက မောင်လှသည် ကျွန်ုပ်အားလိမ်လည်ပြောတတ်သူ၊ မဟုတ်မမှန် ပြောတတ်သူဟု ကုန်းတိုက်ပြောဆိုနေကြောင်း ပြောသဖြင့် အကျွန်ုပ်သည် စိတ်ဆိုးကာ မောင်လှအား ရိုက်ပုတ်ခဲ့ခြင်းဖြစ်သည်။ အကျွန်ုပ်သည် မောင်ဘ၏ပြောဆိုချက်ကြောင့် မောင်လှအား ရိုက်ပုတ်ခဲ့ခြင်းဖြစ်သည်။ အကျွန်ုပ်သည် မောင်ဘ၏ပြောဆိုချက်ကြောင့်

မောင်လှအား ရိုက်ပုတ်ရာ၊ မောင်ဘ၏တိုက်တွန်းမှုကြောင့် ဖြစ်ရပေသည်။ ထို့ကြောင့် အကျွန်ုပ်၏ ဒေါသစိတ်တွင် (သသင်္ခါရိက) တိုက်တွန်းမှု ပါဝင်သည်။

မောင်လှအား ရိုက်ပုတ်ခဲ့ရာတွင် ကျွန်ုပ်၏ စိတ်ဆိုးခြင်း ဒေါသစိတ်သည် အကုသိုလ်ဖြစ်သည်။ အကုသိုလ်စိတ် ဟူသည်မှာ အပြစ်ရှိ၍ မကောင်းကျိုးကို ဖြစ်စေသော စိတ်ဖြစ်သည်။ မောင်လှအား ရိုက်ပုတ်မိသောကြောင့် လူတဖက်သားအား နာကျင်စေသောအပြစ်၊ မကောင်းမှုကို လွန်ကျူးသောအပြစ် စသည့်အပြစ်ဖြစ်၍ အကျွန်ုပ်နှင့် မောင်လှတို့၏ အခင်အမင်ပျက်ပြားခြင်း၊ အကျွန်ုပ်အား တရားစွဲဆို အမှု ဖွင့်ခြင်း စသောမကောင်းကျိုးတို့ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ထိုဒေါသစိတ်သည် အကုသိုလ်စိတ်ပင်ဖြစ်သည်။

စေတသိက် .. ၂၂

(မောစတုက် ၄+ ဒေါစတုက် ၄+ ထိန + မိဒ္ဓ+
ပီတိကြည်သော အညသမာန်းစေတသိက် ၁၂=၂၂)။

အကျွန်ုပ်၏အကြောင်းကို မောင်လှသည် အကယ်စင်စစ်ပင် ကုန်းတိုက်ပြောဆို နေသလားဟု မစဉ်းစား မဆင်ခြင်မှု၍ ကျွန်ုပ်သည် မောင်လှအား ရိုက်ပုတ်ခဲ့သည်။ မောင်လှနှင့် ကျွန်ုပ်သည် မိတ်ဆွေဖြစ်ကြောင်း၊ ကျွန်ုပ်ကစိတ်ဆိုးပါက မောင်လှနှင့် မိတ်ဆွေအဖြစ်မှ ကင်းကွာပြီး ရန်သူဖြစ်သွားနိုင်ကြောင်းများကို မစဉ်းစားမဆင်ခြင်နိုင်သည်ထိ မောဟစေတသိက် က ဖုံးလွှမ်းထားသည်။

အကယ်စင်စစ် ရန်သူကြီးများ မဟုတ်ကြဘဲ တယောက်နှင့်တယောက် ရန်ဖြစ်ကြ၊ ရိုက်ပုတ်ကြသည်မှာ ရှက်စရာကောင်းသည်။ သို့ရာတွင် အဟိရိက စေတသိက် ဝင်နေသောကြောင့် မရှက်တော့ပေ။ ဆေးပတ်ဝန်းကျင်မှ လူများက ကဲ့ရဲ့ရှုတ်ချကြမည်ကိုလည်း မကြောက်လန့်တော့ပေ။ အနောတ္တပ္ပ စေတသိက်နှင့် ယှဉ်သောကြောင့် ဖြစ်သည်။ အကျွန်ုပ်၏ စိတ်သည်လည်း ပြန့်လွင့်နေသည်။ ဥဒ္ဓစ္စစေတသိက်ကြောင့် ဖြစ်သည်။

အကျွန်ုပ်၏ စိတ်သည် ဒေါသစေတသိက်နှင့် ယှဉ်တွဲနေသောကြောင့် ကြမ်းတမ်း၏။ ကြမ်းတမ်းသောကြောင့် အခြားတယောက်အား ရိုက်ပုတ်

ခတ်၏။ မောင်လှသည် အကျွန်ုပ်၏အကြောင်းကို မကောင်းပြောသောကြောင့် မောင်လှအား ငြိုးစူလာ၏။ ထို့အပြင် သူတပါးက ကျွန်ုပ်အား အထင်အမြင်သေးလာမည်ကို စိုးရိမ်ပူပန်၏။ မောင်လှအား သူတပါးက ကြည်ညိုကြမည်ကို မနာလို။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက်များကြောင့်ဖြစ်သည်။

အကျွန်ုပ်တွင်ဖြစ်ပေါ်သော ဒေါသစိတ်တွင် အညသမာန်းစေတသိက် ၁၂-ပါးယှဉ်တွဲနေသည်။ ပီတိစေတသိက် မယှဉ်ပေ။ ဒေါသဖြစ်သော စိတ်သည် ကြမ်းတမ်းနေသည်။ စိတ်မချမ်းမသာ ဖြစ်နေသည်။ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း မရှိပေ။

ဝေဒနာ = ဒေါမနဿဝေဒနာ

မောင်ဘက မောင်လှသည် ကျွန်တော်အား လိမ်လည်ပြောတတ်သူ၊ မဟုတ်မမှန်ပြောတတ်သူဟု ကုန်းတိုက်ပြောဆိုနေကြောင်း အကျွန်ုပ်အား ပြောဆိုသောအခါ ကျွန်ုပ်သည် ကျွန်ုပ်၏အကြောင်းကို မကောင်းပြောဆိုရမည်လားဟူ၍ စိတ်မချမ်းသာဖြစ်ရသည်။ စိတ်မချမ်းသာသော ခံစားခြင်း (ဒေါမနဿဝေဒနာ) ကိုခံစားရသည်။

ဟိတ် ... ဒွိဟိတ်

(ဒေါသဟိတ်နှင့်မောဟဟိတ်)

ကျွန်ုပ်သည် မောင်လှအား ရိုက်ပုတ်သောအခါ အကျွန်ုပ်၏စိတ်တွင် စိတ်ဆိုးခြင်း၊ အမှန်ကိုမမြင်ဘဲ ဖုံးလွှမ်းခြင်းများ ရှိသည်။ အကျွန်ုပ်၏ ဒေါသစိတ်တွင် ဒေါသနှင့် မောဟအမြစ်(ဟိတ်)သည် အကြောင်းရင်းခံလျက် ရှိပေသည်။

ကိစ္စ ... ဇောကိစ္စ

ဒေါသမူစိတ် နှစ်ပါးစလုံးသည် ဇောကိစ္စကို ဆောင်ရွက်သည်။ အကျွန်ုပ်သည် စိတ်ဆိုးခြင်းကို အဟုန်ပြင်းစွာခံစားသည်။

ဒွါရ ... ဒွါရခြောက်ပါး၌အမြဲဖြစ်၏

ထိုဒေါသစိတ်သည် ဒွါရခြောက်ပါးစလုံး၌ အမြဲဖြစ်တတ်သည်။

အာရုံ ... ၆ ချက် ၂၀

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော လောကီအာရုံခြောက်ပါးကို အာရုံပြုသည်။

ဝတ္ထု ... ထိုစိတ်သည် ဟဒယဝတ္ထုသို့ အမြဲမှီသည်။

၄။ အကျွန်ုပ်သည် နောင်ဘဝဟူသည် ရှိသလား။ မရှိဘူးလားဟူ၍ ဇဝေဇဝါဖြစ်ကာ မဆုံးဖြတ်နိုင်ဘဲ တွေဝေထိုင်းမှိုင်းနေလျှင် ကျွန်ုပ်၌ မည်သည့် စိတ်၊ စေတသိက် ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ် သနည်း။

× × – – >

– –

× × – – >

စိတ် ... ၁။ ဥပေက္ခာ

၂။ ဝိစိကိစ္ဆာသမ္ပယုတ်

၃။ မောဟ

၄။ အကုသိုလ်စိတ်

စေတသိက် ... ထိုစိတ်တွင် စေတသိက် (၁၅)ပါး ပါဝင်သည်၊ ၎င်းတို့မှာ မောစတုက် (၄)၊ ဝိစိကိစ္ဆာ (၁)နှင့် အညသမာန်းစေတသိက်များ၊ သဗ္ဗစိတ္တသာဓါရဏ (၇) ၊ ဝိတက်၊ ဝိစာရ၊ ဝီရိယ၊ ပေါင်း (၁၅)ပါး ဖြစ်သည်။

ဝေဒနာ ... ကျွန်ုပ်၏စိတ်သည် ဇဝေဇဝါဖြစ်ပြီး ထိုင်းမှိုင်းနေသောအခါ ဥပေက္ခာဝေဒနာ၊ အလယ်အလတ်ခံစားခြင်းမျှသာ ရှိသည်။

ဟိတ် ... ဧကဟိတ်၊ မောဟဟိတ် တပါးသာရှိသည်။

ကိစ္စ ... ဇောကိစ္စ

ဒွါရ ... ဒွါရခြောက်ပါး၌ အမြဲဖြစ်၏။

အာရုံ ... ၆ ချက် ၂၀

လောကုတ္တရာမဂ် (၄)၊ ဖိုလ် (၄)၊ နိဗ္ဗာန် (၁)ကို ချန်၍ အတိတ်၊ ပစ္စုပ္ပန်အနာဂတ် ကာလဝိမုတ် ဖြစ်သော၊ လောကီ အာရုံခြောက်ပါးကို အာရုံပြု သည်။

ဝတ္ထု ... ဟဒယဝတ္ထုကို ရံခါမှီသည်။

၅။ မလှပသော၊ အရုပ်ဆိုးသော အဆင်းတခုကို မြင်သော် မည်သည့် စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။

☐ – – – V – –

စိတ် ... ၁။ ဥပေက္ခာ
၂။ အကုသလဝိပါက်
၃။ စက္ခုဝိညာဉ်စိတ်

စေတသိက် ... သဗ္ဗစိတ္တသာဓါရဏစေတသိက် (၇)ပါးနှင့်ယှဉ်သည်။

ဝေဒနာ ... ဥပေက္ခာ ဝေဒနာ

ဟိတ် ... ဟိတ်မရှိ၊ အဟိတ် မြင်ရုံမျှဖြစ်သည်။

ကိစ္စ ... မြင်ခြင်းအလုပ်၊ ဒဿနကိစ္စ

ဒွါရ ... စက္ခုဒွါရ (၁)ပါး၌သာဖြစ်၏။

အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမရူပါရုံ

ဝတ္ထု ... စက္ခု ဝတ္ထု (၁)ပါး၌ အမြဲမှီ၏။

၆။ ကြမ်းတမ်းစွာ ဆဲရေးခြင်းကို ကြားသော်၊ မည်သည့်စိတ်၊ စေတသိက် ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။

☐ – – – V – –

စိတ် ... ၁။ ဥပေက္ခာ
၂။ အကုသလဝိပါက်
၃။ သောတဝိညာဉ်စိတ်

စေတသိက် ... သဗ္ဗစိတ္တသာဓါရဏစေတသိက် (၇) ပါးနှင့် ယှဉ်သည်။

ဝေဒနာ ... ဥပေက္ခာဝေဒနာ

ဟိတ် ... ဟိတ်မရှိ၊ အဟိတ် ကြားရုံမျှကြားသည်။

ကိစ္စ ... ကြားခြင်းအလုပ်၊ သဝနကိစ္စ
ဒွါရ ... သောတဒွါရ၌ဖြစ်၏။
အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမသဒ္ဒါရုံ
ဝတ္ထု ... သောတဝတ္ထု (၁)ပါး၌ အမြဲမှီ၏။

၇။ နေထိုင်မကောင်းသောကြောင့် စူးရှ ချဉ်ခါးသော ဆေးကိုသောက်ရသော်၊ မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။

– – – ▭ V – –

စိတ် ... ၁။ ဥပေက္ခာ
၂။ အကုသလဝိပါက်
၃။ ဇိဝှါဝိညာဉ်စိတ်
စေတသိက် ... သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး နှင့်ယှဉ်သည်။
ဝေဒနာ ... ဥပေက္ခာဝေဒနာ
ဟိတ် ... အဟိတ်
ကိစ္စ ... သာယနကိစ္စ၊ စားခြင်းအလုပ်
ဒွါရ ... ဇိဝှါဒွါရ (၁)ပါး၌ ဖြစ်၏။
အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမရသာရုံ
ဝတ္ထု ... ဇိဝှါဝတ္ထု (၁) ပါး၌အမြဲမှီသည်။

၈။ မကောင်းသော၊ ဆိုးသော ကာမအာရုံငါးပါးကို လက်ခံသော စိတ်သည်––

– – – – V – –

စိတ် ... ၁။ ဥပေက္ခာ
၂။ အကုသလဝိပါက်
၃။ သမ္ပဋိစ္ဆန်းစိတ်
စေတသိက် ... ၁၀
(သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) + ဝိတက် + ဝိစာရ+ အဓိမောက္ခ)။

ဝေဒနာ ... ဥပေက္ခာဝေဒနာ
ဟိတ် ... အဟိတ်
ကိစ္စ ... သမ္ပဋိစ္ဆန်းကိစ္စ
ဒွါရ ... မနောဒွါရကြဉ်သော ဒွါရ (၅)ပါး၌ဖြစ်သည်။
အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမ(၅)အာရုံ
ဝတ္ထု ... ဟဒယဝတ္ထုမှာ အမြဲမှီ၏။

၉။ နွေရာသီတွင် အလွန်ပူပြင်းသော အခါ၌ ရေခဲတုံးငယ်ကို မြင်သော် မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။

⊟ – – – ∧ – × –

စိတ် ... ၁။ ဥပေက္ခာ
၂။ ကုသလဝိပါက်
၃။ စက္ခုဝိညာဉ်စိတ်
စေတသိက် ... သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါးနှင့် ယှဉ်သည်။
ဝေဒနာ ... ဥပေက္ခာဝေဒနာ
ဟိတ် ..အဟိတ်
ကိစ္စ ... ဒဿနကိစ္စ၊ မြင်ခြင်းအလုပ်ကိုလုပ်သည်။
ဒွါရ ... စက္ခုဒွါရတပါး၌ဖြစ်၏။
အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမရူပါရုံ (၁)ပါးကို အာရုံပြုသည်။
ဝတ္ထု ... စက္ခုဝတ္ထု (၁)ပါး၌ အမြဲမှီ၏။

၁၀။ ကောင်းမွန်သော ရေမွှေးနံ့ကို ရှူရှိုက်ရသော်၊ မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်ပေါ်သနည်း။

– – ⊟ – ∧ – × –

စိတ် ... ၁။ ဥပေက္ခာ
၂။ ကုသလဝိပါက်
၃။ ဃာနဝိညာဉ်စိတ်

စေတသိက် ... (သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါးနှင့်
ယှဉ်သည်။

ဝေဒနာ ... ဥပေက္ခာဝေဒနာ

ဟိတ် ... အဟိတ်

ကိစ္စ ... နံခြင်းအလုပ်၊ ဃာယနကိစ္စ

ဒွါရ ... ဃာနဒွါရ၌ဖြစ်၏

အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမဂန္ဓာရုံ (၁)ပါးကို အာရုံပြုသည်။

ဝတ္ထု ... ဃာနဝတ္ထု (၁)ပါးကို အမြဲမှီ၏။

၁၁။ လှပနူးညံ့ ကောင်းမွန်သော အဝတ်ကို ဝတ်ရသော်၊ မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ ဝတ္ထုဖြစ်ပေါ်သနည်း။

– – – – [Λ] – × –

စိတ် ... ၁။ သုခ

၂။ ကုသလဝိပါက်

၃။ ကာယဝိညာဉ်စိတ်

စေတသိက် ... (သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါးနှင့်
ယှဉ်သည်။

ဝေဒနာ ... သုခဝေဒနာ

ချမ်းသာသော ခံစားခြင်းဖြစ်သည်။

ဟိတ် ... အဟိတ်

ကိစ္စ ... ဖုသနကိစ္စ၊ တွေ့ထိခြင်းအလုပ်။

ဒွါရ ... ကာယဒွါရ၌ဖြစ်၏။

အာရုံ ... ပစ္စုပ္ပန်ဖြစ်သော ကာမဖောဋ္ဌဗ္ဗာရုံ (၁)ပါးကို အာရုံပြုသည်။

ဝတ္ထု ... ကာယဝတ္ထု (၁)ပါး၌အမြဲမှီ၏။

၁၂။ အလွန်ကောင်းသော ကာမအာရုံများကို ဝမ်းမြောက်ဝမ်းသာ စစ်ဆေးသောစိတ်သည်--

– – – – ∧ – ☒ –

| | | |
|---|---|---|
| စိတ် | ... | ၁။ သောမနဿ<br>၂။ ကုသလဝိပါက်<br>၃။ သန္တီရဏစိတ် |
| စေတသိက် | ... | ၁၁<br>ဝိရိယနှင့်ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၁–ပါး)။ |
| ဝေဒနာ | ... | သောမနဿ ဝေဒနာ<br>ဝမ်းမြောက်ဝမ်းသာ ခံစားခြင်း။ |
| ဟိတ် | ... | အဟိတ် |
| ကိစ္စ | ... | သန္တီရဏကိစ္စနှင့် တဒါရုံကိစ္စ |
| ဒွါရ | ... | ရုံကိစ္စဆောင်ရွက်လျှင် (၆) ဒွါရ၌ အမြဲဖြစ်၍ သန္တီရဏကိစ္စဆောင်ရွက်လျှင် (၅) ဒွါရ၌အမြဲဖြစ်၏။ |
| အာရုံ | ... | ကာမ (၆)အာရုံ၊ အဟိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ |
| ဝတ္ထု | ... | ဟဒယဝတ္ထု (၁)ပါး၌ အမြဲမှီ၏။ |

၁၃။ အသင့်အတင့်ကောင်းသော ကာမအာရုံများကို စုံစမ်းစစ်ဆေးသော စိတ်သည်––

– – – – ∧ – × ⊟

| | | |
|---|---|---|
| စိတ် | ... | ၁။ ဥပေက္ခာ<br>၂။ ကုသလဝိပါက်<br>၃။ သန္တီရဏစိတ် |
| စေတသိက် | ... | ၁၁<br>(သဗ္ဗစိတ္တသာဓါရဏစေတသိက် (၇) + ဝိတက် (၁) + ဝိစာရ (၁)+ အဓိမောက္ခ (၁) )။ |
| ဝေဒနာ | ... | ဥပေက္ခာဝေဒနာ |
| ဟိတ် | ... | အဟိတ် |
| ကိစ္စ | ... | ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ၊ သန္တီရဏကိစ္စများကို ဆောင်ရွက်၏။ |

ဒွါရ ... ၁။ ပ၊ ဘ၊ စု ကိစ္စကို ဆောင်ရွက်ခိုက် (၆) ဒွါရမှလွတ်၏။
၂။ ရုံကိစ္စဆောင်ရွက်ခိုက် (၆) ဒွါရ၌ ဖြစ်၏။
၃။ ဏကိစ္စဆောင်ရွက်ခိုက် (၅)ဒွါရ၌ဖြစ်၏။

အာရုံ ... ၁။ ပ၊ ဘ၊ စု ကိစ္စကို ဆောင်ရွက်ခိုက် ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ်ဖြစ် သော အာရုံ (၆)ပါးကို အာရုံပြုသည်။
၂။ ရုံကိစ္စဆောင်ရွက်ခိုက် ကာမအာရုံ (၆)ပါးကို အာရုံပြုသည်။
၃။ ဏကိစ္စဆောင်ရွက်ခိုက် ပစ္စုပ္ပန်အာရုံ (၅) ပါးကို အာရုံပြုသည်။

ဝတ္ထု ... ဟဒယဝတ္ထုကို အမြဲမှီသည်။

**မှတ်ချက်. .** အလွန်ဆိုးသော၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ အထိအာရုံများကို ဥပေက္ခာများကို အကုသလဝိပါက် သန္တီရဏ စိတ်က စုံစမ်းစစ် ဆေးသည်။

အသင့်တင့်ကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ အာရုံများကို ဥပေက္ခာ၊ ကုသလဝိပါက်၊ သန္တီရဏစိတ်က စုံစမ်းစစ်ဆေးသည်။

အလွန်ကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ အာရုံများကို ကုသလဝိပါက်၊ သောမနဿ၊ သန္တီရဏစိတ်က စုံစမ်း စစ်ဆေးသည်။

– – – – V – –

– – – – ^ – x –

⊟ – x

၁၄။ စိတ် .. ၁။ ဥပေက္ခာ
၂။ ပဋ္ဌဒွါရာဝဇ္ဇန်း
၃။ ကြိယာစိတ်

စေတသိက် .. ၁၀ [သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇) + ဝိတက်(၁)+ဝိစာ ရ(၁)+ အဓိမောက္ခ (၁)။]

ဝေဒနာ .. ဥပေက္ခာ ဝေဒနာ

ဟိတ် .. အဟိတ်

ကိစ္စ .. အာဝဇ္ဇန်းကိစ္စ =လှည့်၍ဆင်ခြင်သော အလုပ်ကိစ္စကို ဆောင်ရွက်သည်။ အာရုံငါးပါးကို လှည့် ၍ ဆင်ခြင်သည်။

ဒွါရ .. မနောဒွါရကြဉ်သော ဒွါရ (၅)ပါး၌ အမြဲဖြစ်သည်။

အာရုံ .. ပစ္စုပ္ပန်ဖြစ်သော ကာမ(၅) အာရုံကို ပြုသည်။

ဝတ္ထု .. ဟဒယဝတ္ထုအမြဲမှီ၏။

\- - - - V - -
\- - - - ^ - x -
\- [–] x

၁၅။ စိတ် .. ၁။ ဥပေက္ခာ
၂။ မနောဒွါရာဝဇ္ဇန်း
၃။ ကြိယာစိတ်

စေတသိက်.. ၁၁ [သဗ္ဗစိတ္တသာဓါရဏ (၇)+ ဝိတက်(၁) +ဝိစာရ(၁)+အဓိမောက္ခ(၁)+ဝီရိယ(၁)။]

| | | |
|---|---|---|
| ဝေဒနာ | .. | ဥပေက္ခာ ဝေဒနာ |
| ဟိတ် | .. | အဟိတ် |
| ကိစ္စ | .. | အာဝဇ္ဇန်းကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ (မနော ဒွါရ၌ အာဝဇ္ဇန်း ကိစ္စကိုဆောင်ရွက်၍၊ ပဉ္စဒွါရ၌၊ ဝုဋ္ဌောကိစ္စကိုဆောင်ရွက်သည်။ ဝုဋ္ဌောကိစ္စဟူသည် ဆုံးဖြတ်ခြင်း အလုပ်ဖြစ်သည်။ |
| ဒွါရ | .. | မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်၍ ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စကို ဆောင်ရွက်သော ကြောင့်၊ ပေါင်းဒွါရ (၆)ပါး၌ဖြစ်၏။ |
| အာရုံ | .. | အားလုံးသွင်းဖြစ်၏။ အတိတ်၊ ပစ္စုပ္ပန် အနာဂတ်၊ ကာလဝိမုတ်ဖြစ်သည့် အလုံးစုံသော အာရုံ (၆) ပါးကို အာရုံပြုသည်။ |

ကာလဝိမုတ် ဟူသည်မှာ ကာလ + ဝိမုတ် ဖြစ်၏။ ကာလ= အချိန်မှ၊ ဝိမုတ်= လွတ်နေခြင်းဖြစ်သည်။ ပညတ် နိဗ္ဗာန်ဖြစ်၏။ ပညတ်သည် ကာလဝိမုတ်ဖြစ်သည်။ ဝဉ္ဈာပုတ္တော (မိန်းမမြုံမ၏သား) ဟူ၍တကယ် မရှိသော်လည်း ပြောနေကြ၏။ နာမည်ဟူသည် တင်စား သတ်မှတ်၍ ခေါ်ဝေါ်ကာမျှဖြစ်၍တကယ်စင်စစ်မရှိပေ၊ စားပွဲ၊ ကုလားထိုင်၊ စကော်၊ စသည်များသည် နာမည်သာဖြစ်၏။ ပရမတ္ထ= အမှန်သဘော အားဖြင့် တကယ်မရှိပေ။ ဤသို့တကယ်မရှိဘဲ ပြောဆို သုံးစွဲနေကြသော ပညတ်များကို ကာလဝိမုတ် ဟုခေါ်သည်။

နိဗ္ဗာန်သည်ကား ပညတ်ကဲ့သို့မဟုတ်၊ အမှန်စင်စစ်ရှိ၏။ သို့ရာတွင် နိဗ္ဗာန်သည် ဖြစ်ပေါ်တတ်သော ဓာတ်မဟုတ်သောကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသော ကာလသုံးပါးမှ လွတ်နေ၏။ ထို့ ကြောင့် ကာလဝိမုတ်ဟုခေါ်သည်။ နိဗ္ဗာန်သည်ချုပ်ငြိမ်းရာ ဓာတ်သာ ဖြစ်၏။

ဝတ္ထု .. ဟဒယဝတ္ထုမှာ ရှိခါမှီ၏။

_ _ _ _ V _ _

_ _ _ _ ^ _ x _

_ _ [x]

၁၆။ စိတ် .. ၁။ သောမနဿ
၂။ ဟသိတုပ္ပါဒ်
၃။ အဟိတ်စိတ်

စေတသိက် .. ၁၂ [သဗ္ဗစိတ္တသာဓာရဏ(၇)+ ဝိတက်(၁) +ဝိစာရ(၁)+ ပီတိ (၁)+အဓိမောက္ခ(၁)+ ဝီရိယ (၁)။ ]

ဝေဒနာ .. သောမနဿ ဝေဒနာ
ဘုရားရဟန္တာတို့သည် ဆန္ဒစေတသိက်မပါ ဝင်ဘဲ ပြုံးရယ်၏။
ရှေးဘဝက အတိတ်အကြောင်းများကို ကြည့်၍ ပြုံးရယ်ကြသည်။
သဗ္ဗညုတဉာဏ် ဒိဗ္ဗစက္ခုဉာဏ်ကြီး တို့၏ နောက်လိုက်ဖြစ်၍ ပြုံးရယ်ကြသည်။
ဆန္ဒရှိသောကြောင့် ပြုံးသည်မဟုတ်ပေ။

ကိစ္စ .. ဇောကိစ္စ၊
ဇောကိစ္စဟူသည်ကား အဟုန်ပြင်းစွာ ခံစားခြင်းအလုပ်ဖြစ်၏။

ဒွါရ .. ဒွါရ (၆)ပါး၌အမြဲဖြစ်၏။

အာရုံ .. ကာမ ဇော်အာရုံ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အာရုံကို ၊ အမြဲအာရုံပြုသည်။

ဝတ္ထု .. ဟဒယ ဝတ္ထုမှာ အမြဲမှီ၏။

၁၇။ ဂုဏ်သရေရှိသော လူကြီးလူကောင်းများကို လိုက်လိုက်လဲလဲ အထူးလေးစားခြင်းသည် မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်သနည်း။

| | | | |
|---|---|---|---|
| ☒ | × | – | – |
| × | × | – | – |

စိတ် .. ၁။ သောမနဿ
၂။ ဉာဏသမ္ပယုတ်
၃။ အသင်္ခါရိက
၄။ မဟာကုသိုလ်စိတ်

စေတသိက် .. ၃၈ [အညသမာန်း စေတသိက် (၁၃)+ သောဘဏစေတသိက်(၂၅)၊ သောမနဿ ဝေဒနာ လိုက်လိုက်လဲလဲ လေးစားခြင်း ဖြစ်သည်။]

ဟိတ် .. တိဟိတ်၊ အမြဲစ်သုံးပါးရှိသည်။
အလောဘ၊ အဒေါသ၊ အမောဟ။

ကိစ္စ .. ဇောကိစ္စ

ဒွါရ .. (၆)ဒွါရ၌ အမြဲဖြစ်၏။
ဒွါရ(၆)ပါးမှ လူကြီးလူကောင်းများကို လေးစားရိုသေသော အပြုအမူ၊ အရိပ် အယောင်များပြပေသည်။

အာရုံ .. ၂ ချွင်း ၅
အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နှစ်ပါးချန်
ကျန်သော လောကီ၊ လောကုတ္တရာ
အာရုံအားလုံးကို အာရုံပြုသည်။

ဝတ္ထု .. ဟဒယ ဝတ္ထုမှာ ရုံခါမှီ၏။

၁၈။ သားသမီးများက ဖခင်၏ အနာကို လှိုက်လှိုက်လဲလဲ ဆေးထည့်ပေးရာတွင်– မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်သနည်း။

× [×] – –

× × – –

စိတ် .. ၁။ သောမနဿ
၂။ ဉာဏဝိပ္ပယုတ်
၃။ အသင်္ခါရိက
၄။ မဟာကုသိုလ်စိတ်

စေတသိက် .. ၃၃ [သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)+
ဝိတက် (၁)+ ဝိစာရ (၁) + ပီတိ (၁)+
အဓိမောက္ခ (၁)+ ဝီရိယ (၁)+ ဆန္ဒ (၁)+
သောဘဏ သာဓာရဏ(၁၉)+ ကရုဏာ
(၁)။]

ဝေဒနာ .. သောမနဿ ဝေဒနာ

ဟိတ် .. ဒွိဟိတ်၊
အလောဘ၊ အဒေါသ။ ဤစိတ်သည်
ဉာဏဝိပ္ပယုတ်စိတ် ဖြစ်သောကြောင့်
မောဟ ပါသည်။
ဆေးနှင့် အနာ တည့် မတည့်ကို သား
သမီးများ မသိကြပေ။

ကိစ္စ .. ဇောကိစ္စ။
ဒွါရ .. ဒွါရ(၆)ပါး၌ ဖြစ်၏။
အာရုံ .. ၉ ချက် ၂၀
လောကုတ္တရာ (၈)နှင့် နိဗ္ဗာန်(၁) ကိုချန်
၍အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလ
ဝိမုတ်ဖြစ်သော လောကီအာရုံ အားလုံး။
ဝတ္ထု .. ဟဒယ ဝတ္ထုကို ရံခါမှီ၏။

၁၉။ တဦးနှင့်တဦး လေးစားမှုရှိခြင်းသည် မည်သည့်စိတ်၊ စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုဖြစ်သနည်း။

× × − ⊟

မဟာကုသိုလ်စိတ်

× × − −

စိတ် .. ၁။ သောမနဿ
၂။ ဉာဏသမ္ပယုတ်
၃။ အသင်္ခါရိက
၄။ မဟာကုသိုလ်စိတ်
စေတသိက် .. ၃၇ [ပီတိကြဉ်သော အညသမာန်းစေတသိက်
(၁၂)+ သောဘဏ စေတသိက် (၂၅)။]
ဝေဒနာ .. ဥပေက္ခာ ဝေဒနာ
ဟိတ် .. တိဟိတ်၊
အလောဘ၊ အဒေါသ၊ အမောဟ ပါသည်။
ကိစ္စ .. ဇောကိစ္စ
ထက်သန်သော ဇောကိစ္စကြောင့်– ထက်
သန်သော လေးစားမှုရှိပါက၊ အကျိုးများ
များပေးပေသည်။
ဒွါရ .. ဒွါရ(၆)ပါး၌ ဖြစ်၏။

အာရုံ .. ၂ ချွင်း ၅
အရဟတ္တမဂ် အရဟတ္တဖိုလ်နှစ်ပါး ကိုချန်
၍ကျန်သောလောကီ လောကုတ္တရာ အာရုံ
အားလုံးကို အာရုံပြုသည်။
ဝတ္ထု .. ဟဒယ ဝတ္ထုမှာ ရုံခါမှီ၏။

☒ × – –

မဟာဝိပါက်စိတ်

× × – –

၂၀။ စိတ် .. ၁။ သောမနဿ
၂။ ဉာဏသမ္ပယုတ်
၃။ အသင်္ခါရိက
၄။ မဟာဝိပါက်စိတ်

စေတသိက် .. ၃၃
[အညသမာန်း စေတသိက် (၁၃)+ ဝိရတီ
(၃)နှင့် အပ္ပမညာ(၂) ကြဉ်သော၊သောဘဏ
စေတသိက် (၂၀)။]

ဝေဒနာ .. သောမနဿ ဝေဒနာ
ဟိတ် .. တိဟိတ်၊
အလောဘ၊ အဒေါသ၊ အမောဟ ။

ကိစ္စ .. ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံကိစ္စ။
ပဋိသန္ဓေကိစ္စဟူသည်ကား ဇော၏ နောက်
လိုက်ခံစားခြင်း၊ အလုပ်ဖြစ်၏။
ထိုစိတ်ဖြင့် ပဋိသန္ဓေနေကာ၊ ထိုစိတ် ဖြင့်ပင်
ဘဝကို စောင့်ရှောက် ပြီး၊ ထိုစိတ် ဖြင့်ပင်
သေသည်။

**ဒွါရ** .. ၁။ ပ၊ ဘ၊ စု ကိစ္စကိုဆောင်ရွက်ခိုက် ဒွါရ(၆)ပါးမှလွတ်သည်။ (ဒွါရဝိမုတ်)။
၂။ တဒါရုံကိစ္စ ဆောင်ရွက်ခိုက် ဒွါရ (၆) နှင့်ဖြစ်သည်။

**အာရုံ** .. ၁။ ပ၊ ဘ၊ စု ကိစ္စဆောင်ရွက်ခိုက် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဖြစ်သော ကာမအာရုံ၊
၂။ တဒါရုံကိစ္စကိုဆောင်ရွက်ခိုက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဖြစ် သော ကာမအာရုံ (၆) ပါးကို အာရုံပြု သည်။

**ဝတ္ထု** .. ဟဒယ ဝတ္ထုမှာ အမြဲမှီ၏။

[×] × – –

မဟာကြိယာစိတ်

× × – –

၂၁။ **စိတ်** .. ၁။ သောမနဿ
၂။ ဉာဏသမ္ပယုတ်
၃။ အသင်္ခါရိက
၄။ မဟာကြိယာစိတ်

**စေတသိက်** .. ၃၅
[အညသမာန်း စေတသိက်(၁၃)+ ဝိရတီ ကြဉ်သော၊ သောဘဏစေတသိက် (၂၂)။]

**ဝေဒနာ** .. သောမနဿ ဝေဒနာ

**ဟိတ်** .. တိဟိတ်၊
အလောဘ၊ အဒေါသ၊ အမောဟ ။

**ကိစ္စ** .. ဇောကိစ္စ

**ဒွါရ** .. ဒွါရ (၆) ပါးနှင့်ဖြစ်၏။

အာရုံ .. အားလုံးသွင်း (၆) ပါး၌ ပါဝင်၏။ အာရုံမှန်သမျှအားလုံးကို အာရုံပြု၏။

ဝတ္ထု .. ဟဒယ ဝတ္ထုတွင် ရံခါမှီ၏။

☒ × ×

× × ×

× × ×

× × ×

– – – ရူပဈာန်စိတ်များ

၂၂။ စိတ် .. ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါငါးပါးရှိသော၊ ပဌမဈာန်နှင့် ယှဉ်သော၊ သောမနဿရူပကုသိုလ်စိတ်။

စေတသိက် .. ၃၅
[အညသမာန်း ၁၃ + ဝိရတီကြဉ်သော သောဘဏစေတသိက် ၂၂]

ဝေဒနာ .. သောမနဿဝေဒနာ

ဟိတ် .. တိဟိတ်
အလောဘ၊ အဒေါသ၊ အမောဟ။

ကိစ္စ .. ဇောကိစ္စ

ဒွါရ .. ပညတ်အာရုံတစ်မျိုးတည်းကိုသာ အာရုံပြုသည်။

ဝတ္ထု .. ဟဒယဝတ္ထုကို အမြဲမှီ၏။

⊟ – –

– – –

– – –

– – – အရူပဈာန် စိတ်များ

၂၃။ စိတ် .. ဥပေက္ခာ၊ ဧကဂ္ဂတာဈာန် အင်္ဂါနှစ်ပါးရှိသော- ပဉ္စမဈာန်နှင့် ယှဉ်သော- အာကာသာနဉ္စာယတန အရူပကုသိုလ် ဈာန်စိတ်။▲

စေတသိက် .. ၃၀

[ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သော- အညသမာန်းစေတသိက်(၁၀)+ ဝိရတီ (၃)+ အပ္ပမညာ (၂) ကြဉ်သော-သောဘဏ စေတသိက် (၂၀)။]

ဝေဒနာ .. ဥပေက္ခာ ဝေဒနာ

ဟိတ် .. တိဟိတ်၊

အလောဘ၊ အဒေါသ၊ အမောဟ ။

ကိစ္စ .. ဇောကိစ္စ

ဒွါရ .. မနောဒွါရ ၁- ပါး၌သာဖြစ်သည်။

အာရုံ .. ပညတ်ဓမ္မာရုံတမျိုးတည်းကိုသာ အာရုံပြုသည်။

ဝတ္ထု .. ဟဒယ ဝတ္ထုမှာ ရံခါမှီ၏။

☒ × × × လောကုတ္တရာ မဂ်စိတ်များ

၂၄။ စိတ် .. ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ(၅) ပါးရှိသော၊ ပထမဈာန်နှင့် ယှဉ်သော၊ သောမနဿ သောတာပတ္တိမဂ်စိတ်။

စေတသိက် .. ၃၆

[အညသမာန်း စေတသိက်(၁၃)+ အပ္ပမညာ (၂)ကြဉ်သော၊ သောဘဏ စေတသိက် (၂၃)။]

ဝေဒနာ .. သောမနဿ ဝေဒနာ

ဟိတ် .. တိဟိတ်၊

အလောဘ၊ အဒေါသ၊ အမောဟ ။

ကိစ္စ .. ဇောကိစ္စ

[illegible] ပိုင်းသင်တန်းလေ့လာချက်များ

[illegible]

ဒွါရ .. မနောဒွါရ ၁– ပါး၌သာဖြစ်၏။

အာရုံ .. နိဗ္ဗာန်အာရုံတမျိုးတည်းကိုသာ အာရုံ ပြု၏။

ဝတ္ထု .. ဟဒယ ဝတ္ထုမှာ အမြဲမှီ၏။

☒ × × × လောကုတ္တရာဖိုလ်စိတ်များ

၂၅။ စိတ် .. ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ(၅) ပါးရှိသော၊ ပထမဈာန်နှင့် ယှဉ်သော၊ သောမနဿ သောတာပတ္တိ ဖိုလ်စိတ်။

စေတသိက် .. ၃၆

ဝေဒနာ .. သောမနဿ ဝေဒနာ

ဟိတ် .. တိဟိတ်၊

အလောဘ၊ အဒေါသ၊ အမောဟ ။

ကိစ္စ .. ဖလကိစ္စ

ဒွါရ .. မနောဒွါရ ၁– ပါး၌သာဖြစ်သည်။

အာရုံ .. နိဗ္ဗာန်အာရုံ တမျိုးတည်းကိုသာ အာရုံပြုသည်။

ဝတ္ထု .. ဟဒယ ဝတ္ထုမှာရုံခါမှီ၏။

မှတ်ချက်။ ။ ကျန်သောစိတ်များနှင့် စေတသိက်၊ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထုယှဉ်ပုံများကို ဝိထိပိုင်း၊ ရုပ်ပိုင်း ပြီးဆုံးသောအခါ၌ အလျဉ်းသင့်သလို ဖော်ပြပါမည်။

၂၃၆၇၄

ပကိဏ်းပိုင်း ပြီး၏။

---

